
www.burmeseclassic.com

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု

# မင်းစိကြွေ

လေးကျွန်းခကြာ မဟာဒီပါ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၁၄။ အဆိပ်ပိုးသောကျား

၁၅။ မဟာဗီပါ

၁၆။ ရွာလယ်က ထမင်းစားရုံကြီး

၁၇။ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာ

၁၈။ တစ်မိုးတည်းအောက်ကလူတွေ

၁၉။ ဗျူဟပြောင်းလဲသွားခြင်း

BURMESE CLASSIC .com

## အခန်း (၁)
## တောခြောက်ခံရသောမုဆိုး

တောထဲတွင် အလုံးစုံသော တိတ်ဆိတ်ခြင်းတို့ဖြင့်ကြီးစိုးလျက်ရှိနေသည်။ သစ်ပင်များသည်လည်း ငြိမ်သက်လျက်ရှိနေကြသည်။ အကိုင်း၊ အခက်၊ အရွက်များပင် မလှုပ်ရှားနိုင်ကြ၊ လေကမတိုက်၊ အကြွေရွက်များသည်ပင် မရွေ့လျားနိုင်ကြ။ သားကောင်အချို့၏ လှုပ်ရှားသံများ၊ တောတိုးသံများ၊ ဘာသာဘာဝအော်မြည်သံများကိုပင် မကြားရ။ ယုတ်စွအဆုံး ... ငှက်သံ၊ ချေဟောက်သံ၊ သမင်တောက်သံများကိုပင် မကြားရ။

"ဘယ့်နှယ့် ... ဘယ်နှယ့်ဖြစ်နေပါလိမ့်၊ သည်ကနေ့မှာမှ ... ဒါလောက်တောင် တိတ်ဆိတ်ငြိမ်သက်နေပုံမျိုး တစ်ခါမှမကြုံဖူးဘူး၊ သားကောင်တွေလည်း ဘယ်ရောက်ကုန်ပြီလဲ၊ တောပြောင်းကုန်ကြပြီလား ... ဒါမှမဟုတ် ငါ့ကို ကြောက်ကြလို့ပဲ ထွက်ပြေးကုန်ကြတာလား ..."

✤ ဓမ္မထားစာပေ ✤

www.burmeseclassic.com

www.burmeseclassic.com



ဗျူဟ စိတ်မရှည်နိုင်အောင်ဖြစ်သွားခဲ့ရသည်။ တောသည် တော်နှင့်မတူ။ သားကောင်မကပ်သည့်တောကြီးနှင့်တူနေသည်။ ချောင်းကော၊ မြောင်းကောတတ်သလို၊ ဤတောကြီးသည်လည်း ကောသွားခဲ့ပြီလား။ သားကောင်ဆို၍ တောကြွက်၊ မြေကြွက် တစ်ကောင်သော်မှမတွေ့။ သစ်ပင်၊ ဒရယ်၊ ချေ၊ ပြောင်၊ ဆတ် ဆိုလို့ ပို၍ဝေးသေး။

''နင်တို့ကပဲ ... အပုန်းကောင်းကြသေးလား၊ ငါပဲရှာတာ ညံ့လို့လား၊ အေး ... လုံခြုံအောင်ပုန်းနေကြ၊ မြေလှန်ပြီး ရှာပစ်မယ် ... ဗျူဟလာပြီ ... နင်တို့ဘာလဲ၊ ငါ ... ဘာလဲ''

စိတ်ထဲမှာပဲ ကြိမ်းဝါးလိုက်သည်။ လက်သီးတွေကို ဆုတ် ထားသည်။ အံကိုတင်းတင်းကြိတ်ထားသည်။ သားကောင်ကို တွေ့မှ စိတ်ကထက်သန်သည်။ အားတက်သည်။ သားကောင်၏ နောက်ကို တကောက်ကောက်နှင့်လိုက်နေရလျှင် မောရ်မောမှန်း ပင်မသိ။ ဆာရမှန်း၊ လောင်ရမှန်းမသိ။ ခုတော့ ... တစ်ကုန်း တက်၊ တစ်ကုန်းဆင်း၊ တစ်မြောင်ဝင်၊ တစ်မြောင်တိုးနှင့် မျှော် လင့်ချက်ကမရှိ။ ဝမ်းထဲမှာဟာတာတာ၊ ဆာလောင်မွတ်သိပ်လာ ခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်မိသွားသည်။ သား ကောင်ကိုရှာမတွေ့ရသည့်အထဲ ... ဆာလောင်မွတ်သိပ်ခြင်း သည့် အလုပ်ပိုက ဖိစီးလာခဲ့၍၊ သို့သော် ... ဝမ်းထဲမဖြည့် ကလည်းမဖြစ်၊ အစာမမှီဝဲရလျှင် မတ်တတ်က ဟပ်ထိုးလဲသွား နိုင်သည်။





ထို့ကြောင့် အရိပ်အာဝါသကောင်းမွန်သော သစ်ပင်ကြီး တစ်ပင်အောက်တွင် ထိုင်ချမိလိုက်သည်။ ပင်စည်ကိုကျောမှီထား လိုက်သည်။ မနားမီကစိတ်ဆောင်နေပြီး လျှောက်၍သွားနေနိုင် သေးသည်။ နားမိလိုက်ကာမှ စိတ်ကိုလည်းလျှော့ချပြီးသားဖြစ် သွားခဲ့ရလေသည်။ တစ်ခဏ အမောဖြေနေမိသည်။ ဘူးခြောက် ထဲမှရေများကို တစ်ငုံမက သောက်ပစ်လိုက်သည်။ ရေကနွေးနေ သည်။ ထို့ကြောင့် ရင်ထဲမှာအေးပြီးဆင်းမသွား။

ထမင်းထုပ်ကိုဖြည်လိုက်သည်။သစ်ပင်ခွကြားမှာတင်ကား တောလမိုင်း၊ တောင်လမိုင်းများကိုတင်ကာ ပူဇော်ပသလိုက် သည်။ ပြီး ... ယူပြီးစားလေ၏။ မိမိဘာသာကြော်ထားသည့် ထမင်း၊ ငါးခြောက်မီးဖုတ်နှင့် ဆာနေ၍လားမသိ။ မြိန်လိုက်သည့် ဖြစ်ခြင်း။

ဗျူဟ၏မျက်လုံးများသည် မြေပြင်တစ်နေရာကိုရောက်သွား ခဲ့သည်။ ပုရွက်ဆိတ်များက စီတန်းပြီးတော့သွားနေကြသည်။

''သြော် ... တောထဲမှာ သက်ရှိသတ္တဝါဆိုလို့ နင်တို့ကို အရင်ဦးဆုံးတွေ့ရှိရခြင်းပဲ''

အဖော်မဲ့နေသော ဗျူဟသည် ထမင်းကိုအကုန်မစားဘဲ အနည်းငယ်ကျန်သေးသော ငှက်ပျောဖက်ကို ပုရွက်ဆိတ်များ သွားသောလမ်းမှာ ချပေးလိုက်သည်။ ထိုအခါ ပုရွက်ဆိတ်များ သည် ဝမ်းသာအားရဖြင့် ... ထမင်းစေ့များ၊ ငါးခြောက်အကြွင်း အကျန်အပိုင်းအစများ၊ ငါးခြောက်ရိုးများကိုပါ သယ်ဆောင်သွား

www.burmeseclassic.com



ခဲ့ကြလေတော့သည်။ ဗျူဟာသည် ရင်ထဲမှာကြည်နူးစိတ်လေးက ဖြစ်ပေါ်လာမိသည်။ ခဏနားလိုက်ဦးမည်ဟု စိတ်ဆုံးဖြတ်လိုက်သည်နှင့် မေ့ခနဲဆိုဖြစ်သွားခဲ့ရသည်။ သို့သော် ... အိပ်ပျော်သွားခြင်းမဟုတ်ဘဲ ... သတိလစ်သလိုဖြစ်သွားသည်။ သည့်နောက် သူ ဘာမှမသိတော့ဘဲ အမှောင်ကျသွားခဲ့လေသည်။



BURMESE CLASSIC .com

အကြောင်းတစ်ခုခုကြောင့် ဖျတ်ခနဲဆိုလန့်ပြီးတော့ နိုးလာခဲ့သည်။ နားထဲမှာကြားနေရသည်က ...

"သားကောင် ... သားကောင်"

ရင်ထဲမှာ ထိတ်ခနဲဆိုဖြစ်သွားခဲ့ရသည်။ ပင်စည်ကိုမှီကာ ထိုင်လျှက်အနေအထားနှင့်ပင်။ ဘေးမှာချထားသောလေးကို ယောင်ယမ်းပြီးတော့ ကောက်ကိုင်မိလိုက်သည်။ သားကောင်ဟူသည့်အသံက နားထဲမှာ ပဲ့တင်ရိုက်ခတ်နေသည်။ မည်သူကများ သူ့ကိုသတိပေးလိုက်ပါလိမ့်။

သူ့မျက်လုံးတွေက ဘေးဘီဝဲယာကိုကြည့်မိလိုက်သည်။ ဘာကောင်မှမတွေ့။ သားကောင် မလှမ်းမကမ်းမှာရှိနေလျှင် သူ့စိတ်က အလိုလိုပင်သိနေသည်။ သားကောင်၏အနံ့ကိုပင်ရသည်။ ဤအလုပ်က သူ့ကိုအကျိုးပေးနေသည်ဟု ဆိုရပေမည်။ ဗျူဟာ၏ အာရုံက ရှေ့တည့်တည့်ဆီကို ဖျတ်ခနဲဆိုရောက်သွားသည်။ ထိုအခါ ... ရင်ထဲမှာ ထိတ်ခနဲဆိုဖြစ်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတွေ့လိုက်ရသည်က ချုံကြီးတစ်ခု၏တစ်ဘက်မှာ အဝါတစ်ကန့်၊ အနက်တစ်ကန့်နှင့် လှုပ်ရှားနေသော သတ္တဝါတစ်ကောင်။

ကျားဆိုသောအသိက ခေါင်းထဲကိုဝင်လာသည်။ ရင်ထဲမှာလည်း လှုပ်ခတ်သွားခဲ့ရသည်။ ခါတိုင်းသည်လိုမဖြစ်။ ယနေ့လိုသားကောင်ရှားပါးနေချိန်မှာတော့ ပထမဆုံးတွေ့လိုက်ရသည့်သားကောင်မို့ စိတ်လှုပ်ရှားသွားခဲ့ရခြင်းပင်။

''ဟုတ်ပြီ ... ကံတရားက ငါ့ကိုမျက်နှာသာပေးလာပြီ''

ဗျူဟသည် ချထားသောကျည်တောက်ထဲမှ မြားစူးတစ်ချောင်းကို ထုတ်ယူလိုက်သည်။ မြားကျည်တောက်ကို ပခုံးထက်မှာလွယ်လိုက်သည်။ လေးညို့တွင် မြားကိုတင်လိုက်သည်။ သားကောင်သည် မြားတစ်ကမ်းအကွာမှာရှိနေသည်။ ချုံကသိပ်ပြီးတော့ ထူထပ်ခြင်းမရှိ၊ ထို့ကြောင့် ချုံတစ်ဖက်မှကျားကို ကောင်းစွာပင်မြင်နေရသည်။ ကျားသည် သူ့ဆီကိုခေါင်းတည်ပြီးတော့တည့်တည့်ကြည့်နေသည်။

''မင်းလည်း ဗျူဟ ... ငါလည်းဗျူဟ ... သည်တောထဲမှာနာမည်တူ နှစ်ဦးမရှိစေရဘူးကွ''

ဗျူဟသည် သူ၏ခွန်အားဗလကိုယုံကြည်အားကိုးသည်။ တော်ရုံဗလကောင်းသူပင် သူ့လေးကိုမတင်နိုင်။ သူသည် မှဆိုးဒူးထောက်အနေအထားနှင့်ပင်။ ချုံတစ်ဖက်ရှိ ကျားကြီးဆီကိုချိန်ရွယ်ကာ လေးညို့ကိုတင်းတင်းပင်ဆွဲလိုက်သည်။ သူ၏အဝတ်မဲ့သော လက်မောင်းသားမှ ဖုထစ်သော ကြွက်သားများ





က အမြောင်းအမြောင်းနှင့်တက်လာခဲ့ကြသည်။ ပစ်မှတ်က ကျားကြီး၏နှာယောင်ထက်၊ နဖူးပြင်တည့်တည့်ဆီသို့ ထင်းနေသည်။

သူ့အားနှင့်ဆိုလျှင် မြားတံသည် ချုံကိုထုတ်ချင်းခတ်ဖောက်ထွက်သွားနိုင်သည်။ လက်မှန်းလက်ဆလည်းကောင်းသူမို့ ပစ်မလွဲသောလက်၊ မြားစူးက ကျားကြီး၏နဖူးပြင်ဆီကိုတည့်နေသည်။ အချိန်ကိုစောင့်မနေတော့ ... အသက်ကိုတစ်ချက်အောင့်ကာ ညို့မှလက်ကိုလွှတ်လိုက်သည်။

''ဝှစ်''

''ဒုတ်''

''အူး ... ဝေါင်း''

ကျားတစ်ကောင်၏နာကြည်းစွာ အော်လိုက်သံက တစ်တောလုံးဆူညံသွားခဲ့သည်။ ကျားကြီးသည် ချုံထဲမှနေ၍ မြောက်တက်သွားသည်။ နဖူးမှာလည်း မြားတန်းလန်းနှင့်။ မြေပြင်ပေါ်ကို ဘိုင်းခနဲဆိုပြုန်ကျလာသည်။ ဗျူဟ သူ့မြားဆိပ်ကိုယုံကြည်သည်။ တစ်ဆေ့ခုနှစ်၊ နှစ်ဆွေ့ခုနှစ်လောက်ပါပဲ။ နေရာမှာတင်ချက်ချင်းလဲပြီးတော့ သေသွားမှာပင်။ မြေပြင်ပေါ်မှာ လူးလိမ့်အော်ဟစ်နေသောကျားရိုင်းကြီးသည် ဒေါသတကြီးနှင့်တွေ့ရာသစ်ပင်ငယ်များ၊ သစ်ပင် ပင်စည်ခေါက်များ၊ သစ်မြစ်များကိုကိုက်ခဲနေသည်။ ဆောက်တည်ရာမရအောင် ခံစားနေရလေသည်။

တခဏအကြာတွင် သစ်မြစ်ကြီးတစ်ခုကို အငြိုးတကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ခဲကာ ငြိမ်သက်သွားလေတော့သည်။ မလှမ်းမကမ်းမှ ခပ်အေးအေးပင်ကြည့်နေသော ဗျူဟသည် တစ်ချက်တော့ ပြုံးမိလိုက်သေး၏။ သူ့မြားဆိပ်ကို ကျားလိုကောင်မျိုးမပြောနှင့် ဆင်ပင်တောင့်မခံနိုင်။

"သူကြွယ်ကြီး ဦးကြံ့တိုင်းက ကျားရေလိုချင်တယ်လို့ပြောတယ်၊ ကျန်တဲ့အသား၊ အရိုး၊ ကလီစာတွေကိုရောင်းရင်လည်း ဈေးကောင်းကရဦးမှာ ..."

ဗျူဟသည် အတွေးနှင့်ပင်ကျေနပ်သွားခဲ့ရသည်။ ထို့ကြောင့် ကျားသေကြီးဆီကို အေးဆေးစွာပင်လျှောက်သွားခဲ့သည်။ အနားကိုရောက်ရန် ခြေတစ်လှမ်းအလိုမှာ ...

"အူး ... ဝေါင်း"

မထင်မှတ်သောအခြေအနေတစ်ခု၊ သေနေပြီဟု ထင်နေမိခဲ့သော ကျားရိုင်းကြီးသည် ရုတ်တရက် နာကျင်ဒေါသဖြင့် အော်ဟစ်လိုက်ကာ မြေပြင်ထက်မှ ခုန်တက်သွားခဲ့သည်။ ဝါးတစ်ရိုက်လောက်အထိပင် မြောက်တက်သွားခဲ့လေသည်။

"ဟင် ..."

ဗျူဟ အံ့အားသင့်သွားခဲ့ရသည်။ မှင်တက်မိပြီး မော့ကြည့်နေဆဲမှာပင် ကျားကြီးက အောက်ကိုပြုတ်ကျလာခဲ့သည်။

"ဘုံး ..."

ထို့နောက် ကျားကြီးသည် ခေါင်းကိုတစ်ချက်ခါရမ်းလိုက်သည်။ နဖူးမှာစိုက်ဝင်နေသော မြားစူးသည် လွင့်ထွက်သွားခဲ့





သည်။

"ဝှစ်"

မြားက ဗျူဟဆီကို တစ်ဟုန်ထိုးပြေးဝင်လာခဲ့သည်။ မြားပြေးဝင်လာသည့်အရှိန်မှာ ဗျူဟစောစောက လေးညို့မှပစ်လွှတ်လိုက်သည့် အားအတိုင်းပင်။

"ဟင် ..."

ဗျူဟ မြေပြင်ပေါ်မှာလှဲချကာ လူးလိမ့်ပြီးတော့ ရှောင်လိုက်ရသည်။

"ဒုတ်"

မြားက မန်ကျည်းပင်ကြီး၏ပင်စည်မှာ တစ်ဝက်လောက်နစ်မြှုပ်နေသည်အထိ စိုက်နေသည်။ ဗျူဟအံ့အားသင့်သွားခဲ့ရသည်။ ကျားရိုင်းကြီးက ခေါင်းကိုခါရမ်းပစ်လိုက်သောအားက မသေးလှပါလား။ ကျားရိုင်းကြီးဆီကို အကြည့်က ပြန်ပြီးတော့ရောက်သွားခဲ့သည်။ ထိုအခါ ... နေရာမှ လှစ်ခနဲဆိုထကာ ထွက်ပြေးသွားသော ကျားရိုင်းကြီးက မယုံနိုင်စရာပင်တည်း။

"ဟာ ... ဘယ်လိုဖြစ်တာလဲ"

သူ့မျက်စိကိုပင် မယုံနိုင်အောင်ဖြစ်သွားခဲ့ရသည်။ နောက်တော့မှ ချက်ချင်းပင်သတိရသွားကာ ကျားကြီး၏နောက်မှ ပြေးပြီးတော့ လိုက်သွားခဲ့လေသည်။ ဗျူဟကလည်း ခွန်အားဗလကြီးသည်နှင့်အညီ အပြေးကလည်းသန်သည်။ အခုန်ကလည်း ကျွမ်းသည်။ သူ့ရှေ့မှ ချုံများ၊ တောင်ပို့များ၊ အတားအဆီးများကို



www.burmeseclassic.com

www.burmeseclassic.com



လွှားခနဲ၊ လွှားခနဲပင်။ တစ်နေရာပြီးတစ်နေရာ အခက်အခဲမရှိဘဲ ရောက်ရောက်သွားသည်။ ထို့ကြောင့် ... ကျားကြီးကို မျက်ခြည်မပြတ်ဘဲ မြင်နေရသည်။ သူနားမလည်သည့်အချက်မှာ ပြင်းထန်လှသော အဆိပ်ဒဏ်ကို ကျားရိုင်းကြီးက ဤမျှအထိ ခံနိုင်ရည်ရှိနေခြင်းပင်တည်း။

"ဘယ်လိုကျားကြီးပါလိမ့်၊ အပပဲ မှိသွားသလား"

သို့သော် ... အချိန်တစ်ခဏအတွင်းမှာပင် ကျားရိုင်းကြီးကို မတွေ့ရတော့ပေ၊ မျက်စိအောင်မှာပင် ပျောက်သွားခဲ့လေသည်။

"ဟင် ... ဘယ်ကိုရောက်သွားခဲ့ပါလိမ့်၊ အဆိပ်ကပြင်းလို့တစ်နေရာရာမှာများ သွားသေနေပြီလား"

ဖျူလူသည် ကျားခြေရာများကိုတွေ့သွားသည်။ ထို့နောက် သတိထားပြီးတော့ လိုက်သွားခဲ့လေသည်။ ဤမျှလောက်အသက်ပြင်းသည့် ကျားကိုယခုမှပဲ မြင်ဖူး၊ တွေ့ဖူးတော့သည်။ ရလိုက်လို့ကတော့ အမှတ်တရပဲဟု ဆန္ဒဇောကပိုပြီးတော့ ပြင်းပျသွားခဲ့ရသည်။ သို့သော် ထူးခြားမှုတစ်ခုကို ဖျူလူမြင်တွေ့လိုက်ရသည်။ ကျားခြေရာများကိုမတွေ့ရတော့၊ တစ်နေရာတွင် လူတစ်ယောက်၏ဖဝါးကျရာ ခြေရာများက အစားထိုးဝင်ရောက်လာခဲ့သည်။

"ဟင် ... သည်ခြေရာတွေက ဘယ်လိုဖြစ်တာလဲ"

အံ့အားသင့်သွားမိသည်။ ကျားခြေရာများ၏ရှေ့မှာ လူခြေရာများ။ ကျားသည်လူ၏နောက်က၊ လူနောက်ကိုလိုက်နေ





သလိုဖြစ်နေသည့်ကျား၊ သို့ဆိုလျှင် ... ထိုသူသည် ကျားစာဖြစ်သွားခဲ့ပြီလား၊ ထိုကျားသည် ကံဆိုးသူလူတစ်ယောက်ကို ကိုက်ချီကာ တစ်နေရာရာကိုဆွဲပြေးသွားခဲ့ပြီလား ... ဖျူလူ ဘယ်လိုမှ နားမလည်နိုင်တော့။

"ကျားက ဒဏ်ရာနဲ့ပဲ သေလောက်တဲ့ဒဏ်ရာကိုရထားတာ၊ သားကောင်ကို ကိုက်သတ်နိုင်တဲ့အင်အားမှမရှိတော့တာ၊ ပြီးတော့ ကျားအဆွဲခံရတယ်ပဲထားတော့ ... အဲသည့်လူက တစ်ချက်တော့ အော်လိုက်ရမယ်"

ဖျူလူ၏ခေါင်းထဲမှာ အတွေးများက ချာချာလည်သွားခဲ့ရသည်။ ခုတော့ ကျားကော၊ လူကော၊ မတွေ့နိုင်သည့်အခြေအနေ။ ကျားလည်းပျောက်၊ လူလည်းပျောက်။

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com

သူ့နောက်မှနေ၍ လိုက်ရင်း လိုက်ရင်းနှင့်၊ လှူခြေရာပါ ပျောက်သွားသည်။ ရုတ်တရက်ပျောက်သွားခြင်းမဟုတ်ဘဲ၊ ခြေရာက တဖြည်းဖြည်းနှင့်ပါးပါးလာပြီးတော့ ပျောက်သွားခဲ့ခြင်း ပင်။ စဉ်းစား၍မရတော့။ ကျားအဲ့ဆွဲခံရသည်ဟုဆိုလျှင်လည်း ထိုသူက ရုတ်တရက်ပါသွားခြင်းသာဖြစ်ရမည်။ ယခုတော့ ခြေရာကပါးပါးလာပြီး နောက်ဆုံးတော့ ပျောက်သွားခဲ့မှုပင်။

ဗျူဟသည် ရှေ့ကိုဆက်၍မသွားသေး၊ နေရာကပင် အခြေအနေကို စောင့်ကြည့်နေမိသည်။ စိတ်ထဲမှာထူးဆန်းနေသလို ခံစားနေရသည်။ ထို့ကြောင့် ဝန်းကျင်ကိုအကဲခတ်ကာ ကြည့်နေမိခြင်းပင်။ ခပ်လှမ်းလှမ်းတွင် သူမမျှော်လင့်မိသော မြင်ကွင်း တစ်ခု။ လွန်စွာမှကြီးမားလှသည့် သစ်ပင်ကြီးတစ်ပင်အောက်မှာ ရသေ့အိုကြီးတစ်ဦးကိုမြင်တွေ့လိုက်ရသည်။ တင်ပျဉ်ခွေထိုင်ကာ ဒူးနှစ်ဖက်ပေါ် လက်ဝါးများကိုမှောက်ချထားသည်။ မျက်လွှာချထားသည်။





"ဘယ်နှယ့်၊ ဘယ်နှယ့် _ ရသေ့ကြီးက သည်နေရာမှာ ရှိနေတာပါလိမ့်"

ဤလိုနေရာမျိုးမှာ ရသေ့တစ်ပါးကိုတွေ့လိုက်ရ၍ ထူးထူးဆန်းဆန်းဖြစ်နေသည်။ ဤတောထဲမှာ ရသေ့မရှိပါ။ သူတစ်ခါမှမမြင်ဘူးပါ။ ဗျူဟသည် ကျားတစ်ကောင်နှင့်ပတ်သက်ပြီး ရသေ့ကြီးကို မေးမြန်းရန်စိတ်ကူးရမိသည်။ ထို့ကြောင့် ... ခြေလှမ်းတွေက ထိုနေရာကိုဦးတည်ပြီးတော့အသွားမှာ၊ ထိုင်နေသော ရသေ့ကြီးသည် ရုတ်ချည်းပင် နေရာကထသွားခဲ့လေသည်။

"ဟင် ..."

သစ်ပင်ကြီး၏နောက်ကွယ်သို့ ထွက်သွားခဲ့သည်။ ဗျူဟလည်းသွက်လက်မြန်ဆန်သော ခြေလှမ်းများဖြင့် _ အပြေးတစ်ပိုင်းပင်လိုက်သွားခဲ့သည်။ သို့သော် ရသေ့ကြီးကိုမတွေ့ရတော့ပါ။

"မြန်လိုက်တာ ... ဘယ်ကိုရောက်သွားခဲ့ပါလိမ့်"

သစ်ပင်ကြီး၏အကွယ်ကို မျက်တောင်တစ်ခတ်စာအတွင်းမှာ ဗျူဟရောက်သွားခဲ့ခြင်းသာ။ သို့တိုင် ရသေ့ကြီးကိုမတွေ့လိုက်ရခြင်းသည် ထူးဆန်းလှသည်။ သို့သော် ... ခပ်လှမ်းလှမ်းတွင် မြေပြင်မှာကျနေသော ဒေါက်ချာကြီးကိုတွေ့လိုက်ရလေသည်။

"ဟင် ..."

ဗျူဟ၏ရင်ထဲမှာ ပူခနဲဆိုဖြစ်သွားခဲ့ရလေသည်။ ဒေါက်ချာကြီးကိုသာတွေ့လိုက်ရပြီး ရသေ့ကြီးကိုမတွေ့ရသောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ် ... ဘယ်ကိုရောက်သွားပါလိမ့်၊ ကျားများဆွဲသွားပြီလား – အို သည်ကျားလည်း ဒဏ်ရာရထားတဲ့ကျားကြီးပါ၊ သေလည်း သေလောက်ပါပြီ၊ သူ ဘာမှမတတ်နိုင်တော့ပါဘူး၊ ဒါ ... ဒါဆိုရင်၊ တခြားသတ္တဝါတစ်ကောင်ကောင်ကများ၊ ရသေ့ကြီးကို ... "

ဗျူသည် ထိုနေရာမှအပြေးအလွှားပင် ထွက်သွားခဲ့သည်။ လိုက်ပြီးတော့ရှာနေမိသည်။ ကျားဆွဲသွားသည်ဟုဆိုလျှင်လည်း ဒရွတ်တိုက်ပါသွားသည့် စွတ်ကြောင်းရာကြီးကိုတော့ တွေ့ရပေလိမ့်မည်။ ခုတော့ ... မတွေ့ရ၊ ယောင်ယမ်းပြီးတော့ သစ်ပင်ပေါ်ကိုမော့ပြီးကြည့်မိလိုက်သည်။ ရသေ့ကြီးကို သစ်ပင်ပေါ်သို့ မည်သည့်သားကောင်က ကိုက်ဆွဲကာတင်သွားနိုင်ပါသနည်း။ ဒါလည်းမဖြစ်နိုင်။ သို့ရှိနိုက် ... ဗျူ၏မျက်လုံးအစုံသည် တစ်နေရာကိုရောက်သွား၏။

ရသေ့ကြီးက ဟိုးရှေ့မှာ – သူဝမ်းသာသွား၏။ စောစောကတော့ ကျားဆွဲသွားခဲ့ပြီလားဟု စိုးထိတ်သွားမိခဲ့ရသေးသည်။ သူရသေ့ကြီးဆီကိုပြေးသွားပြန်သည်။



အနားကိုရောက်သွားသောအခါ ရသေ့ကြီးမဟုတ်ဘဲ၊ လူတစ်ရပ်ခန့်ရှိ သစ်ငုတ်ကြီးတစ်ခုဖြစ်နေသည်။ မီးကျွမ်းထားသည့် မည်းမည်းသဏ္ဍာန်ကြီးက လူမည်းကြီးတစ်ဦးလို။

"ဟင် ... ရသေ့ကြီးလည်းမဟုတ်ပါလား"

မျက်လုံးတွေက ရသေ့ကြီးဆိုသည်ကို အသေအချာမြင်လိုက်ရလျှက်နှင့် ယခုတော့ မီးကျွမ်းနေသော ပင်စည်ပြတ်၊ သစ်ငုပ်တိုကြီးတစ်ခုဖြစ်နေသည့်အတွက် ရှုံးချင်ချင်ပင် ဖြစ်သွားခဲ့ရလေသည်။ သို့သော် ... ရှေ့ဝါးတစ်ရိုက်ခန့်အကွာတွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်မြင်ကွင်းတစ်ခုကြောင့် မျက်လုံးပြူးသွားခဲ့ရသည်။ ယင်းမှာ ... ဒဏ်ရာရထားသည့် စောစောကကျားကြီးပင်တည်း။ ကျားကြီး၏ရှေ့တွင် ရသေ့ကြီးက တလှုပ်လှုပ်နှင့်သွားနေလျှက် ...

"ဟာ ... ရသေ့ကြီးက သည်ကိုရောက်နေတာကိုး၊ ကျားကြီးက သူ့နောက်ကနေ လိုက်နေပြီ၊ ခုန်အုပ်တော့မယ်၊


www.burmeseclassic.com

www.burmeseclassic.com



ဒါကို ရှုသေ့ကြီးက မသိရှာဘူး''

ဗျူဟသည် လေးညှို့တွင် မြားကိုတင်လိုက်သည်။ ထို့နောက် မတ်တတ်ကပင်လျှင် ကျားကြီးဆီကိုထိုးပြီးတော့ ချိန်လိုက်လေသည်။

''ဒါလောက်တောင် အသက်ပြင်းတဲ့ကောင်၊ သည်တစ်ခါတော့ မင်းတင်းခံထားနိုင်မလား၊ စောင့်ကြည့်ရမယ်''

လေးညှို့ကိုတင်းတင်းဆွဲကာ ကျားကြီးကိုချိန်လိုက်သည်။ ချိန်သားကိုက်သွားသည်နှင့် မြားကိုလွှတ်မည်အပြုမှာ ...

''ဝေါင်း''

မမျှော်လင့်မိသောအဖြစ်အပျက်တစ်ခု၊ ကျားကြီး၏မျက်နှာသည် သူ့ဘက်ကိုလှည့်လာပြီးတော့ ဒေါသတကြီးနှင့်တစ်ချက်ဟိန်းဟောက်လိုက်သည်။ ထိုအခါ ကျားကြီး၏မျက်လုံးနှစ်လုံးသည် ဆွတ်ဆွတ်ဖြူလျှက်ရှိနေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ တိမ်စွဲနေသောမျက်လုံးများပင်။ ဗျူဟလည်း အံ့အားတသင့်နှင့် လေးညှို့မှမြားကို လွှတ်ထည့်လိုက်သည်။

''ဝှစ်''

''ဒုတ်''

''အူး ... ဝေါင်း''

ထိုအခါ ကျားကြီးက ခုန်အအုပ်နှင့် တစ်ပြိုင်တည်းလိုလိုပင်ဖြစ်သွားခဲ့ရလေသည်။ ကျားကြီးသည် နာကျင်ဒေါသဖြင့်ဟိန်းဟောက်လိုက်လေ၏။ ကိုယ်ပေါ်မှာလည်း မြားတန်းလန်း





နှင့် ဗျူဟ၏ ကိုယ်ပေါ်ကိုပစ်ကျသွားခဲ့လေတော့သည်။

''အား''

ထိုအခါ ဘတစ်ပြန်ကျားတစ်ပြန်ဆိုသည့်အတိုင်း၊ နှစ်ဦးသား လုံးထွေးသွားခဲ့ကြလေသည်။ အသက်ပြင်းသောကျားကြီးက ဗျူဟကိုကိုက်ခဲရန် ကြိုးစားသည်။ ဗျူဟက ကျားကြီး၏လည်မြိုကို လက်တစ်ဖက်နှင့်ညှစ်ထားသည်။ ကျန်လက်တစ်ဖက်က ရှေ့ခြေနှစ်ဖက်ကို တစ်ပြိုင်နက်တည်း ဆုပ်ကိုင်ထားသည်။ အမိအရချုပ်ကိုင်ထားနိုင်သော်လည်း ကျားရိုင်းကြီးက ရုန်းကန်သည်။ ဗျူဟ၏အားအင်ကို ကျားရိုင်းကြီးက ခန့်မှန်းမိလိုက်လေပြီ။

နှစ်ဦးသားမြေပြင်ထက်မှာ လုံးထွေးကာလိမ့်သွားကြရင်း ဗျူဟမမြင်၊ မသိနိုင်သောအန္တရာယ်တစ်ခုက ရှေ့မှာဆီး၍ကြိုနေသည်။ အနိမ့်ပိုင်းဆီကို ရုန်းရင်းကန်ရင်းဖြင့် လိမ့်ဆင်းသွားခဲ့ကြသည်။ ဗျူဟ၏လက်များသည် လေကိုသာစမ်းမိလိုက်သောအချိန်၊ ကိုယ်နှင့်ခြေထောက်များက မြေပြင်နှင့်လွတ်ကွာသွားသောအချိန်၊ ဗျူဟအံ့အားသင့်သွားမိသည်။ မည်သို့ဖြစ်သွားပါလိမ့်ဟု၍ ...

နောက်တော့မှသိလိုက်ရသည်မှာ သူသည်ချောက်ကြီးထဲကို တစ်ရှိန်ထိုးပင် ကျသွားခဲ့သည့်အဖြစ်ကိုပင်တည်း ...

''အား''

ကိုယ်ပေါ်မှ သတ္တဝါကြီးသည်လည်း ဗျူဟ၏ကိုယ်ပေါ်မှ ကွာပြီးတော့ကျသွားခဲ့သည်။ ဗျူဟသည် ပက်လက်အနေအထား



www.burmeseclassic.com

www.burmeseclassic.com

က မှောက်လျက်ဖြစ်သွားခဲ့သည်။ သူ ... အထိတ်တလန့်နှင့် ကြည့်မိလိုက်စဉ်မှာ အောက်ကိုတစ်ရှိန်ထိုးကျသွားခဲ့သော သစ်ကိုင်းတုတ်တုတ်ကြီးတစ်ခု၊ သူ့အောက်မှာကျသွားခဲ့သောအရာသည် ကျားကြီးမဟုတ်ဘဲ သစ်ကိုင်းတုတ်တုတ်ကြီးဟာစ်ချောင်းသာလျှင်။ သို့ဆိုလျှင် သူနှင့်သတ်ပုတ်ခဲ့သောကျားကြီးက ဘယ်လိုဖြစ်သွားခဲ့ပြီလဲ၊ နက်ရှိုင်းလှစွာသောချောက်ကြီး၏အောက်တွင် ရေပြင်တစ်ခုကဆီးကြိုနေသည် သူမျက်လုံးများကို မှိတ်ထားလိုက်သည်။

"ဗွမ်း ..."

ကျောက်တုံးကြီးတစ်တုံးပစ်ကျသွားခဲ့သလိုပင်။ သူ ရေအောက်ကိုရောက်သွားခဲ့သည်။ ချက်ချင်းပင် ရေပေါ်ကိုပြန်တက်လာနိုင်ခဲ့သည်။ သစ်တုံးကြီးကို အမှတ်မထင် ဖက်တွယ်မိသည်။ အရှိန်ပြင်းသော ရေစီးတစ်လျှောက် မျောပါသွားခဲ့လေသည်။



အခန်း (၂)

## ဗျူ့ ဆိုတဲ့လူ

ဗျူ့ ... ဟော့ဟုဆိုလျှင် ဤကျောက်ဆင့်ရွာမှာသာမက ရွာနီးချုပ်စပ် အားလုံးသောရွာများကပါသိကြသည်။ သားကောင်လိုက်မုဆိုးတစ်ဦး ဖြစ်နေသောကြောင့်ပင်။ သို့သော် မုဆိုးဆိုတာ ဘာများဆန်းနေလို့လဲ။ သည်လိုပဲ ... တောလိုက်မုဆိုးတွေ ဒုနဲ့ဒေး။ တစ်ရွာမှာတစ်ယောက်တလေတော့ အနည်းဆုံးရှိသည်။

ဗျူ့က လူငယ်မုဆိုး၊ နာမည်နှင့်လိုက်အောင် ကျားတစ်ကောင်လို ရဲရင့်သည်။ ရက်စက်သည်။ ဗလလည်းကောင်းသည်။ သန်မာထွားကျိုင်းသူတစ်ယောက်။ ရုပ်ရည်ကတော့ နာမည်နှင့်မလိုက်။ ယောက်ျားချော ချောသူဖြစ်သည်။ သျှောင်တစ်စောင်းနှင့်ကြည့်ကောင်းသူ။ ကညာပျို၊ လုံမတို့ စိတ်အဟုန်ကြွအောင် နှစ်ခြိုက်စရာကောင်းသူ။



www.burmeseclassic.com

www.burmeseclassic.com



အဖိုးဖြစ်သူက သူ့မြေးကျားတစ်ကောင်လို ရဲရင့်အောင် ဖျူ့ဟု နှစ်လုံးတည်းဖြတ်ပြတ်သားသားပေးခဲ့သည်။ သို့သော် နာမည်က စီးနေသလားမသိ။ ဖျူ့သည် ကျားတစ်ကောင်လို ရဲရင့်ရုံမျှမက ရက်စက်တတ်သူဖြစ်လာသည်။ ခွန်အားဗလက ဆင်တစ်ကောင်လိုပင်ကြီးမားသည်။ ကိုယ်ခံပညာကလည်း အဖိုးဖြစ်သူထံမှ ဆရာစားမချန်အောင်သင်ပေးသူကပေး၊ ပညာကုန်ကို လက်ကုန်အောင် သင်ယူသူမြေးဖျူ့ကလည်း တက်တက်ကြွကြွ။

နန်းတွင်းလျှို့ဝှက်သိုင်းပညာများကိုပါ တိတ်တဆိတ်သင်ကြားထား၍ အခုန်အပျံများက တိမ်တိုက်များအထိပင်ရောက်သွားတော့မလားဟုပင်မှတ်ရသည်။ သို့သော် ... ဖျူ့သည် ထိုဂုဏ်ပုဒ်များကြောင့် လူရမ်းကားကြီးဖြစ်မလာခဲ့ ... ရွာထဲတွင် လူချစ်လူချင်များသည်။ ကူညီသင့်သူကို အသက်နှင့်ရင်းပြီးတော့ ကူညီသည်။ ကိုယ်ကျိုးမဖက်ဘဲ မေတ္တာစေတနာဖြင့် တစ်ဖက်သတ်ဆောင်ရွက်ပေးတတ်သည်။ ကိုယ်နှင့်ခင်မင်ရင်းနှီးသောသူများကို ထိခိုက်နစ်နာအောင်လုပ်ခဲ့လျှင် အကြွင်းမထားတတ်။ အတိုးကောအရင်းပါပြန်ရအောင်ယူတတ်သည်။ ပင်ကိုယ်စိတ်က အေးဆေးသော်လည်း ဖျူ့ထလာလျှင် သွေးလည်းကြွလာတတ်သည်။

သူ၏ရင်ဘတ်နှင့်ကျောပြင်ထက်မှာ ဖျူ့ဆေး၊ (ကျားဆေး) များကိုထိုးထားခြင်းကြောင့် ... စိတ်ထလာပြီဆိုလျှင် ကျားစိတ်





ဝင်လာတတ်သည်။ ယင်းဆေးများကိုလည်း ... အဖိုးဖြစ်သူ ဦးတောင်ဖြိုက အစီအရင်နှင့်ထိုးပေးခဲ့ခြင်းပင်။ ဖျူ့ဆေးကလည်း နက္ခတ်စုံမှထိုးရသည်။ သို့မှသာလျှင် အောင်မြင်သည်ဟုဆိုသည်။

ထိုဆေးကိုထိုးထားသောသူသည် သေရည်သောက်ထားလျှင်၊ ဒေါသထွက်လျှင်၊ ဆေးထသည်။ ခက်ထန်းကြမ်းတမ်းပြီး တွေ့ရာသစ်ပင်ပင်စည်များ၊ ရေအိုးများ၊ စသည်တို့ကိုလက်သီးနှင့်ထိုးခွဲတတ်သည်။ သစ်ပင်များဆိုလျှင် အခေါက်များလန်ကာ ပင်စည်ထဲသို့ လက်သီးတစ်ဆုပ်စာမက ကျွံဝင်သွားသည်အထိ ဖြစ်ရသည်။

ဦးတောင်ဖြိုသည်လည်း သူငယ်စဉ်က စွမ်းရည်ကောင်းများကိုပိုင်ဆိုင်ခဲ့သဖြင့် နာမည်ထင်ရှားခဲ့သူဖြစ်သည်။ ၎င်းစွမ်းရည်ကောင်းများကို မြေးဖြစ်သူ ဖျူ့က အကုန်အစင်ရလိုက်၊ မရလိုက်သည်ကိုတော့ ကာယကံရှင် ဖျူ့ကိုယ်တိုင်ပင်လျှင် မသိလိုက်ပါ။

သို့သော် ... ဖျူ့ကား ခွန်အားဗလနှင့်၊ သတ္တိအရာတွင် သူမတူအောင် မှတ်ကျောက်အတင်ခံရသူဖြစ်သည်။ အဖိုး ဦးတောင်ဖြိုကား မရှိတော့လေပြီ။

ဖျူ့သည် မဆိုးအလုပ်ကိုဝါသနာထုံသည်မှာ မွေးရာပါဗီဇပင်ဖြစ်သည်။ မိဘများ၏လယ်ယာကိုင်းကျွန်းအလုပ်များလည်း စိတ်ပါလက်ပါပင် လုပ်ကိုင်ပေးသည်။ အခြားသော အားလပ်ချိန်များတွင် တောထဲဝင်ကာ သားကောင်များကိုဖမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုးသတ်ဖြတ်တတ်သည်။ ထိုအချိန်တွင် သာမန်ဗျဿမဟုတ်တော့ဘဲ မုဆိုးစိတ်ဝင်နေပြီဖြစ်သော မုဆိုးဗျဿ ဖြစ်နေလေပြီ။

❀

"သားရယ်၊ နေရာတကာမှာတော့ သူတော်ကောင်းစိတ်မွေးပြီး ... သူများအသက်ကိုသတ်ဖြတ်တဲ့မုဆိုးအလုပ်ကို ဘာဖြစ်လို့ ဒါလောက်တောင်ခုံမင်နေရတာလဲကွယ်၊ အမေတော့ သားကိုနားမလည်နိုင်တော့ဘူး"

"အင်း – အမေသာမဟုတ်ဘူး။ သားလည်း ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်တာအမှန်ပဲ၊ ဒါပေမဲ့ ... သည်လိုစိတ်မျိုးဟာ အမြဲဖြစ်နေတာမဟုတ်ပါဘူး အမေ၊ အဲ – မုဆိုးစိတ်ပေါ်လာပြီဆိုရင်လည်း ဘယ်လိုမှထိန်းလို့မရတော့ဘူး။ လေးမြားကိုင်ပြီး တောထဲကိုဝင်ရမှ ကျေနပ်မိတော့တယ်"

ဗျဿသည် မိဘနှစ်ပါးကိုပြန်ပြီးတော့ ရှင်းပြတိုင်းမှာ၊ စကားကမပြောင်းလဲ။ အမြဲတမ်းဤအတိုင်းပဲဖြစ်သည်။ ရွာတွင် အမျိုးထဲမှ ဖိုးသာထူးအမည်ရှိသူသည် ဗျဿနှင့်ဖိုးလေးတော်စပ်သည့်ဦးတောင်ဖြိုး၏ အစ်ကိုဝမ်းကွဲဖြစ်သည်။ သူသည် မုဆိုး





www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို ဝါသနာအထုံကြီးသည်။ အသက်ရာကျော်မှ အမျိုးများကစိုင်းပြီး ဖျောင်းဖျကြ၍ မဆိုးအလုပ်က အနားယူလိုက်သည်။

သို့တိုင်အောင် သူသည် သန်တုန်း ... မြန်ပာုန်း။

''ငါ ‒ နောက်ထပ် (၁၀)နှစ်လောက်အထိ သည်အလုပ်ကို လုပ်နိုင်သေးတယ်''

ဟု ကြိမ်းဝါးလိုက်သေးသည်။ မှဆိုးအလုပ်ကို သံယောဇဉ်ကတော့မပြတ်သေး။ ဆွေမျိုးများက သူ့ဘကြီး၊ ဦးလေး၊ မိုးလေးတော်စပ်သူ မိုးသာထူးကို ဘုရား၊ ကျောင်းကန်သို့ဖွတ်ပို့ကြသည်။ ဥပုသ်သီတင်းစောင့်နိုင်းကြသည်၊ ရတနာသုံးပါးကို လေးနက်စွာကြည်ညိုစေသည်။ အသက်ကိုးဆယ်ကျော်မှ ကွယ်လွန်သည်။

နောင်နှစ်အတန်ကြာသောအခါ ...

ဦးတောင်ဖြိုး၏သမီး မသေးသွယ်သည် သားယောက်ျားလေးတစ်ယောက်ကို မွေးဖွားလာခဲ့သည်။ ကလေးတွင် ထူးခြားသောအမှတ်အသားများပါလာခဲ့ကြသည်။ ဝမ်းဗိုက်တွင် ဒဏ်ရာအမာရွတ်ကြီးတစ်ခု၊ လက်ဖျံတွင် ခပ်ရေးရေးပေါ်နေသော ကျားတစ်ကောင်၏ပုံကလည်း ထင်ထင်ရှားရှား။ ကလေး၏ကိုယ်ပေါ်မှ အမှတ်အသားများကြောင့် စဉ်းစားစရာများဖြစ်လာခဲ့ကြရသည်။ မိုးသာထူးနှင့် ခင်မင်ရင်းနှီးသော မိုးဝေလဆိုသူသည် အသက်ရာကျော်ရှိပြီဖြစ်သည်။





သို့သော် မိုးဝေလသည် ယခုထက်တိုင် ခန္ဓာကိုယ်ကတောင့်တင်းနိုင်ဖြိုးဖြိုးနှင့် ကျန်းမာစွာရှိနေသေးသည်။ နားမထိုင်း၊ ခါးမကိုင်း၊ မျက်စိလည်းမမှုန်သေး၊ သွားတစ်ချောင်းပင်မကျိုးသေး၊ ဆံပင်များကတော့ အနည်းငယ်ဖြူဆွတ်နေရုံမျှအပ သျှောင်ထုံးကြီးနှင့်ခန့်ခန့်ထည်ထည်ရှိနေသည်။ ငယ်စဉ်ကတည်းက သားငါးမစား၊ သက်သက်လွတ်အာဟာရကိုသာ မှီဝဲသည်။ ငါးပါးသီလမြဲသည်။ ယခုထက်တိုင် သတိကောင်းနေဆဲ။ သီလတန်ခိုးကြောင့် ဖြစ်ပေလိမ့်မည်။

မိုးဝေလဆိုသည့်အတိုင်း ခန္ဓာကိုယ်က ထွားကျိုင်းသည်။ (ယခုတော့ ကိုယ်ရေအနည်းငယ်စစ်သွားသည်မှအပ ခန့်ထည်နေဆဲ။) မိုးဝေလသည် မသေးသွယ် မီးဖွားပြီး သုံးရက်မြောက်သောနေ့တွင် ရောက်လာခဲ့သည်။

(ထိုအချိန်တွင် ဦးတောင်ဖြိုးက သက်ရှိထင်ရှားရှိနေသေးသည်။ ဦးတောင်ဖြိုးသည် ဗျူ(၁၆)နှစ်သားအရွယ်ရောက်မှ ကွယ်လွန်သွားခဲ့သည်။)

ဦးတောင်ဖြိုးက အိမ်ပေါ်တက်လာသော ဦးဝေလကို တွေ့သည်။

''ဟေ ... နေ ... နေ၊ ငါ့ကိုမတွေ့နဲ့ တောင်ဖြိုး တော်ကြာ ... ငါအသက်ကြီးတာကို သူများတွေသိသွားလိမ့်မယ်''

ဟုဆိုကာ သူ့ဘာသာသူ အိမ်ပေါ်ကိုတက်လာသည်။ အရွှန်းဖောက်ကာ ပြောတတ်သော ဦးဝေလ၏အကျင့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ ပြုံးကြရသည်။ ပျော်ပျော်နေတတ်သောကြောင့်ပင် အသက်ရှည်နေခြင်းဖြစ်သည်ဟု ယူဆကြသည်။

(ဗျူဂိုကိုမွေးဖွားစဉ်က ဦးဝေလ၏အသက်သ႑ာ (၉၀)ဝန်း ကျင်လောက်ပဲရှိသေးသည်။ ဦးတောင်ဖြိုက ဦးဝေလထက်ငယ် သော်လည်း အရင်ကွယ်လွန်သွားခဲ့လေသည်။)

"ငါ ... သေးသွယ် မီးဖွားတယ်ဆိုတာသိရလို့ လာခဲ့ တာကွယ့်၊ မှန်းစမ်း ... ကလေးကိုကြည့်ရအောင်"

ဦးတောင်ဖြို၏သမက် ထွန်းအေးက မီးနေခန်းထဲမှကလေး ကိုချီယူလာခဲ့လေသည်။ ဦးဝေလသည် ကလေးကိုသေချာစွာ ကြည့်သည်။ ထိုအခါ မျက်နှာအမူအရာပြောင်းလဲသွားကာ ခေါင်း တညိတ်ညိတ်ဖြင့်ရှိနေလေသည်။

"အေး ... ကလေးကိုယ်ပေါ်မှာ အမာရွတ်လိုလို ဘာ လိုလိုထူးထူးခြားခြားပါလာတယ်ဆိုလို့၊ ငါသည်ကလေးကိုကြည့် ပြီးတော့ ဖိုးသာထူးကို ချက်ချင်းအမှတ်ရမိသွားတယ်၊ ဟဲ့ တောင်ဖြို ... ကလေးကိုကြည့်စမ်း ဖိုးသာထူးရဲ့မျက်နှာပေါက် ဆင်ဆင်တူနေတယ်မဟုတ်လား၊ နင်လည်းဖိုးသာထူးကို မီခဲ့သား ပဲလေ ..."

"ဟုတ်တယ် အစ်ကို ... အစ်ကိုပြောတော့မှပဲ သတိ ထားမိတော့တယ်၊ အစ်ကိုလေးဖိုးသာထူးနဲ့တော်တော်လေးကို တူနေတယ်"

"ဒါဆိုရင် _ ဘာသံသယဖြစ်စရာလိုနေသေးသလဲကွယ်၊





တောရဲတဲ့မုဆိုး၊ ကံကြမ္မာဆိုးနဲ့ကြုံလာခဲ့ရတော့ ဝက်ပက်ခံရတဲ့ ဒဏ်ရာနဲ့သေဆုံးခဲ့ရတယ်၊ ဟောသည်မှာ' ကလေးရဲ့ဗိုက်မှာ ပါလာတဲ့ အမာရွတ်ဟာ ဝက်ပက်ခံရတဲ့ဒဏ်ရာပဲ၊ ဟောသည်မှာ လည်းတွေ့လား၊ ညာဘက်လက်မောင်းမှာ ကျားတစ်ကောင်ရဲ့ပုံ ရေးရေးလေးပေါ်နေတယ်၊ ဒါပေမဲ့ _ ထင်ရှားတယ်၊ သာထူးဟာ သူ့လက်မောင်းမှာ ကျားပုံကိုထိုး ထားတယ်၊ ဒါကြောင့်မို့ သည် ကလေးဟာ သာထူးဝင်စားတာပဲ"

"ဒါပေမဲ့ အစ်ကိုရာ ... အစ်ကိုလေးလည်းဆုံးခဲ့တာ ကြာခဲ့ပြီပဲ၊ သူဝင်စားတယ်ဆိုရအောင် အခုမှဝင်စားရသလား"

"ဒါကတော့ သူ့အကြောင်းနဲ့သူပေါ့ကွယ်၊ သူသေပြီး နောက်ပိုင်းမှာ ဘယ်လိုဘဝမျိုးမှာကျင်လည်ခဲ့ပြီးမှ ... ကံ အကြောင်းတရားအရ လူ့ဘဝကိုပြန်ရောက်လာခဲ့ရသလဲဆိုတာ ဘုရားမှတစ်ပါး ဘယ်သူကသိနိုင်မှာတဲ့လဲ၊ သည်ကလေးမွေးပြီး ကိုယ်ပေါ်မှာဘယ်လိုအမှတ်အသားတွေ ပါလာတယ်ဆိုတာ ငါ ကြားရလို့ စိတ်ဝင်စားတာနဲ့ ငါလာခဲ့တာ၊ (၃၁)ဘုံမှာ ကျင်လည် နေကြတဲ့ သတ္တဝါတိုင်းဟာ ဘဝသံသရာကြီး၏ အနှောင်အဖွဲ့ကို ရုန်းမလှုပ်နိုင်အောင်ခံနေကြရတာပဲ၊ နိဗ္ဗာန်ကို မရောက်မချင်း တစ်ဘဝပြီးတစ်ဘဝပြောင်းလဲနေကြရမှာပဲ၊ အေး အေး ... ဘဝမပြတ်မချင်း လူ့လောကထဲ ပေါ်ချည်၊ ပျောက်ချည်နဲ့ ရောက်ရောက်လာတတ်ကြတဲ့ ... သံသရာသားတွေ ...

အဖန်တစ်ရာမများကြရလေအောင် သတိတမံ၊ ဉာဏ်မြေ



www.burmeseclassic.com

www.burmeseclassic.com



ကတုတ်လုပ်ပြီးတော့ ... ကိုယ့်ကိုယ်ကိုယ်ထိန်းကြရမယ်ကွယ့်၊ ခုလည်းပါးစပ်ပေါက်တစ်ပေါက်တိုးလာပြန်ပြီ၊ တာဝန်ကြီးလာပြန်ပြီ ... သည်ကလေးကို ဂရုစိုက်ပြီးတော့ မွေးကြကွယ်''

ဦးဝေလသည် စကားနည်းသည်။ ပြောလည်းပြောခဲသည်။ ကလေးက သူသူငယ်ချင်းဖိုးသာထူးဝင်စားသည်ဆိုသောအသိကြောင့် တက်ကြွနေလေသလားမသိ။ စကားကိုဖောင်အောင်ပြောသွားခဲ့လေသည်။

သို့သော် ... ဦးတောင်ဖြူသည် နေ့သင့်နံသင့်မဟုတ်သော်လည်း ကလေးကို ဗျူဟာ အမည်ပေးလိုက်လေသည်။ သူကိုယ်တိုင်လည်း အစ်ကိုဝမ်းကွဲ ဖိုးသာထူးဝင်စားသည်ဟူသောအသိကိုလက်ခံ၍ပဲလား။ ကလေး၏လက်မောင်းတွင် ကျားရုပ်ပါလာသောကြောင့်လား။ သို့မဟုတ် ကျားတစ်ကောင်လို ရဲရင့်စေလိုသောသဘောကြောင့်ပဲလား။ အားလုံးကို ခြုံပြီးတော့ပဲလားမသိ။ ဗျူဟာ၍ ဖြစ်သွားခဲ့ရလေသည်။

သို့သော် ... ပညတ်သွားရာ ဓါတ်သက်ပါဟူသည့်စကားအတိုင်း ဗျူဟာသည် ကျားတစ်ကောင်ထက်ပင် ပိုပြီးတော့ ရဲရင့်သူဖြစ်လာသည်။ ကျားထက်ပင်ပိုပြီးတော့ ရက်စက်တတ်သူဖြစ်လာခဲ့လေသည်။ ဗျူဟာသည် သာမန်အချိန်များတွင် စိတ်ထားကပုံမှန်ဖြစ်သော်လည်း ဘယ်လက်မောင်းမှ ကျားရုပ်အမှတ်အသားက တဆတ်ဆတ်နှင့်လှုပ်လာခဲ့လျှင် စိတ်ပြောင်းသွားတတ်သည်။ ဆိုရလျှင် မှဆိုးစိတ်ဝင်သွားတတ်သည်။ ထိုအချိန်မျိုးတွင် ဇော


ရွှေထားစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ဝင်ပြီး သားကောင်ဖမ်းလိုသောဆန္ဒက ထိန်းချုပ်၍မရတော့ပေ။

ထို့အပြင် အဖိုးဖြစ်သူ ဦးတောင်ဖြို့ ထိုးပေးထားသည့် ရင်ဘတ်နှင့်ကျောမှ ဆေးမင်များ၊ အင်းကွက်များကလည်း ယင်းထသံလို လှုံ့ဆော်ပေးနေသလားမသိ။ ပျော့ပျောင်းနေသော ဗျူဟ၏မျက်နှာသည် တမဟုတ်ချင်းပင် တင်းမာသွားခဲ့ရသည်။ လေးနှင့်မြားစူးများထည့်ထားသော ကျည်တောက်ကိုကိုင်ဆွဲ၍ တောထဲသို့ဝင်သွားသောအခါတွင် မုဆိုးဗျူဟ ဖြစ်သွားခဲ့လေပြီ။

ဗျူဟသည် မုဆိုးအလုပ်ကို မည်သူ့ဆီကမှလက်ထပ်မသင်ရပါဘဲနှင့် သားကောင်၏သဘာဝ၊ အလေ့အထ၊ အပြုအမူများကို စိတ်ထဲမှာ အလိုလိုပင်သိနေသည်။ ခြေရာကောက်ပုံကအစ နားလည်နေသည်။ မည်သည့်သားကောင်ခြေရာဆိုသည်ကိုလည်း ချက်ချင်းသိသည်။ ထိုသားကောင်၏ခြေရာကိုတွေ့သည်နှင့် မမိမချင်းလိုက်သည်။ မည်သည့်သားကောင်ပင်ဖြစ်နေပါစေ၊ သူ့လက်ကလွတ်သွားသည်ဟု မရှိခဲ့ပါ။ သူ့မြားချက်မှာ ကားခနဲဖြစ်ရသည်။ လည်စင်းပြီးတော့ ခံသွားခဲ့ရသည်ချည်းပင်။

သားကောင်တစ်ကောင်လောက်ရပြီးလျှင် စိတ်ထဲမှချဉ်ခြင်းတပ်မှုက ပြေပျောက်သွားခဲ့ရသည်။ နောက်ထပ်ပစ်ချင်စိတ်မရှိတော့။ သူ့ရှေ့မှာ မည်သည့်သားကောင်ပဲ လည်လာစင်းခဲ့ပါစေ၊ သူ့စိတ်မဝင်စားတော့။ ရပြီးသား သားကောင်ကိုပဲထမ်းပြီးတော့ အိမ်ကိုပြန်သည်။ သို့သော် _ အိမ်အထိတော့ သားကောင်





နှင့်အတူမပြန်ရဲ။

ကျောက်ဆင့်ရွာတွင် ဗျူဟ အလွန်ခင်မင်ရသောသူငယ်ချင်း မောင်ခွေးဆိုသူရှိသည်။ သူကဆင်းရဲသည်။ မောင်ခွေးသည် ဗျူဟပြန်အလာကို ရွာပြင်မှထွက်ပြီးတော့ စောင့်နေတတ်သည်။ ဗျူဟသည် သူပစ်ခတ်ရရှိလာသောသားကောင်ကို ပခုံးထက်မှာ တင်၍ထမ်းလာတတ်သည်။ မောင်ခွေးရှေ့ကိုရောက်လျှင် ပစ်ချပေးတတ်ပြီး ...

"မင်း ကြည့်လုပ်လိုက်ပေတော့ မောင်ခွေး"

"အေး ... အေး ... စိတ်ချကွာ"

ဗျူဟအိမ်ကိုပြန်သွားသည်နှင့် မောင်ခွေးက သားကောင်ကိုဖျက်သည်။ အသားကွဲများကို မောင်ခွေးက သူ့အိမ်သို့ယူသည်။ ဝယ်မည့်သူများကို အသိပေးပြီးရောင်းသည်။ ရသည့်ငွေက ဗျူဟတစ်ဝက်၊ သူတစ်ဝက်။

"ဗျူဟရာ ... မင်းငါ့ကိုတစ်ဝက်ပေးစားတာများတယ်၊ သုံးပုံတစ်ပုံလောက်ပဲ ပေးပါကွာ"

"မဟုတ်တာကွာ၊ မင်းကငါ့ထက်ဆင်းရဲတယ်၊ ယူပါတစ်ဝက်ပဲ ... သည်ငွေကို ငါတစ်ယောက်တည်းပဲသုံးရမှာကွ၊ သည်လိုငွေမျိုးကို ငါ့အိမ်ကလည်းလက်ခံမှာမဟုတ်ဘူး"

သည့်နောက်ပိုင်းတွင် ဗျူဟသည် ငွေကိုလည်းမမက်၊ တစ်ချိတစ်ချိမှာပေါ်လာသောဝါသနာအငုတ်ကလေးကိုလည်းမဖျောက်



www.burmeseclassic.com

www.burmeseclassic.com

ဖျက်၊ စိတ်ထလာလျှင် တောထဲကိုဝင်၊ အမဲသားကောင်များကိုသာ ရှာဖွေလျက်သာ ...

"ဗျူ့၊ မင်းကစိတ်အလိုလိုက်ပြီး တောထဲကိုဝင် အမဲသားကောင်တွေကို ပစ်ခတ်ဖမ်းဆီး၊ မင်းကသတ်၊ ငါက သားကောင်ကိုဖျက်ပြီး ငွေကိုယူ၊ တကယ်တော့ ... အကုသိုလ်က တစ်ယောက်တစ်ဝက်စီပဲ၊ ဒါပေမဲ့ ... သတ်သူကမိုပြီးတော့ အကုသိုလ်ကြီးတယ်ကွ၊ သည့်အလုပ်ကို ငါကအားပေးအားမြှောက်လုပ်နေတာ၊ ငါ ... သူငယ်ချင်းကောင်းမပီသဘူး။ မင်းမလုပ်ဘဲနေလို့မရဘူးလားကွာ"

မောင်ခွေး၏စကားကြောင့် ဗျူသည် တွေဝေသွားခဲ့ရသည်။

"မင်း ငါ့ကိုခုလိုမပြောခင်ကတည်းက ငါလည်း အထပ်ထပ်စဉ်းစားပြီးသားပါ မောင်ခွေးရာ၊ ဒါပေမဲ့ ... ငါ သည့်အလုပ်ကိုနှစ်သက်နေတယ်၊ ဘယ်လိုမှဖြတ်လို့မရဘူးကွ"

ဗျူသည် သူ့ကိုယ်ကိုယ်ကိုယ် အားမရသလို ပြောလိုက်လေသည်။



အခန်း (၃)

## လူလား၊ မိစ္ဆာလား

ကျောက်ဆင့်ရွာတွင် မိန်းမချောလေးတွေ တော်တော်များများရှိကြသည်။ ထိုအထဲတွင် ဗျူကို စိတ်ဝင်စားကြသူတွေလည်း ပါသည်။ သို့သော် ... ဗျူသည် အခြားနေရာများတွင် ချိုးမွမ်းစရာရှိသော်လည်း ရုံဖန်ရံခါ သားကောင်သတ်မှုဆိုးအလုပ်ကို လုပ်တတ်သဖြင့် လက်မခံချင်ကြပေ။ လူမှုဆက်ဆံရေးကောင်းသည်။ လူချစ်လူခင်များသည်။ ရပ်ရေးရွာရေးတွင် ရှေ့ဆုံးမှနေ၍ မားမားမတ်မတ်ရပ်တည်ကာ အသက်ကိုပင် ပဓါနမထားဘဲ စွန့်ဝံ့တတ်သူဖြစ်သည်။

သို့သော် ငယ်စဉ်ကတည်းက ရင်းနှီးခဲ့သော ကစားဖော်ကစားဖက်ဖြစ်သည့် ဥက္ကာရာ အမည်ရှိ မိန်းကလေးကတော့ ဗျူ့အပေါ်ခင်မင်မှုက အများထက်ကိုပိုသည်။ သူမသည် ဗျူ၏အပြုအမူ အနေအထိုင်အပေါ်မှာ မည်သည့်ထင်မြင်ချက်ကို


www.burmeseclassic.com

www.burmeseclassic.com



မှမပေးခဲ့။

"ဗျူဟ ... နင့်ကိုရွာမြောက်ပိုင်းက မိဂျမ်း၊ အေးပုံနဲ့ ဂေါက်တေးတို့အုပ်စုက အကူအညီတောင်းချင်လို့တဲ့"

"တော်ပါ ... သူတို့က ငါ့ကိုမြင်ရင် မပြောချင်ဆိုချင်နဲ့ ဟန်ဆောင်ပြီး ပြုံးပြကြတယ်၊ နိုင်းချင်ရင်တော့ လေသံကထွက်လာပြီ၊ ငါ့ကိုမရှိသုံးသုံးတာမျိုးတော့ လက်မခံဘူး"

"အေးပါဟယ် ... နင့်ကိုအကူအညီတောင်းဖို့ ငါ့ကိုပြောနိုင်းတာတော့ မဟုတ်ပါဘူး။ သူတို့ချင်းပြောနေကြတာကို ငါကြားခဲ့တာပါ၊ သူတို့ ဘာလာပြောပြော နင့်သဘောပဲလေ"

ဗျူဟက တစ်ချက်တော့ပြုံးမိလိုက်သည်။

"ဘာပြုံးတာလဲ ဗျူဟ ..."

"ငါကပြောမယ့်သာပြောတာပါ၊ ဘယ်သူတွေက ငါ့ကို ဘယ်လိုပဲသဘောထားထား။ ငါ့ဘက်ကတော့ မေတ္တာ၊ စေတနာ မပျက်ပါဘူး။ ဥတ္တရာ ..."

"အေးလေ ... နင့်စိတ်သဘောကို ငါကသိပြီးသားပဲ ဗျူဟရယ် ..."

ဥတ္တရာသည် ထိုမျှလောက်ပဲပြောနိုင်တော့သည်။ လူတွေကို ဗျူဟနှင့်ပတ်သက်ပြီး မဝေဖန်ရဲပေ။ တစ်လွဲတွေးကြမှာစိုးသောကြောင့်ပင်။ ဥတ္တရာ၏ မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းကလည်း ... ဗျူဟနှင့်ဆို သဘောတူကြမှာမဟုတ်ကြ။

တစ်ရက်တွင် ...





ကျောက်ဆင့်ရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ရွာများဆီသို့ ထိတ်လန့်ချောက်ချားဖွယ်ရာ သတင်းတစ်ခုရောက်လာခဲ့သည်။ ယင်းကား ... အခြားမဟုတ်။

လူလိုလို၊ မိစ္ဆာကောင်လိုလို၊ အမျိုးအမည်မသိသတ္တဝါကောင်လိုလို၊ အကောင်တစ်ကောင်နှင့်ပတ်သက်၍ ဖြစ်သည်။ ထိုသတ္တဝါကောင်သည် ညဘက်တွင် မိန်းမပျိုလေးများရှိသော အိမ်ထဲသို့ တစ်နည်းနည်းဖြင့်ရောက်လာတတ်သည်။ ဖမ်းဆီးကာ ခေါ်ဆောင်သွားတတ်သည်။ သို့မဟုတ်လျှင် မတော်မတရားကြံစည်သွားတတ်သည်ဟူသော သတင်းပင်။

ထိုသတ္တဝါသည် လူကဲ့သို့ပင် ကိုယ်လုံးကိုယ်ထည်၊ ခြေတံလက်တံများရှိသည်။ အဝတ်နက်ဖြင့် ခေါင်းမှအုပ်ကာ ကွယ်ထားသောကြောင့် မျက်နှာကိုမမြင်နိုင်ပေ။ ထိုသတ္တဝါသည် သစ်ပင်တစ်ပင်မှတစ်ပင်သို့ ခုန်ကူးကာသွားနိုင်သည်။ ထို့ကြောင့် မျောက်ဝံလိုလို သတ္တဝါမျိုးလည်းဖြစ်နိုင်သည်ဟု ယူဆကြသည်။

တစ်ညတွင် ...



www.burmeseclassic.com

www.burmeseclassic.com

ခုံးမျက်စ၊ သုံးရက်လလေး၏သဏ္ဍာန်သည် ကောင်းကင်ယံတွင် ကွေးကွေး ရေးရေးလေးထင်နေ၏။ ထိုစဉ် ... သစ်ပင်တစ်ပင်မှတစ်ပင်သို့ ရိပ်ခနဲ၊ ရိပ်ခနဲဆို ကူးလာသော သဏ္ဍာန်တစ်ခု၊ တစ်ခဏအကြာတွင် ရွာတစ်ရွာ၏စည်းရိုးကို လွှားခနဲဆို ခုန်ကျော်ကာ ဝင်သွားခဲ့လေသည်။

"ဝုတ် ... ဝုတ် ... ဝုတ်"

လမ်းသလားနေကြသော ရွာခွေးအချို့က ထိုသတ္တဝါကို ထိုးဟောင်လိုက်ကြသည်။ တစ်ကောင်က ဗိုပြီးတော့ရဲတင်းဟန်တူသည်။

"ဝုတ် ... ဝုတ် ... ဝုတ် ..."

မျောက်လိုလို လူဝံလိုလိုကောင်ကို ဟောင်လည်းဟောင်၊ ဒေါသတကြီးဖြင့် ကိုက်ခဲရန် ပြေးလည်းအဝင် ...

"အိုင် ... အိုင်"

ထိုသတ္တဝါသည် ပြေးဝင်လာသောခွေးကို ဆီးရှဲဖမ်းလိုက်





သည်။ ချွန်မြည့်သောလက်သည်းရှည်ကြီးများဖြင့် ဝမ်းဗိုက်ကို ထိုးခွဲပစ်လိုက်သည်။ ထို့နောက် ခွေးကို ကိုင်ပေါက်ပစ်လိုက်လေသည်။ ခွေးသည် ဗိုက်ပွင့်ထွက်သွားကာ အူအထွေးသားထွက်ကျကာ ဆန့်ငင်၊ ဆန့်ငင်ဖြစ်နေသည်။ နောက်တော့ ... ငြိမ်သက်သွားခဲ့လေ၏။

သေဆုံးသွားသောခွေး၏အဖြစ်ဆိုးကြောင့် ကျန်ခွေးများသည် ဟောင်ပင်မဟောင်ရဲကြတော့ဘဲ အမြီးကုတ်သွားခဲ့ကြသည်။ တအီအီဖြင့်ညည်းညူကာ ဖင်သီပြီးတော့ ထွက်ပြေးသွားခဲ့ကြလေ၏။ လူလား၊ တိရစ္ဆာန်လား၊ ခန့်မှန်းရခက်သော ထိုသတ္တဝါသည်လည်း တစ်နေရာကို လျင်မြန်စွာပင် ပြေးထွက်သွားခဲ့လေ၏။ ရွာထဲတွင် ခွေးဟောင်သံကို လုံးဝမကြားရတော့ဘဲ ချက်ချင်းပင် တိတ်ဆိတ်ငြိမ်သက်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

၄

မည်းမည်းကောင်သတ္တဝါသည် အိမ်ကြီးတစ်အိမ်ပေါ်ကို လွှားခနဲဆို ခုန်ကာတက်သွားသည်။ အိမ်အမြင့်က မြေပြင်မှ ဆယ်ပေလောက်ရှိသည်။ ပေါ့ပါးစွာပင် ခုန်ပြီးတော့ တက်သွားခဲ့ခြင်းပါ။

အဝတ်နက်ခြုံထားသည့်အောက်မှ စူးလက်တောက်ပြောင်နေသော မျက်လုံးတွေသည် အခန်းတစ်ခုဆီကိုရောက်သွားခဲ့သည်။ သူ၏နှာခေါင်းက အနံ့အသက်တစ်ခုကိုရသည်။ ကလ္လာယတစ်ဦး၏အနံ့အသက်၊ ထို့ကြောင့် ... ညံ့သက်သော ခြေလှမ်းများဖြင့် ထိုအခန်းဆီကို လျှောက်သွားသည်။ အခန်းတံခါးကမရှိ။ ခန်းစည်းလိုက်ကာကို သူလှစ်ကြည့်လိုက်သည်။ ထရံပေါက်သေးသေးလေးများမှတစ်ဆင့် ထိုးဖောက်ကာ ဝင်လာခဲ့သော အလင်းရောင်များအောက်မှာ မိန်းကလေးတစ်ယောက်က အိပ်ပျော်နေလျှက်။ ခြေပစ်လက်ပစ် အိပ်ပျော်နေသော မိန်းကလေးကို သူမြင်လိုက်ရသောအခါ ခြေလက်တွေတုန်ယင်လာပြီး ဂနာမငြိမ်





တော။ သူမ၏ ရှိက်ဖိုကြီးငယ်အသွယ်သွယ်တို့သည် ပျိုပျစ်နုနယ်သော အပျိုစင်တစ်ဦး၏ ပြေပြစ်သောကောက်ကြောင်းများ သဖွယ် ...

ထိုသူသည် မိန်းကလေး၏အနားကို ချက်ချင်းရောက်သွားပြီး ... ဆတ်ခနဲဆို ကောက်ယူပွေ့ချီလိုက်သည်။

"ဟင် ... အမလေး"

မိန်းကလေးသည် လန့်အော်လိုက်သည်။ အခြားအခန်းထဲတွင် အိပ်ပျော်နေကြသော မိဘနှစ်ပါးနှင့် အောက်ထပ်မှာ အိပ်ပျော်နေကြသော အစ်ကို၊ မောင်ဘွားများသည်လည်း အော်သံကြောင့် နိုးသွားခဲ့ကြလေ၏။

"သမီးအသံပဲ ‗ ထစမ်းပါဦး၊ ဘာဖြစ်လို့လည်းမသိဘူး"

"အေး ... ငါနိုးနေပါပြီဟဲ့၊ လာ ... လာ မြန်မြန်"

ဖခင်ဖြစ်သူသည် အိပ်ရာဘေးမှာချထားသော ငှက်ကြီးတောင်ဓါးကိုဆွဲကာ အခန်းအပြင်ကို ပြေးထွက်သွားသည်။ သို့သော် အိမ်ထဲမှာ အမှောင်က အားကောင်းနေသည်။ ပြင်ပမှဝင်လာသောအလင်းရောင်က ခပ်ယှဲ့ယှဲ့။ သူတွေ့လိုက်ရသည်ကား မည်းမည်းကောင်ကြီးသည် မိန်းကလေးကိုပွေ့ချီကာ အိမ်ရှေ့ကိုပြေးထွက်သွားသည်။

"ဟိတ် ... ဟိတ်၊ ရပ်စမ်း ... ရပ်လိုက်စမ်း"

နောက်မှနေ၍ လှမ်းအော်ကာ တားဆီးလိုက်သည်။ သို့သော် ထိုလူလိုလို အကောင်လိုလိုသတ္တဝါမှာ အော်သံ၊ တားဆီး



www.burmeseclassic.com

www.burmeseclassic.com



သံကို ဂရုမစိုက်။ လေကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ပြေးထွက်သွားသည်။ ထို့နောက် ... ပွင့်နေသော ပြတင်းပေါက်မှနေ၍ အောက်ကိုခုန်ချလိုက်လေသည်။

"အဖေ ... အဖေ၊ သမီးကို ကယ်ပါဦး ...

မိန်းကလေးက ခြေလက်များကိုကန်ကျောက်ကာ ရုန်းကန်ရင်း အော်သည်။ ထိုအချိန်တွင် အောက်ထပ်မှ မောင်ဘွားများသည်လည်း နိုးနေကြလေပြီ။ ဓား၊ လှံများကိုကိုင်ကာ ပြေးထွက်လာခဲ့ကြသည်။

"ဟေ့ ... ဘယ်သူလဲ၊ ဘယ်သူလဲ၊ ရပ်လိုက်စမ်း"

ပြေးလိုက်ကြသည်။ အော်ဟစ်ပြီးတော့ တားဆီးကြသည်။ အိမ်အပေါ်မှခုန်ဆင်းလာသည်ကိုလည်း မြင်လိုက်ကြရသည်။ ကြယ်ရောင်အောက်မှာ ထိုသူ၏ပုံပန်းသဏ္ဌာန်ကြီးက မြင်ရသူကြက်သီးထစရာပင်။ တစ်ဦးဦးကိုပွေ့ချီထားသည်။ ခေါင်းပိုင်းနှင့်လှုပ်ယမ်းခါနေသော ခြေထောက်များကို မြင်တွေ့ရသည်။

ထိုအခါ ... သတင်းကြီးနေသော မည်းမည်းကောင်ကြီးနှင့်ပတ်သက်ပြီး သတိရသွားခဲ့ကြသည်။

"ဟာ ... အဲသည်ကောင်ကြီးပဲဖြစ်မှာပဲ၊ သူဖမ်းသွားတာ တခြားသူမဟုတ်ဘူး၊ ညီမလေးပဲ"

"ဟုတ်တယ် အစ်ကိုကြီး ... မြန်မြန်လိုက်၊ မြန်မြန်လိုက်"

နောက်မှ လျင်မြန်စွာပင် ပြေးလိုက်သွားကြသည်။ လှံနှင့်





ပစ်ထိုးလျှင်လည်း ညီမဖြစ်သူကို မတော်တဆထိမှန်သွားနိုင်သည်။ ထို့ကြောင့် အနီးကပ်ရောက်မှ တိုက်ခိုက်မည်ဟု အမှီလိုက်ကြသည်။

"ကယ် ... ကယ် ... ကြပါဦး"

မိန်းကလေးက အော်ဟစ်ရင်း၊ ရုန်းကန်ရင်းပါသွားသည်။ ညီအစ်ကိုနှစ်ယောက်က နောက်မှပြေးလိုက်သွားကြရင်း မီလုမီခင်ရှိနေဆဲမှာပင် ...

"ဟင် ... ဟာ"

မယုံကြည်နိုင်သော အခြေအနေတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ ယင်းကား ထိုမည်းမည်းကောင်ကြီးသည် ခြောက်ပေခန့်မြင့်သော စည်းရိုးကို လွှားခနဲဆိုခုန်ကျော်သွားသောကြောင့်ပင်တည်း။ ထိုအခါ ခြံတံခါးကိုဖွင့်ပြီးတော့ လိုက်ကြသည်။ သို့သော် ... ထိုသတ္တဝါကောင်ကြီးကိုရော မိန်းကလေးကိုရော မတွေ့ရတော့ပေ။ သူတို့သည် မည်သည့်ဘက်ကိုလိုက်ကြရမှန်းမသိကြတော့။



www.burmeseclassic.com

www.burmeseclassic.com

လူလိုလို၊ မိစ္ဆာကောင်လိုလို သတ္တဝါ၏သတင်းသည် နေရာအနှံ့ကျယ်ပြန့်လျက်ရှိသည်။ မိန်းမချော၊ မိန်းမလှလေးတွေကိုမှ ရွေးချယ်ပြီးတော့ ဖမ်းခေါ်သွားတတ်သူ၊ ထိုသတ္တဝါကိုမြင်တွေ့လိုက်ကြရသူများက ထူးခြားချက်များကို မြင်တွေ့ရသည်။ သစ်ပင်အမြင့်များမှ တစ်ပင်ပြီးတစ်ပင်ခုန်ကူးပြီးတော့သွားနိုင်သည်။ အပြေးမြန်သလို၊ အခုန်အပျံလည်း ကျွမ်းကျင်သည်။ သူ့ကိုဖမ်းမိရန် မလွယ်ကူပေ။

မိန်းကလေးတော်တော်များများသည်လည်း ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ကြရလေပြီ။ ဤပြဿနာသည် မအေးလှ။ လူတွေလည်း ကျီးလန့်အစာစားဘဝနှင့် လန့်နေကြရသည်။ မိန်းကလေးတွေဆိုလျှင် အိမ်ထဲကအိမ်အပြင်ကိုပင် မထွက်ရဲကြတော့။ မိန်းမပျိုလေးများပင်မဆိုထားနှင့်၊ အိမ်ထောင်သည်အရွယ်ကောင်းသော အမျိုးသမီးများပင်လျှင် သတိနှင့်နေကြရသည်။ ကြားရသည့်သတင်းက ထိုသူသည် ရုပ်ရည်ကိုယ်လုံး





ကိုယ်ပေါက် ပြေပြစ်သောအမျိုးသမီးများကိုလည်း အဆင်အချင်မရှိ။ ဖမ်းဆီးခေါ်ဆောင်သွားတတ်သည်တဲ့။ ထိုမိန်းကလေးများက မိမိရပ်ရွာကိုပြန်လာကြသည်ဟူသော သတင်းကိုတော့မကြားကြရ။

“ခက်တော့တာပဲ၊ ဘယ်လိုကောင်ကများ မိန်းကလေးတွေကိုချည်း ရွေးပြီးတော့ ... ဖမ်းသွားတာပါလိမ့်၊ သင်းရဲ့မျက်နှာကိုလည်း သေသေချာချာမြင်ဖူးတဲ့သူတစ်ယောက်မှမရှိကြ ဘူး”

“လူတော့ဟုတ်ချင်မှဟုတ်မယ်၊ ဘီလူးသဘက်များဖြစ်နေမလား၊ ပျိုပျစ်နုနယ်တဲ့မိန်းကလေးတွေကို အဓမ္မဖမ်းဆီးသွားပြီး သူဘာလုပ်မလဲ”

“ဘာလုပ်မလဲဆိုတာသူပဲသိမှာပေါ့၊ အဲသည်မိန်းကလေးတွေအစား ငါတော့တွေးတွေးပြီး ကြက်သီးထတယ်”

ကြက်သီးထမည်ဆိုလျှင်လည်း ထစရာပင်။ ထိုမိန်းကလေးများ၏ ကံကြမ္မာကို မတွေးရဲကြ။ မည်သို့သောအခြေအနေသို့ရောက်နေကြပြီလဲ။

ကျောက်ဆင့်ရွာသားများသည်လည်း ထိုသတင်းကြောင့်တုန်လှုပ်ချောက်ချားနေကြရသည်။

“ခုအတိုင်းဆိုရင်တော့ သည်ကောင်ကြီးကို မဖမ်းမိနိုင်သေးသရွေ့ စိတ်အေးရမှာမဟုတ်ဘူး၊ သတိမလစ်ကြစေနဲ့ဟေ့”

ကျောက်ဆင့်ရွာသူကြီး ဦးတောကျော်က လုံခြုံရေးကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

အတွက် အထူးကြပ်မတ်သည်။ ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်းများကလည်း ရွာစည်းရိုးများကို ပြုပြင်ရန် တာဝန်ယူခြင်း၊ ညွှန်ကြားခြင်း၊ ကိုယ်တိုင်ပါဝင်လုပ်ကိုင်ကြခြင်းဖြင့် ရွာသူရွာသားများနှင့်အတူ အရေးတယူဆောင်ရွက်ကြသည်။ ညနေဘက်သို့ရောက်လျှင် ယောက်ျား၊ မိန်းမ မကျန် ရွာသူရွာသားများအားလုံး ရွာထဲသို့အပြီးအစီးဝင်ကြရသည်။ မမှောင်မီ ရွာတံခါးကိုအပြီးပိတ်ကြရလေသည်။

ထိုမည်းမည်းကောင်ကြီး၏သတင်းသည် ခုရက်ပိုင်းမှာ အနိုက်အတန့်တော့ငြိမ်သွားသည်။ သူ့ကိုဖမ်းဆီးရန် ကြိုးစားနေကြမှန်းသိရ၍ ခြေလျှိုနေသည်ပဲလား၊ အကြံအစည်များကိုလက်လျှော့လိုက်တာလား၊ သို့မဟုတ် ထိုသို့အတန်ကြာပုန်းအောင်းနေပြီးမှ အလစ်တွင်ဝင်ရောက်လာခဲ့ဦးမှာလား မသိရ။ ဗျူဟာသည် ထိုအရေးကိစ္စအတွက် စိတ်ပါလက်ပါပင်ဆောင်ရွက်ခဲ့လေသည်။ ယင်းရက်များအတွင်းတွင် ယာအလုပ်များ၊ ကျေးရွာလုံခြုံရေးကိစ္စများနှင့် လုံးထွေးနေခဲ့သည်။

တစ်ရက်တွင် ...

ဗျူဟာသည် လေးနှင့်မြားကိုသတိရလာခဲ့သည်။ တောထဲကိုဝင်ချင်လာသည်။ မှဆိုးအလုပ်ကိုသတိရသွားခဲ့လေပြီ။ ထို့ကြောင့်နောက်တစ်နေ့နံနက်မှာပင် အိမ်မှစောစောထွက်ကာ တောထဲသို့ဝင်ခဲ့သည်။ သားကောင်တစ်ကောင်ရလျှင်ပင် သူကျေနပ်သည်။ အာသီသပြည့်ဝသည်။ ထိုနေ့က တစ်နေကုန်တောလည်ရင်း





သားကောင်ကိုတွေ့သည်။ သို့သော် ... ကံခေ၍ ပွစ်တိုင်းလွဲနေသည်။ ဤလိုအဖြစ်မျိုး မကြာခဏကြုံရတတ်၍ စိတ်မပျက်မိ။ ဖွဲကောင်းကောင်းနှင့် သားကောင်ကိုဆက်၍ရှာသည်။ စမ်းချောင်းမှာရေသောက်ဆင်းနေသော သမင်တစ်ကောင်ကို မမျှော်လင့်ဘဲတွေ့လိုက်ရသည်။

"သည်တစ်ခါတော့ ... မလွဲစေရဘူးဟေ့၊ ဗျူဟာတဲ့"

သစ်ပင်ကြီးတစ်ပင်၏အကွယ်မှနေ၍ သမင်ကိုမြားနှင့်ချိန်လိုက်သည်။ သမင်ကလည်း သေနေ့စေ့နေ့ပြီထင်သည်။ မုဆိုးကအနီးကပ်ဆုံးနေရာမှာ ရောက်နေသည်ကိုမင်မသိပေ။ အသက်ကို အောင့်ကာ လေးညို့မှမြားစူးကို လွှတ်လိုက်သည်။

"ဝှစ်"

"ဒုတ်"

ကံဆိုးသူသမင်၊ မြားခသွားသည်။ ဖွေ့ခနဲဆို လဲကျသွားခဲ့သည်။ တစ်ခဏအကြာတွင် သမင်သေကိုထမ်းကာ ကျေနပ်အားရစွာဖြင့် ရွာသို့ပြန်လာသော ဗျူဟာ တစ်နေ့လုံးတောထဲမှာအချိန်ကုန်ခဲ့သည်။ ထို့ကြောင့် နေဝင်တော့မည်ဖြစ်သည်။ ခြေလှမ်းသွက်သွက်ခြင့် လျှောက်လာခဲ့ရသည်။ နေဝင်ပြီးသည်နှင့် ရွာတံခါးကပိတ်မည်မဟုတ်ပါလား။ နေဝင်ဖျိုးဖျအချိန်မှာပင် ရွာ ကိုရောက်လာသည်။

ထုံးစံအတိုင်း ရွာနှင့်မနီးမဝေးမှာ မောင်ခွေးကစောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မိုးချုပ်တော့မယ်ဗျူ ... ရွာတံခါးကလည်း ပိတ်တော့မယ်၊ စိတ်ထဲတထင့်ထင့်နဲ့ကွာ၊ မင်းများတစ်ခုခုဖြစ်သလားလို့"

"အေးကွာ ... နည်းနည်းနောက်ကျသွားတယ်၊ တောထဲအချိန်ကုန်သွားတယ်ကွာ၊ သည့်ကနေ့ကျမှ အေးကွာ ... လေကုန်တယ် ပြောမနေတော့ပါဘူး"

ဗျူ၏ ပခုံးထက်မှသားကောင်ကို မောင်ခွေးက ပခုံးပြောင်းပြီးတော့ ယူလိုက်သည်။ ရွာတံခါးသည်ပိတ်တော့မည်ဖြစ်သည်။ မိုးကချုပ်လာခဲ့လေပြီ။ ညီအစ်ကိုမသိ၊ တသိအချိန်ကို ချက်ချင်းလိုလိုရောက်လာခဲ့သည်။



## အခန်း (၄)
## မည်းမည်းကောင်ကြီးနောက်ကိုလိုက်ကြခြင်း

ရွာမှလူကြီးများသည် အပြန်နောက်ကျသူများကို ရွာတံခါးမှဆီးပြီးတော့ စောင့်နေကြသည်။ ဗျူနှင့်မောင်ခွေး ဝင်လာကြရာ ... ။

"မြန်မြန်ဝင်ကြဟေ့ ... တံခါးကပိတ်တော့မှာ"

မောင်ခွေးသည် ခါတိုင်းဆို သားကောင်နှင့်အတူ ရွာအနောက်ဘက်ကဝင်သည်။ ခုတော့ ရွာစည်းရိုးများက လုံခြုံထားပြီးဖြစ်၍ ခွေးတိုးပေါက်လိုနေရာမျိုးမရှိတော့၊ ရွာတံခါးမကြီးကပင်လျှင် ဝင်ကြရလေသည်။ သားကောင်ပစ်ခတ်လာသော ဗျူကို အမြင်တစ်မျိုးဖြင့်မကြည့်ကြပါ။ ဗျူသည် ဤကိစ္စမှလွဲ၍ ရွာအရေးအတွက်ကောင်းနေသူမို့ပင်။ ထို့ကြောင့် ရွာအပြန်နောက်ကျသော်လည်း ခွင့်လွှတ်ကြသည်။ အမြင်ရှင်းကြသည်။

ထိုအခိုက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကယ် ... ကယ်ကြပါ ... ကယ်ကြပါ ..."

ရုတ်တရက် အော်သံတစ်ချက်ထွက်ပေါ်လာသည်။ ဗျူဟ နှင့်ရွာသားများသည် အသံထွက်ပေါ်လာရာဆီကို အာရုံက ရောက်သွားခဲ့ကြသည်။

"ဟာ _ ဘာဖြစ်ကာလဲမသိဘူး၊ တစ်ခုခုတော့တစ်ခုခုပဲ"

ဗျူဟသည် အရင်ရွာထဲကို ပြေးဝင်သွားခဲ့သည်။

"ကယ်ကြပါ ... ကယ်ကြပါ၊ သမီးလေးပါသွားပြီ"

"ဟင် ... ဒါ ဥတ္တရာရဲ့အမေ ဒေါ်ဖွားစိန်ရဲ့အသံပဲ၊ ကောန္တတော့ မဟုတ်မှလွဲရော၊ ဥတ္တရာ တစ်ခုခုဖြစ်ပြီထင်တယ်"

ဗျူဟ၏ရင်ထဲမှာ ထိတ်ခနဲဆိုဖြစ်သွားခဲ့ရသည်။ ထို့ကြောင့် ဥတ္တရာ၏အိမ်ဘက်ဆီကို ခြေကုန်သုတ်၍ပြေးသည်။ မည်မျှ အပြေးမြန်သလဲဟူမူ _ အတူပြေးလိုက်လာသော ရွာသားများကို ပင် အပြတ်အသတ်ချန်ထားသည်။ တစ်ခဏအတွင်းမှာပင် ဒေါ်ဖွားစိန်၏အနားကို ရောက်သွားသည်။ သူမသည် အိမ်ရှေ့ ခြံပြင်မှာ ခုန်ပေါက်ပြီးတော့ အော်ဟစ်လျှက်ရှိသည်။ အနားမှာ ရွာသားအချို့ကိုတွေ့လိုက်ရသည်။

"ဒေါ်ဒေါ် ... ဥတ္တရာဘာဖြစ်သလဲပြောပါ၊ မြန်မြန်ပြော ပါ"

"ဟင် ... ဗျ ... ဗျူဟ ... ဟို၊ ဟို ... မည်း ... မည်းမည်းကောင်ကြီး သမီးလေးကို ဖမ်း _ ဖမ်းခေါ်သွားတယ်"

"ဟုတ် ဟုတ်လား၊ ဘယ်ဘက်ကိုလဲ၊ ပြောပါမြန်မြန်"





"ဟော ... ဟောသည့်ဘက်ကို ..."

ဒေါ်ဖွားစိန်သည် ယောင်ယောင်နန ဖြစ်နေသည်။ တစ်နေရာကို လိုက်ညွှန်ထိုးပြီးတော့ ပြောလိုက်လေ၏။

"တောက် ... မိုးမချုပ်သေးဘူး၊ သည်လိုကိစ္စမျိုးဖြစ်ရပြီ၊ သည်ကောင်ကြီး အတင့်ရဲလှချည်လား"

"ဟုတ်ပါရဲ့ ... ဥတ္တရာလေး ခြံထဲမှာရှိနေတုန်း သည် သတ္တဝါကောင်ကြီး ဘယ်လိုကဘယ်လိုပေါ်လာသလဲမသိဘူး၊ ခေါင်မိုးပေါ်က ခုန်ချလာတာတဲ့၊ ဥတ္တရာလေးကို တစ်ခါတည်း ပွေ့ချီပြီးတော့ ပြေးပါလေရောတဲ့ ..."

"ဗျူဟတစ်ယောက်တည်းပြေးလိုက်သွားတယ်၊ သူကြီး လည်း သွားအကြောင်းကြားပါဦး၊ လူစုပြီးတော့လိုက်ကြရအောင်"

တစ်ယောက်တစ်ပေါက်နှင့်ကြွက်ကြွက်ညံနေကြလေသည်။

"ဟာ ... ဟိုမှာ သူကြီးလာနေပြီ ..."

သူကြီးဦးတောကျော်သည် ဓားကိုလက်မှာဆွဲကိုင်ကာ သူ တို့ဆီသို့ အပြေးတစ်ပိုင်းပင်လာနေလျှက်။

"သူကြီး ... သူကြီး ကယ် ... ကယ်ပါဦး သမီးလေး ပါသွားပြီတော့ ... ဟီး ..."

ဒေါ်ဖွားစိန်သည် သူကြီးကိုမြင်လိုက်သည်နှင့် ချုံးပွဲချကာ ငိုမိလိုက်လေသတည်း ... ။



www.burmeseclassic.com

www.burmeseclassic.com

ဗျူဟသည် ဒေါ်ဖွားစိန်လက်ညှိုးထိုးရာဆီကို အပြေးတစ်ပိုင်းနှင့် ထွက်လာခဲ့ရသည်။ မည်သည့်ဘက်ကိုဆက်ပြီးတော့လိုက်ရမှန်းမသိ။ တော်တော်လေးကို မှောင်ရီသန်းလျက်ရှိနေလေပြီ။ ပြေးလိုက်ရင်း လမ်းမှာလိပ်ခွံဆံညှပ်လေးတစ်ခုကိုအမှတ်မထင်ကောက်ရမိသည်။

''ဟင် _ ဒါ ဥတ္တရာရဲ့ ဆံညှပ်လေးပဲ၊ ကျကျန်ရစ်ခဲ့တာပဲဖြစ်မယ်''

လမ်းစတွေ့သွားခဲ့လေပြီ။ သူရောက်နေသည့်နေရာသည် ရွာစည်းရိုးနားမှာဖြစ်သည်။ ရွာထဲရှိသစ်ပင်ကြီးတစ်ပင်မှ အကိုင်းတုတ်တုတ်ကြီးတစ်ခုသည် စည်းရိုးနှင့်ထိနေပြီး အပြင်ကို ကိုင်းကျနေသည်။ ဗျူဟသဘောပေါက်သွားသည်။ မည်းမည်းကောင်ကြီးသည် ဤပင်ကိုင်းမှတစ်ဆင့် ခြံအပြင်ကိုခုန်ကျော်ပြီး ထွက်ခွာသွားခြင်းဖြစ်နိုင်သည်။ ထင်သည့်အတိုင်း ဖြစ်ပါစေဟုဆုတောင်းမိသည်။





ဗျူဟသည်လည်း တစ်ခဏအတွင်းမှာပင် စည်းရိုးအပြင်ဘက်ကို ရောက်သွားခဲ့လေ၏။ ညာဘက်သည် တောလမ်းဘက်ကိုဦးတည်နေသည်၊ မည်းမည်းကောင်ကြီးသည် ဥတ္တရာကို ခေါ်ဆောင်ကာ ဤလမ်းအတိုင်းပင်သွားရမည်ဟု တစ်ထစ်ချယုံကြည်မိသည်။ ထို့ကြောင့် အပြေးပင်လိုက်သွားခဲ့လေသည်။

ပြေးရင်းက ထူးခြားသောအနံ့တစ်မျိုးကို ရလိုက်သည်။ မိမိပတ်ဝန်းကျင်မှာ တစ်ကြိမ်တစ်ခါမှ မခံစားဘူးသေးသောရနံ့၊ မည်သို့သောရနံ့မျိုးလည်းဟု မပြောတတ်သော်လည်း အီထုံသွားသောခံစားမှုမျိုးကို ရလိုက်သည်။ ပန်းအဆီအနှစ်များစုပေါင်းပြည့်လျှံနေသည့်ရနံ့မျိုး။

''အဲသည့်မည်းမည်းကောင်ကြီး ထွက်သွားခဲ့ပြီဆိုရင် အမွှေးနံ့တစ်မျိုးက ကျန်ရစ်ခဲ့တာပဲ၊ တော်တော်နဲ့ကိုမပျောက်ဘူး''

အခြားရွာမှ ရွာသားများ၏စကားကို ပြန်ပြီးတော့ကြားယောင်မိလာသည်။ ထို့ကြောင့် ယင်း ... ပန်းပေါင်းစုံထုံသင်းသည့်ရနံ့၏နောက်ကိုတောက်လျှောက်ပြေးလိုက်သွားခဲ့လေသည်။ သည်လိုနှင့် တောထဲကိုရောက်သွားသည်။ ဗျူဟသည် သူ့မတူအောင် အပြေးမြန်သူမို့ ချက်ချင်းပင် ရှေ့မှပြေးနေသော သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရလေသည်။

''တွေ့ပြီ၊ သင်း ... ဘယ်လောက်ပဲပြေးပြေး၊ ဗျူဟလက်ကလွတ်နိုင်ရိုးလား''



www.burmeseclassic.com

www.burmeseclassic.com



ဗျူရှသည် နောက်ထပ်နှစ်ဆတိုးပြီး ထိုသတ္တဝါနှစ်ဆီကို ရောက်အောင်ပြေးသွားခဲ့သည်။ ရှေ့မှပြေးနေသော မည်းမည်း သတ္တဝါန်သည် မိန်းကလေးတစ်ယောက်ကို ပွေ့ချီထားသည်။ သူမသည် ဥတ္တရာပင်တည်း။

"လွှတ် ... လွှတ်၊ ငါ့ကိုလွှတ်စမ်း ..."

ဥတ္တရာသည် ကြောက်စိတ်နှင့်ရုန်းကန်နေသည်။ သို့သော် ထိုမည်းမည်းကောင်ကြီးက ဥတ္တရာကိုမလွှတ်။ ပြေးမြဲပြေးလျှက် ဗျူရှက ... အမီလိုက်လာခဲ့သည်မှာ အနားကိုပင်ရောက်လာခဲ့လေပြီ။

"ဟေ့ကောင် ... မိန်းကလေးကို အနချက်ချင်းလွှတ်လိုက်စမ်း ..."

ဗျူရှ၏အသံကြောင့် မည်းမည်းကောင်ကြီးသည် ဆတ်ခနဲ ဆိုတွန့်သွားခဲ့လေသည်။ သူ့နောက်မှ တစ်ယောက်ယောက်လိုက်ပါလာသည်ကို ခုမှပဲ သိသွားပုံရသည်။

"ဟီး ..."

ဝမ်းခေါင်းသံကြီးနှင့်အော်လိုက်ပြီး နောက်ကိုလှည့်ကြည့်မည်အပြုမှာ ... ဗျူရှသည် အရှိန်ဖြင့်ခုန်ဝင်သွားသည်။ ခြေအစုံက ထိုမည်းမည်းကောင်ကြီး၏ ကျောကို ကန်ထည့်လိုက်သည်။

"ဘုတ်"

"အင့်"

အင့်ခနဲဆို အသံကြီးက ထွက်ပေါ်လာသည်။ သို့သော်





လဲကျမသွားဘဲ တောင့်ခံနေသည်။ မျက်နှာရော၊ ကိုယ်လုံးပါ အဝတ်နက်ကြီးကို ခြုံထားသည်ဖြစ်၍ လူလော၊ သတ္တဝါလော၊ ခွဲခြား၍မရ။ အရှိန်ပြင်းပြင်းနှင့်အကန်ခံလိုက်ရသည့်တိုင် လဲကျမသွားသည်က သူ၏ကြံ့ခိုင်မှုပင်။ ဗျူရှသည် တစ်ဆက်တည်း မှာပင်လျှင် ထိုမည်းမည်းကောင်ကြီး၏ဖက်ကို လက်ဝါးစောင်းဖြင့် ပြင်းပြင်းခုတ်ချလိုက်သည်။

"ဒုတ်"

"အား"

တစ်ချက်တော့ အော်ထွက်သွားခဲ့သည်။ ဥတ္တရာကို ချီထားသောလက်လည်း ပြေလျော့သွားသည်။ ထိုအခါ ဥတ္တရာသည် အောက်ကိုပြုတ်ကျသွားသည်။

"ဥတ္တရာ ... လာ၊ လာ ... မြန်မြန်"

"ဟင် ... ဗျူရှ"

သူမသည် ဗျူရှဆီကိုဝမ်းသာအားရပြေးသွားခဲ့သည်။ ဗျူရှကိုလည်း အမှတ်တမဲ့ပင် ဖက်ထားမိလိုက်လေသည်။

"နှင် ... ဘာဖြစ်သွားသေးသလဲ ဥတ္တရာ ..."

"ငါ ... ငါ ဘာမှမဖြစ်ဘူး။ ဗျူရှ ... ဒါပေမဲ့ ငါ ငါ ကြောက်တယ်"

"မကြောက်နဲ့ ဥတ္တရာ ... ငါတစ်ယောက်လုံးရှိနေပြီပဲ"

"နှင် ... နှင် ငါ့ကိုလာကယ်တယ်နော်၊ ဝမ်းသာလိုက်တာဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖယ် ... ဖယ် ... ဥက္ကရာ"

ဗျူသည် ဥက္ကရာကို ဘေးကိုတွန်းဖယ်ပစ်လိုက်သည်။ အကြောင်းမှာ မည်းမည်းကောင်ကြီးသည် သူ့ဆီကို ခုန်ဝင်လာသောကြောင့်ပင်တည်း။ လေထဲတွင် မြောက်ခနဲဖြစ်ကာ ဗျူကို ခုန်အုပ်လိုက်သည်။

"ဟီး ... ဟီး ... "

နှုတ်မှလည်း တဟီးဟီးနှင့်ညည်းသံကြီးလိုလို၊ မာန်ဖီသံကြီးလိုလိုနှင့်။ တကယ်တော့ ... သူ့လက်ထဲက ဥက္ကရာကိုပြန်ပြီး အလုခံလိုက်ရသောကြောင့် ဒေါသထွက်သွားခြင်းပင်။ စားမာန်ခုတ်သည်ဟုဆိုရပေမည်။ ဗျူက သူ့ကိုယ်ပေါ်ကို မည်းမည်းကောင်ကြီးကျမလာမီ ... ခုန်ရှောင်ထွက်သွားသည်။

ဗျူ၏ကိုယ်ပေါ်ကို မခုန်အုပ်မိ။ မြေပြင်ပေါ်ကို ဖုတ်ခနဲဆိုကျသွားသည်။ ဗျူက မျက်နှာတည့်တည့်ဆီကို လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

"ခွပ်"

"အူး ... "

လူသံမပေါက်၊ သားရိုင်းကောင်တစ်ကောင်ပမာ အော်ထွက်သွားသည်။ မျက်နှာပေါ်မှ အဝတ်နက်ကိုအုပ်ပြီး ခါးအထိ ပါခြုံထားသောသူမို့ ...

"ဟာ ... သင်းဟာ လူပဲ"

သူသည် သားရိုင်းကောင်လည်းမဟုတ်၊ သားကောင်





အရည်ခွံကိုခြုံထားသူလည်းမဟုတ်၊ အဝတ်နက်ကြီးကို ခေါင်းမှာအုပ်ကာထားသူ။ ကြိုးတစ်ချောင်းကိုလည်ပင်းမှာပတ်ကာ ချည်နှောင်ထားသောကြောင့် ခေါင်းမှအုပ်ထားခြင်းက ကွာကျမသွားခဲ့ခြင်းပင်။ သို့သော် ... ထိုသူသည် သူ၏လက်ထဲမှအစာကို အလုခံလိုက်ရသည့်အလား၊ အခဲမကျေဖြစ်နေသည်။ စားမာန်ခုတ်ကာ ဝမ်းခေါင်းသံကြီးပေး၍ အော်ညည်းနေသည်။ လူသားမဆန်ဘဲ မည်သည့်အကြောင်းကြောင့် တိရစ္ဆာန်တစ်ကောင်ပမာ အော်ညည်းနေပါလိမ့်ဟု ဗျူနားမလည်မိ။

ထိုသူ၏မျက်နှာကို ဖုံးအုပ်ထားသည့်အဝတ်စကို ဆွဲဖြုတ်လိုက်ချင်သည်။ သို့သော် ... သူက ဗျူ၏အနားကို မကပ်၍ ခက်နေသည်။

"ငါပဲ ... အလစ်မှာ ခုန်အုပ်မှရတော့မယ်"

ဟု စဉ်းစားမိလိုက်သည်။ ထိုစဉ် တောထဲကို လူတစ်စုက ညာသံပေးကာ ဝင်လာခဲ့ကြသည်။ လက်မှာလည်း မီးတုတ်များကို ကိုင်ဆောင်ထားကြသည်။

"ဟေး ... ဟေး ... ဟေး"

"ဟော ... တို့ရွာသားတွေ လိုက်လာကြပြီ ဥက္ကရာ"

"ဟုတ်တယ် ... ရွာကလူတွေပဲ"

ဥက္ကရာက ဝမ်းသာအားရနှင့်ပြောလိုက်သည်။ ထိုအခါ မည်းမည်းကောင်ကြီးသည် တောထဲကိုအလုံးအရင်းနှင့်ဝင်လာခဲ့သော ရွာသားများကို မမျှော်လင့်ဘဲတွေ့လိုက်ရ၍ ချာခနဲဆို



www.burmeseclassic.com

www.burmeseclassic.com

လည်းကာ ထွက်ပြေးလေတော့သည်။

"ဟင် ... ပြေးပြီ ဥတ္တရာ၊ ငါသူ့နောက်ကိုလိုက်သွားမယ် ... နင် ရွာကလူတွေဆီကိုသွား ... သွား မြန်မြန်လေး၊ ဟိုလူလွတ်သွားဦးမယ်"

"အေး ... ငါ့အတွက် နင်မပူနဲ့၊ စိတ်ချနေ၊ နင် ... သည့်လူ့နောက်ကိုလိုက်သွားရင် သတိထားနော်"

"အေးပါကွာ ... နင်လည်းမြန်မြန်သွားတော့"

ဗျူဟသည် ဥတ္တရာ၏ ကျောပြင်ကို တွန်းလွှတ်လိုက်သည်။ ဥတ္တရာလည်း မီးရောင်နှင့်ထင်ရှားစွာမြင်နေရသည့် ရွာသားများဆီကို ပြေးသွားခဲ့လေသည်။

ဥတ္တရာပြေးလာနေသည်ကို ရွာသူရွာသားများက မြင်တွေ့သွားခဲ့လေသည်။

"ဟာ ... ဟိုမှာ ပြေးလာနေတာ ဘယ်သူလဲ"

"ဘယ်သူရှိရမှာလဲ၊ ဥတ္တရာပဲဖြစ်မှာပေါ့၊ သည်ကလေးမ ဟိုသတ္တဝါကောင်ကြီးရဲ့လက်ထဲက လွတ်လာပြီပော့၊ ပြေးဖေါ်ကြပါဟ"

သူကြီးဦးတောကျော်က မျက်လုံးကောင်းသည်။ ဥတ္တရာ ပြေးလာနေသည်ကိုတွေ့၍ အားရဝမ်းသာအော်ဟစ်ပြီးတော့ ပြေး လိုက်လေသည်။ ထိုသူတွေထဲတွင် ... ဥတ္တရာ၏ဖခင်ဖြစ်သူ ဦးဘိုကေသည်လည်း ပါလာခဲ့လေသည်။

"ဟုတ်တယ် ... သ ... သမီးပဲ၊ သူဘယ်လိုလွတ်လာ





သလဲမသိဘူး"

ဟုဆိုကာ ဥတ္တရာဆီကို ဝမ်းသာအားရနှင့်ပြေးသွားခဲ့လေသည်။

"သမီး"

"ဟင် ... အဖေ ... အဖေ"

သားအဖနှစ်ယောက်ဆုံမိကြသည်။ ထို့နောက် ဥတ္တရာက ရှိုက်ကြီးတငင်နှင့်ငိုလေသည်။ ယခုမှပင် စိတ်လျှော့ချလိုက်ဟန်တူသည်။

"သမီး ... သမီး ဘာဖြစ်လို့ငိုတာလဲ၊ ဒဏ်ရာအနာတရ ရသွားသေးသလားဟင်၊ ပြောစမ်း ... အဖေ့ကိုပြောစမ်း"

ဥတ္တရာ၏အနားကို ရွာသားများအားလုံးရောက်လာခဲ့ကြသည်။ တစ်ယောက်တစ်ပေါက်စီဝိုင်းပြီးတော့ မေးကြသည်။

"ဥတ္တရာ ... နင် နင့်ကို ဟို ... မည်းမည်းကောင်ကြီး ကစော်ကားသွားခဲ့သေးသလား ... သင်း အခုဘယ်ရောက်သွားသလဲ"

"အို ... သမီး ... သမီး ဘာမှမဖြစ်ဘူး၊ သမီးကို ဗျူဟက လာကယ်တာ၊ ဟိုမည်းမည်းကောင်ကြီးလည်း ဗျူဟတိုက်ခိုက်လို့ထွက်ပြေးသွားပြီ၊ အခုလည်း ... ဗျူဟက သူ့နောက်ကိုလိုက်သွားတယ်"

"ဟင် ... ဗျူဟက ကယ်လိုက်တာ၊ ပြောတော့ပြောကြသားပဲ ... ဗျူဟက နင့်နောက်ကိုလိုက်သွားတယ်တဲ့၊ သည်လိုခို



www.burmeseclassic.com

www.burmeseclassic.com



သည်မည်းမည်းကောင်ကြီးနဲ့ ဗျူဟ ရင်ဆိုင်တွေ့ကြတော့မှာပဲ"

ညအမှောင်ကြီးထဲမှာ စွန့်စွန့်စားစားနှင့် လိုက်သွားခဲ့သည့် ဗျူဟအတွက် တွေးပြီးတော့ ပူမိလိုက်ကြပြန်လေသည်။

❀

ဗျူဟသည် ဤတောင်၏အထာကို ကောင်းကောင်းညက်ပြီးသားဖြစ်သည်။ မည်းမည်းကောင်ကြီးထွက်ပြေးရာလမ်းတစ်လျှောက် အပြေးလိုက်သွားခဲ့သည်။ သစ်ပင်ကြိုသစ်ပင်ကြား၊ ချုံကြိုချုံကြား၊ တောင်ဘို့၊ ကမူကထစ်များကို ကွေ့ရှောင်ကျော်လွှားကာ မနားတမ်းပင်လိုက်သွားခဲ့သည်။

"မင်း ဘယ်အထိပြေးနိုင်မလဲ၊ တွေ့ကြသေးတာပေါ့ကွာ"

ဗျူဟက ပြေးရင်းလွှားရင်း ကြိမ်းဝါးလိုက်သည်။ ဒေါသမထွက်မိစေရန် စိတ်ကိုထိန်းထားရသည့်ကြားထဲက ထပ်ပြီးထိန်းမရတော့။ ဗျူဟဆေးထိုးထားသည့်အတွက် ယင်းဆေးထလာခဲ့သည်။ ထိုအခါ အားမာန်တွေကပိုပြီးတော့ ပြည့်လာသည်။ စိတ်ကိုလည်းချိုးနှိမ်ထားသည့်အထဲက ခက်ထန်လာသည်။ ခြေလှမ်းတွေက လွှားခနဲ၊ လွှားခနဲခုန်ကျော်ပြီးတော့ အဝေးကို




www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်သွားသည်။

ကျားတစ်ခုန်စာအားဖြင့် ခုန်ကျော်ကာသွားလိုက်သည်မှာ မည်းမည်းကောင်ကြီးကိုပင် မီလာခဲ့လေတော့သည်။ သူ့နောက်ကို တစ်ဟုန်ထိုးလိုက်လာခဲ့သည့် ဖျူဖျူကိုမြင်လိုက်ရသောအခါ-

"ဟင် ..."

သစ်ပင်ပေါ်ကိုတက်ပြေးရန် ကြိုးစားသည်။ ၎င်းသည် သစ်ပင်လက်မှတစ်ပင်ပြီးတစ်ပင်ဆိုသလို မျောက်လွှဲကျော်ပမာခုန်ကူးပြီးတော့ သွားနိုင်သည်။ ဤသည်ကို ဖျူဖျူက ကြားပြီးသားဖြစ်လေရာ ...

"မင်း သည်လိုလုပ်လို့ ဘယ်ရမလဲကွာ"

ဟု ကြိမ်းဝါးလိုက်ပြီး အဝေးကနေတစ်ချက်တည်းပင် ခုန်အုပ်လိုက်လေသည်။ မည်းမည်းကောင်ကြီးသည် သစ်ပင်ပေါ်ကိုတက်ခါနီးမှာ ဖျူဖျူက သူ့အပေါ်ကိုကျသွားခဲ့၍ နှစ်ဦးစလုံး ဒလိမ့်ခေါက်ကွေးဖြစ်သွားခဲ့ရသည်။ ဖျူဖျူ၏လက်မှလွတ်အောင် ကြိုးစားသည်။ ရုန်းသည်။ သို့သော် ကျားစိတ်ဝင်ကာ ရင့်ပြေနေပြီဖြစ်သော ဖျူဖျူ၏ သန်မာသောလက်များမှလွတ်မြောက်အောင် မရုန်းနိုင်။



အခန်း (၅)

## မိုးကြယ်၏ဖြစ်ရပ်ဆန်း

ဖျူဖျူသည် မည်းမည်းကောင်ကြီးကို ကျောဘက်မှနေ၍ လက်နှစ်ဖက်ဖြင့် ချုပ်ကိုင်ကာ ကိုယ်ကိုတအားညှစ်ထားသည်။ ခေါင်းပေါ်မှစပြီးအုပ်ထားသည့် အဝတ်နက်ကြီးကို ဆွဲဖြုတ်ပစ်လိုက်သည်။

"ဟီး ..."

ထိုအခါ မည်းမည်းကောင်ကြီးဆီက ဒေါသတကြီးနှင့် မာန်ဖီသံလိုလိုမျိုး ကြားလိုက်ရသည်။ လူ့သံမထွက်ဘဲ သားရိုင်းတိရစ္ဆာန်ကောင်၏အသံမျိုးထွက်လာသည်။ ခန္ဓာကိုယ်ကိုလည်း အားကုန်ရုန်းညှစ်လိုက်သည်။ သန်စွမ်းလှလွန်း၍ ဖျူဖျူ၏ညှစ်ထားသောလက်များက ပြေလျော့သွားခဲ့ရလေသည်။ ထိုသူသည် သည်တစ်ခါတော့ ထွက်မပြေးတော့ဘဲ ရုတ်တရက်ဆိုသလို ကိုယ်ကိုလှည့်ကာ ဖျူဖျူကို တိုက်ခိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... "

သူ၏ရှည်လျားသောဆံပင်များက မျက်နှာကိုရော၊ ကျောပြင်ထက်မှာပါ ဖြန့်ခဲပြီးတော့ကျနေကြသည်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကလည်း ထူထပ်စွာပင်ပေါက်နေကြသည်။ ထို့ကြောင့် မျက်နှာတစ်ပြင်လုံးက မည်းမည်းကြီးဖြစ်နေသည်။ မလှီးမဖြတ်ဘဲထားထားသော လက်သည်းရှည်ကြီးများကလည်း ချွန်မြည့်နေကြသည်။

"ဟီး ... ဟီး ... "

ကိုယ်အပေါ်ပိုင်းက အဝတ်မပါ။ ဆေးမင်ကြောင်များကို ထိုးထားသည်ဟုထင်သည်။ အမှောင်တစ်ဝက်မို့ သဲကွဲစွာမမြင်နိုင်။ သူသည် လူစိတ်ပျောက်ကာ အရိုင်းစိတ်ဝင်နေသောသူပမာပင်။ သွားကြီးတွေကိုဖြီးကာ တဟီးဟီးနှင့်မာန်ဖီနေသည်။ ရှည်လျားသောလက်သည်းချွန်ကြီးများကို ဝင့်ကာ၊ ဝင့်ကာဖြင့် ဗျူဟကိုဖြခြောက်သလိုဖြစ်နေပြီးမှ အလစ်တွင်ပြေးဝင်လာသည်။ လက်သည်းချွန်ကြီးများဖြင့် ဘယ်ညာထိုးထည့်လိုက်လေတော့သည်။

"ဖတ် ... ဖတ် ... "

ဗျူဟသည် သူ့ဆီကိုဝင်လာသည့်လက်များကိုပြန်ပြီးတော့ ပုတ်ထုတ်ပစ်လိုက်လေ၏။ တစ်ဆက်တည်းမှာပင် အရှိန်နှင့် မေးရိုးဆီကို လက်သီးတစ်လုံးပြီးတစ်လုံးပစ်ဝင်သွားခဲ့လေသည်။

"ခွပ် ... အွတ် ... "

✤ ရွှေစထားစာပေ ✤



အထိနာသွားသည်။ လဲကျသွားတော့မတတ်ဖြစ်သွားသည်။ နောက်တစ်ချက်ဝင်လာသည်။ နားထင်ကိုခြေများဖြင့် ပတ်ကန်ထည့်လိုက်သည်။

"ဖြောင်း"

"အူး ... "

မခံနိုင်၊ ပစ်လဲပြီးတော့ကျသွားသည်။ သို့သော် အကြောကမာသည်။ နေရာမှကုန်းထကာထွက်ပြေးသည်။ ဗျူဟကလည်း အလစ်မပေးတော့ ချက်ချင်းပင်ပြေးလိုက်သွားသည်။ မည်းမည်းကောင်ကြီးသည် ဗျူဟ၏မျက်စိအောက်မှလွတ်အောင်မပြေးနိုင်။ အနီးကပ်ပင်လိုက်နေလျက်ရှိသည့်ဗျူဟ အလင်းရောင်အားနည်းနေသည့်အချိန်တွင် ထိုသူ့ကိုမျက်ခြည်မပြတ်ရန် ကြိုးစားနေရသည်။ လုစ်ခနဲဆို ပျောက်သွားမည်ကိုစိုးရသည်။

ရှေ့မှ အလင်းရောင်လက်လက်ကိုတွေ့လိုက်ရသည်။ မီးရောင်ဖြစ်သည်။ သေချာကြည့်လိုက်တော့ ဂူကြီးတစ်လုံးထဲမှ အပြင်ကိုလျှံပြီးတော့ ထွက်နေသည့်မီးရောင်၊ မည်းမည်းကောင်ကြီးသည် ထိုဂူဆီကိုတန်းခနဲဆို ဝင်ပြေးသွားခဲ့သည်။ ဗျူဟကလည်း လေထက်လျင်မြန်သည့်အလား စွတ်ခနဲဆို ဂူထဲကိုရောက်သွားခဲ့သည်။

"ဟင် ... ဘယ်ရောက်သွားသလဲ"

မည်းမည်းကောင်ကြီးကို မတွေ့ရတော့။ ထူးခြားသည်က ကျယ်ဝန်းသော ဂူ၏အလယ်မှာ မီးပုံကြီးတစ်ပုံကို ဖိုထားသည်။

✤ ရွှေစထားစာပေ ✤

www.burmeseclassic.com

www.burmeseclassic.com

အလင်းရောင်က ဂူထဲမှာသာမက အပြင်ကိုပင်ပြည့်လျှံပြီးတော့ ထွက်နေသည်။

ဗျူဟသည် ဂူကြီး၏အခြေအနေကို လေ့လာလိုက်သည်။ ကျယ်ဝန်းသည့်အပြင် အနောက်ဘက်ကိုလည်း ရှည်လျားသည် ဘာမှမရှိ။ ရှင်းလင်းနေသည်။ သို့သော် သားကောင်ရနံ့ကိုရနေသည့် မုဆိုးပမာ ‥ အထဲမှာ ရန်သူရှိနိုင်သည်။ သားကောင်ရှိနိုင်သည်ဟူသော ခံစားချက်မျိုးကိုရနေသည်။ ထို့ကြောင့် ကိုယ်ပေါ်မှလွတ်ကျွာထွက်မသွားသေးဘဲ သားမှတ်မှတ်၊ မယားမှတ်မှတ်ကပ်ပြီးတော့ပါလာသော လေးမြားအားကိုးဖြင့် တောက်လျှောက်ပင်ဝင်လာခဲ့သည်။ ဘယ်ဘက်ကိုကွေ့ကာချိုးသွားသော ဂူလိုဏ်လမ်းကြောင်းတစ်ခုကို အမှတ်မထင် တွေ့လိုက်ရသည်။

ထူးခြားသည်က ဂူနံရံတွင် မီးတုတ်သုံးလေးခုကို ဆယ်ပေစီလောက်ခြားပြီးတော့ စိုက်ထူထားသည်ကို တွေ့လိုက်ရသည်။

"ဂူထဲမှာလူနေနေတဲ့လက္ခဏာပဲ၊ သည်လူတစ်ယောက်တည်းမှဟုတ်ရဲ့လား"

သတိနှင့်ဝင်လာခဲ့သည်။ စောစောကလူကို အရိပ်အခြည်မျှသော်မှ မတွေ့ရ။ ဂူထဲသို့သူဝင်သွားရာ ဤလမ်းတစ်လမ်းသာရှိ၍ တစ်ခြားရွေးစရာလမ်းမရှိ။

"သည်လူဟာ အရိုင်းစိတ်ဝင်နေတာ သေချာတယ်၊ ဘယ်လိုအကြောင်းကြောင့်လဲ"





ဗျူဟ၏ အတွေးမဆုံးမီမှာပင် …

"အမလေး"

"အား … ကယ် … ကယ်ကြပါ"

စီခနဲဆိုထွက်ပေါ်လာသည့်အသံများ အသံအနေအထားအရ မိန်းကလေးတစ်စု၏ အော်သံများပင်ဖြစ်သည်။ တစ်ခုခုတော့ဖြစ်ပြီဟု သဘောပေါက်သွားသည်။ ထို့ကြောင့် ပိုပြီးသွက်လက်သောခြေလှမ်းများဖြင့် ပြေးသွားခဲ့လေ၏။ တစ်နေရာကိုအရောက်တွင် ဂူလိုဏ်ပေါက်တစ်ခုကို အမှတ်မထင်တွေ့လိုက်ရသည်။

"အမလေး"

အော်ဟစ်ကြသံများက ထိုအထဲမှ ထွက်ပေါ်လာခဲ့ကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ‥ ဘာကိုမှမစဉ်းစားတော့ဘဲ ပြေးဝင်သွားခဲ့လေ၏။ ထိုအခါ ဗျူဟတွေ့လိုက်ရသည်ကား ထိုသူသည် လှောင်အိမ်ကြီးတစ်ခုထဲသို့ဝင်ကာ အထဲမှမိန်းကလေးများကို တစ်ယောက်ပြီးတစ်ယောက်ဆွဲထုတ်နေခြင်းပင်တည်း။ ကြမ်းတမ်းစွာ ဆွဲလွဲနေသောကြောင့် မိန်းကလေးများမှာ ကြောက်လန့်ပြီးတော့ အော်ဟစ်နေကြသည်။ ငိုယိုနေကြသည်။

"သည်သတ္တဝါ … ဘာကြောင့်များဒါလောက်တောင်ကြမ်းတမ်းနေပါလိမ့်"

ဗျူဟသည် ချက်ချင်းပင် လှောင်အိမ်ထဲသို့ပြေးဝင်သွားသည်။ ထိုသူကိုလက်မောင်းမှဆောင့်ဆွဲပြီးတော့ ခေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့မို့ ဗျူဟ၏ခေါ်ဆောင်ရာဆီကို ဒရွတ်တိုက်ပင်ပါလာခဲ့လေသည်။

"မင်းက ဘာဖြစ်လို့ဒါလောက်တောင် သောင်းကျန်းနေရတာလဲ၊ မိန်းကလေးတွေကို ဒါလောက်အများကြီးဖမ်းထားတာ ဘာရည်ရွယ်ချက်လဲကွ ... ဟေ ... "

"ခွပ်"

"အား ... "

လက်သီးတစ်လုံးက အားပါပါဖြင့် မေးရိုးအောက်မှပင့်ထိုးထည့်လိုက်သည်။ ထိုသူ၏ခေါင်းသည် လန်တက်သွားပြီးပက်လက်လဲကျသွားခဲ့သည်။ ဗျူဟက နောက်တစ်ချက်ထပ်ပြီးထိုးမည်ပြုရာ ထိုသူမှာ သတိမေ့နေလေတော့သည်။

"တောက် ... သည်ကောင်ကွာ"

ဗျူဟသည် အနီးတွင် လျှော်ကြိုးတစ်ချောင်းကို အသင့်တွေ့သည်နှင့် ထိုသူ၏ခြေရော၊ လက်ပါတုတ်နှောင်ထားလိုက်လေတော့သည်။ မိန်းကလေးများမှာ ကြောက်ရွံ့မှုမပြေကြသေး။ အချင်းချင်းဖက်ကာ ဗျူဟသည် ရင်းထဲခြင်းမှာတဖြည်းဖြည်းလျော့ပါးပျောက်ကွယ်သွားခဲ့သည်။ တင်းမာခက်ထန်နေသော မျက်နှာသည်လည်း လျော့ကျသွားသည်။ မူလမျက်နှာအတိုင်း ပြန်ပြီးတော့ ဖြစ်လာ၏။

"နင်တို့ ငါ့ကိုမကြောက်ကြနဲ့ ... ငါသည်သတ္တဝါရဲ့လက်ထဲက လာကယ်တာ"





"ကျ ... ကျွန်မတို့ကို သူဖမ်းထားတာကြာပြီ၊ သည်အတိုင်းပဲ လှောင်အိမ်ထဲထည့်ထားတယ်၊ ပြန်လည်းလွှတ်မပေးဘူး။ အစားအစာတော့ကျွေးပါတယ်၊ ကျွန်မတို့အိမ်ကိုပြန်ချင်လှပြီ၊ မိဘတွေလည်းစိတ်ပူလှကြတော့မယ် ... ဟင့် ဟင့်"

"မင်းတို့အိမ်ကိုပြန်ကြရမှာပါ၊ ဒါနဲ့ ... သူက မင်းတို့ကိုဟို ... အဲ၊ စော်ကားမော်ကားလုပ်ခဲ့သေးသလား"

"ဟင့်အင်း၊ အဲသည်လိုတော့ မ ... မလုပ်ပါဘူး၊ ဒါဒါပေမဲ့ ... "

တစ်ယောက်က သတ္တိကောင်းပုံရသည်။ ဗျူဟ၏အမေးကိုသွက်လက်စွာဖြေသည်။ သူမ၏ ဒါပေမဲ့ကို ရှင်းပြမည့်ဆဲဆဲမှာပင်ရွာသားများက ဂူထဲကိုရောက်လာခဲ့ကြလေသည်။

"ဟင် ... သည်၊ သည်မှာ ... မိန်းကလေးတွေ အများကြီးပါလား"

ဂူထဲမှာ မမျှော်လင့်ဘဲတွေ့လိုက်ရသည့် မြင်ကွင်းတစ်ခု၊ အားလုံးအံ့အားတသင့်နှင့် ဖြစ်သွားခဲ့ကြရလေသည်။ သတိမေ့ပြီး မလှုပ်မယှက်ဖြစ်နေသော ပါးမှိုင်းမွေး၊ မုတ်ဆိတ်မွေးဗရပျစ်နှင့် လူတစ်ယောက်။ ဆံပင်တွေကလည်း အရှည်ကြီးနှင့်လူရုပ်မပေါ်။ ကျောက်ဆင့်ရွာသူကြီး ဦးတောကျော်က ထိုသူကိုလက်ညှိုးထိုးကာ ...

"သူက ဘယ်သူလဲ ... ဗျူဟ ... "

"မည်းမည်းကောင်ကြီးလို့ခေါ်နေကြတဲ့သူပဲ သူကြီး၊ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွကို သူပဲဖမ်းထားတာ''

''ဟေ ... ဘယ်လိုကြောင့် သည်ရုပ်ကြမ်းကြီးဖြစ်နေရတာလဲ၊ သူသေသွားပြီလား ... မင်း သူကိုလက်လွှန်ခြေလွှန်လုပ်လိုက်ပြီထင်တယ်''

''ဟာ ... သူကြီးကလည်း၊ ကျွန်တော်နဲ့တိုက်ခိုက်ရင်း သတိလစ်သွားတာပါဗျ''

''ဟေ ... သိပါဘူးကွာ၊ တော်သေးတာပေါ့၊ မည်းမည်းကောင်ကြီးဆိုတာ နာနာဘာဝတစ်ကောင်လို့မှတ်နေကြတာ၊ လက်စသတ်တော့ ... မင်းတို့ ငါတို့လိုလူပဲကိုး၊ ကဲ ... သည်ကောင့်ကို သတိရအောင်လုပ်ကြစမ်း ... ဘယ်ရွာကလဲဆိုတာ စစ်မေးရမယ်''

''သူကြီး သည်လူက တော်တော်သန်မာတယ်နော်၊ တော်ရုံလူအားနဲ့မရဘူး ... သတိထား''

''ကြိုးတုတ်ထားတာပဲကွာ၊ လွတ်အောင်မရုန်းနိုင်တော့ပါဘူး''

ထိုသူကို ဆွဲထူမကြသည်။ ထင်သည့်အတိုင်းပင် ရုန်းကန်လိုက်သည်တ ခပ်ကြမ်းကြမ်း၊ လူလေးငါးခြောက်ယောက်ပိုင်းပြီးတော့ ချုပ်ထားသော်မှ မနိုင်ချင်။ နောက်ထပ် လျှော်ကြိုးများဖြင့် ထပ်ပြီးတော့ တုတ်နှောင်ထားလိုက်တော့မှ မာန်ကကျသွားခဲ့သည်။ မိန်းကလေးများသည် ရွာသားများရောက်လာကြ၍ပို ပြီးတော့ အားတက်သွားခဲ့ရလေသည်။





''ကဲ ... သမီးတို့၊ ငါတို့ကကျောက်ဆင့်ရွာကပဲ၊ အားလုံး ရွာကိုလိုက်ခဲ့ကြဦး၊ ဟိုရောက်မှ ကိုယ့်ရပ်ရွာကိုပြန်ဖို့စီစဉ်ပေးမယ်''

''ကျေး ... ကျေးဇူးပါပဲ ဦးကြီးရယ်၊ သမီးတို့က သည်လူ့ရဲ့လက်ထဲက တစ်သက်လုံးမလွတ်နိုင်တော့ဘူးလို့ စိတ်ခုံးချထားကြတာ ... ''

မိန်းကလေးများကို ကျောက်ဂူကြီးထဲမှ ကယ်ထုတ်သွားခဲ့ကြသည်။ ထိုသူကိုလည်း လေးငါးယောက်ညှပ်ကာ သတိထားပြီးတော့ ခေါ်သွားခဲ့ရသည်။ လမ်းမှာတစ်ကြိမ် နှစ်ကြိမ်ရုန်းကန်သေးသည်။ သို့သော် _ တစ်ခဏသာ၊ အားအင်တွေလျော့သွားကြသလို မာန်လည်းကျသွားခဲ့ရလေပြီ။

ကျောက်ဆင့်ရွာကိုပြန်ရောက်သော် ထိုမိန်းကလေးများအနက်မှ အချို့က အနီးဆုံးရွာများမှဖြစ်၍ ညတွင်းချင်းပင်ပြန်ပို့ပေးကြသည်။ မိဘမောင်ဘွားများမှာ မိမိတို့၏သမီးနှင့်ပြန်ပြီးတော့ တွေ့ကြရသဖြင့် ဝမ်းသာမှုကဖော်မပြတတ်အောင်ပင်။ ကျန်မိန်းကလေးများကို နောက်နေ့မှ လိုက်ပို့ပေးကြသည်။

ဥက္ကာရာ၏မိဘများသည် ဗျူဂိုကျေးဇူးတင်မဆုံးကြ။ ထိုအချိန်မှစပြီး ဗျူဂိုသည် မျက်နှာသာအပေးခံခဲ့ရသည်။ သူတို့ဖမ်းမိလာသောသူသည် ယခုတော့လည်း အပြစ်ကင်းစင်သောသူတစ်ယောက်ပမာရှိနေသည်။ မိမိကျူးလွန်ခဲ့သောအပြစ်များကိုပင် မမှတ်မိတော့သလို ရွာလူကြီးများက သူ့ကိုချော့မော့ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

စစ်မေးကြသည်။ ထိုအခါ ... နောက်ကြောင်းကိုပြန်ပြီးတော့ သတိရလာခဲ့လေသည်။

"ကျွန်တော့်နာမည် မိုးကြယ်ပါ ... နေတာကတော့ ဝက်ဖိုတောင်ရွာမှာပါ၊ မိဘတွေက လယ်အလုပ်ကိုလုပ်ကြပါတယ်၊ ရွာမှာ အမေ့ဘက်က ဘကြီးတော်သူတစ်ယောက်ရှိတယ်၊ နာမည်က ဦးတက်ခါးတဲ့ ... သူကပန်းပဲအလုပ်ကိုလုပ်တယ်၊ အိမ်ထောင်မရှိဘူး၊ ကျွန်တော့်ကို တော်တော်လေးချစ်တယ်၊ သူ့ပန်းပဲဖိုမှာ အကူအညီပေးရတယ်၊ သူကလည်း ပန်းပဲပညာကိုသင်ပေးတယ်၊ ကျွန်တော့်ဝါသနာက ဘယ်ပညာမဆိုဆည်းပူးပြီး တတ်အောင်သင်ထားချင်တယ်၊ ပညာလောဘကြီးတယ်ဆိုရမှာပေါ့ ...

ပြီးတော့ မလုပ်ဘူး၊ မကိုင်ဘူးတဲ့အလုပ်ဆိုရင်လုပ်ချင်တယ်၊ စမ်းချင်တယ်၊ သိထားချင်တယ်၊ အဲဒါကြောင့် ကျွန်တော် အခုလိုဘဝမျိုးကိုရောက်ခဲ့ရတာပါခင်ဗျာ ... "

မိုးကြယ်၏စကားမှာ ထူးဆန်းနေသည်။ သေချာစွာကြည့်လျှင် သူ့အသက်က ဘာမှမရှိသေး။ နှစ်ဆယ်ပတ်ဝန်းကျင်လောက်သာ။

"ကျွန်တော်ဟာ တစ်ဖက်ကလည်း မိဘရဲ့လယ်ယာလုပ်ငန်းကိုဝိုင်းကူတယ်၊ ပန်းပဲပညာလည်းကောင်းကောင်းတတ်မြောက်လာတယ်၊ ဘကြီးက ကျွန်တော်တတ်မြောက်လာတော့ အလကား မခိုင်းပါဘူး၊ အခကြေးငွေပေးပါတယ် ... "





မိုးကြယ်သည် ဖူးရှုနှင့်တွေ့ပြီးမှ အရိုင်းစိတ်လိုဝင်နေသည်များ ခက်ထန်းကြမ်းတမ်းမှုများက ပျောက်ကွယ်သွားခဲ့ကြသည်။ လူကောင်းပကတိပြန်ပြီးတော့ ဖြစ်နေလေသည်။ သူ၏အကြောင်းကိုအေးဆေးစွာပင် ပြန်ပြီးတော့ပြောပြသည်။ တည်ငြိမ်မှုရနေပြီဖြစ်၍ ယခုအခါတွင် သူ၏စိတ်ဝင်စားစရာကောင်းသော အဖြစ်အပျက်များကို ကောင်းစွာမှတ်မိလာပြီဖြစ်ရာ ...

"တစ်ရက်မှာ ကျွန်တော့်ဆီကိုလူစိမ်းတစ်ယောက်ရောက်လာတယ်၊ သည်ရွာကတော့မဟုတ်ဘူး၊ ဥပဓိရုပ်ကတော့ ခပ်ကောင်းကောင်းပဲ၊ အသက်က ငါးဆယ်ကျော်လောက်ရှိပြီ၊ နောက်မှသိရတာက သူ့နာမည်က ဦးအဂ္ဂတဲ့ ... အဂ္ဂဆိုတာကတော့ မီးပေါ့ဗျာ ... ဒါကြောင့်မို့ထင်တယ်၊ ပညတ်သွားရာ ခါတ်သက်ပါဆိုသလို သူ့ကိုကြည့်ရတာ အေးမြခြင်းမရှိဘူး၊ မီးလိုပူလောင်နေတယ် ... သည်လိုနဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ဂျူနက်ကြီး

ငှက်ဖိုတောင်ရွာကို ရောက်လာသော ဥပမိရုပ်ကောင်းကောင်းနှင့်လူကြီးတစ်ယောက်၊ သျှောင်တစ်စောင်းထုံးထားပြီး နှုတ်ခမ်းမွေးထူထူကားကားကြီးနှင့် ... ခန္ဓာကိုယ်က မဆူမကြုံ မနိမ့်မမြင့်၊ ရွာကိုရောက်ရောက်ခြင်း ပန်းပဲဆရာကြီးဦးတက်ခါး၏အိမ်ကိုတန်းပြီးတော့သွားသည်။

"ဦးတက်ခါးဆိုတာ ..."

"တျုပ်ပါ"

"ဓားတစ်ချောင်းအပ်ချင်လို့"

"ရပါတယ်"

သူလိုချင်သည်က ငှက်ကြီးတောင်ဓား၊ ဈေးအဖိုးအခကို မငြင်းဘဲ အလုပ်ကိုအပ်သည်။ ပန်းပဲဖိုထဲတွင် အလုပ်လုပ်နေကြသောသူသုံးဦးအနက် မိုးကြယ်ကိုစိတ်ဝင်စားသောအကြည့်ဖြင့်





ကြည့်သည်။ ဦးတက်ခါးက ရက်ချိန်းပေးသည်။ ဓားလာယူသောနေ့တွင် ဦးတက်ခါးကမရှိ။ မိုးကြယ်နှင့်အလုပ်သမားနှစ်ဦးသာ ရှိကြသည်။

"ဪ ... ဦးကြီး၊ ဓားလာယူတာလားခင်ဗျာ၊ ဓားက ပြီးနေပါပြီ၊ ဒါပေမဲ့ ... အဘက ဟိုဘက်ရွာကို ကိစ္စရှိလို့ ထွက်သွားပါတယ်ခင်ဗျာ၊ အိမ်ပေါ်ကိုကြွပါဦး ..."

မိုးကြယ်က ဖိတ်ခေါ်၍ လူကြီးက အိမ်ပေါ်ကိုတက်လာခဲ့သည်။ မိုးကြယ်သည် ထိုလူကြီးကို ကောင်းမွန်စွာပင် ဧည့်ခံသည်။ ရောက်တတ်ရာရာစကားပြောနေရင်းက လူကြီးသည် သူ့ကိုယ်သူ ဦးအဂ္ဂိဟု မိတ်ဆက်သည်။

"ငါ့နာမည် အဂ္ဂိတဲ့ ... ပြောရရင် ငါမင်းကို မြင်မြင်ချင်း တူသားတစ်ယောက်လိုချစ်တယ်၊ မင်းရဲ့တိုးတက်မှုကို ငါလိုလားတယ်၊ မင်းလူတောထဲ မတိုးဘူး၊ လူတွေကို ရှိန်နေတယ်၊ သတ္တိရှိလာအောင် ရဲရင့်လာအောင် မျက်နှာပွင့်လာအောင် ငါလုပ်ပေးမယ်"

"ဟာ ... ဦးကြီး၊ ကျွန်တော့်အတွက် ဒါတွေမလိုပါဘူးခင်ဗျာ၊ ကျွန်တော် လူတောထဲကိုမတိုးဘူးဆိုတာကလည်း ဒါလောက်ကြီးမဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်တိုင်က ခပ်အေးအေးနေတတ်လို့ပါ"

"မဟုတ်သေးဘူး၊ မင်းရဲ့အင်္ဂရုပ်ကို ငါကြည့်တာနဲ့သိတယ်၊ မင်းလူတစ်လုံး သူတစ်လုံးဖြစ်အောင် ငါက စေတနာနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးမှာကို မငြင်းပါနဲ့၊ လက်ခံပါ''

မိုးကြယ်မှာ ငြင်းရခက်နေလေသည်။ ဦးအဂ္ဂကအကြောင်း အမျိုးမျိုးပြပြီးတော့ပြောသည်။ ထိုအခါ ... မိုးကြယ်မှာ နား ထောင်လာခဲ့လေသည်။ မည်သည့်အလုပ်မဆို စမ်းကြည့်လို သောစိတ်အငုတ်ကလေးကလည်း ဘွားခနဲဆိုပေါ်လာခဲ့လေရာ နောက်ဆုံးမှာတော့ လက်ခံလိုက်ရလေသည်။



ဦးအဂ္ဂ၏ညွှန်ကြားချက်အရ ငါးပါးသီလခံယူရသည်။ နေ့ တိုင်း သက်သတ်လွတ်စားရသည်။ သီတင်းနှစ်ပတ်တိတိပြည့် သောအခါ ပိတ်ဖြူအင်္ကျီ၊ လုံချည်ကို လွယ်အိတ်ထဲထည့်၍ အိမ်မှထွက်လာခဲ့သည်။ အိမ်မှာကတည်းက ရေမိုးချိုးပြီး သန့်စင် ခဲ့လေသည်။ မိဘများက မရိပ်မိပါ။ တစ်ဖက်ကမ်းရှိ ရွာတစ်ရွာ ကိုသွားမည်ဟု ပြောခဲ့သည်။ သူငယ်ချင်း၏အိမ်တွင် သုံးလေး ရက်နေမည်ဟု မယုတ်မလွန်ပြောခဲ့သည်။

ဂူနက်ကြီးတောထဲတွင် ဦးအဂ္ဂက သူ့ကိုစောင့်နေလေ သည်။

''မင်း ရောက်လာသားပဲ ... ငါ မထင်ဘူး''

''ဦးကြီး ... ကျွန်တော်က ပေးပြီးတဲ့ကတိကို မဖျက်ပါ ဘူး''

''အေး _ ကောင်းတယ်၊ ကောင်းတယ်၊ ဒါမှ ယောကျ်ား ကွ ...''



www.burmeseclassic.com

www.burmeseclassic.com



ဦးအဂ္ဂသည် မိုးကြယ်ကို တောနက်ကြီးထဲသို့ခေါ်သွားသည်။ မြူတွေကဆိုင်းလျှက်ရှိသည်။ ထူးခြားသည်မှာ သူတို့သွားသည့်နောက်ကို မြူတန်းကြီးက နောက်မှနေ၍ တကောက်ကောက်နှင့်လိုက်နေသည်။ မိုးကြယ်ကြောက်သလိုလိုခံစားရသည်။ တစ်ခါတရံ မြူတန်းကြီးက ရှေ့ကိုရောက်ရောက်သွားသည်။ နောက်ကျောမလုံသလို ခံစားရသည်။ ဦးအဂ္ဂကတော့ ဘာကိုမှဂရုမစိုက်ဘဲ ခြေလှမ်းမှန်မှန်နှင့်သွားနေသည်။ ထို့ကြောင့် မိုးကြယ်လည်း ဥပေက္ခာပြုလာနိုင်ခဲ့သည်။ မြွေကြီးတစ်ကောင်လို လိမ်တွန့်လိုက် ရစ်ခွေလိုက်နှင့်သွားနေသော မြူတန်းကြီးက မည်သည့်အနှောင့်အယှက်မှမပေးသည့်ပြင် ပို၍ထူးခြားလာခဲ့သည်မှာ ပန်းပေါင်းစုံထုံသင်းသောအနံ့မျိုးကို ရလာခဲ့ခြင်းပင်။ မွှန်ထူထုံဒီးသွားခဲ့သည်အထိ ခံစားလိုက်ရသည်။ တစ်နေရာတည်းတွင် ရနံ့မျိုးစုံ ပြွတ်တည်းသောပန်းပင်များ စုပြုံပြီးပေါက်နေသလားဟုပင် ထင်မှတ်ရသည်။ သို့သော် မည်သည့်ပန်းပင်မှမတွေ့ရ။ ယုတ်စွအဆုံး တောပန်းပင်ကိုပင်မတွေ့ရ။ သို့ဆိုလျှင် ဤပန်းရနံ့များသည် မည်သည့်နေရာက လွင့်ပါးလာခဲ့ကြပါသလဲ။

ဂုနက်ကြီး တောထဲကိုတော့ မိုးကြယ်ရောက်ဖူးသည်၊ တောနက်ကြီးထဲကိုတော့ မသွားဘူးခဲ့။ ယခု ဦးအဂ္ဂက သူ့ကို ခေါ်လာခဲ့လေပြီ။ မည်သည့်နေရာကိုသွားလေမည်လည်းမသိ။ ပန်းပေါင်းစုံရနံ့ကတော့ မွှန်ထူလျှက်ရှိနေသည်။ မြူတန်းကြီး





သည် မြွေတစ်ကောင်ပမာ လိမ်တွန့်ပြီး သူတို့၏ဘေးမှဖြတ်ကျော်သွားသည်။ တစ်ခါတစ်ရံမှာ လှိုင်းထသလို လှုပ်ရှားပြီး သစ်ပင်ကြီးငယ်တို့ကို ကွေ့ရစ်ကာ ထွက်သွားခဲ့လေသည်။ ဦးအဂ္ဂသည် ယင်းမြူတန်းကြီးကို လုံးဝဂရုမစိုက်ပေ။

တစ်နေရာကိုအရောက်တွင် ...

ကြီးမားသောကျောက်ဂူကြီးတစ်ခုက သူတို့၏ရှေ့မှာ ဘွားခနဲဆိုပေါ်လာခဲ့လေသည်။ ဂူနက်ကြီး တစ်လုံးပင်တည်း။

"ဂူနက်တောကြီးထဲက ဂူနက်ကြီးပါလား။ သည်ဂူနက်ကြီးအကြောင်းကို ဘယ်သူ့ဆီကမှလည်း ပြောသံမကြားရပါလား"

မိုးကြယ် အံ့အားသင့်နေမိလေသည်။ ဦးအဂ္ဂသည် ဂူနက်ကြီးဆီကိုရောက်သော် သစ်ပင်ကြီးတစ်ပင်အောက်မှာနှစ်ယောက်အတူနားလိုက်ကြသည်။

"ကဲ ... ခဏနားပြီး အပန်းဖြေလိုက်ဦး၊ ဟောသည့်နေရာကို ဘယ်သူမှရောက်မလာနိုင်ကြဘူး၊ ဘယ်သူမှလည်းမသိကြဘူး ..."

"တောနက်ကြီးထဲမှာသာဆိုတယ်၊ ခဏကလေးနဲ့ရောက်လာကြတာပါပဲလား"

မိုးကြယ်ကတွေးပြီး အံ့အားသင့်နေမိသည်။ မိမိကို အနီးဆုံးဖြတ်လမ်းမှခေါ်လာခဲ့သည်ပါလား။ မဖြစ်နိုင်။ မိမိသွားလာနေကြလမ်းကပင် သွားနေကြရင်းက ဘာမှမကြာလိုက်ဘဲ ဂူနက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆီကိုရောက်လာခဲ့ကြခြင်းပင်။ ဦးအဂ္ဂိသည် တော်ရုံတန်ရုံ လူကြီးမဟုတ်ဟု ခန့်မှန်းမိသည်။ တွေးရင်းနှင့်ရှိန်လာမိသည်။ ကြောက်လည်းကြောက်လာမိသည်။ မိမိကို သူဘာလုပ်မလဲ ဆိုသည်ကိုမသိနိုင်။ မြင်မြင်ချင်း တူသားတစ်ယောက်လိုခင်မင် သည်ဟူသောစကားသည် ဖြစ်နိုင်ပါမည်လား။ သူ့အကျိုးအတွက် အသုံးချရန်ခေါ်လာခဲ့ခြင်းများလား ...

"မင်းလည်းဝမ်းဟာလာမှာပဲ ... စားကွာ"

ဦးအဂ္ဂိ၏လက်ထဲတွင် ဖီးကြမ်းငှက်ပျောတဖီးက မည် သည့်အချိန်ကတည်းက ရောက်နေသလဲမသိ။ စောစောက မတွေ့ရပါ။ အံ့အားသင့်မိသည်။ မဆာသလိုရှိနေရာက ငှက်ပျော သီးကိုမြင်မှ ဆာလာသလိုပင်။ ထို့ကြောင့် တစ်လုံးဖြုတ်ပြီးတော့ စားလိုက်သည်။ နောက်ထပ်တစ်လုံး တစ်လုံးနှင့် သုံးလေးလုံး လောက်ကိုဖြစ်သွားသည်။ ရေတစ်ခွက်ကိုပင် ဦးအဂ္ဂိက လှမ်း ပေးလိုက်သေးသည်။ ဂူဝတွင် သောက်ရေအိုးတစ်လုံးကို မြင် တွေ့လိုက်ရသည်။ သို့သော် ဦးအဂ္ဂိ ရေသွားခပ်လိုက်သည်ကို မမြင်မိလိုက်ပါ။

"ကဲ လာ၊ တို့ ... ဂူထဲကိုဝင်ကြစို့"

"ဗျာ ..."

"ဂူထဲကိုဝင်မယ်ပြောတာကွယ့်၊ အထဲမှာအလုပ်လုပ်ရ မှာ"

"အလုပ်လုပ်ရမှာ ..."





မိုးကြယ်က ထိုစကားကို သံယောင်လိုက်ပြီးတော့ ပြော လိုက်သည်။ ထိုစကား၏ အဓိပ္ပာယ်ကို နားမလည်လေလေ ပို ပြီးတော့ ကြောက်လေလေပင် ဖြစ်လာမိခဲ့ရသည်။

"ငါ့ဘာသာငါ တွေးပြီးတော့ ကြောက်နေတာ၊ တကယ် တော့ ဦးအဂ္ဂိနဲ့ငါဟာ ငြိုးသူရန်ဘက်တွေ မဟုတ်ကြပါဘူး၊ ဒါ ကြောင့်မို့ ငါ့ကိုဒုက္ခပေးမှာလည်း မဟုတ်တန်ကောင်းပါဘူး"

ဟု ကြံဖန်ပြီးတွေးကာ ဖြေရသည်။ မိုးကြယ်၏ပင်ကိုယ် ဗီဇကိုက သွေးမကြောင်တတ်။ ဖြစ်လာသမျှ ရင်ဆိုင်ရဲသည့် စိတ်ဓာတ်မျိုးရှိသည်။ သို့သော် ... အန္တရာယ်ဖြစ်နိုင်သည့်ကိစ္စ မျိုးဆိုရင်တော့ မိမိ၏အသက်ကိုကာကွယ်ရန် ဆုံးဖြတ်ထား သည်။ ထိုအခြေအနေမျိုးရောက်လာခဲ့လျှင် မည်သူ့ကိုမှ မညှာ နိုင်။

ဂူနက်ကြီးဆိုသည့်အတိုင်း အနက်ရောင်ကျောက်သားများ ဖြင့်ပြီးသည်။ အထဲမှာလည်း နက်မှောင်နေသည်။ သို့သော် သူတို့အထဲကို ဝင်လိုက်ကြသည်နှင့် ဂူသည် မီးရောင်လက်လက် နှင့်ဖြစ်လာခဲ့လေသည်။ မိုးကြယ်အံ့အားသင့်သွားခဲ့ရသည်။ မည် သည့်နေရာကထွက်လာသည့်အလင်းရောင်လဲ။ မကြာမီ မီးရောင် သည် လင်းသထက်လင်းလာခဲ့သည်။ ရှည်လျားသောအရိပ်ကြီး များကလည်း ရောက်လာခဲ့ကြသည်။ မီးတုတ်များကို ကိုင်ဆောင် ထားကြသည့် လူသုံးယောက်၊ ဂူ၏တစ်ဆစ်ချိုးကွေ့မှ ဘွားခနဲ ဆိုပေါ်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး ခေါင်းထုံးထားကြသည်။ ကော်လာမပါသော အဝတ်ကြယ်သီးတပ်အင်္ကျီနှင့် ဘောင်းဘီပွပွများကို ဝတ်ဆင်ထားကြသည်။ သူတို့သည် စကားတစ်ခွန်းမှမပြောကြ။ မိုးကြယ်တို့အနားကိုရောက်ကြသည်နှင့် ဂူထဲကိုပြန်ဝင်သွားခဲ့ကြသည်။ ဦးအဂ္ဂိလည်း ဘာမှမပြော။ ထိုသူတို့နောက်မှလိုက်သွားသည်။ အကြိုထောက်လာကြသောသူများ ဖြစ်ကြလိမ့်မည်။

"ဦးအဂ္ဂိတစ်ယောက်တည်း မဟုတ်ပါလား၊ သည်လူတွေက ဘယ်လိုပေါ်လာခဲ့ကြတာလဲ"

မိုးကြယ်အတွက် တွေးစရာဖြစ်လာခဲ့သည်။ မီးရောင်အောက်မှာ ရှည်လျားသောဂူလိုဏ်လမ်းကြောင်းကြီးကိုတွေ့လိုက်ရသည်။ မိုးကြယ်သည် အလိုလိုနေရင်း နောက်ကြောင်းကိုလှည့်ပြေးချင်စိတ် ဖြစ်ပေါ်လာမိသည်။ ရှေ့မှာဘာဖြစ်လာမှန်းမသိ။ မိမိအတွက် အန္တရာယ်ကြီးကြီးမားမား ကြုံတွေ့နိုင်သည်လား။ ခုနေပြေးလျှင် လွတ်နိုင်သည်။ ဦးအဂ္ဂိသည် နောက်မှာခြေတစ်လှမ်းချန်ပြီးနေရစ်ခဲ့သော မိုးကြယ်ကို လှည့်ကြည့်လိုက်သည်။

"မင်း စိတ်ကူးမလွဲနဲ့လူလေး၊ မဟုတ်မဟတ်တာတွေကို မတွေးနဲ့၊ ကြောက်စရာလည်းမလိုဘူး၊ မင်း — ဒုက္ခရောက်မယ့်ကိစ္စ၊ အကျိုးနည်းမယ့်ကိစ္စမဟုတ်ဘူး"

ဟု ဟည့်ငြိမ်သောလေသံဖြင့် ပြောလိုက်သည်။ မိုးကြယ်အံ့အားသင့်သွားခဲ့ရသည်။ မိမိ၏အတွင်းသဏ္ဌာန်မှာ ဖြစ်ပေါ်နေသော စိတ်ကိုသိ၍ပဲလား။ ခန့်မှန်းပြီးတော့ ပြောနေသည်ပဲလား။





"ငါ — ယောက်ျားပဲ၊ တကယ်လို့ ငါ့အပေါ်...ကောင်စောင့်
ကြံခဲ့ရင်လည်း သည်လူတွေလောက်တော့ ...ည်း ဘုရားကန်တော့
မိုးကြယ်တဲ့"
မိမိ၏စိတ်ကိုတင်းမိလိုက်ပြ...စင်တစ်ခုဆီကိုခေါ်သွားသည်။
တကယ်လည်း သတ္တိနည်းသူ...က်ပေးသောသာရှိသည်။
ကိုကိုင်ကာသွားနေကြသူများ...ဘာ ဟိုးအရင်က ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ
လှည့်မကြည့်ကြ။ မိုးကြ...ရာကွယ့်၊ သည်ကနေပြီး ဖိုဝင်ကြတယ်၊
နေသည်။ တစ်နေရာ...၊ ပေါက်ရောက်အောင်မြင်သွားကြသူတွေ
လိုက်ကြသည်။ မီးတု...ယ်းကိုလည်း ငါက လူတောထဲဝင်ဆံ့အောင်နဲ့
ထိုးစိုက်လိုက်ကြ...င်းဆောင်ဆိုတဲ့အတိုင်း လူပုံအလယ်မှာပွဲလယ်
ယင်းနေရာ...အောင် ဆောင်ရွက်ပေးမှာကွယ့်"
ရလာခဲ့လေသည်။ ...ဂ် မိုးကြယ်ကို ကျောက်စင်ထက်မှာ မှောက်စေ
တစ်လုံးပေါ်၌ တင်
တံတစ်ချောင်းကို ...နည်းတော့ နာမယ်လူလေး ... အောင့်ခံ"
ခွဲအရည်များက ...ဘက်က မိုးကြယ်၏ပါးစပ်ထဲကို ကွမ်းသီးလုံးထည့်
ထဲမှ ပန်းပေါင်းစုံ...ည်။ စုတ်ထိုးလျှင် ခံနိုင်ရည်ရှိစေရန် ကိုက်ထားဖို့
ကြသည်။ သို့သေ...ကြယ်က ခေါင်းခါလိုက်သည်။ ဦးအဂ္ဂိသည် မိုး
ကပျစ်ပျစ်၊ ပန်းပေ...ကိုသဘောကျသွားသည်။
ဖြစ်သည်။ သူချည်း... စမယ်"
ပါ စီရင်ပြီး ထည့်...သံပြတ်ဖြင့်ပြောလိုက်သည်။ နှုတ်ကလည်း
"ကဲ — လူလေ... နှုတ်မှထွက်လာသော စာသားများကို မိုး



www.burmeseclassic.com

www.burmeseclassic.com



သုံးပေ ... နင့်မျာ''

သော အဝတ်ကြ ... တ်လိုက်လို့ပြောတာ၊ မင်းရဲ့ကိုယ်ပေါ်မှာ စုတ်

ဆင်ထားကြသည်။ သူ

ကြယ်တို့အနားကိုရောက် ... တ်ကဲ့''

သည်။ ဦးအဂ္ဂိလည်း ဘာမှမပြော ... ဝိုတင်းကာ အကျီကိုချွတ်လိုက်

သည်။ အကြိုထောက်လာကြသော ... လိုက်ကတည်းက ကိုယ်ပေါ်

''ဦးအဂ္ဂိတစ်ယောက်တည်း မပါ ... နှိုးတော့မည်ကို သိလိုက်

က ဘယ်လိုပေါ်လာခဲ့ကြတာလဲ'' ... နေသာစိတ်ဓာတ်ကို မာန

မိုးကြယ်အတွက် တွေးစရာဖြစ်လာ ... ကိုလုပ်လာခဲ့၍ သူ၏

အောက်မှာ ရှည်လျားသောဂူလိုဖျော်လမ်းကြော ... ဦးအဂ္ဂိသည် မိုးကြယ်

ရသည်။ မိုးကြယ်သည် အလိုလိုနေရင်း နောက ... သည်။

ပြေးချင်စိတ် ဖြစ်ပေါ်လာမိသည်။ ရှေ့မှာဘာ ... ခင်ပိုပြီးတော့ များ

မိမိအတွက် အန္တရာယ်ကြီးကြီးမားမား ကြုံ ... င်ပြီး ဆောင်တိုင်

ခုနေပြေးလျှင် လွတ်နိုင်သည်။ ဦးအဂ္ဂိသည် ... သော မှတ်လိုက်ပေ

လုမ်းချုန်ပြီးနေရစ်ခဲ့သော မိုးကြယ်ကို လှည့်ကြ ... ပါက်အောင်မြင်တဲ့

''မင်း စိတ်ကူးမလွဲနဲ့လူလေး၊ မဟုတ်မဟ ... အထူးပေးခြင်းကို

မတွေးနဲ့၊ ကြောက်စရာလည်းမလိုဘူး။ မင်း ... ပုံ

ကိစ္စ၊ အတျိုးနည်းမယ့်ကိစ္စမဟုတ်ဘူး'' ... ပြီးတော့ ကြွေးကြော်

ဟု ဘည်ငြိမ်သောလေသံဖြင့် ပြောလိုက် ... အလိုလိုနေရင်း မာန်

အံ့အားသင့်သွားခဲ့ရသည်။ မိမိ၏အတွင်းသဏ္ဍာ ... ထသွားခဲ့ရလေသည်။

သော စိတ်ကိုသိ၍ပဲလား။ ခန့်မှန်းပြီးတော့ ... က်ဆီကိုသွားကာ လက်





အုပ်ချီ၍ ကန်တော့သည်။ သစ္စာပြုသည်။ တောတောင်စောင့်နတ်များကို တိုင်တည်သည်။ မိုးကြယ်ကိုလည်း ဘုရားကန်တော့စေသည်။

ထို့နောက် ... ကျောက်စင်တစ်ခုဆီကိုခေါ်သွားသည်။ အကျယ်သုံးပေ၊ အရှည်ခြောက်ပေသာသာရှိသည်။

''သည်ဂူနက်ကြီးဟာ ဟိုးအရင်က ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတွေ ဆေးစီရင်ခဲ့ရာနေရာကွယ်၊ သည်ကနေပြီး ဖိုဝင်ကြတယ်၊ တချို့ထုံကူးကြတယ်၊ ပေါက်ရောက်အောင်မြင်သွားကြသူတွေ ရှိကြတယ်၊ လူလေးကိုလည်း ငါက လူတောထဲဝင်ဆံ့အောင်နဲ့ ပန်းသတင်းလေညှင်းဆောင်ဆိုတဲ့အတိုင်း လူ့ပုံအလယ်မှာပွဲလယ်တင့်သထက်တင့်အောင် ဆောင်ရွက်ပေးမှာကွယ့်''

ထို့နောက် မိုးကြယ်ကို ကျောက်စင်ထက်မှာ မှောက်စေသည်။

''နည်းနည်းတော့ နာမယ်လူလေး ... အောင့်ခံ''

တစ်ယောက်က မိုးကြယ်၏ပါးစပ်ထဲကို ကွမ်းသီးလုံးထည့်ပေးမည်ပြုသည်။ စုတ်ထိုးလျှင် ခံနိုင်ရည်ရှိစေရန် ကိုက်ထားဖို့ဖြစ်သည်။ မိုးကြယ်က ခေါင်းခါလိုက်သည်။ ဦးအဂ္ဂိသည် မိုးကြယ်၏သတ္တိကိုသဘောကျသွားသည်။

''ကဲ ... စမယ်''

ဦးအဂ္ဂိက သံပြတ်ဖြင့်ပြောလိုက်သည်။ နှုတ်ကလည်း မန္တာန်ကိုရွတ်သည်။ နှုတ်မှထွက်လာသော စာသားများကို မိုး



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ကြားနေရသည်။ နားမလည်။ သံတို၊ သံရှည်၊ အဖြတ်အတောက် လျှာလိမ့်သံများ၊ တစ်ချက် တစ်ချက်တွင် ဝမ်းခေါင်းသံကြီးပေး၍ ထွက်လာသည်မှာ ကြားရသူ၏ကျောထဲ စိမ့်တက်သွားစေသည်။ မွေးညှင်းများ ထောင်ထလာခဲ့ရသည်အထိပင်။

မန္တာန်ရွတ်နေသည့်အထဲကပင် စုတ်ချက်များက မိုးကြယ်၏ကျောထက်ဆီကို တစ်ချက်ပြီးတစ်ချက် ကျလာခဲ့လေသည်။ မိုးကြယ်က သတိထားပြီးနေသောကြောင့် တစ်ချက်ပင် တွန့်မသွားချေ။ အံကိုတင်းတင်းပင် ကြိတ်ခံသည်။ နာတော့နာသည်။ အသည်းပေါက်မတတ်ပင် ခံစားရသည်။ ကြာလာတော့ ထုံလာခဲ့သည်။ နာကျင်ရမှန်းပင် မသိတော့။

ကျောပြင်မှာ ထိုးပြီးသွားသောအခါ ကွမ်းတစ်ယာညက်ခန့်နားသည်။ ဦးအဂ္ဂိက မိုးကြယ်၏အခြေအနေကိုစောင့်ကြည့်လျက်ရှိသည်။ မိုးကြယ်သည် ရေကိုတော့ အဝသောက်သည်။

"ကဲ ... နောက်တစ်ကြိမ်ဆိုရင် ပြီးပါပြီ"

မိုးကြယ်ကို ကျောက်စင်ထက်မှာ ပက်လက်လှန်နိုင်းသည်။ ကျောပြင်မှာ ထိုးထားသည့် စုတ်ချက်များကြောင့် ကျောခင်းပြီးအိပ်ရသဖြင့် နာတော့နာသည်။ သို့သော် စုတ်အထိုးခံရသည့်အချိန်လောက်မနာတော့။ အံ့အားသင့်စရာတော့ကောင်းသည်။ ရင်ဘတ်တွင် စုတ်ချက်များကျလာသည်။ မိုးကြယ်သည် ရတနာသုံးပါးကိုဦးထိပ်ထားကာ အာရုံပြုသည်။ ဦးအဂ္ဂိက မန္တာန်





ကိုရွတ်သည်။ စုတ်ချက်များပြီးဆုံးသည်အထိ တောက်လျှောက်ပင်ရွတ်သွားသည်။

ထိုအချိန်တွင် နာကျင်သောဝေဒနာများကို ခံစားနေရာကကြာလာသော် ထုံလာသည်။ နာကျင်ရမှန်းပင် မသိတော့။ သည့်နောက် ခန္ဓာကိုယ်တစ်ခုလုံး ပူထူလာသည်။ ကိုယ်ထဲမှ အပူငွေ့များက ထွက်လာသလိုပင်။ စိတ်ရော၊ ကိုယ်ပါ ပေါ့ပါးလာခဲ့သည်။ ကျောက်စင်မှကြွတက်ကာ လေထဲသို့ လွင့်ပါးသွားသည်ဟုပင်ထင်ရသည်။ ခန္ဓာကိုယ်သည် ဂူလိုဏ်မျက်နှာကြက်အထိရောက်သွားကာ ဟိုသည်မျောနေသည်။ သည့်နောက်အသိစိတ်သည် လုံးဝပျောက်ကွယ်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)
## မာယာပန်းတော

မိုးကြယ်သတိရလာသောအခါ မိုးစုတ်စုတ်ချုပ်နေပြီ ဖြစ်သည်။ ဂူကြီးထဲမှာ မိုးချုပ်၊ မချုပ်မသိနိုင်သော်လည်း စိတ်ထဲမှာတော့သိနေသည်။ ကျောရော၊ ရင်ဘတ်မှာပါ နာကျင်မှုကိုခံစားနေရသော်လည်း ပြင်းပြင်းထန်ထန်တော့မဟုတ်ပေ။ မျက်လုံးဖွင့်လာသောအချိန်တွင် ဦးအဂ္ဂသည် သူ့အနားမှာရပ်လျက်ရှိသည်။ ဂူကြီးထဲမှာလည်း မီးတိုင်တော်တော်များများကို ထွန်းညှိထားသည်။

''ဘယ်လိုနေသလဲ လူလေး''

''သက်သာပါတယ်ခင်ဗျာ''

''ငါ ဆေးဂမုန်းပြာကို လိမ်းပေးထားတယ်ကွယ့်၊ မင်းအနာမရင်းနိုင်ပါဘူး''

''ကျွန်တော် ... အိပ်ပျော်သွားတယ်ဦးကြီး၊ ဘယ်အချိန်





ရှိပြီလဲမသိဘူး''

''သက်ကြီးခေါင်းချအချိန်ရောက်ပြီကွယ့်''

''ဟင် ... ဦးကြီးမအိပ်သေးဘူးလား''

''အိပ်တော့မှာပါ။ မင်းအနိုးကိုစောင့်နေတာ''

''ကျွန်တော် သက်သာပါတယ်ဦးကြီး၊ ဒါလောက်ကတော့ ဦးကြီးရဲ့ ခံနိုင်ရည်ရှိပြီးသားပါ၊ ဦးကြီးလည်းပင်ပန်းလှပြီ၊ အနားသွားယူပါတော့''

''အေး ... အေး၊ မနက်ဖြန်အတွက် စီရင်စရာတွေရှိသေးတယ်၊ မင်းလည်းတရေးပြန်အိပ်လိုက်ဦး၊ အိပ်ရေးဝမှ အားရှိမှာကွယ့်''

ဦးအဂ္ဂအနားမှ ထွက်သွားသည်။

''မနက်ဖြန်အတွက် စီရင်စရာတွေရှိသေးတယ်တဲ့၊ ဘာများလဲမသိဘူး၊ ဒါလောက်နဲ့မပြီးသေးဘူးထင်တယ်၊ အေးလေ မထူးတော့ပါဘူး''

အိပ်ရေးဝထားသည်ဖြစ်၍ ပြန်အိပ်ရန်ချက်ချင်းမပျော်၊ စိတ်ကိုတစ်ဆင့်ချင်း လျှော့ချလိုက်တော့မှ တဖြည်းဖြည်းနှင့် အိပ်ပျော်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မနက်ဝေလီဝေလင်းအချိန်လောက်မှာပင် မိုးကြယ်နိုးလာခဲ့သည်။ ဦးအဂ္ဂိသည် မိုးကြယ်၏အနားတွင် ရှိနေခဲ့သည်။

"မင်းက နိုးနိုးကြားကြားရှိသားပဲ၊ ကဲ ... ထ၊ ထတော့"

မည်သို့ပင်ဆိုစေ၊ ဦးအဂ္ဂိက လူငယ်ထက်ပိုပြီးတော့ နိုးကြားနေ၍ မနေတတ်မထိုင်တတ်ဖြစ်မိရသည်။ ဂူထဲမှာ မျက်နှာသစ်၍ ရေချိုးသန့်စင်ရန် ရေကအဆင်သင့်။ နောက်တော့မှ သိရသည်မှာ ပြင်ပစမ်းချောင်းလေးတစ်ခုမှ မြောင်းဖောက်ပြီး ဂူထဲသို့ သွယ်တန်းထားခြင်းပင်။ ရေများက သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်ခွက်ကြီးတစ်ခုထဲသို့ စီးဆင်းလျှက်ရှိသည်။ မျက်နှာသစ်ရင်း ရေပါချိုးခိုင်း၍ ချိုးလိုက်ရသည်။ ထိုအခါ ရင်နှင့်ကျောဘက်မှ စပ်ဖျင်းဖျင်းဝေဒနာများဖြစ်ပေါ်လာသည်။ သို့သော် ... ရေချိုးပြီးသောအခါ ထိုဝေဒနာများပျောက်သွားခဲ့လေသည်။





ထို့နောက် အပိုယူလာသော အဝတ်အစားသစ်များကိုဝတ်သည်။ ဘုရားရှိခိုးသည်။ ကောက်ညှင်းပေါင်းစားသည်။ ဆာလောင်မှုများပြေပျောက်သွားသောအခါ ခွန်အားများတိုးလာခဲ့လေသည်။

"အဲဒါ ဆေးကောက်ညှင်းပေါင်း။ ခွန်းအားဖြစ်စေမယ့် ဆေးမြစ်တွေနဲ့ သတ္တုရည်တွေနဲ့ပေါင်းထားတာ၊ မင်းတစ်ယောက်တည်းပဲစားဖို့၊ မင်းလိုအခွင့်အရေးမျိုး ဘယ်သူမှမရဘူး။ နက္ခတ်ကောင်းမိနေတဲ့သည်အချိန်မှာ မင်းရဲ့ကိစ္စက အောင်မြင်မှာကျိန်းသေတယ်၊ နက္ခတ်မမိတဲ့သူအတွက် ဘာမှလုပ်လို့မရဘူး"

လူတစ်ယောက်မျက်နှာပွင့်စေဖို့ လူချစ်လူခင်များစေဖို့အတွက် အစီအရင်ကို ဤမျှအထိလုပ်ရသလားဟူ၍ သို့မဟုတ်ဘဲ အားလုံးနှင့်လိုက်လျောညီထွေနေနိုင်လျှင် အဆင်ပြေနိုင်ပါသည်။ မိုးကြယ်သည် ထိုသို့စဉ်းစားမိလိုက်သည်နှင့် ယခုကိစ္စကို ဆက်လက်၍လက်မခံချင်လောက်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။ သို့သော် ... ရှောင်လွှဲ၍မရတော့ပြီ။

တစ်ခဏအကြာတွင် ...

ဦးအဂ္ဂိဦးဆောင်ပြီး တပည့်လေးယောက်နှင့်အတူ ဂူနက်ကြီး၏ ပို၍အတွင်းကျသောဘက်ဆီကို ဝင်လာခဲ့ကြသည်။ နံရံများတွင် မီးတုတ်များ တစ်ချောင်းစီ ထွန်းညှိထားကြသည်။ ကြီးမားသော ကျောက်ပြားကြီးများ၊ ကျောက်ချပ်ဆုံအချို့နှင့် ကျောက်ကျည်ပွေ့များကိုအမှတ်မထင်မြင်တွေ့ခဲ့ရသည်။ ခွန်အား



www.burmeseclassic.com

www.burmeseclassic.com

ဗလ,မည်မျှကြီးမားတောင့်တင်းသော ပုဂ္ဂိုလ်ကြီးများက ဤပစ္စည်းများနှင့် ဆေးကြိုတ်၊ ထောင်းထုကြသလဲဆိုသည်ကို အံ့အားသင့်စွာဖြင့် စဉ်းစားနေမိခဲ့သည်။

ဆက်ပြီးတော့ လျှောက်လာခဲ့ကြရာ ဂူထဲမှာပေါက်နေကြသောသစ်ပင်ကြီး နှစ်ပင်ကိုတွေ့လိုက်ရသည်။ အပင်ကြီးများက ယုန်ရွက်သဏ္ဍာန်အရွက်များရှိကြသည်။ အရောင်ကလည်း အဖြူနှင့် ပန်းရောင်တစ်ကန့်စီ ဖြစ်နေလေသည်။ ပင်စည်က အသွေး၊ အခေါက်များမဲ့ကာ ချောမွတ်နေကြသည်။ သူတို့အပင်အောက်က ဖြတ်သွားကြသောအခါ ...

''ဖရဲ ... ရှဲ ရှဲ''

သစ်ရွက်များသည် အလိုလိုနေရင်း လှုပ်ခါသွားကြလေသည်။ လေမတိုက်ပါဘဲနှင့် ယခုလို လှုပ်ခါသွားကြသည်မှာ အံ့အားသင့်စရာကောင်းလှသည်။ ဦးအဂ္ဂိနှင့် သူ့လူတွေကတော့ သတိမထားမိကြသလို၊ ဂရုမစိုက်မိကြသလိုပင်။ ဂူကြီးထဲမှာ သစ်ပင်ကြီးနှစ်ပင်ပေါက်နေကြသည်မှာ မယုံနိုင်စရာပင်။ နေရောင်ခြည်မရ၊ လေကောင်းစွာမရနိုင်ပါဘဲနှင့် အပင်ကြီး ထီးထီးမားမားဖြစ်လာသည်အထိ ရှင်သန်နေကြသည်။ ဂူနက်ကြီးကို မှီးကြယ်ပိုပြီးတော့ စိတ်ဝင်စားလာခဲ့သည်။

နှာဝမှာ ပန်းရနံ့ကိုရလာခဲ့ပြန်ပြီဖြစ်၏။ လေကလည်း တဖြူးဖြူးနှင့် ဝင်လာခဲ့သည်။ ပြင်ပလေအေးအေးတိုက်ခတ်လာသလိုပင် လန်းဆန်းကြည်နူးသွားခဲ့သည်။ ဂူသည် ပိုပြီးတော့





ကျယ်ပြန့်လာသည်။ ဂူအမိုးသည်လည်း မသိမသာမြင့်တက်လာသည်။ ဂူလိုဏ်လမ်းတစ်ဆစ်ပါးမှာ. စိမ်းပြာရောင်အလင်းရောင်က ဖြန့်ကျက်ထားသည်။ အပြင်ကို လျှံကျပြီးတော့ ထွက်လာသည်။ ယင်းတစ်ဆစ်ချိုးကွေ့ကို ကျော်လွန်သွားခဲ့သည်နှင့်ကြီးမားကျယ်ပြန့်သောရေကန်ကြီးတစ်ကန်က ဘွားခနဲဆိုပေါ်လာခဲ့လေသည်။

ဂူနက်ကြီးထဲမှာ ရေကန်ကြီးတစ်ကန်ရှိနေသည့်အတွက် သူ့မျက်လုံးတွေကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားခဲ့ရသည်။ ထို့အပြင် ရေကန်ကြီး၏ဘေးတွင် ပန်းပင်များကိုလည်း တွေ့လိုက်ကြရသည်။ အရောင်အသွေးမျိုးစုံဖြင့် ပွင့်နေကြသောပန်းပွင့်ကြီးများသည် ကြီးမားလှသည်။ တစ်ထွာ၊ တစ်ပေလောက်ကိုရှိကြသည်။ ထို့အပြင် ပန်းပွင့်များ၏ ပွင့်ချပ်များတည်နေပုံသည် မျက်နှာအသီးသီးပုံဖြစ်နေကြသည်။

မိန်းမပျိုမျက်နှာ၊ ကလေးမျက်နှာ၊ လူဝကြီးမျက်နှာ၊ အဘိုးကြီး အဘွားကြီးမျက်နှာမျိုးပင်။

''ဒါ ... မဖြစ်နိုင်ဘူး၊ မာယာပန်းတောကြီးပဲဖြစ်မယ်၊ ငါ့မျက်လုံးတွေကို အလှည့်စားခံရတာပဲ''

စိမ်းပြာပြာအလင်းရောင်အောက်မှာ ပန်းပင်များကယိမ်းနွဲ့နေကြသလို၊ လေသည် တစ်နေရာရာမှ တိုက်ခတ်နေဟန်တူသည်။ သေသေချာချာကြည့်လိုက်သောအခါ ပန်းပွင့်များသည် ကိုယ်သဘာဝအတိုင်း ပြန်ပြီးတော့ ဖြစ်နေကြပြန်သည်။ သူ့ပဲမျက်စိ



www.burmeseclassic.com

www.burmeseclassic.com

များသည်ဟု ထင်မိလိုက်သည်။

သို့နှားထဲတွင် ရယ်သံလိုလို၊ စကားပြောသံများလိုလိုကြား လာရသည်။ မိန်းကလေးတစ်စု၏ ပြေးလွှားရယ်နေကြသံများ၊ ပန်းတောထဲကပင် ထွက်လာကြသောအသံများ။ မိုးကြယ်ဘာကို မှ ဂရုမစိုက်တော့။ မကြားချင်ယောင်ဆောင်နေလိုက်သည်။

ရေကန်ကြီးနှင့် မလှမ်းမကမ်းမှဖြတ်သွားကြအပြီး တစ် နေရာကိုရောက်သောအခါ ရပ်တန့်လိုက်ကြသည်။ ကြီးမားသော တွင်းကြီးတစ်တွင်းပင်ဖြစ်သည်။ ဆယ်ပေပတ်လည်အချင်းရှိ သည်။ မိုးကြယ်ငုံ့ကြည့်လိုက်သောအခါ အနက်က ဆယ့်ငါးပေ လောက်ရှိသည်။ တွင်းနံရံများသည် မီးစုန်းရောင်တောက်နေကာ လင်းလက်နေကြသည်။ အောက်ခြေအနက်တွင် ပန်းပွင့်များကို ဖြန့်ပြီးတော့ ခင်းထားသည်။ အရောင်အသွေးမျိုးစုံသော ပန်းပွင့် များသည် ထုထုထဲထဲနှင့်အမြင့်ငါးပေလောက်အထိရှိမလားမသိ။

မိုးကြယ် တွင်းထဲကိုငုံ့ကြည့်နေမိသည်။ ဤတွင်းကြီးကို မည်သို့အသုံးချမှာလဲဟု စဉ်းစားနေမိဆဲမှာပင်။

"မိုးကြယ် … လူလေး၊ မင်း ပေါသည့်တွင်းနှုတ်ခမ်းဝ နားမှာ တွင်းကိုကျောပေးပြီးတော့ထိုင်"

မိုးကြယ်လည်း ဦးအဂ္ဂိညွှန်ကြားသည့်အတိုင်း ထိုင်လိုက် ရသည်။ စိတ်ကိုလည်း ဖြေလျှော့ထားလိုက်မိသည်။ ဘာကိုပဲ ရင်ဆိုင်ရပါစေ မတုန်လှုပ်။ မချောက်ချားမိစေရ။ မိမိကိုယ်ကို အားပေးသည်။ ဦးအဂ္ဂိသည် ကျောက်ကာဖလားလေးတစ်လုံးကို





လက်မှာကိုင်ကာ မိုးကြယ်ဆီကိုလျှောက်လာသည်။ ယင်းဖလား လေးထဲတွင် အရည်တစ်ခုခုပါလိမ့်မည်ကို သိနေသည်။

"ရော့၊ အသည်အထဲက အရည်ကိုကုန်အောင် သောက် လိုက်"

ဘာအရည်တွေမှန်းမသိ။ သို့သော် မထူးတော့ပြီဖြစ်၍ မျက်စိမှိတ်ကာ မော့ချလိုက်လေသည်။ ဝမ်းထဲသို့ ချိုပြင်းပူရှိန်း သော အရသာတစ်မျိုးဖြင့် အူလမ်းကြောင်းတစ်လျှောက် ဆင်း သွားခဲ့သည်။ ပန်းပေါင်းစုံထုံသင်းသောအနံ့ကြီးက နှာဝထဲမှာ ဆင်ပြီးတော့ ကျန်ရစ်ခဲ့သည်။ ချက်ချင်းမှာပင် ခေါင်းထဲမှာ းဝေသော ဝေဒနာတစ်ရပ်ကို စတင်ပြီးတော့ ခံစားလာခဲ့ကြ သည်။ ရိပ်တိတ်တိတ်နှင့်ဖြစ်လာခဲ့သည်။ ဦးအဂ္ဂိနှင့်သူ့တပည့် ားသည် မျက်လုံးထဲမှာ ယိမ်းထိုးလှုပ်ရှားလျက်ရှိနေကြသည်။

ဦးအဂ္ဂိသည် မိုးကြယ်ကိုစိုက်ကြည့်နေသည်။ မိုးကြယ်၏ က်လုံးထဲမှာ ဦးအဂ္ဂိ၏မျက်နှာသည် တဖြည်းဖြည်းနှင့်ကြီးလာ သည်။ ဇကောလောက်ကြီးကို ကြီးမားလာသည်။ ကြောက်စရာ က်နှာကြီးဖြစ်လာသည်။ စောစောက သူ့ကိုတိုက်ခဲ့သည့် ပန်း င်းစုံသတ္တုရည်ထဲတွင် လူကိုမူးယစ်စေတတ်သောအရာများ လသလားမသိ။ ဦးအဂ္ဂိ၏တပည့်များသည်လည်း ခက်ထန် မ်းတမ်းသော လူကြမ်းကြီးများအသွင်သို့ ကူးပြောင်းလာသည်။

မိုးကြယ်သည် ခေါင်းကိုမော့ကာ အကြည့်က ဂူအမိုးဆီ အလိုလိုပင်ရောက်သွားခဲ့သည်။ မျက်လုံးထဲမှာ ဂူအမိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကမရှိတော့။ ပွင့်ထွက်နေသည်။ ဟာလာဟင်းလင်းပြင်ကြီးတစ်ခု ဖြစ်သွားသည်။ မိုးကောင်းကင်လည်းမဟုတ် ဘာလည်းမဟုတ် လိပ်ပြာများက အစုလိုက် အပြုံလိုက်ပင် ရွှေ့လျားနေကြသည်။

ကြည့်နေရင်းကပင် ပန်းတောထဲက အတောင်ပံပါသော မိန်းကလေးများ ပျံသန်းပြီးတော့ တက်လာခဲ့ကြသည်။ မှုးယစ်ဝေသောဝေဒနာကြောင့် ထင်ယောင်ထင်မှားဖြစ်နေမိသလားမသိ ထိုမိန်းကလေးများသည် လိပ်ပြာများနှင့်ရောနှောပြီးတော့ ပျံသန်း သွားခဲ့ကြသည်။

ထိုစဉ် ...

သူ့ရင်ဘတ်ကို ကန်ထည့်လိုက်သလို လက်နှင့်တွန်းချ လိုက်သလို ခံစားလိုက်ရသည်။ မိုးကြယ်သည် အထိတ်တလန့် ဖြစ်ကာ တွင်းနက်ကြီးထဲကို ခြေလွတ်လက်လွတ် ပစ်ကျသွား ခဲ့လေသည်။

"အား ... "



မိုးကြယ်၏ခန္ဓာကိုယ်သည် တွင်းကြီး၏အောက်ခြေမှာ င်းထားသော ထူထဲသည့်ပန်းမွေ့ရာကြီးပေါ်ကို ပစ်ကျသွားခဲ့ရ သည်။ ချက်ချင်းပင် သတိကို မြဲမြဲစွာပင် ကိုယ်နှင့်ကပ်ထားလိုက် ရသည်။ ထိုနောက် အထိတ်တလန့်ဖြင့် လဲကျနေရာက ထလိုက် ရသည်။ သို့သော် တွင်းပေါ်ကို မော့ကြည့်လိုက်စဉ်မှာ လူသုံး ယောက်၏မျက်နှာများကို တွေ့လိုက်ရသည်။

"ဦးကြီး ... ဦးကြီး၊ ကျွန်တော့်ကို ဘာဖြစ်လို့တွန်းချရ တာလဲ၊ တွင်းပေါ်ကိုပြန်တင်ပေးပါ၊ သည်လိုမလုပ်ပါနဲ့"

"ဟား ... ဟား ... ဟား ဟား၊ မကြောက်နဲ့လူလေး ဲ့အလုပ်အောင်မြင်အောင် မင်းကိုအရင်ဆုံးစမ်းသပ်တာကွ၊ င်း ဘာမှမဖြစ်ဘူး၊ သည်အတိုင်းသာနေ"

ဦးအဂ္ဂိက အပေါ်ကနေအော်ပြီးတော့ပြောသည်။ စမ်းသပ် တဲ့၊ ဘာကိုစမ်းသပ်တာလဲ၊ ဘာကိုနားလည်ရမှာလဲ၊ မသိ သိ။ ဘာကိုမှမသိ။ ခေါင်းထဲမှာ မှုးနောက်ရီဝေနေမှုက ခုထက်



www.burmeseclassic.com

www.burmeseclassic.com



ထိမပြေသေး။ ထိုစဉ်မှာပင် တွင်းပေါ်ကနေ အစိုင်အခဲကြီးများက တစ်လုံးပြီးတစ်လုံး ကျလာခဲ့ကြသည်။

“ဟာ ... ဘာတွေလဲ ဘာတွေလဲ”

မိုးကြယ် ပိုပြီးတော့ ထိတ်လန့်သွားခဲ့သည်။ ကျောက်တုံး ကျောက်ခဲလုံးကြီးတွေဟု ထင်မိသည်။ ဤတွင်းထဲမှာ ရှောင်တိမ်းရန်မလွယ်။ ပြေးစရာလည်းမရှိ။ ထိမိ၊ နိုက်မိလျှင်လည်း သက်သာမှာမဟုတ်။ တစ်ကိုယ်လုံး စိစိညက်ညက်ကြေကာ မရှူ မလှုသေဆုံးသွားနိုင်သည်။ ထိုမည်းမည်းလုံးလုံးအရာကြီးများက သူ့နံဘေးကို ပွတ်ကာသီကာကျလာခဲ့ကြသည်။ တွင်းနံရံများကို ထိမှန်ကာ သူ့ကိုယ်ပေါ်ကို တစ်ဆင့်ထိမှန်ကြသည်။

“အား ... မပစ်ကြပါနဲ့၊ မပစ်ကြပါနဲ့”

မိုးကြယ်က စူးစူးရှားရှားပင် အော်လိုက်သည်။ သို့သော် ကျလာသောကျောက်တုံး၊ ကျောက်ခဲများက ရပ်တန့်သွားခြင်း မရှိကြ။ တစ်ကြိမ်ကြိမ်တွင် သူ့ကိုတိုက်နိုက်ထိမှန်သွားမည်မှာ မလွဲ။ ပွဲချင်းပြီး သေဆုံးသွားနိုင်သည်။ တွင်းဖေါ်ကို နံရံမှတစ်ဆင့် ကုပ်ကပ်ပြီးတော့တက်ရန် ကြိုးစားသေးသည်။ မလွယ်ပါ။ ကျောက်တုံးတွေက အဆက်မပြတ် တရစပ်ပင် ကျရောက်လာနေကြသည်။ ထို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့။ နေရာမှာ ငုတ်တုတ်ထိုင်ကာ ခေါင်းထက်သို့လက်နှစ်ဖက်ယှက်ကာ တင်ထားမိလိုက်သည်။

ကျောက်တုံးကျောက်ခဲများကို ပစ်ပေါက်ချသည့်သူများထဲ





တွင် ဦးအဂ္ဂိလည်းပါသည်။ သူကိုယ်တိုင်က မိုးကြယ်ကို သေကြောင်းကြံနေသည်။ မိုးကြယ်သည် ထိုသို့ပင် ထင်လာခဲ့သည်။ ထိုအခါ ကြောက်စိတ်ထက် ဒေါသစိတ်က ပိုပြီးတော့ဖြစ်ပေါ်လာခဲ့သည်။ လက်နှစ်ဖက်ကိုခေါင်းပေါ်တင်ကာ ငုံ့ပြီးထိုင်နေရာက မတ်တတ်ထရပ်လိုက်သည်။ ခဲ၊ ကျောက်များက အဆက်မပြတ်ပင် ကျလာနေဆဲ။

အချို့သည် သူ့ကိုထိမှန်သည်။ သို့သော် နာကျင်မှုတပြင်းထန်စွာပင် ဖြစ်ပေါ်မလာ။ ထုံခနဲ၊ ကျင်ခနဲဖြစ်သွားသည်။ အံ့အားသင့်စရာကောင်းလှသည်။ သူတို့ တွင်းထဲကို ပစ်ချပေါက်ချနေသည်များမှာ ခဲ၊ ကျောက်များပင် ဟုတ်ပါရဲ့လား။ မူးယစ်ဝေနေသော အသိကြောင့် ထိုအရာများကျလာခဲ့သည်ဟု ထင်နေမိခြင်းလား။ စိတ်ထဲတွင် မိမိကို ထိနိုက်သောအရာများသည် ကျောက်တုံး၊ ကျောက်ခဲများဟု တစ်ထစ်ချ စွဲမှတ်ထားခဲ့ခြင်းပင်လား။

မည်သို့ပင်ဆိုစေ။ ထိုလူကြီးသည် မိမိကို တမင်နှိပ်စက်နေသည်ဟုထင်မိသည်။ မိုးကြယ်၏ဒေါသက ပိုပြီးတော့ အထွတ်အထိပ်ကို ရောက်လာခဲ့သည်။

“အလကား၊ ငါ့ကို ဘာလူချစ်လူခင်များအောင် လုပ်ပေးတာလဲ၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ သည်လူကြီးဟာ ငါ့မိဘ၊ ငါ့ဆွေမျိုးတွေနဲ့ ရန်ငြိုးရှိခဲ့လို့လား၊ ဒါကြောင့်မို့ ... အဲသည်အငြိုးနဲ့ငါ့ကို ကလဲ့စားချေတာလား။ သည်အတိုင်းဆိုရင် ငါငြိမ်မခံ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ မိုးကြယ်အကြောင်း ခုချက်ချင်းသိစေရမယ်''

မိုးကြယ်သည် နေရာမှာရပ်မနေတော့ဘဲ တွင်းနံရံကို ကုပ်တက်စပြုလာခဲ့သည်။

''ဟော့ကောင် ... လူလေး၊ မတက်နဲ့၊ မတက်နဲ့ သည်အတိုင်းနေ''

ဦးအဂ္ဂိက တွင်းထက်မှနေ၍ အော်ပြောသည်။

''ကျုပ်အောက်မှာမနေနိုင်ဘူး၊ တက်လာတယ်၊ အပေါ်ကိုတက်လာမယ် ... ခင်ဗျားကြီးမတားနဲ့၊ သိမယ်၊ သိမယ်၊ ကျုပ်အကြောင်းသိမယ်၊ မိုးကြယ်တဲ့ဟေ့ ... ''

မိုးကြယ်က ခက်ထန်သောမျက်နှာကြီးဖြင့် ပြန်ပြောလိုက်သည်။ ကျလာသော ကျောက်တုံး၊ ခဲလုံးများကိုလည်း ရှောင်တိမ်းရင်း တွင်းနံရံကိုကုပ်တွယ်ကာ တဖြည်းဖြည်းနှင့်တက်လာသည်။ အပေါ်ကိုမရောက်မီတစ်ဝက်လောက်အလိုတွင် ခဲလုံးကြီးတစ်လုံးကထိမှန်၍ အောက်ကိုပြန်ပြီး ပြုတ်ကျသွားခဲ့သည်။

''အား ... ''

ထိုစဉ် ....

''ဝေါ ... ဟော ... ဟော ... ဟော''

တစ်တောလုံး တစ်တောင်လုံး တုန်ဟည်းလာသည်။ ဂူကြီးသည်လည်း သွက်သွက်ခါယမ်းလာခဲ့သည်။ ဦးအဂ္ဂိသည် တောင်မြောက်လေးပါးကိုကြည့်ပြီးတော့ နားမလည်နိုင်အောင်ဖြစ်သွားခဲ့ရသည်။ ပြင်ပမှလေများသည်လည်း ဂူနက်ကြီး၏





အတွင်းသို့ တစ်ဟုန်ထိုးပင် ဝင်လာခဲ့ကြသည်။ ဖုန်မှုန့်များ၊ သစ်ရွက်ခြောက်များ၊ အမှိုက်သရိုက်များကိုပါ သယ်ဆောင်လာခဲ့ကြသည်။ ဦးအဂ္ဂိသည် မထင်မှတ်သောအခြေအနေတစ်ခုက အမှတ်မထင်ဖြစ်ပေါ်လာခဲ့သည့်အတွက် နားမလည်နိုင်အောင်ပင်ဖြစ်သွားခဲ့ရသည်။

''ဘယ်လိုဖြစ်တာလဲ၊ ဒါ ... အများအယွင်းတစ်ခုပဲ၊ ငါဘာမှားခဲ့ပါလိမ့်''

ဦးအဂ္ဂိသည် သူကိုယ်တိုင်က ဘာလုပ်ရမှန်းပင်မသိအောင်ဖြစ်သွားခဲ့သည်။ တွင်းထဲရှိ မိုးကြယ်ကိုပင် သတိမရတော့။ သူတပည့်နှစ်ဦးသည်လည်း တဖြည်းဖြည်းနှင့်ကြမ်းတမ်းစွာတိုက်ခတ်လာသောလေကြောင့် မျက်လုံးပြူးနေကြရလေပြီ။

ထိုစဉ် ...

လေလုံးကြီးတစ်လုံးက ဖုန်မှုန့်များနှင့်အတူ ကြွက်မြီးတန်းကာ မိုးကြယ်ရှိနေသည့် တွင်းကြီးထဲကို ဆင်းသွားခဲ့သည်။

''ဝေါ ... ဝုန်း ... ''

မိုးကြယ်ကို လေလုံးကြီးက ပင့်ပြီးတင်လိုက်သလိုဖြစ်သွားခဲ့ရသည်။ ထိုအခါ မြောက်ပြီးတော့ တွင်းထဲမှခုန်တက်လာသလိုဖြစ်သွားခဲ့လေ၏၊ တွင်းကြီး၏အပြင်ဘက်ကို တွင်းထဲရှိ ပန်းပွင့်များကပါ လွင့်ပျံပြီးတော့တက်လာခဲ့ကြသည်။ မိုးကြယ်သည် ပန်းပွင့်များနှင့်အတူရောနှောပြီးတော့ ပါလာခဲ့သည်။ တွင်းနှင့်ဝေးကွာသောနေရာတွင် ပစ်ကျသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖြစ်ရပ်တစ်ခုမှာကား ဦးအဂ္ဂိနှင့်သူ့တပည့်သုံးယောက်ကို လေလုံးကြီးတစ်လုံးက နောက်မှနေ၍ ဝင်ဆောင့်တိုးလိုက်လေရာ ...

"အား ... အား ... အား"

နေရာမှလွင့်ထွက်သွားခဲ့ကြပြီး ... တွင်းကြီးထဲသို့စုပြုံပြီးတော့ ကျသွားခဲ့ကြလေတော့သည်။ ထိုအခါ ဖုန်မှုန့်များ၊ သဲများ၊ ကျောက်တုံး၊ ကျောက်ခဲများက လေနှင့်အတူပါလာခဲ့ကြပြီး တွင်းကြီးထဲကို အလုံးလိုက်အရင်းလိုက်ပင် ကျသွားခဲ့ကြလေသတည်း။



အခန်း (၈)

## မည်းမည်းကောင်ကြီး၏ဇာတ်ကြောင်းပြန်

မိုးကြယ်သည် မြေပြင်ပေါ်ကို ပစ်ကျသွားသည်။ သုံးလေးပတ်လိမ့်သွားပြီးနောက် ငြိမ်ကျသွားခဲ့လေသည်။ အချိန်မည်မျှကြာသွားခဲ့သလဲမသိ။ မိုးကြယ် ဖျတ်ခနဲဆို သတိရလာခဲ့သည်။ နေရာမှ လူးလဲပြီးတော့ ထ,မိလိုက်သည်။ သို့သော် သူ့တစ်ကိုယ်လုံးကို ကြိုးများဖြင့် တုတ်နှောင်ထားသလို ခံစားလိုက်ရသည်။ နေရာမှထ,မရဘဲ ဖြစ်နေသည်။

ပက်လက်အနေအထားဖြစ်နေ၍ ရင်ဘတ်ကိုတုတ်နှောင်ထားသောအရာများအား ခေါင်းထောင်ကာ ကြည့်မိလိုက်သည်။

"ဟင်"

သူ့ကိုရစ်ပတ်ထားသောအရာများကား နွယ်ပင်များဖြစ်နေသည်။ အံ့အားသင့်သွားမိသည်။ နွယ်ပင်များရစ်ပတ်ခံထားရသည်အထိ ကြာအောင်မေ့နေခဲ့လေသလား သူနားမလည်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူဒေါသထွက်လာသည်။ အံကိုတင်းတင်းကြိတ်ကာ ရှန်းလိုက်သည်နှင့် ...

"ထောက် ... ထောက် ... "

နွယ်များက ပြတ်တောက်ကုန်ကြသည်။ ထ,ထိုင်လိုက်သည်။ နွယ်တွေက ခြေထောက်မှာလည်း ရစ်ပတ်ထားကြသည်။ ဆွဲဖြည်လိုက်သည်။ သူ့ခွန်အားတွေတိုးနေသည်ကို သတိထားမိသည်။ မှတ်ဉာဏ်ထဲမှာပေါ်အောင် ဘာဖြစ်ခဲ့သည်ကို မနည်းပင် စဉ်းစားရသည်။ ဦးအဂ္ဂိနှင့်သူ့လူသုံးယောက် ဂူနက်ကြီးပန်းခင်းသောတွင်းကြီး၊ သူ ... ပြန်ပြီးတော့ မှတ်မိလာသည်။

သို့သော် ...

သူ အခုရောက်ရှိနေသည့်နေရာသည် ဂူနက်ကြီးထဲမှာမဟုတ်တော့။ တောတွင်းတစ်နေရာဖြစ်နေသည်။ ဂူနက်ကြီးကိုမတွေ့တော့။ ဘာတွေက ဘယ်လိုက ဘယ်လိုဖြစ်ကုန်ကြမှန်းမသိ။ သူ ဦးတည်ရာလျှောက်သွားနေခဲ့သည်။ စမ်းချောင်းတစ်ခုကိုတွေ့သည်။ အလိုလေး ... သူ့မျက်နှာက မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးထူရပျစ်နှင့်၊ မိမိရုပ်သွင်ကိုပင် မမှတ်မိနိုင်တော့သလိုပါပဲလား။

"ဘယ်လိုဖြစ်တာပါလိမ့် ... ငါသတိလစ်ပြီးနေခဲ့တာ ဒါလောက်အထိ ကြာသွားခဲ့တာလား"

စဉ်းစား၍မရ။ အဖြေကမပေါ်။ ထိုစဉ်မှာပင် ထူးခြားသောပန်းရနံ့ကို ရှူရှိုက်မိလိုက်သည်။ ထိုအခါ စိတ်ထဲမှာ ဖျင်းခနဲဆို





ဖြစ်သွားခဲ့ရသည်။ ယင်း ... ရနံ့သည် အသွေးအသားထဲအထိ စိမ့်ပျံ့ပြီးတော့ဝင်သွားခဲ့သည်။ မိုးကြယ်၏စိတ်ထဲတွင်မိန်းကလေးများကိုတွယ်တာလိုစိတ် ဖြစ်ပေါ်ခံစားလာခဲ့ရသည်။

"မိန်းကလေးတွေ ... မိန်းကလေးတွေ၊ သူတို့လေးတွေကို ငါခေါ်ထားရမယ် ... "

စိတ်ဆန္ဒက ပြင်းပြလျက်ရှိသည်။ သူသည် ရှေးဦးစွာ ဂူကြီးတစ်လုံးကိုရှာဖွေသည်။ သူ့စိတ်ကြိုက်ဂူကိုတွေ့သောအခါ ကျယ်ဝန်းသောအခန်းကြီးတစ်ခန်းဖွဲ့သည်။

"ဟား ... ဟား၊ ဟုတ်ပြီ ... ဒါ သူတို့နေဖို့အခန်း"

သူဖွဲ့ထားသောအခန်းကြီးကိုကြည့်ပြီးတော့ ပီတိဖြစ်နေမိသည်။ သည့်နောက်မှာတော့ မိုးကြယ်သည် သူ့ကိုလူတွေမြင်မှာစိုး၍ သစ်ပင်များပေါ်ကသာ သွားလာနေတော့သည်။ မိုပြီးတော့ သွက်လက်ဖျတ်လတ်လာသည်။ သူ့နှာဝထဲမှာ ပန်းရနံ့က အမြဲရနေသလို၊ ထိုအခါ သူသည် သူ့ကိုယ်သူ ဘာမှမသိတော့။ ညဘက်တွင် ရွာများဆီသို့ချဉ်းကပ်ကာ မိန်းမပျိုလေးများကိုရှာဖွေသည်။ မရ,ရအောင် ခိုးယူသည်။

"အား ... အမလေး၊ ကယ်ကြပါ ... ကယ်ကြပါ"

အဝတ်နက်ကြီးကို ခေါင်းမှအုပ်ကာ ခြုံထားသောသတ္တဝါန်တစ်ခုသည် မိန်းကလေးတစ်ယောက်ကို ပခုံးထက်မှာထမ်းကာ အိမ်တစ်အိမ်၏ လသာဆောင်မှ ခုန်ချလာသည်။

"ကယ်ပါ – ကယ်ကြပါ၊ ကျုပ်သမီးလေးကို မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကြီး ဖမ်းခေါ်သွားပြီ ... လာကြပါဗျို့ ... ''

ဖခင်ဖြစ်သူသည် အသံကျယ်ကြီးနှင့် အော်ဟစ်ရင်း နောက်မှပြေးလိုက်လာသည်။ လက်ထဲမှာလည်း ထမ်းပိုးတစ်ချောင်း၊ ရမိရရာကို ဆွဲလာခဲ့ဟန်တူသည်။ သို့သော် အဝတ်နက်ကြီးကိုခေါင်းမှခြုံထားသော မည်းမည်းကောင်ကြီးသည် မိန်းကလေးကို ပခုံးထက်မှာထမ်းလျက်နှင့် စည်းရိုးကို လွှားခနဲဆိုခုန်ကျော်ကာ ထွက်သွားသည်။ အော်သံကြောင့် ရွာသားများက တုတ်၊ ဓားများကို ဆွဲကိုင်ပြီး ပြေးလိုက်လာခဲ့ကြသည်။

''လိုက်ကြဟေ့ ... လိုက်ကြ၊ မလွတ်စေနဲ့ ... ''

ညာသံပေးပြီးတော့ လိုက်ကြသည်။ သို့သော် ... ကျားပေါက်တစ်ကောင်လို အပြေးသန်သော ထိုမည်းမည်းကောင်ကြီးမှာ ရွာပြင်အမှောင်ထုထဲတွင် ပျောက်ကွယ်သွားခဲ့လေသည်။



မိုးကြယ်သည် အခါအခွင့်သင့်တိုင်း ညဘက်တွင် ဂူထဲမှထွက်ကာ ရွာတစ်ရွာရွာသို့ဝင်ပြီး မိန်းကလေးတစ်ယောက်ယောက်ကိုတော့ မရရအောင် ဖမ်းဆီးကာခေါ်လာတတ်သည်။ ထိုမိန်းကလေးများကို လှောင်အိမ်ထဲထည့်ထားသည်။ သို့သော် အနှောင့်အယှက်မပေး။ ရှာဖွေကျွေးမွေးသည်။ လှောင်အိမ်အပြင်ကနေပြီး အရိပ်တကြည့်ကြည့်ဖြင့် ကြည့်နေတတ်သည်။ လက်ဖျားနှင့်ပင်မတို့။

လနှင့်ချီ၍ပြီးတော့ ကြာလာသောအခါ မျက်နှာမှာအမွေးထူပျစ်။ ဆံပင်ကလည်း ရှည်လျားလာကာ မူလရုပ်သွင်လည်း ပျောက်နေသည်။ သူ့ကိုတောနင်းပြီးတော့ ရှာကြသော်လည်း မတွေ့ကြ။ သည့်လိုနှင့် အားလုံးကလက်လျှော့ထားကြရသည်။ သမီးရှင်တွေကတော့ စိတ်မအေးနိုင်ကြ။

ဖူးရှုနှင့်တွေ့မှသာလျှင် မိုးကြယ် အမိခံရလေတော့သည်။

''ကျွန်တော့်အဖြစ်အပျက်ကတော့ အဲဒါပါပဲဗျာ၊ အဲသည်



www.burmeseclassic.com

www.burmeseclassic.com

လို ကျူးလွန်နေတဲ့အချိန်တုန်းက ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းသိမ်းရမှန်းမသိခဲ့ပါဘူး၊ မှားတယ်၊ မှန်တယ်ဆိုတာလည်း နားမလည်ခဲ့ပါဘူး ... ကျွန်တော်ရဲ့အသိစိတ်ရော၊ ဘဂတစ်ခုလုံးပါ ပျောက်ကွယ်နေခဲ့ပါတယ်''

မိုးကြယ်က ယခုတော့ နောင်တရ၊ အရှက်ရနေခဲ့လေပြီ။ အသိစိတ်လည်းဝင်လာခဲ့ပြီဖြစ်သည်။ မိမိကျူးလွန်ခဲ့သော အပြစ်များအတွက် ပေးသမျှအပြစ်ဒဏ်ကိုခံယူမည်ဟု ကြေကွဲစွာဖြင့် ပြောသည်။

လူကြီးများက မိုးကြယ်ကိုခေါ်ပြီး ဂူနက်ကြီးတောထဲကို သွားကြသည်။ သို့သော် သူကိုဦးအဂ္ဂခေါ်သွားခဲ့သည့် ဂူနက်ကြီးကို မတွေ့ရတော့ပါချေ။ မည်သို့ပဲ ပတ်ပြီးတော့ရှာရှာ မတွေ့နိုင်တော့။ ထို့ကြောင့် ... ဦးအဂ္ဂရော သူ့လူများရော၊ သူတို့ ကျရောက်ခဲ့သည့် တွင်းကြီးကိုလည်း မတွေ့နိုင်တော့ပါချေ။



မိုးကြယ်၏ ဇာတ်လမ်းကပြီးဆုံးသွားခဲ့လေပြီ။ ဗျူဟသည်လည်း မိုးကြယ်ကိုလက်ရဖမ်းပေးနိုင်ခဲ့သည့်အတွက် နာမည်ရသွားခဲ့သည်။ ဗျူဟ၏သတင်းသည် ကျောက်ဆင့်ရွာမှသာမက အခြားသောရွာများမှာလည်း ထင်ပေါ်သွားခဲ့လေသည်။ အထူးသဖြင့် အဖမ်းခံကြရသော မိန်းကလေးများ၏ရွာများတွင် ဗျူဟ၏ အမည်က ရေပန်းစားလျှက်ရှိနေသည်။

ဗျူဟကို ကျေးမှုရှင်ကြီးတစ်ဦးအနေဖြင့်သတ်မှတ်ကာ ရွာသို့အလည်ဖိတ်ခေါ်ကြသည်။ ကျွေးမွေးပြုစုကြသည်။ ထို့ကြောင့် အထူးပင်မျက်နှာပွင့်လန်းလျှက်ရှိနေလေသည်။ ထိုအခါ ဉတ္တရာသည်း ဗျူဟနှင့်ဆုံသော် ဤသို့စကားနာထိုးသည်။

"ဗျူဟ ... နင်ကတော့ တော်တော်စန်းပွင့်နေတယ်နော်၊ ဟိုရွာသည်ရွာက မိန်းကလေးတွေကလည်း ကိုဗျူဟ ကိုဗျူဟနဲ့ တော်တော်လေးကို အရေးပေးနေကြတယ်''


www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါကတော့ ငါက သူတို့ကို ကယ်တင်ခဲ့တာ ကိုး၊ ကျေးဇူးတင်ပြီးတော့ ဖိတ်ကြ၊ ကျွေးမွေးကြနဲ့လုပ်ကြတာ ပါဟာ၊ တစ်ရွာနဲ့တစ်ရွာလည်း ချစ်ချစ်ခင်ခင်ရှိသွားကြတာပေါ့၊ မကောင်းဘူးလား"

"ကောင်းတာပေါ့၊ အဲသည့်တစ်ရွာရွာက ကောင်မလေး တစ်ယောက်လောက်နဲ့ ငြိစွန်းသွားရင် ပိုပြီးမကောင်းဘူးလား။ အဟင်း ... ဟင်း ... "

ဥတ္တရာ၏မျက်နှာအမူအရာလေးက မချင့်မရဲလေးဖြစ်နေ သည်။

"ဩော် ... ဥတ္တရာရယ် ... ပေါင်းသင်းဆက်ဆံရေး ဆိုတာ သည်လိုပဲ အလိုက်အထိုက်တော့ ရှိရမှာပေါ့ ... ငါ စည်းမပေါက်ပါဘူး"

"ဟွန်း ... စည်းမပေါက်ဘူး။ ဟုတ်လား ... နင်ဘာကို ဆိုလိုတာလဲ ဗျူဠ"

"ငါ့ကို ဘယ်သူတွေ ဘယ်လိုပဲ ဦးစားပေးပေး၊ နင့်ထက် ပိုပြီးတော့ ခင်ရမယ့်သူမရှိဘူးဆိုတာ နားလည်ထားပါဟာ"

"နင်တကယ်ပြောတာလား ... တင်"

"တကယ်ပေါ့ဟ"

ဥတ္တရာ၏မျက်နှာလေးမှာ တိမ်ဖြူဖုံးအုပ်ထားခြင်းခံရခြင်း မှ ကင်းစင်သွားသော လမင်းနှယ် ဝင်းပသွားခဲ့ရသည်။

"ငါ့မိဘတွေကလည်း နင့်အပေါ်မှာ အရင်လိုမဟုတ်





တော့ပါဘူးဟာ၊ နင့်အပေါ်မှာ နားလည်လာကြပါပြီ၊ ကျေးဇူးတင် စကားပြောဖို့အတွက် ... "

"နေပါစေလေ၊ ငါ ကျေးဇူးအတင်မခံချင်ပါဘူး၊ ငါက သူတစ်ပါးကို ကိုယ်တတ်နိုင်တဲ့ အကူအညီကိုပေးလိုက်ချင်တယ်၊ အဲသည့်အတွက် ဘာကိုမှမမျှော်လင့်ဘူး၊ ကျေးဇူးအပိခံရမှာကို လည်း အကြောက်ဆုံးပဲ"

"ဟယ် ... နင်ကလည်း"

ဗျူဠ၏ပြတ်သားသောစကားကြောင့်ဥတ္တရာစိတ်မကောင်း ဖြစ်သွားသည်။ ဥတ္တရာ၏မိဘများသည် ကျေးဇူးစကားကို အိမ်မှ ထိုင်ပြီးပြောကောင်းပြောကြပေလိမ့်မည်။ ဗျူဠကိုသော်လည်း ကောင်း၊ အိမ်ကိုသော်လည်းကောင်း၊ လာရောက်ပြီး ပြောကြား ခြင်းမရှိကြပါ။ နဂိုက ဗျူဠအပေါ်မှာ ခင်မင်ရင်းနှီးစွဲရှိခဲ့သော ဥတ္တရာသည် သူမကိုကယ်တင်ခဲ့သည့် ကျေးဇူးအတွက် ပိုပြီး တော့ခင်မင်သွားမှာကို စိုးရိမ်မိသည်။ သဒ္ဒါလွန်၍ တဏှာကျွန် က မေတ္တာသက်ဝင်သွားကြမှာကို မလိုလား။

"ကျေးဇူး ... ကျေးဇူးသတ်သတ်ပဲ၊ ရင်းနှီးခင်မင်မှုက တော့ သည့်ထက်မပိုစေနဲ့သမီး"

ဟု မိဘများက အရိပ်အမြွက်ပြစကားဖြင့် သတိပေးကြ သည်။ ဗျူဠကလည်း သဘောပေါက်ရိပ်စားမိခဲ့လေသည်။

www.burmeseclassic.com

မိုးကြယ်ကိုစွပြီးကတည်းက မှဆိုးအမဲလိုက်အလုပ်ကို လုံးဝမေ့လျော့နေခဲ့သည်။ လနှင့်ချီပြီးတော့ ကြာသွားခဲ့လေသည်။ အဘိုးဖြစ်သူ ဦးတောင်ဖြိုက သမီးနှင့်သမက်ကို ...

"အင်း ... ငါ့မြေးတော့ မှဆိုးအလုပ်ကို စိတ်မဝင်စားတော့ဘူး၊ ပြတ်သွားပြီထင်တယ်"

"ပြတ်သွားရင်တော့ ကောင်းတာပေါ့ အဖေရယ်၊ သည်အကုသိုလ်အလုပ် တစ်ခါ တစ်ခါပေါ်လာတာ ဘဝင်မကျဘူး။ စိတ်မကောင်းဘူး။ ဘယ်တော့မှ မလုပ်ရင်ကောင်းမယ်အဖေ"

မသေးသွယ်က ဖျူ့ရှူတောထဲကိုမဝင်ပါစေနှင့်ဟုဆုတောင်းမိသည်။

"သေးသွယ်ရယ် ... သားက အရွယ်ရောက်လာပြီပဲ၊ အသိဉာဏ်လည်းရှိလာပါပြီ၊ စိတ်ပြောင်းချင်ပြောင်းသွားမှာပါ"

ခင်ပွန်းဖြစ်သူ ထွန်းအေးကလည်း သူ့သားစိတ်ပြောင်းသွားပြီဟု ထင်နေမိသည်။ သို့သော် ...





တစ်ရက်တွင် ဖျူ့ရှူအိပ်ပျော်နေစဉ် အိပ်မက်တစ်ခုကို မြင်မက်သည်။ အိပ်မက်ထဲမှာ တောထဲတွင် တောဝက်တစ်ကောင်ကို လိုက်နေသည်။ အစာစားနေသော တောဝက်ကိုမြားဖြင့်ပစ်လိုက်ရာ မြားမှန်ပြီးတော့ သေဆုံးသွားခဲ့လေသည်။ ဖျူ့ရှူသည် တောဝက်သေကိုထမ်းပြီး ရွာကိုပြန်လာခဲ့သည်။

ထိုအိပ်မက်က သူ့ကိုသတိပေးလိုက်သလို ဖြစ်သွားသည်။ မေ့လျော့နေသော မုဆိုးအင့်စိတ်သည် ပြန်ပြီးတော့ပေါ်လာခဲ့သည်။ တောထဲကို ဝင်ချင်စိတ် ဖြစ်ပေါ်လာမိသည်။ ချုပ်ခြင်းတပ်မှုကို မလွန်ဆန်နိုင်တော့။ ထို့ကြောင့် ... နံနက်မိုးမလင်းမီမှာပင် တောထဲကိုထွက်လာခဲ့သည်။ မိဘများက ဖျူ့ရှူကိုလည်း မတွေ့။ လေးနှင့်မြားစူး ကျည်တောက်ကိုလည်း မတွေ့တော့မှ ဖျူ့ရှူတစ်ယောက် တောထဲကိုထွက်သွားမှန်း သိလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးစိတ်ဝင်လာခဲ့ပြီဖြစ်သည်။ ဗျူဟ လေးကိုထမ်းကာ တောထဲကို တဖြည်းဖြည်းနှင့်ဝင်လာခဲ့သည်။ ယခုလိုအချိန်မျိုးတွင် ဗျူဟသည် အိမ်ကိုလည်း သတိမရတော့။ မည်သူ့ကိုမှလည်း ဂရုမစိုက်တော့။ သားကောင်ရရေးကိုသာ အဓိကထားသည်။ သို့မှသာလျှင် အာသာပြေမည်ဖြစ်သည်။ အာသာဆန္ဒဖြစ်ပေါ်နေသည့် သားကောင်က တောဝက်ပင်။ တောဝက်တစ်ကောင်ကောင်ကို ပစ်ခတ်ဖမ်းဆီးနိုင်မှ ကျေနပ်နိုင်မည်ဖြစ်သည်။ လမ်းတွင် အခြားသားကောင်များကို အမှတ်မထင်တွေ့ခဲ့ရသော်လည်း သူမပစ်ခတ်ခဲ့။

"နင်တို့ကံကောင်းသွားကြတယ်မှတ် ... "

အိမ်ကသာ ထွက်လာခဲ့ရသည်။ စားစရာဘာမှယူမလာခဲ့။ တောဝက်ကိုလည်းမတွေ့။ ဆာလောင်မွတ်သိပ်လာသောအခါ တောင်ပှက်ပျောများကိုသာ စားသောက်ရသည်။ စမ်းချောင်းမှ





ရေကိုသောက်သည်။ အာဟာရဖြည့်တင်းရသည်။ သစ်ပင်ကြီးတစ်ပင်အောက်မှာ ကျောမှီပြီးထိုင်ကာ တစ်ချက်ငိုက်မြည်းသွားခဲ့ရာ ...

"အစ် ... အစ် ... အစ်"

နားထဲတွင် အသံတစ်သံကို အမှတ်မထင်ကြားလိုက်ရသည်။ ဖျတ်ခနဲဆို လန့်နိုးလာသည်။ ဝက်တစ်ကောင်၏အသံပင်။ သူရှေ့တည့်တည့် ကုန်းဆင်းကလေး၏အဆင်းတွင် မြောင်းကြီးတစ်ခုရှိသည်။ ယင်းမြောင်းကြီးထဲမှ ထွက်ပေါ်လာသောအသံပင်။ ဗျူဟ၏ စိတ်ထဲမှာ တန်းခနဲသိလိုက်သည်။

"အစ် ... အစ် ... အု ... အု ... "

အသံကထွက်ပေါ်လာခဲ့ပြန်သည်။ လေးနှင့် မြှားကျည်တောက်ကို ကောက်ကိုင်လိုက်သည်။ ကျည်တောက်ထဲမှ မြှားရှူးတစ်ချောင်းကို ထုတ်ယူလိုက်သည်။ ကျည်တောက်ကို စလွယ်သိုင်းလွယ်သည်။ နေရာမှထ,လိုက်သည်။ တောင်စောင်းအောက်ကို တဖြည်းဖြည်းဆင်းသွားသည်။ ချုံကြီးတစ်ခု၏အကွယ်မှနေ၍ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

"အစ် ... အစ် ... အစ်"

တောဝက်က ဘာဖြစ်နေသလဲမသိ။ အော်သံက မကြာခဏ ထွက်ပေါ်လာနေသဲ။ ထို့ကြောင့် လေး၊ မြှားကို အသင့်ပြင်ထားလိုက်ရသည်။ မှန်းချက်ကမလွဲ၊ ရှေ့တည့်တည့် ကိုက်(၂၀)အကွာလောက်မှ မြက်ပင်များ ရုတ်တရက်လှုပ်ရှားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် သတ္တဝါတစ်ကောင်က ပြေးထွက်လာသည်။ ဝက်ခါးပတ်ကြားကြီးတစ်ကောင်ပင်။ ဗျူဟသည် တောဝက်ကြီးကိုမြင်လိုက်သော်လည်း တည်ငြိမ်သောစိတ်ဖြင့် လေးညို့မှာ မြှားကိုတင်လိုက်သည်။ ဝက်ကြီးက မည်သည့်အကြောင်းကြောင့်လဲမသိ။ ကမူးရှူးထိုးနှင့် တန်းပြီးတော့ ပြေးလာခဲ့သည်။

ဗျူဟနှင့် လွန်စွာမှ နီးကပ်လျက်ရှိသောအနေအထား။ သို့သော် သူ့ဒေါသနှင့်သူမို့ တောဝက်ကြီးက ဗျူဟကိုမြင်မှာမဟုတ်။ မြွေတစ်ကောင်ကောင်နှင့် တိုက်ခိုက်ပြီး မကျေမနပ်နှင့်ပြေးထွက်လာခြင်းလည်း ဖြစ်နိုင်သည်။ ဗျူဟသည် မြှားကြီးကိုတင်၍တင်းတင်းဆွဲလိုက်သည်။ ဝက်ခါးပတ်ကြားကြီးက နီးသထက်နီးလာခဲ့သည်။ တစ်ကိုယ်လုံးကို ထင်ရှားစွာမြင်လိုက်ရသောအချိန်တွင်

"ဝှစ်"

"ဒုတ် ..."

"အစ် ... အစ် ..."

မြှားစူးက ညို့မှကန်ကာ ထုတ်သွားသည်။ ဝက်ကြီး၏ လက်ပြင်နောက်ကို ဒုတ်ဒုတ်ထိသွား၍မှန်လေသည်။ သို့သော် တောဝက်ကြီးကား တစ်ချက်အော်ထွက်သွားကာ နောက်ကြောင်းကို ပြန်လှည့်ပြီးတော့ ပြေးသွားသည်။ ဗျူဟလည်း ချက်ချင်းပင် ပြေးပြီးတော့ လိုက်သွားခဲ့လေသည်။ မြှားဆိပ်ကပြင်းသည်။ ဝက်ကြီးသိပ်ပြေးနိုင်မှာမဟုတ်။ မကြာမီမှာ လဲကျသေဆုံးသွားနိုင်သည်။ သို့သော် ဗျူဟ၏အထင်က မမှန်။ တောဝက်ကြီးသည်





မြောင်ကြီးထဲကိုတောက်လျှောက်ပင် ပြေးဝင်သွားသည်။ ဗျူဟလည်း အပြေးကသန်သူမို့ တောက်လျှောက်ပင် လိုက်သွားသည်။ သို့သော် ... တောဝက်ကြီးကား လဲကျနိုး၊ လဲကျနိုးဖြင့် မြက်တောကြီးကိုဖြတ်ကာ တစ်ရှိန်ထိုးပြေးသည်။

"မင်းပဲပြေးနိုင်မလား၊ ငါပဲလိုက်နိုင်မလား"

ဗျူဟက ကြိမ်းဝါးပြီး တောက်လျှောက်လိုက်မြဲလိုက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## တောထဲက လူစိမ်းသုံးယောက်

ဝက်ခါပတ်ကြားကြီးသည် စမ်းချောင်းတိမ်တိမ်လေးကို လည်းဖြတ်သည်။ လွင်ပြင်ကိုလည်းဖြတ်သည်။ သစ်ပင်ကြီးပေါ် အကြိုအကြားမှလည်းကွေ့ကောက်ပြီးတော့ပြေးသည်။ မြွားတန်း လန်းနှင့် လျှောက်ပြေးနေခြင်းအတွက် အံ့ဩခြင်းဖြစ်မိရသည်။ မြွားဆိပ်မိနေလေရော့သလား။ သို့မဟုတ် အသွေးအသားထဲ မရောက်ဘဲ အဆီပြင်ကိုပဲ မြွားစူးက ဖောက်ဝင်ထားလို့လား။ မဖြစ်နိုင်။ သူ့ဓါးလေးကို သူကိုယ်တိုင်ကလွဲပြီး မည်သူမှမတင် နိုင်။ ကိုယ်ထဲကို ထိရောက်စွာဖောက်ထွင်းပြီးတော့ ဝင်နေခဲ့မည် မှာကေန်ပင်။

သို့သော် ...

တစ်နေရာကိုအရောက်တွင် လဲကျသေဆုံးနေသော တော





ဝက်ကြီးကို တွေ့လိုက်ရလေသည်။ အပြေးလိုက်လာသော ဖျူ့သည် ထိုအခါကျမှ သက်ပြင်းချမိရသည်။ ခြေပစ်လက်ပစ်ဖြစ် ကာ အမောဖြေမိသည်။ သည့်နောက် အမောပြေသောအခါ မိမိရောက်နေသောနေရာကို လှေ့လာကြည့်မိသည်။ သူမရောက် ဘူးသောနေရာဖြစ်နေသည်။ တောကျွံလာခဲ့ပြီကိုသိ၏။

"တော်တော်ဒုက္ခပေးတဲ့ငကဲပဲ၊ ဒဏ်ရာရပြီးတာတောင် သွေးဆူပြီး သည်အထိရောက်အောင်ပြေးလာတယ်"

ရှာနင့်ဝေးကွာလှသည်ကိုသိသည်။ သည်တောဝက်ကြီးကို သူတောက်လျှောက်သယ်နိုင်မှာမဟုတ်။ မည်သို့လုပ်ရမည်လဲဟု စဉ်းစားနေစဉ် ...

"ဟာ ... ကိုယ့်လူက တောဝက်တစ်ကောင်ရထားတာ ပါလား"

အသံတစ်သံက မမျှော်လင့်ဘဲ ထွက်ပေါ်လာသည်။ လှမ်း ပြီးကြည့်လိုက်ရာ သူ့ရှေ့တည့်တည့် မလှမ်းမကမ်းတွင်ရပ်နေ သော လူသုံးယောက်ကိုတွေ့လိုက်ရလေသည်။ ဖျူ့သည် သူ့ ကျောထက်မှာ အအိမ်နှင့်ထည့်ထားသော ဓါးရှည်ဆီကို လက်က ရောက်သွားသည်။

"ကျွန်တော်တို့က ရန်သူမဟုတ်ပါဘူး။ အမဲလိုက်ရင်း သည်ဘက်ကိုရောက်လာခဲ့တာပါ၊ ကျွန်တော်က ကျွဲကော်ရွာက သူတို့နှစ်ယောက်က မုန်ကျွရွာသားတွေ ... မောင်ချစ်၊ ဖိုးတီနဲ့ သေန်းပါ၊ ကျွန်တော့်နောက်လိုက်နှစ်ယောက်ဆိုပါတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာအမည်များကို မကြားဘူးပါ။ မိမိနှင့်လက်လှမ်းမမီသည့် ဝေးလံသီခေါင်သောနေရာမျိုးမှာ ရှိနေသည့်ရွာများလည်း ဖြစ်နိုင်သည်။

"ကဲ ... ထားပါတော့၊ ခင်ဗျားတို့လည်း သားကောင်ရှာရင်း ခြေကုန်လက်ပန်းကျလာတယ်နဲ့တူတယ်၊ အပန်းဖြေအနားယူကြပါဦး၊ ကျွန်တော်ကတော့ ကျောက်ဆင့်ရွာကပါ"

ဖျူလှသည် ထိုသူသုံးယောက်ကိုထပ်ပြီးတော့ အကဲခတ်လိုက်သည်။ ထို့နောက် သူ့ဝက်ကြီး၏နောက်ကို မည်ကဲ့သို့လိုက်ခဲ့ရကြောင်းကိုလည်း ပြောပြလိုက်သည်။

"ကျောက်ဆင့်ရွာက သည်ကနေ တော်တော်လှမ်းမယ်ဗျ အကောင်ကြီးကကြီးတယ်၊ ကျွန်တော်တို့ ဝိုင်းသယ်ပေးပါ့မယ်"

"မသယ်တော့ဘူးဗျာ၊ အားလုံးပင်ပန်းမယ် ... လမ်းမှာ ခရီးထောက်မယ်"

ဖျူလှ၏စကားကြောင့် နားမလည်နိုင်အောင် ဖြစ်သွားခဲ့ကြရသည်။

"ဒါဆိုရင် ... ခင်ဗျားက ... "

"ဖျက်မယ်ဗျာ၊ သည်မှာပဲ စားကြမယ် ... မိုးကချုပ်စပြုပြီလေ ... ကျွန်တော်တို့ပြန်ရင်း ... တောခွေးတွေနဲ့တိုးမှာပဲ ခုတလော စမ်းပေါက်မြောင်ဘက်မှာတောခွေးအုပ်စုသောင်းကျန်းနေကြတယ်၊ သည်သတ္တဝါတွေက မိုးချုပ်စပြုတာနဲ့ သားရဲကျင်းထဲက ထွက်ကြတာဗျာ၊ ရွာပြန်ရင် ကျွန်တော်တို့နဲ့တိုးမှာကျိန်း





သေတယ်၊ မြေကြီးလက်ခတ်မလွဲပဲ"

"ဟုတ်တယ် ... သည်သတ္တဝါတွေ တော်တော်အတင့်ရဲနေကြတယ်၊ အန္တရာယ်ရှိတယ်၊ ပြန်လို့မဖြစ်တော့ဘူး၊ ခင်ဗျားပြောတာမှန်တယ်"

မောင်ချစ်က ဖျူလှ၏စကားကို လက်ခံလိုက်သည်။ မိုးလည်းချုပ်စပြုလာခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဝက်သေကောင်ကြီးကို အူအသည်းထုတ်ကာ တံစို့ထိုးပြီး မီးကင်ကြသည်။ အားလုံးကိုတော့ ကုန်အောင်စားနိုင်ကြမှာ မဟုတ်။ မောင်ချစ်က ဝမ်းတွင်းကလီစာများကို မနီးမဝေးရှိ စမ်းချောင်းမှာရေစင်စင်ဆေးကာ တံစို့ထိုးပြီး ဝက်ကောင်ကြီးနှင့်အတူ မီးကင်ထားလိုက်သည်။ တောထဲမှာ ချက်စရာ၊ ပြုတ်စရာ အိုးခွက်များကမရှိ၍ သည်လိုပဲ မီးကင်ထားလိုက်ခြင်းပင်။

မောင်ချစ်တို့တွင် ဘူးခြောက်ဖြင့်ထည့်ယူလာသော သေရည်များပါလာခဲ့ကြသည်။

"ကိုဗျူ ... လုပ်ဗျာ ... ဝမ်းတွင်းသားကင်လေးနှင့်မြည်းကြတာပေါ့"

"ကျွန်တော် မသောက်တတ်လို့ပါဗျာ"

ဗျူက ပြတ်သားစွာပင်ပြောလိုက်သည်။ မောင်ချစ်နှင့် သူ့လူများသည် အံ့အားသင့်သွားခဲ့ကြလေသည်။ မိုးတီသည် ဗျူကို လက်ညှိုးထိုးပြီး ...





"ခင်ဗျားက မုဆိုးလုပ်ပြီး အရက်မသောက်ဘူး၊ ဟုတ်လား ... ဘာလဲ ခင်ဗျားက မုဆိုးသူတော်ကောင်းကြီးလား"

"ဖြန်း ... "

"အား"

ဗျူက သူ့ကိုလက်ညှိုးထိုးပြီးပြောလာသော မိုးတီ၏လက်ကို လက်ဝါးဖြင့် ပစ်ရိုက်ထည့်လိုက်သည်။ ပြင်းထန်သော ရိုက်ချက်ကြောင့် လက်ဖျံတစ်ခုလုံး နာကျင်သွားခဲ့ရသည်။ လက်မောင်းတစ်ခုလုံးသည်လည်း ကျင်စက်နှင့်အတို့ခံလိုက်ရသလို ခံစားသွားခဲ့ရသည်။

"ငါဘာသာငါ မကြိုက်လို့မသောက်တာ၊ မင်းကလက်ညှိုး ထထိုးထိုးနဲ့ ရိုစရာမလိုဘူး"

ဗျူက လေသံမာမာဖြင့် ပြောလိုက်သည်။ မိုးတီသည် ဗျူကို မကျေနပ်သလိုကြည့်သည်။ သူ့မျက်နှာသည် မီးရောင်ဟပ်မှုကြောင့် နီလိုက်၊ ဝါလိုက်နှင့်ဖြစ်နေသည်။ မျက်လုံးတွေကလည်း စူးလ…်တောက်ပလျှက်ရှိနေကြသည်။

"ဘာလဲ မင်းကငါ့ကိုမကျေနပ်ဘူးလား၊ ကဲ ... လာထ ... မင်းနဲ့ငါနဲ့ နစ်ယောက်ချင်းရှင်းကြမယ်"

ဗျူက နေရာမှ ဆတ်ခနဲဆို ထ,လိုက်သည်။ စောစောက သိမ်မွေ့သောအမူအရာရှိနေသလောက် ယခုတော့ ကျားတစ်ကောင်ပမာ ဟိန်းဟောက်သလိုပြောနေသည်။ ပြောင်းလဲမှုကမယုံကြည်နိုင်လောက်အောင်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် ... ကျွန်တော် တောင်းပန်ပါတယ်ကိုဇူလွှ သည်ကောင် အပြောမတတ်လို့ဖြစ်ရတာပါ စိတ်မဆိုးပါနဲ့"

"ကျုပ်ကို လက်ညှိုးထိုးပြီး ဘယ်သူမှ[illegible]ဘူး၊ မင်း ဇူလွှအကြောင်းမသိသေးဘူးထင်တယ် ... တောထဲ တောင်ထဲ တစ်ယောက်တည်း၊ နေ့ညမရွေးသွားလာနေတဲ့ကောင်၊ သရဲလည်းမကြောက်ဘူး၊ တစ္ဆေလည်းမကြောက်ဘူး ... တစ္ဆေသားလည်းစားရဲတယ်ကွ၊ မင်းကိုယ်တိုင်တောင်းပန်၊ မတောင်းပန်ရင် ကိုယ့်အလောင်းကိုယ်ထမ်းပြီးတော့ ပြန်ကိန်းဆိုက်သွားရစေမယ်"

"ဟော့ကောင် ဖိုးတီ ... မင်း ... တောင်းပန်လိုက်၊ မင်းမှားတာ"

သေနီးဆိုသူက ဖိုးတီကို ငေါက်ငန်းကာပြောလိုက်သည်။

"ကျွန် ... ကျွန်တော်၊ တောင်းပန်ပါတယ်ဗျာ၊ နောက်ကိုလည်း သည်လိုမဖြစ်စေရပါဘူး"

"ကောင်းပြီ ... အေးအေး ဆေးဆေးစားကြ၊ သောက်ကြ၊ ကိုယ်နဲ့မဆိုင်ရင် ဘာမှဝင်မပြောနဲ့ ..."

ဇူလွှသည် အသားတစ်မြှောင်းကို စားနှင့်လှီးဖြတ်လိုက်သည်။ ထို့နောက် သစ်ပင်၊ ပင်စည်ကိုမှီကာ တမြုံမြုံနှင့်ဝါးနေလိုက်သည်။ သို့နေရင်းက သူ့စိတ်သည် ခက်ထန်နေရာက တဖြည်းဖြည်းနှင့်လျော့ကျလာသည်။ ဇူလွှဆေးထိုးထားသောကြောင့် တစ်ခါတစ်ခါ စိတ်အလိုမကျရင် ဤသို့ဖြစ်တတ်သည်





ပဲလား၊ စိတ်ငြိမ်သွားသောအခါတွင် လူလည်းအေးအေးဆေးဆေး ဖြစ်သွားခဲ့သည်။ စောစောက ဒေါသထွက်ခဲ့သည်များကိုပင် ပြန်ပြီးတော့ သတိမရတော့။ လူသုံးယောက်ကတော့ ဇူလွှကိုရှိန်သွားခဲ့ကြသလိုပင်။

ထိုသူတွေသည် အသားကင်များကို တစ်မြှောင်းပြီးတစ်မြှောင်းလှီးဖြတ်ပြီးတော့ စားနေကြသည်။ ညနေစာအတွက် ဆာလောင်မွတ်သိပ်မှုကို ဖြေသိပ်နေကြခြင်းပင်။ မီးကင်ထားသောကလီစာများလည်း သူတို့ဝမ်းထဲသို့ရောက်သွားကုန်ကြလေပြီ။ တော်တော်စားနိုင်ကြတဲ့သူတွေပဲဟု ဇူလွှကကြည့်ပြီး စိတ်ထဲမှာတစ်မျိုးတစ်မည်ဖြစ်လာခဲ့သည်။

"ခင်ဗျားတို့သုံးယောက်က တော်တော်စားနိုင်ကြတာပဲနော်၊ ဒါပေမဲ့ ခင်ဗျားတို့သုံးယောက်လောက်ကတော့ ကျွန်တော်ကအပျော့ပေါ့"

ဟုဆိုကာ အသားကင်ကိုဓားနှင့်လှီးဖြတ်ကာ ပလုတ်ပလောင်းနှင့်စားပြနေသည်။ ပါးစပ်ထဲမှာကုန်သွားလျှင် နောက်ထပ်လှီးဖြတ်ကာ အငမ်းမရပင်စားသည်။ ဇူလွှကိုကြည့်ပြီး ထိုသူများပင် မျက်လုံးပြူးလာခဲ့ကြလေသည်။ တံစို့ထိုးကာ ကင်ထားသောအသားများကလည်း အနည်းငယ်မျှလောက်သာ ကျန်တော့သည်။

"ဟော့လူ ... ခင်ဗျား၊ ကျွန်တော်တို့ထက်ပိုပြီးတော့ စားနိုင်တာ ယုံပါပြီဗျာ၊ ကျွန်တော်တို့ဖို့လည်း ချန်ထားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်က တောင်းတောင်းပန်ပန်နှင့်ပြောသည်။ ဗျူဟ က ဘာမှပြန်မပြော။ ဟးသောက်ခြင်းကိုတော့ ရပ်လိုက်သည်။ ထိုစဉ် အမှောင်ရိပ်တစ်နေရာမှ ထွက်လာသော သတ္တဝါတစ် ကောင်။

"ဖျော ... ဖျော ... ဖျော"

တောတိုးပြီးတော့ ထွက်လာသည်။ ဗျူဟသည် ဓားကိုလက် နှင့်စမ်းလိုက်သည်။ အားလုံးက ထိုသတ္တဝါန်ကိုပဲ စူးစိုက်ပြီးတော့ ကြည့်နေကြသည်။ ထိုသတ္တဝါသည် မလှမ်းမကမ်းဆီကိုရောက် လာခဲ့သည်။ မီးဖိုမှမီးရောင်အောက်မှာ တွေ့လိုက်ရသည်က ခွေးနက်ကြီးတစ်ကောင်။ မလှမ်းမကမ်းတွင် ဆောင့်ကြောင့်ထိုင် ကာ သူတို့ကိုစူးစိုက်ပြီးတော့ ကြည့်နေသည်။ ဗျူဟက အသား တစ်မြှောင်းကိုလှီးဖြတ်လိုက်ကာ ခွေးနက်ကြီးကို ပစ်ကျွေးလိုက် လေ၏။

အသားတုံးကကြီးမားရှ် အားပါးတရပင် စားနေလေသည်။

ထိုစဉ် ...

တစ်ယောက်က အမှတ်မထင်ဓားမြှောင်နှင့် ပစ်ပေါက် ထည့်လိုက်၏။ ခွေးနက်ကြီးက ရှောင်တိမ်းချိန်မရလိုက်။ ဓားက ရှေ့လက်(ရှေ့ခြေထောက်)တစ်ဖက်ကို ရုပ်ထိသွားခဲ့သည်။ ခွေး နက်ကြီး၏ရှေ့ခြေတစ်ဖက်သည် ဓားသွားထိကာ ဒဏ်ရာရသွား ခဲ့လေ၏။ ထို့နောက် ချက်ချင်းပင် နေရာမှထ,ပြီးတော့ ပြေးထွက် သွားခဲ့သည်။ ဓားဖြင့်ပစ်လိုက်သောသူမှာ အခြားသူမဟုတ်။





ဖိုးတီပင်။

"မင်း ... တော်တော်လက်မြောက်နေပါလား ဖိုးတီ၊ တောထဲ တောင်ထဲမှာ မင်းစိတ်ထင်တိုင်း လုပ်ချင်ရာလုပ်လို့ မရဘူးကွ"

"ကိုဗျူဟ သည်ကောင့်အစား ကျွန်တော်ပဲ တောင်းပန် ပါတယ်ဗျာ"

မောင်ချစ်က ဗျူဟအပေါ်မှာ ပျာပျာသလဲပင်။ ဗျူဟကတော့ စိတ်ပျက်လက်ပျက်ဖြစ်ကာ မျက်နှာကိုတစ်ဖက်သို့ လွှဲလိုက် သည်။ စောစောကခွေးနက်ကြီးသည် ဘယ်ဆီကိုရောက်သွားမှန်း မသိလိုက်။ နောက်တစ်ဖန် ပြန်လာတော့မှာမဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com

ညဥ့်သည် တဖြည်းဖြည်းနှင့်ရင့်လာသည်။ တစ်တောလုံး မှောင်မည်းကာ တိတ်ဆိတ်မှုတို့ဖြင့် ကြီးစိုးနေလျှက်။ မြေပိုး ကောင်လေးများ၏ အော်မြည်သံများကသာ တစ်ချက်တစ်ချက် မှာ ထွက်ပေါ်လာခဲ့သည်။ ဝက်တစ်ကောင်လုံးကင်ထားရာ တိုင် နှစ်တိုင်သာလျှင် ကျန်ရစ်ခဲ့သည်။ အားလုံးစားပစ်လိုက်ခဲ့ကြ သည်။

အရိုးများက ဘေးမှာ ပုံနေကြသည်။ ထိုသူများသည် မုဆိုးများဟုသာပြောကြသည်။ သားကောင်မရှာတတ်သော မုဆိုး ပါးမဝသည့်သူများဖြစ်နေကြသလားမပြောတတ်။

လူသုံးယောက်သည် မြေလွှာပေါ်မှာ အသေအချာပင် အိပ်ပျော်လျှက်ရှိနေကြသည်။ ညဘက်မှာ အစာရှာထွက်တတ် ကြသည့်သားကောင်ရိုင်းကြီးများ၏ အန္တရာယ်ကိုပင် ဂရုမစိုက် ကြတော့။ ဖျူသည် မှတ်၊ ခြင်၊ ယင်များတသောသောနှင့် ရောက်လာကြသည့်အတွက် ထင်းခြောက်များကို များများထည့်





သည်။ ထိုအခါ မီးတောက်ကြီးက ဟုန်းခနဲဆို တက်လာခဲ့ကြ သည်။

ားကိုရင်ဘတ်ပေါ်တင်ကာ လက်နှစ်ဖက်နှင့်ပိုက်ထား ရင်းက မှေးခနဲဆိုဖြစ်သွားခဲ့လေသည်။ ခဏခဏနိုးလာတတ် သည်။ နှစ်ခြိုက်စွာအိပ်မပျော်။ တစ်ကြိမ်တွင် စိတ်လွှတ်ထွက် သွားကာ မေ့ခနဲဆို အိပ်ပျော်သွားမိခဲ့သည်။

"ဖြောင်း ... ဝုန်း ..."

ဆူညံစွာထွက်ပေါ်လာသောအသံများကြောင့် ဖျတ်ခနဲဆို လန့်နိုးလာခဲ့သည်။ အသံကငြိမ်သွားပြန်သည်။ မိမိပဲ အိပ်မက် က်သလားဟု စဉ်းစားနေဆဲမှာပင် ...

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း"

တဖြောင်းဖြောင်းနှင့်အသံများကို ကြားလာခဲ့ရပြန်သည်။ သည်တစ်ခါတော့ ဆက်တိုက်ပင်ထွက်ပေါ်လာခဲ့သည်။ ဖျူသည် အသံများထွက်ပေါ်လာရာဘက်ဆီကို မှန်းဆပြီးတော့ ကြည့်မိ လိုက်သည်။ ဝန်းကျင်ပတ်ကုန်းသည် မှောင်နှင့်မည်းမည်းသာ လုံးယောက်ကတော့ တုတ်တုတ်မျှပင်မလှုပ်။ အိပ်နေလိုက်ကြ သည်မှာ အသေကောင်ကြီးတွေလိုပင်။

"ဟာ ... သည်လူတွေ၊ ဒီလောက်ဆူညံနေတာတောင် နိုးကြပါလား၊ ဟေ့ ... ဟေ့လူတွေ၊ ထကြစမ်း၊ ဘာသံတွေ သံမသိဘူး"

တိတ်ဆိတ်သောညကို ဖျူ၏အသံက ဖောက်ထွင်းသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သို့သော် ထိုသူများမှာ နိုးဖို့နေနေသာသာ၊ လှုပ်ပင် မလှုပ်ကြ။ ထိုအခါ ဗျူဟမှာ မနေသာတော့ နေရာကထ,လိုက် သည်။ ရှေးဦးစွာ မောင်ချစ်၏လက်မောင်းကိုကိုင်ကာ လှုပ်နှိုး သည်။

"ဟေ့လူ ... ဟေ့လူ ... ထ ... ထစမ်း မြန်မြန်"

သူကိုင်လိုက်သောလက်မောင်းသည် အေးစက်နေသည်။ ထို့ကြောင့် လန့်သွားကာ လက်ကိုဆတ်ခနဲ ရုပ်မိလိုက်သည်။ သူတို့ကိုယ်က ဘာကြောင့် ဒါလောက်တောင် အေးစက်နေရ တာလဲ။ နောက်နှစ်ယောက်ကိုလည်း စမ်းကြည့်မိသည်။ ဤ အတိုင်းပင် အေးစက်စက်ဖြစ်နေကြသည်။ အသံများက နိုး သထက်နိုးကပ်လာခဲ့ကြပြီဖြစ်သည်။

"ဟေ့ ... ဟေ့လူတွေ၊ ထစမ်း၊ ထကြစမ်း ... ဘယ်လို ဖြစ်လို့ ဒါလောက်တောင် သောက်အိပ်ကြီးနေကြရတာလဲ"

စိတ်မရှည်နိုင်တော့ဘဲ ခပ်ကြမ်းကြမ်းဆောင့်ဆွဲပြီး နှိုးမိ လိုက်တော့မှ ... လန့်ဖြန့်ပြီးတော့ နိုးလာခဲ့ကြသည်။

"ဘာ ... ဘာလဲ ကိုဗျူဟ"

"ဘာလဲ ဟုတ်လား ... မကြားကြဘူးလား"

သူတို့ငြိမ်သွားကြသည်။ ဆူညံနေသောအသံများက နား တွေထဲကိုဝင်လာခဲ့ကြသည်။

"ဟာ ... ဘာ ... ဘာသံတွေလဲ"

ဗျူဟက သူတို့ကိုလှမ်းမပြောတော့။ တမြုန်းမြုန်းတဒိုင်းဒိုင်း



BURMESE CLASSIC .com



ငှ်ပြေးလာနေကြသောအသံများသည် တောဆင်အုပ်တွေပဲလား။ ဆင်ရိုင်းတွေပဲ အုပ်နှင့်ချီပြီးတော့ ပြေးလာစရာအကြောင်းရှိသည်။ တောခွေးတွေလည်း ဖြစ်နိုင်သည်။ သို့သော် တောခွေးတွေက လိုပြောင်းဆန်သောအသံများဖြင့် ပြေးလာကြာမှာမဟုတ်ကြ။ ည်ကောင်တွေက အင်မတန်ခြေလုံကြသည်။ အနံ့ခံကောင်း သားကောင်များသည်သာ တောခွေးရိုင်းများ၏ရန်ကို ရှကြ သည်။ တောခွေးများအမှန်ဆိုလျှင် အုံနှင့်ကျင်းနှင့်လာတတ်ကြ သည်။ အနည်းဆုံး ကောင်ရေ ငါးဆယ်လောက်ရှိတတ်သည်။ တော့ ... သားကောင်ကို ဘေးပန်းမှဝိုင်းဝန်းပြီး ပတ်ဝိုင်း တတ်သည်။ ပြေးပေါက်မရှိအောင် ပိတ်ထားတတ်သည်။ ဤ အတိုင်းဆိုလျှင် ထိုသတ္တဝါများ၏ရန်ကို ရှောင်တိမ်းနိုင်မှာမဟုတ်။

အသံများသည် နိုးသထက်နိုးကပ်လာကြပြီဖြစ်သည်။ နား ထဲမှာဗလုံးဗထွေးနှင့် ရောနှောနေသော ခြေသံများကိုပင် ကြား ခဲ့ရသည်။ ဗျူဟသည် မည်ကဲ့သို့ထွက်ပြေးရပါမည်နည်း။ သူကိုခုခံတိုက်ခိုက်ရန်ကမလွယ်။ ထို့ကြောင့် ... မိမိမှီနေသည့် ပင်ကြီးကို မော့ကြည့်လိုက်သည်။ မြင့်မားသည့် အကိုင်း ကတွေက တွတ်ခိုင်သည်။ သူ စိတ်ပိုင်းဖြတ်လိုက်သည်။ နှင့်မြားကျည်တောက်ကို ပခုံးထက်မှစလွယ်သိုင်းလိုက်သည်။

"ဟေ့လူတွေ ... တောခွေးတွေဖြစ်နေလိမ့်မယ်၊ ကျုပ်တို့ နိုင်မှာမဟုတ်ဘူး၊ အသားကင်နံ့ရလို့ လိုက်လာကြတာလည်း နိုင်တယ် ... အစာရှာမရလို့ ဝေါ်ပြတ်နေတဲ့ကောင်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်တယ် ... သစ်ပင်ပေါ်ကိုတက်နေကြ''

ဖျူလူက လှံသုံးယောက်ကိုသတိပေးလိုက်သည်။ သူကိုယ်တိုင်လည်း သစ်ပင်ကြီးပေါ်ကို ဖက်တွယ်ပြီးတော့ တက်သွားခဲ့လေ၏။ တစ်ခဏအတွင်းပင် အမြင့်ပိုင်းတစ်နေရာဆီကို ရောက်သွားခဲ့သည်။ အောက်ကိုငုံ့ကြည့်လိုက်သည်။ ထိုသူများလိုက်တက်လာလိမ့်မည်ဟုထင်သည်။ သို့သော် ... တစ်ယောက်မှ လိုက်တက်မလာကြ။ မောင်ချစ်က မီးဖိုထဲကို ထင်းခြောက်များထည့်နေသည်။ မီးကျီခဲရဲရဲသာရှိနေရာမှ မီးတောက်များက ဟုပ်ခနဲဆိုထပြီးတော့ တောက်လာသည်။ အလင်းရောင်က ဝန်းကျင်ကို ထင်ဟပ်သွားခဲ့လေ၏။

''ဟေ့ ... ဟေ့လူ၊ ခင်ဗျား ဘာလုပ်နေတာလဲ၊ တောခွေးတွေကို လမ်းပြနေတာလား ... တော်တော်ရူးမိုက်ကြတာပဲ သစ်ပင်ပေါ်ကို မြန်မြန်တက်ကြလေ''

ဖျူလူက သစ်ပင်ပေါ်မှ စိတ်ပေါက်ပေါက်နှင့်အော်ဟစ်ပြီးတော့ သတိပေးလိုက်သည်။ သို့သော် ... ထိုသုံးယောက်က ထင်းခြောက်များကိုသာ မီးပုံထဲပိုင်းပြီးတော့ ထည့်နေကြသည်။ မီးတောက်ကြီးက တစ်ရှိန်ထိုးပင်တက်လာခဲ့လေပြီ။

''ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း''

တောတိုးသံများက တဖြောင်းဖြောင်းနှင့် ပိုပြီးတော့ ကျယ်လောင်လာကြသည်။ နီးကပ်လာခဲ့သည်။ ဖျူလူသည် သစ်ပင်အောက်မှသုံးယောက်ကို နားမလည်နိုင်စွာပင် ငုံ့ကြည့်နေခဲ့၏။





''ဟေ့ ... ဟေ့လူတွေ၊ ပြောနေတာ မကြားဘူးလား၊ အပင်ပေါ်ကိုတက်ကြလေဗျာ။ ဘာဖြစ်လို့ ထင်းမီးကိုထပ်တလဲလဲနဲ့ထိုးနေရတာလဲ''

''ဗျို့ ... မီးရောင်ရှိမှ အကောင်ဘလောင်တွေကို မြင်နိုင်မှာပေါ့ဗျ''

''ဒါဖြင့် ... ခင်ဗျားတို့က သည်သတ္တဝါတွေကို ခုခံတိုက်ခိုက်ကြမလို့လား၊ ဘာနဲ့တိုက်ခိုက်ကြမှာလဲ''

''မတိုက်ပါဘူး ... ခုပဲ သစ်ပင်ပေါ်ကို တက်လာတော့မှာပါ''

သူတို့ သစ်ပင်ဆီကိုပြေးလာခဲ့ကြသည်။ ထိုစဉ်မှာပင်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)
## ငရဲခွေးကြီးတွေလား

BURMESE CLASSIC .com

ဗျူ သစ်ပင်ပေါ်မှလှမ်းပြီးတော့ မြင်လိုက်ရသည်ကား မည်းမည်း မည်းမည်းနှင့်လာနေကြသည့် သတ္တဝါများပင်တည်း။ ပျံ့လွင့်နေသောမီးအလင်းရောင်ကြောင့် ... တစ်ကောင်ခြင်းပင် မြင်တွေ့နေရသည်။ တောခွေးများပင်တည်း။ သို့သော် ဗျူ အံ့အားသင့်သွားခဲ့ရသည်။ သာမန်ခွေးထက်ပိုပြီးတော့ကြီးမား သောကိုယ်ခန္ဓာမျိုးရှိကြသည်။ မြင့်မားသောအရပ်မျိုး။ ခေါင်းက ကြီးသည်၊ ပါးစပ်ကြီးတွေကို အစွယ်ဖွေးဖွေးပေါ်သည့်အထိ ဖြဲထားလိုက်ကြသည်မှာ မြင်ရသူ ကျောချမ်းစရာကောင်းလှ သည်။ ထို့ပြင် ခွေးအားလုံးသည် အနက်ရောင်များသာတည်း။

တောခွေးသည် ဤမျှလောက်မကြီးထွားကြပေ။ မည်သည့်နေရာတွင်ကျက်စားနေထိုင်ကြပြီး၊ မည်သို့ရောက်လာကြ သနည်း။ ထိုအခါကျ သစ်ပင်အောက်မှလူသုံးယောက်တို့သည်





အပင်ပေါ်ကို အလုအယက်တက်ရန် ကြိုးစားကြသည်။ သို့သော် သူတို့အတွက် ကံကြမ္မာကမျက်နှာသာမပေးခဲ့ပါ။ အကြောင်းမှာ တောခွေကြီးများသည် ချက်ချင်းလိုလိုအနားရောက်လာကြသည်။ လုံးခါးစောင်းတမျှကြီးမားသော ခွေးနက်ကြီးများသည်၊ ငရဲခွေး ကြီးများလားဟုပင် ထင်မှတ်ရသည်။

အဝေးကနေ၍ပင် လွှားခနဲ၊ လွှားခနဲဆိုခုန်အုပ်လာခဲ့ကြ သည်။ ထိုသုံးယောက်အပေါ်သို့ တစ်ကောင်ပြီးတစ်ကောင်ကျ သွားခဲ့ကြသည်။

"အား" "အား" "အား"

အလန့်တကြားအော်ဟစ်သံများသည် ဆူညံသွားခဲ့ကြ သည်။ ခွေးနက်ကြီးများသည် ထိုသူများကိုကုပ်မှနေ၍တစ်ကောင် ပြီးတစ်ကောင်ကိုက်ချီကာ ဆွဲသွားခဲ့ကြသည်။

"ဟာ"

ဗျူသည် ထိုသူများ၏ကံကြမ္မာကိုမြင်လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားခဲ့ရသည်။ မည်သို့ကူညီရမှန်းပင်မသိ တော့ချေ။

"အား ... ကယ်ကြပါ ... ကယ်ကြပါ"

ထိုသူသုံးယောက်သည် ငယ်သံပါအောင်အော်ဟစ်ကြရင်း ခွေးနက်ကြီးများ ဆွဲခေါ်ရာကိုပါသွားခဲ့ကြသည်။ ဗျူသည်သစ်ပင် ပေါ်မှနေ၍ မြားကိုပြင်လိုက်မိသေးသည်။ အောက်မှအလင်း ရောင်ကြောင့် ... အဖြစ်အပျက်များကို ပြတ်သားရှင်းလင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့နေရလေသည်။ ထိုနောက် မြားစူးများကို တစ်ချောင်းပြီးတစ်ချောင်းပစ်လွှတ်သည်။

''ဝှစ် ... ဝှစ် ... ဝှစ်''

လူတစ်ယောက်ကိုဆွဲချီသွားသော ခွေးနက်ကြီးတစ်ကောင်၏ကိုယ်ကိုမလွဲပင်ထိမှန်သည်။

''ဒုတ်''

သို့သော်ခွေးနက်ကြီးသည် ဒဏ်ရာရသွားသည့်တိုင် ကျားတစ်ကောင်အလား သားကောင်ကိုကိုက်ချီကာ ... ဆွဲပြေးသွားသည်။

နောက်ထပ်ကျန်သည့်နှစ်ယောက်ကိုလည်း ခွေးနက်ကြီးနှစ်ကောင်က တစ်ပြိုင်တည်းလိုလိုပင် ခုန်အုပ်လိုက်ကြသည်။ ထိုသူများမှာ ခုခံဖို့နေနေသာသာ၊ လက်လှုပ်၊ ခြေလှုပ်ရန်ကိုပင် မတတ်နိုင်ကြ၊ ခွေးနက်ကြီးများ၏ကိုက်ချီဆွဲခေါ်ရာကို ပါသွားခဲ့ကြသည်။

''အား''

''အား''

ဗျူဟသည် ထိုသူများအတွက်စိတ်မကောင်းဖြစ်သွားခဲ့ရသည်။ ထို့ကြောင့် မီးရောင်အောက်မှာ မြင်သမျှခွေးနက်ကြီးများကို လေးဖြင့်ပစ်ခတ်သည်။ လက်ကဖြောင့်သည်။ ပစ်မလွဲပင်။ ခွေးနက်ကြီးများက ... အော်ဟစ်ရင်းမြားတန်းလန်းဖြင့် ထွက်ပြေးသွားခဲ့ကြသည်။





''အူး ... ဝူး''

ခွေးနက်ကြီးများကအော်ဟစ်ပြီးတော့ ထွက်ပြေးသွားခဲ့ကြသည်။ အချို့ခွေးနက်ကြီးများသည် သစ်ပင်အောက်မှနေ၍ ပါးစပ်ကြီးများကို အစွယ်ဖွေးဖွေးပေါ်ကြသည်အထိဖြဲကာ ခြိမ်းခြောက်၊ ဟိန်းဟောက်ကြသည်။ အချို့သစ်ပင်ပေါ်ကိုတက်ရန် ကြိုးစားကြသည်။ ပင်စည်ကိုလက်နှစ်ဖက်ဖြင့်ထောက်ကာ ဖက်တက်ရန်ကြိုးစားကြသည်။ သို့သော် ဗျူဟဆီတွင် မြားစူးများကကုန်သွားခဲ့ကြလေပြီ။ အောက်မှဖြစ်ပျက်နေကြသော ခွေးနက်ကြီးများကိုကြည့်ပြီးတော့ အသည်းတယားယားနှင့်ဖြစ်နေရသည်။

''တောက်''

ပါးစပ်ကြီးတွေဖြဲကာ ခေါင်းမော့ပြီးတော့ ခြိမ်းခြောက်၊ ဟိန်းဟောက်နေကြသော ခွေးနက်ကြီးများ အပေါ်မှငုံ့ကြည့်နေရင်းက ... အသည်းတယားယားနှင့်ရှိနေရသည်။ ဖြစ်နိုင်လျှင်အောက်သို့ခုန်ဆင်းပြီး နပန်းဖက်လုံးလိုက်ချင်သည်။ ဖြဲဟနေသောပါးစပ်ကြီးကိုတွေ့လို့ လက်နှစ်ဖက်နှင့်ဆွဲဖြဲလိုက်ချင်သည်။ ကြမ်းတမ်းခတ်ထန်သောစိတ်က ဝင်လာခဲ့လေပြီ။

ထို့ကြောင့် တစ်ကြိမ်ကြိမ်မှာ သတိလက်လွတ်ဖြစ်သွားက အောက်သို့ခုန်ချချင်စိတ်များက ဖြစ်ဖြစ်သွားခဲ့ရသည်။ ထိုသို့ဖြစ်ပေါ်လာခဲ့လျှင် စိတ်ကိုမနည်းကြီးထိန်းထိန်းထားရသည်။ နားထဲသို့ တစ်ယောက်ယောက်ကတိုက်တွန်းနေသလို အသံများက ဝင်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်၊ ခုန်ဆင်းလိုက်၊ ခုန်ဆင်းလိုက်"

"မဆင်းဘူးကွာ၊ မဆင်းဘူး"

ထိုအခါ မခံချင်စိတ်ချက်ချင်းဖြစ်ပေါ်လာသည်။ မဆင်းဘူးဟု ဘူးခံသည်။ သည်လိုနှင့်အောက်ကို ခုန်ချချင်စိတ်ဖြစ်ပေါ်လိုက်၊ အသံရှင်ကိုဆန့်ကျင်ပြီး မဆင်းဖြစ်လိုက်နှင့် အချိန်အတော်ကြာသွားသည်။ မိမိ၏ကိုယ်ထဲမှ ကောင်းစိတ်နှင့် မကောင်းစိတ်က လွန်ဆွဲနေကြသည်။ နောက်ဆုံးမှာတော့ အသိတရားပြန်ပြီးတော့ဝင်လာခဲ့သည်။

"ဒါ သေတွင်းပဲ၊ ငါ ဘယ်လိုဆင်းလို့ဖြစ်မှာလဲ"

"ငါမဆင်းဘူးဟေ့၊ မင်းတို့တွေအောက်ကနေသေအောင်သာအော်ကြ၊ ဗျူဟာ မင်းတို့ကိုလုံးလုံးဂရုမစိုက်ဘူး"

ခွေးနက်များကိုပင် သူကပြန်ပြီးတော့ ခြိမ်းခြောက်နေသေးသည်။ ခွေးနက်ကြီးများသည် မျက်လုံးကြီးတွေနီရဲလာသည်အထိ ဒေါသတွေအဆမတန်ကြီးထွားလာကြသည်။ တဝုတ်ဝုတ်နှင့် မာန်ဖီကာအော်ဟစ်နေကြသည်။ တက်ရုံလှဆိုလျှင် အပင်ထက်မှအောက်သို့ပင်ကျသွားနိုင်သည်။ သို့သော် ... ဗျူဟာ ရွတ်ပြီဆိုလျှင် သူများနှင့်မတူ၊ ဘာကိုမှဂရုမစိုက်တော့၊ သစ်ပင်ခွဆုံကြားတွင်ပင် ကိုင်းကိုကျောမှီကာ မျက်စိမှိတ်ထားလိုက်လေတော့သည်။

"အော်ချင်သလောက်အော်ကြ ... မင်းတို့သစ်ပင်ပေါ်ကိုတက်နိုင်ခဲ့ကြရင် ငါ့ကုသိုလ်ပေါ့ကွာ"





ထို့ကြောင့် စိတ်ချလက်ချပင် အိပ်ပစ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မည်မျှကြာအောင်အိပ်ပျော်သွားခဲ့သလဲမသိ၊ နားတွင် တောကြက်ဖတစ်ကောင်၏တွန်သံကိုကြားလိုက်ရသည်။ သူ ဖျတ်ခနဲဆို နိုးလာသည်။

''အောက် အီး အီး အွတ်''

အရုဏ်ဦးအလင်းရောင်ကို သစ်ပင်ထက်မှနေ၍လှမ်းပြီး တော့မြင်လိုက်ရသည်။ သည်တော့မှ ... သူ သစ်ပင်တစ်ပင် ထက်မှာရှိနေကြောင်းကိုသိလိုက်ရသည်။ ညကအဖြစ်အပျက်များ သည် ခေါင်းထဲမှာစီကာစဉ်ကာပင် ပြန်ပြီးတော့ပေါ်လာခဲ့သည်။ အမှတ်သညာကောင်းသည်။ သူမမေ့၊ တောခွေးနက်ကြီးများကို သူသတိရသွားသည်။

''ဟင်''

အပင်အောက်ကို ငုံ့ကြည့်လိုက်သောအခါ – တစ်ကောင် မှမတွေ့တော့၊ မီးဖိုမှာမီးတောက်များမရှိတော့၊ မီးကျည်းမီးခဲများ ပြာဖြစ်နေကြလေပြီ။ လူစိမ်းသုံးယောက်၏ ကံကြမ္မာကိုပြန်ပြီး





တော့ မြင်ယောင်လာမိသည်။ ခွေးနက်ကြီးများက ကုပ်မှကိုက် ပြီးဆွဲခေါ်သွားခဲ့ကြသည်။ နက်ကျောသောအော်သံများကို းထဲမှာကြားနေရဆဲ။ တောခွေးများက အားလုံး အနက်ရောင် ည်းသာဖြစ်နေ၍ ယခုထက်တိုင်အံ့သြမိနေဆဲ၊ တောခွေးနက် းဟု မည်သည့်အခါကမှ မကြားဖူးခဲ့ပါ။ သစ်ပင်ထက်မှဆင်း န်စိတ်ကူးသည်။ သို့သော် အခြေအနေကိုကြည့်ရသေးသည်။ သည်ကောင်တွေအုပ်စုက မိမိကိုများ ချောင်းမြောင်းနေကြမလား ။ စိတ်ချရတော့မှ သစ်ပင်ထက်မှ ဆင်းလာခဲ့သည်။

လက်ထဲမှာလေးရှိသည်။ ကျည်တောက်ထဲမှာ မြားစူးများ က မရှိ၊ ဓားတစ်လက်က သူ့အတွက်သက်တော်စောင့်ဟုသာ သတ်မှတ်ရပေတော့မည်။ ရွာကိုပြန်ဖို့ပဲရှိတော့သည်။ အပြန်လမ်း ၍ မိမိလာခဲ့သည့်လမ်းအတိုင်း ဦးတည်ပြီးလျှောက်သွားဖို့ပဲ တော့သည်။ သတိထားပြီးတော့လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၁)

## သေချူရှင်ချူ

ဖျူ့သည် နေထန်းတစ်ဖျားသာသာလောက်မှာ ရွာကိုပြန်ရောက်လာခဲ့သည်။ အဖိုးဦးတောင်ဖြူနှင့် မိဘနှစ်ပါးဖြစ်ကြသော ကိုထွန်းအေးနှင့် မသေးသွယ်တို့သည် ဖျူ့အတွက်စိတ်ပူပန်နေကြသည်။ တစ်ညလုံးအနေအစားမဖြောင့်ကြ။ အိပ်၍မရကြ။ ဖျူ့ပြန်ရောက်လာမှသာလျှင် သက်ပြင်းချမိကြရလေသည်။

''ဟော၊ ငါ့မြေးပြန်လာပြီ၊ ငါမပြောဘူးလား။ သာ အန္တရာယ်မရှိနိုင်ပါဘူး။ ဘေးမသီရန်မခပဲပြန်လာမှာပါလို့''

''သားရယ် သားပြန်ရောက်မလာလို့ အမေတို့ကစိတ် လိုက်ရတာ၊ ပြောပြစမ်းပါဦး တောထဲမှာဘယ်လိုဖြစ်ပြီးပြန်မလာ နိုင်တာလဲ''





ဆယ့်ခြောက်နှစ်ပင်မပြည့်သေး၊ လူကောင်ကြီးက ... ကာလသားကြီးတစ်ယောက်ပမာ အားကိုးရလောက်သည်။ တော ထဲတွင် အကြောင်းမဲ့ကြီးပိုးစိုးပက်စက်ဖြစ်သွားမှာကို စိုးရိမ်နေကြ သည်။

''အားလုံးစိတ်ပူနေကြလိမ့်မယ်ဆိုတာ သားသိပါတယ်၊ ပြောပြပါ့မယ်၊ ဖြစ်ပုံကသည်လိုပါ''

ဖျူ့သည် တောထဲတွင်သူတွေ့ကြုံခဲ့ရသည်များကို အမှန် အတိုင်းပင်ပြောပြလိုက်လေသည်။

''ဟင် ... သည်တောကြီးထဲမှာ ခါးစောင်းလောက်ရှိတဲ့ ...နက်ကြီးတွေကြီးပဲရှိနေကြတဲ့နေရာ မကြားဖူးပါဘူး။ ငါပဲ ...ည်အသက်အရွယ်ရှိနေပြီ၊ နေပါဦး နောက်တစ်ခုရှိသေးတယ် ...နဲ့အတူရှိနေတဲ့ ဟိုလူစိမ်းသုံးယောက်ပြောတဲ့ရွာက ဘာရွာ''

''ကျွဲကော်ရွာ၊ မှန်ကျရွာတဲ့အဘိုး''

''အဲဒါကို ငါ ... စဉ်းစားနေတာ၊ သည်နှစ်ရွာဟာ ဟို ...ရှိတယ်၊ အခုမရှိတော့ဘူး။ ရွာပျက်သွားပြီ၊ ရောဂါရကပ် ...လို့ အဲ့သည့်နှစ်ရွာစလုံးပျက်သွားခဲ့ရပါပကော၊ သည်လူတွေ အဲသည့်ရွာကလို့ပြောကြတာ ဘယ်လိုကြောင့်လဲ၊ တမင် ...ပြီးတော့ပြောကြတာများလား''

''မသိပါဘူး အဘိုးရယ်၊ အဲသည့်လူတွေလည်း ညက ...ခွေးရိုင်းကြီးတွေရဲ့ ပါးစပ်ထဲမှာပါသွားခဲ့ကြတာပဲ ...''



www.burmeseclassic.com

www.burmeseclassic.com



ရောဂန္ထုရကပ်ဆိုသည်မှာ ရောဂါဆိုးနှိပ်စက်ခံရခြင်းကို ဆိုလိုသည်။ ထို့နောက် _ တောထဲတွင် ဓားဒဏ်ရာရရှိထားသော အမျိုးသမီးကြီးတစ်ဦးအကြောင်းကိုလည်း ဦးတောင်ဖြိုး စေ့စေ့စပ်စပ်ပင်မေးလိုက်သည်။ ထိုညက ဝက်ကင်ကြီးနှင့်မလှမ်းမကမ်းကိုရောက်လာသော ခွေးနက်ကြီးကို တစ်ယောက်ကဓားနဲ့ ပစ်ပေါက်လိုက်၍ ခြေထောက်တွင်ဒဏ်ရာရသွားခဲ့သည်ဟုလည်း ပြောခဲ့သေးသည်။ ဆက်စပ်မှုမရှိသလို၊ ရှိသလိုပင်။

"အေးပေါ့ကွယ်၊ လျှောက်တွေးရင်တော့ ဟုတ်တာတွေ ရော၊ မဟုတ်တာတွေရော၊ ဖြစ်နိုင်တာတွေရော၊ မဖြစ်နိုင်တာ တွေရော၊ ရောထွေးကုန်လိမ့်မယ်၊ ပြောရမယ်ဆိုရင် နက်ကြီးတဲ့ တောထဲကို ... ငါ့မြေးရောက်သွားခဲ့တာကိုး"

ဦးတောင်ဖြိုး နောက်ထပ်မှတ်ချက်မချတော့ဘဲ စကားကို အဆုံးသတ်လိုက်လေသည်။ တကယ်တော့ _ ဗျူဟသည် တောထဲတွင် ချောက်ချားစရာကောင်းသောညအဖြစ် ကိုယ်တိုင်ပါဝင်ပြီး အသုံးတော်ခံခဲ့ရသည့်တကား။



အပြီး ... တစ်ရက်တွင် ... ဦးတောင်ဖြိုးသည် နံနက်စာထမင်းစား

"ငါ ခေါင်းမူးလိုက်တာ"

ဟုပြောပြီး _ အိပ်ရာပေါ်တွင်လှဲချလိုက်သည်။ အိမ်သား များ အနားကိုရောက်မလာကြမီမှာပင်လျှင် အသက်ကုန်သွားခဲ့ လေသည်။

"အဖေရဲ့ သမီးတို့ကို စိတ်ချလက်ချထားခဲ့ပြီလား"

မသေးသွယ်သည် အော်ဟစ်ခြိုးချကာ ငိုလေသည်။ ယခု တော့ မိဘနှစ်ပါးစလုံးမရှိကြတော့၊ သူမအတွက်သံယောဇဉ်က ပြတ်တောက်သွားခဲ့လေပြီ။

ဗျူဟသည် ... သူ့ကိုလွန်စွာမှ ဂရုစိုက်သော၊ အလွန်းချစ် သောဖိုးအေကွယ်လွန်သွားခဲ့သည့်အတွက် ဝမ်းနည်းကြေကွဲသွား ရလေသည်။ ထိုမှာဘက်ကကျေးရွာများတွင် ဓလေ့ထုံးစံဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်လက်ခံမှုတစ်ခုရှိနေလေသည်။ ယင်းကား … လူသေလျှင် (၇)ရက်ထားသည်။ ရက်လည်သောနေ့မှာပင်သင်္ဂြိုဟ်ပြီး ရက်လည် အကျွေးအမွေးကိုပါ တစ်ပါးတည်းပြုလုပ်သည်။ ထိုနေ့မှာပင် အပြီးအစီးကိစ္စပြတ်စေသည်။ ထို့ကြောင့် ဦးတောင်ဖြူကိုလည်း (၇)ရက်ထားသည်။

အလောင်းကိုတော့ ခြံပြင်ထုတ်ကာ အသုဘလှည်းပေါ်မှာ တင်ထားလေသည်။ စက္ကူပန်း၊ ဘာညာ အလှများကိုလည်း ပြင်ဆင်ထားသည်။ ထို့ပြင် ခုနစ်ရက်၊ ခုနစ်လီ … ဆိုင်းသံတခြိမ်းခြိမ်းနှင့် ဗိန်းဗောင်းတိုက်လေတော့သည်။ ချိုကောက်ကသော မင်းသမီးများက … အသုဘမွဲများမှာလည်း လိုက်ကြသည်။ ကကြသည်။ အငို၊ အလွမ်း၊ အသောကလေးတွေအစုံအလင် လှုပြတ်လည်းပါသည်။

ရွာတစ်ရွာတွင် ဘုန်းကြီးပျံလွန်တော်မူပြီဆိုလျှင် ဘုန်းကြီးပျံပွဲပြုလုပ်ရသည့်အတွက် အချို့က ယင်းပွဲကိုမျှော်မှန်းပြီးတော့ ပျော်ကြသည်။ ဇာတ်ပွဲပါမည်။ အခြားသောပျော်ပွဲ၊ ရှင်ပွဲများပါမည်။ ကျောင်းထိုင်ဆရာတော်၊ စတော်ကြီး၊ အကျော်အမော် ဆရာတော်ကြီးများဆိုလျှင် သည့်ထက်ပိုပြီးတော့ချဲ့ကြသေးသည်။ အခြားသောမြို့နယ်များကပါ,ပါလာကြသည်။ ဘုန်းကြီးပျံဈာပနာ အခမ်းအနားအတွက် အလှူငွေများကိုကြိုပြီးတော့ထည့်ကြသည်။

ငွေကြေးမတတ်နိုင်သော ရွာသားတစ်ဦးကွယ်လွန်ခဲ့လျှင်





တော့ … ဆိုင်းမပါ၊ အတီးမပါသဖြင့် ခြောက်ကပ်ကပ်ကြီး သင်္ဂြိုဟ်ကြသည်။ ကိုယ်ကဆန္ဒရှိလျှင် ဈာပနာပွဲစိုပြည်စေရန် ချေးကြ၊ ပံ့ပိုးကြသည်။ ကြွေအံကစားဝိုင်း၊ ဖဲ၊ လေးကောင်ဂျင် သိုမျိုးကို မသာအကြောင်းပြပြီးကစားကြသည်။ ယင်းမှရသော အကောက်နှင့်ပင် မသာစရိတ်ကြေသည်။ ကံကောင်းလျှင် ပိုတောင်ပိုနေသေးသည်။ ဘယ်သူ့အသုဘ ဘယ်လောက်စည်ကား လိုက်တာဟူသောဂုဏ်ကို ယူကြသည်။ ခုနစ်ရက်၊ ခုနစ်လီ ပြော၍မဆုံးကြ။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း ဦးတောင်ဖြိုး၏ရျာပနာအတွက် ဗျူဟာ ဆိုင်းမထည့်၊ လောင်းကစားမထည့်ဘဲ အေးဆေးစွာပြီးသွားစေချင်သည်။

''ဟ၊ အဖိုးတောင်ဖြိုးက ရပ်ထဲရွာထဲမှာ လူကြည်သို နတ်ကြည်ညို၊ ဩဇာတိက္ကမရှိတဲ့သူ၊ လူချစ်လူခင်များတဲ့ရျာပနမှာ ... ဒါမျိုးမပါဘဲနဲ့ ခြောက်ကပ်ကပ်ကြီးသင်္ဂြိုဟ်မယ်တဲ့လား လူပြောစရာကြီးဖြစ်သွားလိမ့်မယ်၊ စဉ်းစားဦးနော်''

''ဟာဗျာ၊ သေတဲ့လူကသေပြီးပြီပဲ၊ လိုရင်းက ခြောက်မ တွင်းထဲကိုပဲရောက်ဖို့မဟုတ်လား။ အဖိုးကလည်းတရားရှိတဲ့သူပါ၊ သူကဆူညံတာကိုမကြိုက်ဘူး။ သူသွားရမယ့်လမ်းကို အေးအေးဆေးဆေးသွားပါစေ''

''မင်းပြောတာလည်း ဟုတ်ပါတယ်ကွာ၊ ဒါပေမဲ့ ရပ်ရွာက ဦးတောင်ဖြိုးကို သိပ်ပြီးတော့လေးစားကြတယ်လေ၊ အဲသည်





တော့ ကွယ်လွန်သူကို ဂုဏ်ပြုတဲ့အနေနဲ့ အလေးထားပြီးလုပ်တဲ့အတွက်လက်ခံသင့်တယ်၊ သည်ကိစ္စတွေအားလုံးကို ရပ်ရွာက တာဝန်ယူပါ့မယ်ကွာ၊ မင်း မငြင်းပါနဲ့''

ဗျူဟာကို အမျိုးမျိုးလှည့်ပတ်ပြီးတော့ပြောကြသည်။ ဗျူဟာက သည်ယုန်မြင်၍ သည်ချုံထွင်ကြမှန်းကိုသိသည်။ စပါးပေါ်ပြီးစမို့ လက်ထဲမှာ ငွေပြားကလေးများရှိနေကြ၍ သုံးချင်၊ ဖြုန်းချင်နေကြသည်။ ဗျူဟာသည် ရပ်ရွာနှင့်လည်းပြိုင်ပြီးတော့ အငြင်းမဖက်လို။ ထို့ကြောင့် ... လက်ခံကာခွင့်ပြုလိုက်ရလေသည်။ ခွင့်မပြု၍လည်းမဖြစ်။ လူကြီးတွေကိုယ်တိုင်က စိတ်ဖောထက်သန်နေကြသည်ကို။

ဟိုးယခင်က လူသေလျှင် ခုနစ်ရက်၊ ခုနစ်လီထားပြီး သင်္ဂြိုဟ်သည်ကအကြောင်းရှိသည်။ အချို့ဆိုလျှင် သေဆုံးခဲ့ပြီဆိုပြီး သုံးရက်၊ ငါးရက်နှင့်သင်္ဂြိုဟ်ကြသည်။ သုသာန်ရောက်မှ ကံအားလျော်စွာ သတိရလာသည်များလည်း ရှိကြသည်။ မေ့လျော့နေကြခြင်း ဖြစ်ကြသည်။ ရောဂါကြီး၍ ... တာရှည်သတိမရကြသောသူများသည် သေသလိုဖြစ်သွားခဲ့ကြသည်။ ဆွေမျိုးမိသားစုက တကယ်သေပြီဟုလည်း လက်ခံထားလိုက်ကြရသည့် အခြေအနေကို ရွာတစ်ရွာတွင်မြင်ဖူးသည်။ မိန်းမပျိုလေးတစ်ယောက်သည် အပူရုပ်ကာ ရေချိုးမှားပြီး ဖျတ်ခနဲဆိုကွယ်လွန်သွားခဲ့သည်။ ချောမောလှပသူ၊ လူချစ်လူခင်များသူ



www.burmeseclassic.com

www.burmeseclassic.com



လေးမှီ အားလုံးစုပ်တသပ်သပ်နှင့်ရှိနေကြသည်။

ထိုဒေသ၏ ဓလေ့ထုံးစံအတိုင်း (၇)ရက်ပြည့်သင်္ဂြိုဟ်ရက်လည်အပြီး တစ်ခါတည်းအပြတ်ဖြစ်သည်။ သို့သော် ရက်လည်သည့်နေ့တွင် မိန်းကလေး၏အလောင်းမှာ တောင့်တင်းခြင်းမရှိ၊ ပျော့ပျော့ပျောင်းပျောင်းပင် ရှိနေသည်။ မိသားစုနှင့်ဆွေမျိုးများမှာ အံ့အားသင့်နေမိကြရသည်။ သင်္ဂြိုဟ်သွားရာက သုသာန်သို့ရောက်သော် ... ပြဿနာတက်လေတော့သည်။ အကြောင်းမှာ – မိဘ၊ ညီအစ်ကို၊ မောင်နှမများက မိန်းကလေး၏အလောင်းကို မြေမမြှုပ်ရက်ကြ။

"ကျွန်မရဲ့သမီးလေးကို မြေမမြှုပ်ကြပါနဲ့ဦး။ သူ မသေသေးပါဘူး။ မေ့မျောနေတာပါ"

"ဟာ၊ မဟုတ်ဘူးထင်တယ်၊ ကလေးမလေးကသေနေပါပြီ၊ ဘာဖြစ်လို့ သည်လိုထင်နေကြတာလဲ"

"ဟင့်အင်း... ဟင့်အင်း ... သမီးလေးဟာမသေဘူး။ တကယ်မသေးဘူး။ သေချာတယ်"

အားလုံးတဝိုဝိုတရီရီနှင့်ဖြစ်နေကြသည်။ မြေကျင်းထဲကိုရောက်ခါနီးမှ – ကြီးစွာသောအနှောင့်မယှက်က ပေါ်လာခဲ့သဖြင့် အားလုံးအခက်တွေ့နေကြရသည်။ မည်သို့ပင်ဖျောင်းဖျသော်လည်းမရပေ။ အကြောက်အကန်ပင် ကန့်ကွက်နေကြလေသည်။ သို့ရှိုက် – သျှောင်တစ်စောင်းနှင့်ပဝါနီကို ဦးရစ်ပေါင်းထားသော





အသက် (၆၀)ခန့်လူကြီးတစ်ဦးက လူစုစုကြားထဲကိုရောက်လာခဲ့ပြီး ...

"မင်းတို့ပြောနေကြတာ အဘကြားပြီးပါပြီကွယ်၊ အဘဆေးဆရာတစ်ယောက်ပါ၊ သေဆုံးသူမိန်းကလေးကို စမ်းသပ်ခွင့်ပေးနိုင်မလား"

ထိုပုဂ္ဂိုလ်သည် စကားကိုသိုင်းဝိုက်ပြီးတော့မပြော။ လိုရင်းကိုပဲပြောသည်။ လည်ပင်းမှာလည်းပုတီးတစ်ကုံးကိုဆွဲထားသည်။ တည်ကြည်သောမျက်နှာထားရှိသည်။ သုသာန်တွင် တရားလာထိုင်နေသူတစ်ဦးလည်းဖြစ်၍ ဆူဆူညံညံအသံများကြောင့် ထိုနေရာသို့ရောက်လာခဲ့ခြင်းပင်။

"ကြည့်ပါ၊ ကြည့်ပါ ဆရာကြီးရယ်၊ ကျွန်မသမီးလေးရဲ့အသက်ကိုကယ်တင်ပေးပါ၊ သူတကယ်မသေသေးဘူးလို့ ထင်ပါတယ်ရှင်"

မိခင်ဖြစ်သူက အဆိုးဆုံးဖြစ်သည်။ ခံစားချက်ပြင်းထန်သည်။ မပဋ္ဌာမြေလူးနေသည်။ လူကြီးက ရွာလူကြီးများကိုလည်း အကဲခတ်ကာ ...

"သည်ရွာလူကြီးတွေလည်းပါလာကြတယ်ထင်တယ် ... ကျွန်တော်စမ်းသပ်ခွင့်ရှိပါသလား ခင်ဗျာ"

ဆေးဆရာသည် သူ့သဘောနှင့်သူ မစမ်းသပ်၊ လူကြီးများကိုလည်းခွင့်တောင်းရာ အားလုံးကျေနပ်သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''အင်း ... သူတို့စိတ်ကျေနပ်သွားအောင် ဆရာကြီးပဲ စီစဉ်ပေးလိုက်ပါခင်ဗျာ''

ထိုအခါ ... ဆေးဆရာသည် ခေါင်းတလား၏အနီးသို့ ရောက်သွားသည်။ မိန်းကလေး၏လက်ဖျံကို အတန်ကြာဆုပ်ကိုင်ထားသည်။ မျက်ခွံတွေကိုလှန်ကြည့်သည်။ ဆံပင်ကိုနားသယ်စပ်မှဆွဲနှုတ်သည်။ အားစိုက်ပြီးနှုတ်မှပါလာသည်။ အကျႌလက်ကို လက်မောင်းအထိပင့်တင်ကာ လက်မောင်းအရည်ပြားကိုဆွဲဆိတ်သည်။ အရည်ပြားကပြတ်ပြီးတော့ပါမလာ၊ အရည်ပြားသည် အကွက်ဖြစ်ပြီးကျန်ရစ်ခဲ့၊ အားလုံးကအကဲခတ်ကာကြည့်နေကြသည်။ လူကြီးကအနည်းငယ်ပြုံးရောင်သန်းသွားရာက ခေါင်းတဆတ်ဆတ်နှင့်ဖြစ်နေသည်။

ပါးနှစ်ဖက်ကိုလည်း လက်ဝါးနှင့် ဖျစ်ညှစ်ကြည့်သည်။ ပါးစပ်ကဟသွားသည်။ မေးခိုင်ခြင်းမရှိ။ အားလုံးသည် ဆရာကြီးထံမှအဖြေကို စောင့်နေကြသည်။

''ကဲ ... ကျုပ်ပြောမယ် ... သေသေချာချာနားထောင်သည်ကလေးမကို မြေမမြှုပ်နဲ့ဦး_ ဆေးတစ်ခွက်ပါးစပ်ထဲရောက်အောင်တိုက်ရမယ်၊ ညသန်းခေါင်လောက်ကျရင် ထူခြား၊ မထူးခြားစောင့်ကြည့်ကြ၊ သန်းခေါင်ကျော်လို့မှ ထူးခြားမှုမရှိခဲ့ဘူးဆိုရင် သင်္ဂြိုဟ်လိုက်ကြပေတော့၊ ကာယကံရှင်ကျေနပ်အောင် ခဏလေးသည်းခံပြီးတော့ ဆောင်ရွက်ပေးလိုက်ကြပေါ့၊ ကျုပ် သည်





အထဲမှာပဲရှိမယ်''

ဆေးဆရာကြီးသည် သူတာရားထိုင်နေသော သစ်ပင်ကြီးတစ်ပင်ဆီသို့လျှောက်သွားခဲ့သည်။ မိန်းကလေး၏ မိသားစုကတော့ စိတ်အားထက်သန်နေကြသည်။ ကျန်လူများကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြ၏။ တော်တော်များများက စိတ်ပျက်လက်ပျက်ဖြစ်နေကြသည်။

''အေး သူပြောတဲ့အတိုင်းစောင့်ကြည့်ကြမယ်၊ ဟုတ်ချင်ဟုတ်ပေါ့ကွာ၊ မဟုတ်ရင်တော့လား''

ထိုညက မိသားစုနှင့်ဆွေမျိုးများ၊ ရွာလူကြီးအချို့နှင့် ရွာမှသတ္တိကောင်းသော ရွာသားနှစ်ဆယ်ခန့် ကျန်ရစ်ခဲ့ကြသည်။ ဆေးဆရာကြီးသည် မိန်းကလေး၏ဝမ်းထဲသို့ရောက်အောင် ဆေးတစ်ခွက်ကိုခဲယဉ်းမှုမရှိဘဲ လွယ်ကူစွာပင် တိုက်ခဲ့လေသည်။ သုသာန်သည် ညဘက်ကိုရောက်လာသော် ပိုပြီးတော့တိတ်ဆိတ်လာခဲ့သည်။ မီးတုတ်ကိုယ်စီယူဆောင်လာကြသည်ဖြစ်၍ ဇရပ်ပေါ်မှာလည်းကောင်း၊ အနီးဝန်းကျင်မှာသော်လည်းကောင်း ထိန်ထိန်လင်းလျှက်ရှိနေသည်။

မိသားစုကတော့ မအိပ်ဘဲစိတ်ရှည်စွာပင်စောင့်နေကြသည်။ မိန်းကလေး၏မျက်နှာကိုသွားကြည့်လိုက်၊ အကဲခတ်လိုက်ကြနှင့် မျှော်လင့်ချက်ကြီးစွာထားနေကြသည်။ အချို့ကတော့ ယမကာမှီဝဲနေကြသည်။ ကြွေအံကစားနေကြသည်။ အိပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



လူကလည်းအိပ်နေကြ။ သည့်လိုနှင့် ညသန်းခေါင်ယံကာလသို့ တဖြည်းဖြည်းနှင့်နီးကပ်လာခဲ့လေပြီ။ ကာယကံရှင်များမှာ ပိုပြီးတော့ဂနာမငြိမ်ဖြစ်လာခဲ့ကြလေသည်။ တစ်ခေါက်သွားကြည့်ကြသည်။ ဘာမှမထူးခြား၊ ရင်တနင့်နင့်နှင့် နေရာကိုပြန်လာပြီး အထိုင်တွင် ...

"အမေ ... အမေ ရေပေးပါ ... ရေ ရေ ရေငတ်တယ်"

တိတ်ဆိတ်သောညာဝန်းကျင်တွင် အသံတစ်သံက မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့လေသည်။

"ဟင် ... ဘယ်ကအသံလဲ"

ရုတ်တရက်တော့ ဇဝေဇဝါဖြစ်သွားခဲ့ကြလေသည်။

"ရေ ... ရေ ... ရေ ... ပေးပါ"

အသံက အားနည်းစွာထွက်ပေါ်လာပြန်သည်။ ထိုအခါ အခြေအနေကိုသတိရသွားခဲ့ကြသည်။ မိခင်သည် နေရာမှထပြေးသည်။

"သ ... သမီး"

ခင်ပွန်းရော၊ တခြားသူများပါ ပြေးလိုက်သွားကြသည်။ ထိုအခါတွေ့လိုက်ရသည့် အခြေအနေကား ကွယ်လွန်ခဲ့ပြီဟု ထင်ခဲ့ရသောမိန်းကလေးသည် ခေါင်းတလားထဲမှာ လှုပ်ရှားလျှက်ရှိသည်။ မျက်လုံးတွေကလည်းပွင့်နေကာ ...

"အ ... အမေ ... သမီး ဘာ ဘာဖြစ်လို့လဲ"





"သ သမီး ... အမလေး ... သမီးရယ်"

မိခင်သည် သမီးကိုဆွဲထူကာ တင်းကြပ်စွာ ဖက်ထားသည်။ ထို့နောက် ရှိုက်ကြီးတငင်နှင့် ငိုကြွပါလေတော့သည်။ ထိုအခါ သုသာန်သို့ရောက်နေကြသူများသည်လည်း အံ့အားသင့်မဆုံးဖြစ်ခဲ့ကြရလေသည်။ သုသာန်တစ်နေရာတွင် တရားထိုင်နေသော ဆေးဆရာကြီးဆီကိုပြေးသွားခဲ့ကြသည်။အကျိုးအကြောင်းကို ပြောပြသည်။ တရားအလုပ်ပျက်သွားပေမင့် ကောင်းသတင်းကိုကြားလိုက်ရသောကြောင့် ဝမ်းသာမိရလေသည်။ ဆေးဆရာကြီးလည်း ထိုသူများနှင့်အတူ သုသာန်ဇရပ်ကို လိုက်လာခဲ့ကြသည်။ မိန်းကလေးကား အကဲယ်ပင် ထူထူထောင်ထောင်ဖြစ်နေသည်ကိုတွေ့လိုက်ရသည်။

"ဆရာကြီးပေးတဲ့ အသက်ပဲရှိပါတော့တယ်၊ ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးရှင်"

မိခင်ကဝမ်းသာဝမ်းနည်းနှင့် ငိုပြီးတော့ပြောသည်။ အမှန်မှာမိန်းကလေးသည် အပူရှပ်၊ ရေချိုးမှားကာ ... အပူလုံးခေါင်းထဲတက်ခဲနေခြင်းဖြစ်သည်။ ကံကြီး၍သာအသက်မသေခဲ့ ဖြစ်နိုင်ခဲ့သည်ကိုစွပ ဆေးဆရာကြီးက နောင်အခါ ရှင်းပြခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## ဦးတောင်ဖြိုး၏ဖြစ်ရပ်ဆန်း

မနက်ဖြန်ဆို ဦးတောင်ဖြိုး၏ရုပ်ကလပ်ကို သင်္ဂြိုဟ်တော့မည်။

(၇)ရက်အကျွေးအမွေးနှင့် တစ်ပါတည်း အလောင်းမြေချကြမည်ဖြစ်သည်။ ရွာသူရွာသားများသည် ဖျူ၏အိမ်တွင် စည်ကားနေကြသည်။ အိမ်အနောက်ဘက်တွင် အိုး၊ စရည်းများဖြင့် ချက်ပြုတ်နေကြသည်။ အိမ်ပေါ်အိမ်အောက်တွေမှာတော့ လူတွေက ကြွေအံကစားနေကြသည်။ သည်အထဲမှာ ဆိုင်းဝိုင်းကြီးကလည်း တဟီဟီ တထိထိနှင့် တီးကောင်းနေသည်။

မင်းသမီးက ကလိုက်၊ လူပြက်က ကလိုက်နှင့် အောက်လင်းမီးသုံးလေးလုံးကလည်း တထိန်ထိန်နှင့်၊ အသုဘအိမ်တွင် လူသံ၊ ဆိုင်းသံများနှင့် ရောထွေးနေကြသည်။ အိမ်ခန်းထဲတွင်





ဦးတောင်ဖြိုး၏ သမီးမသေးသွယ်သည် ... မျက်ရည်အလွဲသားနှင့် ရှိနေသည်။ ဖခင်သည် အသုဘများ၌ ဆိုင်းထည့်ခြင်း၊ လောင်းကစားဝိုင်းများပြုလုပ်ခြင်းကို လက်မခံ၊ ရှုံ့ချသူ ဖြစ်သည်။ ယခုကျမှ ဆိုင်းထည့်၊ လောင်းကစားဝိုင်းလုပ်နှင့် ဤသို့ကြောင့် မသေးသွယ်က ကြိတ်ပြီးတော့ ဆွေးနေရသည်။

"အဖေတော့ နားငြီးနေတော့မှာပဲ၊ ဘာညီ ဆဲလိုက်မလဲ"

အဖေကိုချစ်သူဖြစ်၍ ဖခင်ကိစ္စကျမှ မျိုက်ရား တာသုပ်မိ၍ မကျေမနပ်ဖြစ်မိသလို၊ ပြောလည်းမပြောဘဲမှ ဓားပြဝိုင်းကြီးကလည်းမညှာမတာ၊ အားပါးတရတီးခတ်နေကြသည်။ မြေကြီးပင်တုန်ခါသွားလေ၏။ နားမခံသာ၍ အိမ်အပြင်မှာထွက်ပြီးတော့နေကြသူ လူကြီးအချို့က ...

"ဦးတောင်ဖြိုးတို့များ ... (၇)ရက်လည်တော့မယ်၊ သည့်အတိုင်းထားတောင် ဘာမှမဖြစ်ဘူး။ အပုပ်နံ့မထွက်ဘူးဗျာ၊ ဒါသီလတန်ခိုးပဲဗျာ၊ သူက နောက်ပိုင်း ဘုရား၊ တရားအလုပ်သိပ်လုပ်တာလေ"

"ဟုတ်တယ် သက်သတ်လွတ်လည်းစားတာ ... အင်းအသေကောင်းပေါ့ဗျာ၊ သူ့ကုသိုလ်ပဲ"

ဦးတောင်ဖြိုးနှဲ့ပတ်သက်ပြီး ချီးမွမ်းခန်းဖွင့်နေကြသည်။ ထိုစဉ် မထင်မှတ်သော အဖြစ်အပျက်တစ်ခုပေါ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ...ဒိုင်း ...ဒိုင်း"

"ဟေ့ တစ်ယောက်မှမလှုပ်ကြနဲ့ ကိုယ့်နေရာမှာ ငြိမ်ငြိမ်လေးနေကြ၊ ပြောတဲ့အတိုင်းမနာခံရင် အားလုံးမသာပေါ်ကုန်ကြလိမ့်မယ်"

ားသည် မြင်းကိုယ်စီနှင့်ရွာထဲသို့ဝင်လာခဲ့ကြသည်။

အိမ်ခေါင်းရင်းသည် ကွင်းဘက်မှဖောက်ထား

င :တစ်ခုဖြစ်သည်။ ဓားပြများသည် ယင်းအားလမ်း

မှ ဝ ဦးပင်၊ သေနတ်များကိုပစ်ဖောက်ကာ အော်ဟစ်

ညာ‌ေ တော့ ဝင်လာခဲ့ကြသည်။ သို့သော် မတာရားကြီး တီးခတ်နေသော ဆိုင်းသံက သေနတ်သံကိုဖုံးလွှမ်းသွားခဲ့လေသည်။

"ဟေ့သည်မှာ ...အသုဘပါလားကွ၊ အဆင်ပြေလိုက်လေကွာ၊ လူတွေစာပြုတမကြီးပဲ၊ သည်ကို အရင်ဝင်ကြမယ်ဟေ့"

ဓားပြဗိုလ်ခေါင်းဆောင်က ကနဖျင်းထိုးထားသည့် အမိုးအောက်ကိုမြင်းနှင့်အတူဝင်သွားခဲ့သည်။ ပွဲကြည့်နေကြသူများက ဝင်လာသောသူကို အံ့အားသင့်နေကြပါသည်။

"ရှင်လောင်းလှည့်မယ့်မြင်းကိုစီးပြီး သည်အထဲအထိဝင်လာခဲ့ရသလားကွ၊ သည်မှာအသုဘဖြစ်နေတာမသိဘူးလား"

တစ်ယောက်က မကျေမနပ်နှင့်ထအော်လိုက်သည်။ ဆိုင်း





သမားကတော့ အခြေအနေကိုမသိဘဲ လက်စွမ်းပြကာ တီးခတ်၍ကောင်းနေတုန်း။

"ဟေ့၊ မင်းဘာစကားပြောတာလဲ ... ဒါရှင်လောင်းမြင်းမဟုတ်ဘူး၊ ဓားပြတိုက်ဖို့လာတာကွ၊ စောစောကသေနတ်သံမကြားမိဘူးလား၊ မယုံရင်ဟောသည့်မှာကြည့်"

"ဒိုင်း"

လုပ်သေနတ်ကို မိုးပေါ်ထောင်ပစ်လိုက်ရာ၊ တာရပတ်အမိုးကိုဖောက်ထွက်သွားခဲ့လေ၏။ ထိုအခါကျမှ ဓားပြဝင်ပြီကို သိလိုက်ကြရတော့သည်။

"အမလေး ... ဓားပြ ... ဓားပြ"

ဆိုင်းတီးသံလည်းရုတ်တရက်ရပ်သွားသည်။ လူတွေလည်း နေရာမှထပြေးရန်ကြကြသည်။ သို့သော် ...

"ဟေ့ တစ်ယောက်မှမလှုပ်ကြနဲ့၊ ပြေးဖို့လည်းမစဉ်းစားကြနဲ့ နေရာမှာငြိမ်ငြိမ်လေးနေကြ၊ အားလုံးမသာပေါ်ကုန်ကြမယ်"

ဓားပြဗိုလ်က လုပ်သေနတ်ကြီးတကားကားနှင့် ခြိမ်းခြောက် ဟိန်းဟောက်နေသည်။ ထိုအခါ ... မဏ္ဍပ်ထဲမှာ လုပ်ကိုင်နေကြသူများ၊ အိမ်ပေါ်အိမ်အောက်မှ လောင်းကစားသမားများသည် ငြိမ်ကုတ်သွားခဲ့ကြသည်။

ယင်းအချိန်တွင် ...ဖျူနှင့် ကာလသား လူကြီး၊ လူငယ်



www.burmeseclassic.com

www.burmeseclassic.com



အချို့သည်အိမ်ကြီး၏အနောက်ဘက်တွင်ရှိနေကြသည်။

"ဟာ ... သေနတ်သံ၊ ဆိုင်းသံလည်းရပ်သွားတယ်၊ ကေနွ မားပြေဝင်ပြီထင်တယ်"

ဗျူ့အတတ်ပြောလိုက်သည်။ လှူသံများလည်း မကြားကြရတော့။ တိတ်ဆိတ်သွားသောကြောင့် ပိုပြီးတော့ သက်ာမကောင်းဖြစ်သွားခဲ့ရသည်။ ဓားပြဗိုလ်၏ခြိမ်းခြောက်သံကိုကြားလိုက်ရတော့မှ သဘောပေါက်သွားခဲ့ကြလေသည်။

"ဗျူ့ ဓားပြကွ၊ ဓားပြ ဘယ်လိုလုပ်ကြမလဲ"

"မောင်ခွေး မင်းကြောက်နေသလား။ မကြောက်နဲ့ ငါတို့သည်ဓားပြတွေကို အလွတ်မပေးပဲဆော်လွှတ်ရမယ်"

"ဖြစ် ... ဖြစ်ပါ့မလား။ သူတို့အင်အားက ဘယ်လောက်ပါမှန်းမသိ သေနတ်လည်းပါတယ်ကွ"

ထိုအခါ ... သတ္တိကောင်းသော ရွာသားတစ်ယောက်က-

"စိတ်ကိုငြိမ်ငြိမ်ထားကြ၊ ဗျူ့ပြောတာမှန်တယ် ... ငါတို့သည်ကောင်တွေကိုကြောက်စရာမလိုဘူး၊ ဓားပြလည်းလူပဲ၊ ပြန်ချရမယ်၊ သည်ကောင်တွေ လူအင်အားဘယ်လောက်ရှိသလဲဆိုတာ အရင်သွားကြည့်ရမယ်၊ ပြီးတော့ ... ကာလသားတွေတော်တော်များများသည်မှာရောက်နေကြတယ်၊ လက်နက်စုလူစု၊ ကျန်တဲ့အပိုင်းကတော့ ညှိနှိုင်းပြီး စီစဉ်ကြမယ်"

မောင်ခွေးက အရဲစွန့်ကာ ဓားပြများ၏အခြေအနေကို





သွားကြည့်သည်။ ပြန်ပြေးလာသည်။

"သည်ကောင်တွေ ဆယ်ယောက်လောက်ရှိတယ်၊ အပြင်မှာရှစ်ယောက်လောက်မြင်းတွေနဲ့ ဝိုင်းထားကြတယ်၊ ဓားပြဗိုလ်နဲ့ သူတပည့်တစ်ယောက်က ဆိုင်းဝိုင်းနားမှာ"

"အေး အေး ဒါလောက်ဆိုရပြီ"

ချက်ချင်းပင် အရေးပေါ် ခေါင်းချင်းဆိုင်ပြီးတိုင်ပင်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးသည် အထိတ်တလန့်မျက်လုံးများဖြင့် ရှိနေကြသည်။ သူကြီးလည်း ဘယ်ဆီရောက်နေသည်လဲမသိ။ အသုဘအိမ်တွင် ဓားပြဝင်စီးနေသည်ကိုကော သိမှသိရဲ့လား။

"ဟန်ကျလိုက်လေကွာ၊ ဖဲဝိုင်းကလည်းတကယ့်ဝိုင်းကြီးဝိုင်းကောင်းပဲ၊ ကဲ မင်းတို့ရှိသမျှ ပါသမျှအားလုံး ပေးသည့်တဘက်ထဲကိုထည့်ကြစမ်း။ တစ်ယောက်က ဟိုဘက်ကိုသွား။ အိမ်ရှင်ရော၊ အခုသည်ကိုရောက်နေတဲ့သူတွေရော၊ လက်ဝတ်လက်စားငွေကြေးကအစ တဘက်နဲ့လိုက်ခံ"

သူတပည့်တစ်ယောက်ကိုလည်းခိုင်းသည်။ တဘက်ပဝါကိုလက်နှစ်ဖက်နှင့်ခံကာ အလှူခံသလိုလိုက်ခံသည်။ ကြောက်ကြောက်ရွံ့ရွံ့နှင့်ထည့်ကြရသည်။ ဓားပြဗိုလ်ကတော့ ခပ်လှမ်းလှမ်းမှနေ၍ ခါးထောက်ပြီးတော့ရပ်ကြည့်နေသည်။ ဓားပြဗိုလ်တစ်ဦးတည်းမှာသာ သျှင် လုပ်သေနတ်တစ်လက်ပါသည်။





ာက်လိုက်များမှာ ဓားမြှောင်၊ ဓားရှည်ကိုယ်စီနှင့်ဖြစ်ကြသည်။
လင်းကစားဝိုင်းတစ်ခုစီကို ဓားပြကရောက်သွားသည်။

"ဟေ့ကောင်တွေ ဝိုင်းထဲကမိုက်ဆံတွေအားလုံးထည့်ကြစမ်း။ မြန်မြန်လုပ်ကြနော်၊ သည်တစ်အိမ်တည်းမဟုတ်ဘူး။ တစ်ရွာလုံးလိုက်ပြီးအလှူခံရမှာ၊ ဟိုကောင် ဘာဖြစ်လို့ငြိမ်နေရတာလဲ၊ မင်းမှာဘာရှိသလဲ ထည့်လေကွာ"

ခေါင်းငုံ့ပြီး မတုန်မလှုပ်နှင့်ရှိနေသောလူတစ်ယောက်ကို ဓားပြကဟောက်လိုက်သည်။

"ပေးစရာမရှိလို့ပေါ့ကွ"

"ဘာကွ မင်း ငါ့ကို သည်လိုပြန်ပြောရသလား"

ဓားပြဗိုလ်ကကြားသွားသည်။

"ဟေ့ကောင် ဘာဖြစ်တာလဲကွ ..."

"ဆရာကြီး သည်မှာ ဟောသည့်ကောင်ပေကပ်ကပ်နဲ့"

"ဟေ့"

ဓားပြဗိုလ်သည် မြင်းပေါ်မှဆင်းလိုက်ကာလျှောက်လာသည်။ ခြောက်လုံးပြူးနှင့် ထိုသူ့ကိုဝေ့ယမ်းလိုက်ရင်း ...

"သည်ကောင်လား ... ဟေ့ကောင် မင်းကငါတို့အဖွဲ့ကြောင်းကိုမသိသေးဘူးထင်တယ်၊ ဗိုလ်ကြက်သီးဆိုတာ ငါပဲ အကဲစမ်းချင်တယ်ဟုတ်သလား၊ မင်းငါနဲ့တွေ့တာ ကံဆိုးတယ်၊ ထစမ်း"

www.burmeseclassic.com



"ကျ . . . ကျွန်တော်"

ထိုသူက ကြောက်ကြောက်လန့်လန့်ဖြင့် နေရာမှတဖြည်းဖြည်းထလိုက်သည်။ သို့သော် ကြောက်ဒူးတုန်နေသဖြင့် မနည်းအားယူနေရသည်။ ထိုစဉ် ...

"ဖြောင်း၊ အင့်၊ ခွပ်၊ အား"

မည်သူမှမထင်မှတ်သော အခြေအနေတစ်ခု။ ဗိုလ်ကြက်သီး၏လက်ထဲမှသေနတ်က လွင့်ထွက်သွားသည်။ ဒူးပျံတစ်ချက်က ရင်ဝကို မိမိရရပင် ထိသွားခဲ့သည်။ တစ်ဆက်တည်းမှာပင် တဘက်တစ်ထည်ဖြင့် လိုက်ပြီးအလျှံခံနေသော နောက်လိုက်တပည့်မေးရိုးဆီသို့ လက်သီးတစ်လုံးက ပစ်ဝင်သွားခဲ့သည်။

တစ်ပြိုင်တည်းမှာပင် ဆက်တိုက်ဖြစ်ပေါ်လာသည့် တိုက်ကွက်များ။ ဇူလွှသည် အခြေအနေယိမ်းယိုင်သွားသော ကြက်သီးကို ပြန်လည်တိုက်ခိုက်ခွင့်မပေး။ ဝိုင်းထဲက ခုန်ထွက်သွားပြီး ...

"ဖြောင်း"

"အား"

မေးဖျားကို ခြေဖျားဖြင့် ပစ်ခတ်ထည့်လိုက်ပြန်သည်။ ဘိုအခါ ခါးကုန်းနေသောကြက်သီးသည် ကျောကော့ကာထွက်သွားသည်။ ပက်လက်လန်ပြီးတော့ လဲကျသွားခဲ့သည်။ ဇူလွှသည် ကြက်သီးအပေါ် ခုန်အုပ်လိုက်ကာ မျက်နှာကို လက်သီးဖြင့်





သုံးလေးချက်မကဆင့်ပြီးတော့ ထိုးထည့်လိုက်သည်။ ကြက်သီးသည် ညည်းပင်မညည်းနိုင်။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ဖြစ်မှန်းမသိနိုင်အောင် မှောင်အတိကျသွားခဲ့လေတော့သည်။

ဇူလွှက စပြီးတော့ လှုပ်ရှားလိုက်သည်နှင့် ခြံရှေ့မှာ မြင်းကိုယ်စီဖြင့်ပတ်ကာဝိုင်းထားသော ဓားပြများကို ချောင်းမြောင်းနေကြသော ကာလသားများက အလစ်တွင်ဝင်ပြီးတော့ တိုက်ခိုက်ကြလေတော့သည်။

"ခွပ်"

"ဖြောင်း"

"အား"

"အား"

တုတ်၊ ဓားများဖြင့် ဝင်ရောက်တိုက်ခိုက်ကြသည်။ ဓားပြများသည် သူတို့ကိုဝင်ရောက်တိုက်ခိုက်ကြသူများမရှိနိုင်ဟု ထင်ကြသည်။

"ဟီး ...ဟီး ...ဟီး"

မြင်းများက လန့်ပြီးတော့ပြေးကြသည်။ ထိခိုက်သွားခဲ့ကြသော ဓားပြများမှာ မြင်းပေါ်မှပြုတ်ပြီးတော့ကျလာခဲ့ကြသည်။ အောက်မှတစ်ဖန် ဆီးပြီးတော့ ရိုက်ကြလေသည်။

"ခွပ်"

"အား"



www.burmeseclassic.com

ရွာသားများက မားပြများကို ခုခံတိုက်ခိုက်ကြသည့်ပွဲ၊ တစ်ရွာလုံးပွက်လောရိုက်သွားခဲ့ကြသည်။ သတ္တိကြောင်ကြသူများ ပင်လျှင် အားတက်လာကြပြီး ရရာလက်နက်များကိုဆွဲကိုင်ကာ ဝင်ရောက်တိုက်ခိုက်ကြသည်။

"ဝုစ်"

"ရှပ်"

"အား"

မားပြနှစ်ဦးက အခြေအနေမဟန်တော့မှန်းသိလိုက်သည်နှင့် လာရာလမ်းအတိုင်းပြန်လှည့်ပြီးတော့ပြေးကြသည်။ ရွာသားများကညာသံပေးပြီးတော့လိုက်သည်။ မြင်းတစ်ကောင်သည် စီးမည့်သူမပါဘဲထွက်ပြေးသည်။ ခေါင်းတလားတင်ထားသော လှည်းကိုတိုက်မိသွားသည်။

"ဖြောင်း"

"ဝုန်း"

ခေါင်းတလားသည် အောက်ကိုပြုတ်ကျသွား၏။ အဖုံးလည်းပွင့်ထွက်သွားသည်။ သေတ္တာထဲမှ ဦးတောင်ဖြိုးသည် လည်ထွက်ကျသွား၏။ မြေပြင်မှာသုံးလေးပတ်လိမ့်သွား၏။ လူတွေအားလုံး၏ မျက်စိရှေ့မှောက်မှာမို့ အထိတ်တလန့်ဖြစ်သွားခဲ့ကြသည်။ စိတ်မကောင်းဖြစ်သွားခဲ့ကြသည်။ ရုန်းရင်းဆန်ခတ်ဖြစ်နေသောအခြေအနေကြောင့် ... မည်သူမှလည်းသွားပြီး





ကောက်နိုင်ကြ။ ယင်းအချိန်တွင် မားပြတစ်ဦးသည် ခြေလွတ်က်လွတ်ပြေးထွက်လာခဲ့သည်။ လူတွေက နောက်မှဝိုင်းလိုက်ာကြသည်။

"လိုက်... လိုက်ကြ ... သည်ကောင် မလွတ်စေနဲ့"

မားပြကခြေကုန်သုတ်ပြီးတော့ပြေးလာသည်။ သူ မလွတ်။ သူ့ရှေ့မှာတုံးလုံးကြီးဖြစ်နေသော လူတစ်ယောက်သည် ရုတ်ရက် ကုန်ပြီးတော့ ထလိုက်သည်။ လက်ထဲမှာ ဓါးဆစ်ပိုင်းကြီးစ်ခုကိုကိုင်ထား၏။ ထိုသူ့အထနှေးပြီး ခါးကမမတ်နိုင်မီမှားပြ၏နို့သကျည်းကို ရိုက်ချလိုက်လေတော့သည်။

"ဖြောင်း"

"အား"

နာကြည်းစွာအော်သံကြီးက ထွက်ပေါ်လာခဲ့ပြီး ပစ်လဲကာျသွားခဲ့လေတော့သည်။ ထိုသူသည် ဆက်မပြေးနိုင်တော့ဘဲအော်ဟစ်ကာ ညည်းတွားနေ၏။ ရွာသားများသည် ထိုနေရာသို့ရောက်လာခဲ့ကြသည်။ တုတ်နှင့်ရိုက်လိုက်သောသူကလည်းတ်တတ်ထရပ်လိုက်သည်။ ထိုသူကိုမြင်လိုက်ကြသောအခါ–

"ဟာ၊ အမလေး"

လန့်ဖျန့်ပြီးအော်ဟစ်ကာထွက်ပြေးကြလေတော့သည်။ ပြန်ပြေးလာကြသူများနှင့် သူကြီးဦးတောကျော်တို့လူစု ပက်ပင်းတိုးမိကြလေရာ ...

www.burmeseclassic.com



"ဘာဖြစ်လာကြတာလဲ"

"ဟို ... ဟိုမှာ ...ဦး ...ဦးတောင်ဖြိုး"

"ဘာ ... ဦးတောင်ဖြိုး ဟုတ်လား ... သူကသေပြီပဲ၊ ဘာဖြစ်သလဲ"

"မ ... မဟုတ်ဘူး၊ သူ ...သူ"

ထိုသူသည် လက်ညှိုးတစ်ထိုးထိုးနှင့်သာ ရှိနေသည်။ အကြောက်လွန်၍စကားမဆက်နိုင်တော့။ သူကြီးဦးတောကျော် ကလှမ်းကြည့်လိုက်ရာ ...သူတို့ဆီကို ဝါးရင်းတုတ်ဆွဲကိုင်ကာ တစ်လှမ်းချင်းလာနေသော ဦးတောင်ဖြိုးကို တွေ့လိုက်ရလေရာ မျက်လုံးမျက်ဆံပြူးထွက်သွားကာ ကြက်သီးမွေးညင်းများလည်း ထသွားခဲ့ရလေသည်။

"ဟင် ... ဟာ ... ဒါ ဒါ ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ၊ ငါ့ကိုသေပြီဆိုပြီးတော့ ခေါင်းထဲထည့်ထားခဲ့ကြတယ်"

ဦးတောင်ဖြိုးသည် ထိုမျှလောက်ပဲပြောနိုင်သည်။ ဒူးအစုံ ညွတ်ခွေကာလဲကျသွားခဲ့လေတော့သည်။

"ဟင် ... အဖိုး ... အဖိုး"

သတင်းစကားကြောင့် ဗျူဟာပြေးထွက်လာသည်။ လဲကျနေသော ဦးတောင်ဖြိုးကို ...ဆွဲထူကာဖက်ထားလိုက်လေတော့သည်။ မသေးသွယ်လည်း ဖခင်ဖြစ်သူကြောင့် ပြေးထွက်လာကာ-





"အဖေ ...အဖေ ... အောင်မလေး အဖေရဲ့ ဟီး"

ဝမ်းသာဝမ်းနည်းဖြစ်ကာ ... ဖခင်ကိုဖက်တွယ်ထားလိုက်တော့သည်။ မထင်မှတ်သောအဖြစ်အပျက်ကြောင့် အားလုံးမှာ ချောက်ချား၊ ထိတ်လန့်၊ အံ့သြခြင်းတို့ဖြင့်ပေါင်းစုကာ ကြုံတွေ့လိုက်ရလေတော့သည်။ ဦးတောင်ဖြိုး၏ အဖြစ်အပျက်ကား ယုံနိုင်စရာပင်မရှိ ပြောစမှတ်ပြုပြီးတော့ကျန်ရစ်ခဲ့သည်။ သို့သော် မကြာမြင့်မီအနည်းငယ်အကြာတွင် လူကြီးရောဂါဖြင့် အကယ်ပင်သေဆုံးသွားခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)
## ရွာထဲဝင်လာသော မိကျောင်း

တစ်လောကလုံး အရိပ်မည်းကြီးက ဖုံးလွှမ်းနေသလား မှတ်ရသည်။ မိုးသားတိမ်လိပ်ကြီးများသည် အနောက်တောင်ထောင့်ဆီက တရိပ်ရိပ် တလိမ့်လိမ့်ဖြင့် တက်လာနေကြသည်။ သည်နှစ် မိုးဦး၊ မိုးလယ်ကောင်းမည်ဟုဆိုသည်။ မိုးသားတွေ တက်လာကြပုံကလည်း ကြောက်ခမန်းလိလိ တစ်ခဏအတွင်းမှာပင် တစ်မိုးလုံးပြည့်မှောင်သွားခဲ့လေသည်။

"ဂျိမ်း"

"ဂျိမ်း"

"ဂျိမ်း"

မိုးခြိမ်းလာသည်။ လျှပ်စီးလက်လာသည်။ ဝင်းခနဲ လက်ခနဲ။





"ဝေါ... ဝူး... ဝူး..."

လေပါတိုက်လာသည်။ သပြေပင်ကြီးတွေကယိမ်းနွဲ့နေကြသည်။

သစ်ကိုင်းသစ်ခြောက်များက ပြတ်ပြတ်ပြီးထွက်ထွက်သွားခဲ့ကြသည်။ နေ့လယ် နေမင်းလည်း... ညနေ နေဝင်ရီတရောအချိန်ကဲ့သို့ဖြစ်သွားသည်။ မိုးရွာမည့်လက္ခဏာများကြောင့် တောင်သူလယ်သမားများဝမ်းသာနေကြသည်။ ကလေးတွေက ဘာရယ်မသိပျော်နေကြသည်။

မကြာမီ တိမ်မည်းကြီးများသည် အောက်ကိုနိမ့်ဆင်းလာခဲ့ကြပြီး အုံးအင်းသရောဖြင့် ရွာချပါလေတော့သည်။

"ဝေါ... ဝေါ... ဝေါ... ဝေါ"

"ဂျိမ်း... ဂျိမ်း... ဂျိမ်း"

မိုးသံ၊ လေသံ၊ မိုးထစ်ချုန်းသံများက ရောထွေးသွားခဲ့ကြလေတော့သည်။ ရာဝင်အိုးကြီးများကို တစ်လုံးပြီးတစ်လုံးသွန်ချလိုက်သည့်အလား၊ မနားတမ်းပင် ရွာသွန်းဖြိုးနေတော့သည်။ စဲလျှင်လည်း တစ်ခဏတာပင်၊ ဤသို့ဖြင့်... အမှောင်ပိုင်းသို့ ရောက်လာခဲ့သည်။ လူတွေလည်းရွာထဲမှာ အသွားအလာသိပ်မရှိကြတော့။

မသွားမဖြစ်ကိစ္စမှတစ်ပါး တစ်ယောက်တလေသွားသူများမှလွဲ၍ အိမ်ထဲမှာပင်ကုတ်နေကြလေသည်။ ညဦးနက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်အချိန်လောက်တွင် ...

"ဟ ကျောကုန်းကစိုလိုက်တာ၊ ဘယ်လိုဖြစ်တာလဲ"

အချို့အိမ်မှ အိမ်သားတွေလန့်ပြီးတော့ နိုးကုန်ကြသည်။ မီးတိုင်ခွက်ထွန်းပြီးတော့ကြည့်ကြရာ အောက်မှရေများတက်လာနေသည်ကိုတွေ့လိုက်ကြရသည်။ ကြမ်းပြင်ထိရောက်လာခဲ့လေပြီ။ ထိုအခါကျမှ အလန့်တကြားဖြစ်ကုန်ကြလေပြီ။

"ရေတွေတက်လာပြီဟ၊ ဘယ်လိုလုပ်ကြမလဲ"

ညကြီးမင်းကြီးမို့ဘယ်ကိုမှလည်းမပြေးနိုင်ကြ။ ထို့ကြောင့် အိမ်တိုင်ကိုဖက်ကာ ထုတ်ချောက်တန်းများပေါ်တွင် တက်ပြီးတော့နေကြရသည်။ ခြေတံတိုအိမ်များသာ ထိုသို့ဖြစ်ကြရသည်။ ခြေတံရှည်အိမ်များကတော့ ရေတက်လည်းအိမ်အမြင့်ထိမရောက်ရှိခဲ့သာသည်။ သို့သော် ခါတိုင်းနှစ်များက ဤကဲ့သို့ ရေမကြီးပါ။ ခြေတံတိုအိမ်များပေါ်အထိရေကမရောက်။ ယခုနှစ်ကျကာမှ ဖြစ်ကြရသည်။ မနက်မိုးလင်းသည်အထိ ထုတ်ချောက်တန်းများပေါ်မှာ ဒုက္ခခံကာနေ,နေကြရသည်။

မနက်လင်းသော် ... တစ်ရွာလုံး ရေများဖွေးဖွေးထနေသည်။ ဟိုအိမ်သည်အိမ်များမှာ ကြွက်စီ၊ ကြွက်စီနှင့် ဖြစ်နေကြသည်။ အချို့က မျောပါသွားကြသောပစ္စည်းကို လှေနှင့်လိုက်ပြီးတော့ ဆယ်နေကြသည်။ ရေက အနိမ့်၊ အမြင့်အလိုက်၊ ရင်ခေါင်း၊ ပေါင်လယ်၊ ခြေသလုံးများအထိရောက်သည်။ ဗျူ့သည်





မောင်ခွေးနှင့်အတူ ဒုက္ခရောက်နေကြသူများကို လိုက်လံကူညီ ကျက်ရှိသည်။ လှေတစ်စင်းနှင့်ထွက်လာခဲ့သည်မှာ ချောင်ကြို ချောင်ကြားများပါမကျန်ရောက်သည်။

အနိမ့်ပိုင်းသို့ရောက်သောအခါ ရေက လူကြီးတစ်ရပ် လောက်ကိုနက်သည်။ မောင်ခွေးက နောက်မှလှေလှော်သည်။ ဗျူ့က ရှေ့မှလိုက်ပါသွားသည်။

ကွေ့တစ်ခုကိုအရောက်တွင် –

"ဝုန်း"

အမှတ်မထင် လှေသည် ရုတ်တရက်လှုးခါသွားသည်။ မှောက်တက်သွားမတတ်ဖြစ်သွားခဲ့ရလေသည်။

"ဟ ... ဘာလဲ"

"ရေအောက်က အကောင်တစ်ကောင် ဖြတ်သွားတယ် ဆိ"

"အေး ... တော်တော်ကြီးတာပဲကွ၊ ငါးကြီးတစ်ကောင် ားလား"

"ဖြစ်နိုင်တယ် ... ပင်လယ်ဘက်က ရေကြောင်းများပြီး က်လာတဲ့ကောင်များလား။ မြစ်၊ ချောင်းတွေထဲမှာ ရေတွေလျှံ ရွာထဲအထိရောက်လာတာနဲ့တူတယ်"

"ငမန်းလိုကောင်မျိုးဖြစ်နေရင် အန္တရာယ်ကွ မောင်ခွေး"

"ငရွှေးလည်းဖြစ်နိုင်တာပဲကွ၊ နေပေ့စေကွာ ရေကျရင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါသွားလိမ့်မယ်''

လှေအောက်မှဖွက်သွားသည့်အကောင်ကြီးက ထင်သည့်အတိုင်း ကြီးမားသည်။ ရေမျက်နှာပြင်အထက်တွင် ရေတန်းကြီးကဖြစ်ပေါ်နေပြီး အဝေးကိုရောက်သွားသည့်အထိမြင်နေရသည်။ မည်သည့်အကြောင်းကြောင့်လဲမသိ၊ ဗျူသည် ဘာမှန်းမသိသော ရေအောက်သတ္တဝါအတွက် စိတ်ထဲမှာ စိုးထိတ်နေမိသလိုလို။

❦

ကိုဘိုကေသည် အိမ်ပေါ်မှ အိမ်အောက်သို့ဆင်းလာခဲ့သည်။ စိတ်ပျက်၊ လက်ပျက်ဖြစ်သွားခဲ့ရသည်။ အိမ်သည်ခြေတံရှည်ဖြစ်သော်လည်း အနိမ့်ပိုင်းသို့ရောက်နေ၍ ရေကတက်နေသည့်အတွက် တိုင်တစ်ဝက်လောက်ကို ရေများက ဖုံးလွှမ်းနေသည်။ နစ်မြုပ်နေကြသည်။ ပစ္စည်းပစ္စယများကိုလည်း အိမ်ပေါ်မှာတင်ထားရလေသည်။

''စိတ်ညစ်ဖို့ကောင်းလိုက်တာကွာ၊ ခုဂိရေက မကျသေးဘူး။ ဘယ်အချိန်ကျမှ ရေကကျမှာလဲ''

''တော့်လိုပဲ ...တစ်ရွာလုံးက အဲသည့်လိုမေးခွန်းမျိုးမေးနေကြတာပဲ၊ အချိန်တန်ရင် ရေကျသွားလိမ့်မယ်''

ဒေါ်ဖွားစိန်က အိမ်ပေါ်မှနေ၍ လှမ်းပြောလိုက်သည်။ ကြေးချင်ယောင်ဆောင်ပြီး အိမ်ရှေ့လှေကားထစ်များပေါ်မှာပင် ထိုင်ချလိုက်သည်။ လှေကား၏သုံးပုံတစ်ပုံးလောက်ကိုလည်း





www.burmeseclassic.com

www.burmeseclassic.com



ရေလွှမ်းထားသည်။ ထိုစဉ် ...ကိုဘိုကေ၏မျက်လုံးအစုံသည် တစ်နေရာကိုရောက်သွားသည်။ ရေနစ်မြုပ်နေသောအိမ်တိုင်နှစ်ခုကြားမှာပေါ်သောအရာတစ်ခု ...

''ဘာကြီးပါလိမ့်၊ ဘယ်ကသစ်တုံးကြီးလဲ၊ ငါ့ခြံထဲမှာလည်း ဒါလောက်ကြီးမားတဲ့သစ်တုံးကြီးမျိုးမရှိပါဘူး။ တစ်နေရာရာကမျောလာပြီး ခြံထဲကိုများရောက်နေတာလား။ ခြံတံခါးလည်းပိတ်ထားပါတယ်၊ ခြံလည်းလုံရဲ့သားနဲ့ အင်း ...တစ်နေရာရာမှာတော့ ခွေးတိုးပေါက်လိုမျိုးရှိလိမ့်မယ်၊ အဲသည့်နေရာကနေဝင်လာတာပဲဖြစ်ရမယ်''

သစ်တုံးကြီးသည် ရေပြင်ကငြိမ်သက်လျက်နှင့် မသိမသာလှုပ်ရှားသွားခဲ့သလို ကိုဘိုကေ၏မျက်လုံးအစုံသည်မြင့်တက်သွားခဲ့ရလေ၏။

''သစ်တုံးကြီးက လှုပ်နေပါလား''

သို့သော် စိတ်အထင်ဟုလည်းယူဆမိလိုက်သည်။ လှေကားထစ်မှာထိုင်နေလျက်က ထမည်အပြု သဏ္ဍာန်ကြီးတစ်ခုက ရိပ်ခနဲဆို ခေါင်းထက်မှ ကျော်ဖြတ်သွားခဲ့လေရာ ...

''ဝုန်း''

''ဖျန်း''

''အား''

ကိုဘိုကေသည် အလန့်တကြားနှင့်အော်မိလိုက်သည်။





လှေကားထစ်မှ လဲကျမတတ် ဖြစ်သွားခဲ့ရသည်။ သတိကြီးစွာထားပြီးလက်ရန်းတစ်ဘက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားမိလိုက်သည်။ ထိုစဉ် ...

''ဟမ်း''

မိကျောင်းခေါင်းကြီးကရေပြင်ထက်မှာ ဘွားခနဲဆို ပေါ်လာသည်။ ကိုဘိုကေ၏အောက်ပိုင်းကိုဖမ်းဟပ်လိုက်လေသည်။

''အမလေး''

ကိုဘိုကေသည် ခြေနှစ်ချောင်းကို အရုတ်မြန်လိုက်၍သာဟုတ်လျှင်၊ မိကျောင်း၏ပါးစပ်ကြီးထဲကို ပါသွားနိုင်သည်။ အမိအရကိုက်မိလို့ကတော့ သက်သာမှာမဟုတ်။ ရေထဲဆွဲချသွားနိုင်သည်။ ကိုဘိုကေသည် ... အိမ်ပေါ်သို့ လှေကားအတိုင်းတုန်ကယင်ဖြင့်တက်ပြေးသည်။ သူ၏အော်သံကြောင့် ဒေါ်ဖွားနှင့် ဥက္ကာရာတို့သည်လည်း အိမ်ထဲမှပြေထွက်လာခဲ့ကြသည်။ ကိုဘိုကေမှာ အိမ်ပေါ်သို့ပင်ရောက်နေလေပြီ။

''အဖေ၊ အဖေ ဘာဖြစ်လို့လဲ''

''မိကျောင်း၊ မိကျောင်း ခြံထဲရောက်နေတယ်''

''ဟင် ... ဘာရယ်၊ မိကျောင်း ဟုတ်လား။ ခြံထဲကိုဘယ်ကမိကျောင်းရောက်နေရမှာလဲ၊ ပေါက်ပေါက်ရှာရှာတော်''

''ဟင် ... ငါက မဟုတ်ဘဲနဲ့ လျှောက်ပြောနေတယ်ထင်လား။ ငါ့သေသေချာချာကို မြင် မြင်''



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"ဟမ်း"

"အမလေး"

မမျှော်လင့်သောအဖြစ်အပျက်တစ်ခုကြောင့် အော်သံများက ညံညံစီသွားခဲ့ရသည်။ အကြောင်းမှာ မိကျောင်းကြီးတစ်ကောင်၏ခေါင်းပိုင်းသည် ရေထဲမှ ဝုန်းခနဲဆိုပေါ်လာသည်။ လှေကားထစ်၏သုံးပုံတစ်ပုံးလောက်အထိ ထိုးတက်လာခဲ့လေသည်။ ထို့နောက် ဤအတိုင်းတန့်နေပြီး ပါးစပ်ကြီးကိုဖြဲကာ တဟဲဟဲဖြင့် ထူးဆန်းသောအသံကြီးကထွက်ပေါ်နေလေ၏။

"မိ ... မိကျောင်းကြီးပါတော့ လာကြပါဦး"

ဒေါ်ဖွားစိန်က ဝန်းကျင်ကိုအော်ဟစ်ပြီးတော့ အကူအညီတောင်းလိုက်သည်။ ထိုသို့အော်လိုက်မှ မိကျောင်းကြီးက ကိုယ်လုံးကိုလူးလွန့်ကာ လှေကားပေါ်တက်ရန် ကြိုးစားသည်။ ထို့ကြောင့် အိမ်ထဲကို ဝင်ပြေးကြလေသည်။ ဒေါ်ဖွားစိန် ထိုသို့အော်ဟစ်လိုက်သောအချိန်တွင် ဖျူ့တို့သည် လှေတစ်စင်းနှင့် အိမ်ရှေ့ကိုရောက်နေကြပြီဖြစ်သည်။

"ဟ ... မိကျောင်းဆိုပါလား ... ဒါဒေါ်ဖွားစိန်ရဲ့အသံပဲ ဖျို့ ဘာဖြစ်လို့လဲ"

"မိကျောင်း၊ မိကျောင်း၊ ဟောသည့်မှာခြံထဲကိုရောက်နေတယ်၊ ခုအိမ်အောက်မှာ လာကြပါဦး"





ထိုသို့ အော်ဟစ်ကာပြန်ပြောလိုက်သောသူသည် ကိုဘိုက ဖြစ်နေသည်။ ဥတ္တရာသည် ဖျူ့၏အသံမှန်းသိလိုက်သည် ့ အိမ်ထဲကပြေးထွက်လာသည်။

"ဖျူ့ ဖျူ့ အိမ်အောက်မှာ မိကျောင်းကြီးတစ်ကောင် ရောက်နေတယ်၊ လှေကားပေါ်ကိုတက်ဖို့ကြိုးစားနေတယ်၊ မြန် မြန်လာပါ"

"ဟင် ... ဥတ္တရာအသံပဲကွ ... သူတို့အိမ်အောက်မှာ ကျောင်းရှိနေတယ်ဆိုပါလား"

"မင်းသွားမလို့လား ဖျူ့ မိကျောင်းဖြစ်နိုင်ပါ့မလားကွ၊ ကွာ ရွာထဲကို ဘယ်ကမိကျောင်းကဝင်လာနိုင်မှာလဲ"

"ဟောကောင် ကိုခွေး၊ စောစောကငါတို့လှေအောက်က ်သွားတာ တခြားအကောင်မဟုတ်ဘူး၊ မိကျောင်းဖြစ်နိုင် ယ်၊ အကူအညီတောင်းနေမှတော့ မသွားလို့ဖြစ်ပါ့မလား၊ သွားမယ်"

"ဖျူ့ ... ငါ ... ငါ ... မ ... လိုက်ရဲဘူး"

"မင်းမလိုက်ရဲဘူးဆိုတာ ငါသိတယ် ... လှေကိုမင်းယူ သွား"

ဖျူ့သည် လှေပေါ်မှဆင်းလိုက်သည်။ ကိုခွေးလည်း ထို ား‌မှာမနေရဲတော့ဘဲ ချက်ချင်းပင်ထွက်သွားခဲ့သည်။ လှေပေါ် အော်ပြီးတော့ပြောသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျူဟ္ဟ သတိထားနော်"

ဗျူဟ္ဟသည် ရေထဲမှလျှောက်လာသည်။ ခြတ်ခါးသည်တွန်းဖွင့်လို့မရသည့် အနေအထားမှာရှိနေသည်။ ရွာထဲကို ရေများက အလုံးလိုက်အရင်းလိုက် တိုးဝင်လာကြသောကြောင့် မျောပါလာသော အမာခံပစ္စည်းတစ်ခုခုနှင့် ထိမိုက်မိကာ ပျက်စီးသွားဟန်တူသည်။ တော်တော်ကလေးကိုဟနေသည်။ လက်နှင့် တွန်းကြည့်လိုက်သောအခါ ပတ္တာပြုတ်ထွက်သွားခဲ့လေ၏။ ကိုဘိုကေ၊ ဒေါ်မွှားစိန်၊ ဉက္ကရာတို့သည် အိမ်ရှေ့သို့ မရဲတရဲနှင့် ထွက်လာခဲ့ကြသည်။

"သတိထား ဗျူဟ္ဟ၊ မိကျောင်းကြီးကအောက်မှာရှိနေသေးတယ်၊ သည်ကောင်ကြီးအိမ်ပေါ်ကို တက်လို့မရဘူးဖြစ်နေတယ်"

ကိုဘိုကေက လှမ်းပြီးတော့အော်လိုက်သည်။ သူ့လက်ထဲမှာလည်း ကွမ်းအစ်ကြီးတစ်လုံးကိုကိုင်ထားသည်။ မိကျောင်းကြီးကိုပစ်ပေါက်ရန်ကြသေးသည်။ သို့သော် ထိသွားပါက ဒေါသပိုထွက်လာကာ အိမ်ပေါ်ကိုတစ်ရှိန်ထိုး ထိုးတက်လာလေမည်လားဟု စိုးရိမ်မိသွားသည်။

❁



ဗျူဟ္ဟ ခြံထဲသို့ရောက်လာသည်။ ရေက ရင်ခေါင်းလောက်ရှိနေသည်။ သူ့ကိုယ်အထက်ပိုင်းက အင်္ကျီဝတ်မထား။ ဓားရှည်တစ်ချောင်းကို ဓားအိမ်ထဲထည့်ကာ စလွယ်သိုင်းထားသည်။ သူ့မျက်လုံးများသည် လှေကားဆီကို တန်းပြီးတော့ရောက်သွားသည်။ လှေကားအပေါ်ကို ခေါင်းထိုးကာ ငြိမ်သက်နေသော မိကျောင်းကြီး၏ကိုယ်တစ်ပိုင်းကိုတွေ့လိုက်ရလေသည်။

ပတ်ဝန်းကျင်ကလူများမှာ မိကျောင်းဟုအထိတ်တလန့်အသံများကိုကြားလိုက်ရသော်လည်း အချို့ကမယုံကြ။ အချို့က ယုံကြသော်လည်း အကူအညီမပေးရဲကြ။ ဗျူဟ္ဟ ထိုခြံထဲသို့ဝင်သွားသည်ကို အိမ်ပေါ်ကလှမ်းပြီးတော့ ရင်တဖိုဖိုနှင့်ကြည့်နေကြသည်။

"သည်ကောင်၊ မိကျောင်းဟုတ်နေတာတောင် ဒါလောက်အထိအတင့်ရဲသလား၊ ဗျူဟ္ဟဆိုတဲ့ကောင်ဟာ တော်တော်ရူးမိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ သတ္တဝါကိုအလွဲသုံးစားလုပ်တယ်''

ခြေတံရှည်အိမ်ကြီးတစ်အိမ်ထက်မှ လှမ်းကြည့်နေသော လူကြီးတစ်ယောက်က ဝေဖန်လိုက်သည်။ ထိုသူသည်လည်း မိကျောင်းဆိုသည်ကိုမယုံ။ ရွာထဲကို မိကျောင်းဝင်သည့်ထုံးစံမရှိ။

''သစ်တုံးမှတ်တယ် ထင်ပါ့ကွာ၊ အလကားအကြောက်ကြီးပြီးတော့ ယုန်ထင်၊ ကြောင်ထင်၊ မည်းမည်းမြင်ရာလျှောက်ပြောနေတာ''

ထိုလူကြီးက ထပ်ပြီးတော့ဝေဖန်လိုက်ပြန်သည်။ ယင်းအချိန်တွင် မိကျောင်းကြီးသည် ရေသံကိုကြားသွားရာ ဖျတ်ခနဲဆို ခေါင်းကြီးကလည်ထွက်လာသည်။ သူ့ဆီကို တဖြည်းဖြည်းနှင့်လာနေသောဖျူ့ဘကို မြင်သွားခဲ့လေပြီ။ ဖျူ့ဘသည်လည်း မိကျောင်းကြီးကိုမြင်လိုက်ရသည်နှင့် ကိုယ်ထဲမှာလည်ပတ်နေသော သွေးများက ရုတ်တရက် ဆူထွက်သွားခဲ့ရသည်။ သွေးပူများက တရှိန်ရှိန်နှင့်နေအောင် တက်လာခဲ့လေသည်။ ဖျူ့ဘသွေးကို ထိန်းချုပ်၍မရတော့။

မျက်နှာကြီးကလည်းနီမြန်း၍လာသည်။

''နှင်လားဟဲ့ မိကျောင်းဆိုတာ''

စိတ်ထဲမှာကြိမ်းဝါးလိုက်သည်။ သူက မိကျောင်းကြီးဆီကို အသွား၊ တစ်ပြိုင်တည်းမှာပင် မိကျောင်းကြီးက ကိုယ်အထက်ပိုင်းကိုရေထဲပစ်ချလိုက်လေရာ ...





''ဝုန်း''

သူ့ဆီကိုတစ်ရှိန်ထိုးပင် ကူးလာခဲ့လေပြီ။ ချက်ချင်းပင် ဖျူ့ဘဆီကိုရောက်လာခဲ့သည်။ ပါးစပ်ကြီးကိုဖြဲကာ ဒေါသတကြီးဖြင့်ရှိနေဆဲမှာ ...

''ဗိုး''

''ဖြန်း''

မိကျောင်းကြီးက ပါးစပ်ကြီးအဖြဲ၊ ကိုယ်လုံးကြီးလည်းတိုးအဝင်၊ အလစ်မှာအမြီးကြီးကလည်းတအားလွှဲကာ ရိုက်ချလိုက်သည်။ လွန်စွာမှ ဉာဏ်နီဉာဏ်နက်များလှသော မိကျောင်းကြီးပင်တည်း။ သို့သော် ဖျူ့ဘကလည်း ကိုယ်ကိုတိမ်းကာ လှစ်ခနဲဆိုရှောင်လိုက်သည်။ အမြီးကြီးကခေါင်းပေါ်ကကျော်ထွက်သွားသည်။

တစ်ဆက်တည်းမှာပင် မိကျောင်းကြီးက ဖျူ့ဘကိုကိုက်ချလိုက်သေးသည်။ ကောက်ကျစ်စဉ်းလဲသော မိကျောင်းကြီး၏အကြံက အမြီးရိုက်ချက်မှလွတ်သွားလျှင် သူ့ပါးစပ်မှ မလွတ်အောင် တစ်ခုမဟုတ်တစ်ခုမိရမည်ဆိုသည့်သဘော။ သို့သော် မိကျောင်းကြီး၏ဟန်ချက်ပျက်သွားခဲ့သည်နှင့်ဖျူ့ဘသည် မိကျောင်းကြီး၏ကိုယ်ပေါ်ကို ဖျတ်ခနဲဆိုရောက်သွားခဲ့သည်။

''ဖျူ့ဘ''

ဥတ္တရာသည် အိမ်ပေါ်မှနေ၍ အထိတ်တလန့်ဖြင့်အော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ မိကျောင်းကြီးသည် သူ့ကိုယ်ပေါ်ရောက်နေသောဖျူ့ကို အမြီးကြီးဖြင့်နောက်တစ်ကြိမ်ရိုက်ချလိုက်ပြန်သည်။

"ဗိုး"

သို့သော် ဖျူ့သည် မိကျောင်းကြီး၏ကိုယ်ပေါ်မှာ အလျားလိုက်ထိုးမှောက်ကာ တင်းတင်းဖက်ထားလိုက်သောကြောင့် သက်သာရာရသွားခဲ့သည်။



## အခန်း (၁၄)
## အဆိပ်ပါးသောကျား

ထိုအခါ အနီးပတ်ဝန်းကျင်ရှိ အိမ်ပေါ်မှလူများသည် ဖျူ့နှင့်မိကျောင်းတို့၏အခြေအနေကို မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရလေသည်။

"ဟာ"

"အို"

အိမ်ထဲ‌ကို မိကျောင်းတကယ်ရှိနေသည်ကို အစကမယုံကြ။ ယခုမှပင် ယုံကြည်သွားခဲ့ကြလေသည်။ မိကျောင်းကြီးသည် အထိတ်တလန့်ဖြင့် ခြံအပြင်ကိုထွက်သွားသည်။ ဖျူ့သည် မလွှတ်တမ်းဖက်ကာလိုက်ပါသွားခဲ့လေသည်။ ထိုနေရာတွင် ရေကန်ရှိနေသည်။ မိကျောင်းကြီးက လွှတ်ရာလွှတ်ကြောင်း အခက်အခဲမရှိ ကူးသွားသည်။ အိမ်များ၏တစ်ဖက်ကို လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com

ကူးလိုက်သည်နှင့် ရိုးလေးတစ်ခုကစည်းရှုံခံနေသည်။ ရိုးသည် ရေပြည့်လျှံလျှက်ရှိနေလေပြီ။

ဗျူသည် မိကျောင်းကြီးနှင့်အတူပါသွားခဲ့သည်ကို အားလုံးက မြင်နေကြရသည်။ အားလုံးက … မကြုံစဖူးဖြစ်ရပ်ကြောင့် ရင်တမမနှင့်ရှိနေကြလေ၏။

"ဟာ … ဗျူ ပါသွားပြီ၊ ပါသွားပြီ"

ထိုအခါကျမှ ဗျူပါသွားပြီ ဖြစ်ကုန်ကြသည်။ မိကျောင်းကြီးသည် ရေကိုငုပ်လျှိုးရန်ကြံသေးသည်။ သို့သော် သူတစ်ကိုယ်စာ ငုပ်နိုင်ရလောက်အောင် ရေကမနက်၊ သူ့ကျောလယ်ထက်မှာ မကြောက်မရွံ့လိုက်ပြီးပါလာသော ဗျူကို ကြောက်ရွံ့လာခဲ့လေသည်။ ထို့ကြောင့် ကိုယ်ကို တဆက်ဆက်ပြုကာ ခါချသည်။ မလွယ်ပါ။ ကြီးမားသော တောက်တက်ကြီးတစ်ကောင်က သူ့ကိုယ်မှာတွယ်ကပ်နေသလိုပင်။

သည့်လိုနှင့် ရေပြည့်နေသော ရိုးထဲကိုရောက်သွားခဲ့သည်။ ရေကိုဆန်ပြီးတော့ ကူးသွားခဲ့သည်။ ရေစီးမှာ သစ်ကိုင်းတုတ်တုတ်ကြီးတစ်ချောင်း မျောပါလာသည်ကို တွေ့လိုက်ရသည်။ ဗျူသည် ဆတ်ခနဲဆယ်ယူလိုက်သည်။ ထို့နောက် မိကျောင်းကြီး၏ခေါင်းကို တဖြောင်းဖြောင်းနှင့်ရိုက်ချလိုက်လေသည်။ မိကျောင်းကြီးမှာ ခေါင်းထက်၌အဖျုံကွက်ကြီးနှင့် ဖြစ်သည်။ တုတ်နှင့်အဆက်မပြတ်ရိုက်သောကြောင့် နာကျင်လွန်းလှ၍ အတင်းရုန်း





ကာပြေးသည်။ ဗျူကို ပြန်လည်၍တိုက်ခိုက်ရန်လည်း မည်သို့မှ မတက်နိုင်။

ကြံရာမရသည့်အဆုံးတွင် ရေအောက်ကို ချက်ချင်းငုပ်သွားသည်။ ဗျူလည်း အတင်းတွယ်ကပ်ပြီးတော့လိုက်ပါသွားသည်။ သို့သော် ရေက တိမ်သောကြောင့် မိကျောင်းကြီးမှာ ရေအောက်မှာကြာကြာမနေနိုင်။ ချက်ချင်းလိုလိုပင် ပြန်ပြီးတော့ပေါ်လာခဲ့ရပြန်သည်။ ပေါ်လာပြန်တော့လည်းမသက်သာ၊ ဗျူ၏ တုတ်ချက်က ခေါင်းထက်ကို တစ်ချက်ပြီးတစ်ချက် ကျနေလျှက်။

ဗျူသည် … ဓားကိုမသုံးဘဲ တုတ်နှင့်သာ တွင်တွင်ရိုက်နက်လျှက်ရှိသည်။ တစ်ခါတရံမှာ ဓားကိုထုတ်၍မိကျောင်း၏ မျက်လုံးများကို ဖောက်ပစ်ရန်အထိရက်စက်ချင်သော စိတ်ရိုင်းများက ဝင်မိသေးသည်။ သို့သော် မလုပ်ရက်ခဲ့။ သည့်လိုနှင့်ရိုးကို လွန်သော် ကျောက်ဆင်ရှာကြီးချောင်းထဲကို ရောက်သွားသည်။ ချောင်းထဲမှာလည်း ရေက ပြည့်လျှံနေလေသည်။ ထိုအခါ မိကျောင်းကြီးသည် ရေအောက်ကိုငုပ်လျှိုးသွားခဲ့လေသည်။

ခေါင်းတစ်ခေါင်းလုံးသည်လည်းစိစိညက်ညက်ကြေလောက်အောင်ပင် ရှိနေပြီဖြစ်၍ ဗျူကိုပြန်ပြီးတော့ခုခံရန် အားမရှိတော့။ ထို့ကြောင့် ဗျူသည် မိကျောင်းကြီးရေထဲသို့ စပြီးတော့ ငုပ်လိုက်သည်နှင့် ခုန်ချလိုက်သည်။

"ဘွမ်း"


www.burmeseclassic.com

www.burmeseclassic.com

ကမ်းကနီးသည်ဖြစ်၍ ... ချက်ချင်းပင်ကူးသွားသည်။ မိကျောင်းကြီးကို ယုံကြည့်စိတ်ချ၍မရ။ ချက်ချင်းလှည့်ကာသူ့ကို တိုက်ခိုက်နိုင်သည်မဟုတ်ပါလား။ သည့်လိုနှင့်ကမ်း...ို့ရောက် သွားခဲ့သည်။ ကမ်းခြေတစ်လျှောက်လိုက်ပြီးကြည့်သေးသည်။ တစ်နေရာရာကနေ တက်လာလေမလားဟု ထိုနေ့ကစပြီး နောင် လပေါင်းများစွာကြာသည်အထိ မိကျောင်းကြီး၏သတင်းကိုမကြား ရတော့ပေ။ တစ်နေရာရာတွင်သေဆုံးသွားခဲ့ပြီဟု မှတ်ယူမိကြရ ပါ၏။



ကိုဘိုကေသည် သည်တစ်ခါတော့ ဗျူဟကို ကျေးဇူးမတင် ...မနေနိုင်တော့။ ယခင်တစ်ခါက ... သမီးဥတ္တရာကို မည်းမည်း ...ကောင်ကြီးဖမ်းသွားခဲ့စဉ်က ဗျူဟပင် လိုက်လံကယ်တင်ခဲ့ရသည်။ ထိုစဉ်က ဖနီးဒေါ်ဖွားစိန်ကသာ ဗျူဟကိုကျေးဇူးစကားဆိုခဲ့သည်။ ...ူကမပြောဖြစ်ခဲ့။ သူ့စိတ်ထဲမှာ ဗျူဟသည် အမဲလိုက်သမား ...ားသတ်မုဆိုးဟူသောအသိကြောင့် လက်မခံနိုင်ခြင်းပင်။

"အင်း ... အဲ့သည့်အချက်ကလေးတစ်ချက်ကလွဲရင် ...ျန်တာအားလုံးကောင်းပါတယ်"

"ဗျူဟဟာ ရုပ်ရွာထဲမှာလည်း လူမှုရေးနားလည်တဲ့သူပါ။ ...ရေးအကြောင်းရှိရင်လည်း အသက်စွန့်ပြီးတော့ ကူညီတတ်တာ ...်အသိပဲ၊ ပြီးတော့အမဲလိုက်တယ်ဆိုတာကလည်း အမြဲကြီး ...ဟုတ်ပါဘူး။ သူနဲ့ပက်သတ်ပြီးတော့လည်းရှင်းသိသားပဲ၊ ဘဝက ...ထုံးရေစက်ပါလာလို့ဖြစ်ရတာ ... ဒါကလည်း နောက်တော့


www.burmeseclassic.com

www.burmeseclassic.com



သူဘာသာအလိုအလျောက်ပျောက်သွားမှာပဲ''

''အေး ... ငါလည်းပွင့်ပွင့်လင်းလင်းပြောမယ်၊ ဗျူဟာလူတော်လေးတစ်ယောက်ဆိုတာ ငါလည်းသိတယ်၊ သူနဲ့သမီးတို့ရည်ငံနေကြပြီလား ဘာလားဆိုတာမသိရဘူး။ သည်ကောင့်မှာအဲသည့် အမဲလိုက်တာကိုခုံမင်တဲ့ ဝါသနာအထုံမျိုးသာမရှိခဲ့ရင်ငါသဘောမတူနိုင်စရာမရှိဘူး ... ခုတော့''

''ရှင်၊ သည်အထိတွေးပြီးတော့ပူမနေပါနဲ့လေ၊ ကျွန်မထင်တာကတော့ အချိန်တန်ရင် သူ့ကိုယ်သူပြုပြင်သွားမှာပါ''

ကိုဘိုကေသည် သက်ပြင်းချလိုက်မိသည်။ သို့သော် ယခုအချိန်မှာတော့ ...ဗျူဟာကို ယခင်ကလို သူ မဆက်ဆံချင်သလိုမျိုး၊ မသိကျိုးကျွံပြုသလိုမျိုး မနေတော့ပါ။

''အေးကွာ၊ အဲသည့်မိကျောင်းကြီးက အိမ်ပေါ်အထိတက်လာပြီးလူတွေကိုပါ ကိုက်သတ်တော့မယ်မှတ်ရတယ်၊ ကြောက်စရာကြီးကွာ၊ ငါ့အိမ်မှာမှ သည်လိုလာဖြစ်တာ မင်းသာရောက်မလာရင် ဘာတွေဆက်ဖြစ်ကုန်ကြမလဲ မသိဘူး။ ကျေးဇူးတင်ပါတယ်ကွာ''

''ကျေးဇူးတင်ဖို့မလိုပါဘူး ဦးလေးရာ၊ ဒါလောက်ကတော့ကျွန်တော်ကူညီရမှာပေါ့''

ကိုဘိုကေက ... သူ့ကိုလိုက်လျောစွာ ဆက်ဆံခဲ့သည့်အတွက် စိတ်ကျေနပ်နေမိသည်။





''အင်း၊ ငါ့သားကို ...ကိုဘိုကေက ကျေးဇူးတင်စကားပြောတယ်ဆိုတော့ သမက်လောင်းကြီးအဖြစ်လက်ခံပြီနဲ့တူတယ်''

''ဟာဗျာ၊ အမေကလည်း အဲသည့်သဘောမျိုးဟုတ်မယ်မထင်ပါဘူး။ ပြီးတော့ ကျွန်တော်ကလည်းဥတ္တရာနဲ့ ဘာဖြစ်သေးတာမှတ်လို့ ...''

''သားရယ် အမေတို့က လူငယ်တွေကိစ္စကိုနားလည်ပြီးသားပါ၊ မဟုတ်ဘူး မဖြစ်ဘူးလို့မပြောပါနဲ့၊ ဥတ္တရာလေးကတော်ပါတယ်၊ သားနဲ့လည်းလိုက်ဖက်ညီပါတယ်''

မသေးသွယ်မှာ သူမပြောချင်ရာကိုသာပြောနေတော့၍ဗျူဟာလက်လျှော့ကာ ငြင်းချက်မပေးတော့။ ဥတ္တရာကလည်း ဗျူဟာကို တမင်ရှာကာ ကျေးဇူးတင်စကားဆိုပြန်သည်။

''ဥတ္တရာ ... နင်ကလည်း ငါ့ကို ကျေးဇူးတင်စကားလာပြောတယ်၊ နင့်အဖေ ငါ့ယောက္ခမလောင်းကလည်း မပြောစဖူးကျေးဇူးတင်စကားလာပြောတယ်၊ ငါမနေတတ်တော့ဘူး''

''အံမယ် ... အံမယ် အဖေ့ကိုများ ယောက္ခမလောင်းကြီးတဲ့ ပိုင်စိုးပိုင်နင်း''

''နို့ ... မဖြစ်နိုင်လို့လား''

''တော်ပါ နားရှက်စရာတွေပြောမနေနဲ့ ... ဩော် ဒါနဲ့ နင်မိကျောင်းကြီးနဲ့ပါသွားတော့ ငါစိတ်ပူလိုက်ရတာဟယ်၊ နင်သာတစ်ခုခုဖြစ်သွားရင် ငါလည်းယူကျုံးရမိတော့မှာမဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ပဲ ပိုပြီးတော့ချစ်သွားရောဆိုပါတော့၊ ဟုတ်လား"

"သွား ... နင်နော် ...နင်"

ဥတ္တရာသည် မျက်နှာလေးနီမြန်းနေကာ ဗျူဂ္ဂ၏ရင်ဘတ်ကို လက်နှင့်တွန်းလွှတ်လိုက်လေ၏။ ချစ်ခြင်းမေတ္တာကို ခံစားနိုင်သော အခွင့်အရေးရှိလာသောအခါ ဗျူဂ္ဂ၏စိတ်သည် အလိုလိုပင်နူးညံ့သိမ်မွေ့လာခဲ့သည်။ ဥတ္တရာနှင့်တရားဝင်ချစ်သူများဖြစ်သွားခဲ့စဉ်တွင် ထူးခြားမှုများက သူ့အပေါ် သက်ရောက်လာခဲ့သည်။ ယင်းမှာ ယခင်က တစ်လလျှင်တစ်ကြိမ်၊ နှစ်ကြိမ်၊ အမဲမလိုက်ရလျှင်မနေနိုင်သော ဗျူဂ္ဂ ယခုတော့ နှစ်လ၊ သုံးလလောက်မှ တစ်ကြိမ်လောက် ထိုဆန္ဒမျိုးဖြစ်ပေါ်လာတတ်သည်။

သူ့ကိုယ်သူလည်း အံ့အားသင့်မိရသလို၊ မိဘ၊ ဆွေမျိုး၊ ရပ်ဆွေ၊ ရပ်မျိုးတွေကလည်း အကဲခတ်လာခဲ့ကြသည်။ သို့သော် ထိုအကုသိုလ်ကံစွမျိုး ပြတ်သလောက်ရှိပြီဟု ထင်မှတ်ခဲ့ရာမှ တစ်ရက်တွင် မုဆိုးတောလိုက်အလုပ်ကိုချက်ချင်းပင်သတိရသွားခဲ့သည်။

"ငါတောထဲကို သွားချင်လိုက်တာ၊ သွားချင်လိုက်တာ"

ပြင်းပျသောဆန္ဒဖြစ်ပေါ်လာမိသည်။ သို့သော်ပြတ်လက်စနှင့် ပြတ်ပါစေတော့ဟူ၍ တောထဲကိုမသွားဘဲ တင်းခံနေသည်။ မရပါ။

"ငါမသွားတော့ဘူး၊ မသွားတော့ဘူး"





မည်မျှပင် စိတ်ကိုထိန်းထားသော်လည်း _ မကောင်းသောနတ်များက သွေးဆောင်ကာတိုက်တွန်းနေကြသည်ဟုထင်သည်။ မရတော့။ နောက်ဆုံးမှာတော့ စိတ်က မကောင်းမှုဘက်ကိုပါသွားခဲ့သည်။ လွှတ်ထွက်သွားခဲ့လေသည်။ လေးနှင့်မြားကိုဆွဲကိုင်လိုက်သည်။

"သည်ကနေ့တော့၊ ငါဟဲ့ ဗျူဂ္ဂမုဆိုး၊ သားကောင်တွေ သတိထားပြီးရှောင်ကြပေတော့ဟေ့"

ထိုသို့ကြိမ်းဝါးကာ လေးနှင့်မြားကျည်တောက်ကိုကိုင်ပြီး တောထဲသို့ဝင်ခဲ့လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

ဖျူရွှတောထဲကိုရောက်လာခဲ့သည်။ သို့သော် သားကောင်ပေါသောတောပေမယ့် သည်ကနေ့မှာမှ . . . အခြေအနေကတစ်မျိုးဖြစ်နေသည်။ တောကြီးတစ်တောလုံးတိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လေကလည်းမတိုက်၊ သစ်ကိုင်း၊ သစ်ရွက်များ၏လှုပ်ခတ်သံများ၊ သားကောင်တို့၏တောတိုးသံများကိုပင် မကြားရ။ ထို့အပြင် _ သားကောင်ဆို၍ သမင်၊ ဒရယ်၊ ချေကောင်မျိုးမဆိုထားနှင့် မြေကြွက်တစ်ကောင်တလေသော်မျှမမြင်ရ။ သစ်ပင်ထက်မှာ ငှက်ကလေးများ၏တစာစာမြည်သံများသည်လည်းဆိတ်သုန်းလျက်ရှိသည်။ အကောင်ဘလောင်လေးတွေကိုလည်းမမြင်ရ။

"သည်ကနေ့မှာမှ ဘယ်လိုဖြစ်တာလဲ၊ ဘာဆိုဘာကောင်မှမတွေ့ရပါလား၊ ငါ့ကိုကြောက်လို့တောပြောင်းကုန်ကြတာလား"

ဤသို့ တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးခဲ့၍ နားမလည်နိုင်





အောင်ပင်ဖြစ်နေရသည်။

"နင်တို့ပဲ အပုန်းကောင်းမလား၊ ငါပဲရှာနိုင်မလား။ စောင့်ကြည့်ကြသေးတာပေါ့၊ ဖျူရွှတဲ့ဟေ့"

ဖျူရွှသည်မျက်လုံးတွေကို ကျိုးကန်းတောင်မောက်ကြည့်ကာ တောထဲကိုဆက်လက်ပြီးတော့တိုးဝင်ခဲ့သည်။ ထူးခြားမှုဖြစ်မလာသောအခါ သစ်ပင်ကြီးတစ်ပင်အောက်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ထမင်းထုပ်ကို သစ်ပင်ထက်မှာတင်ကာရှေးဦးစွာတောလပိုင်း၊ တောလပိုင်းများကိုတင်သည်။ ပြီးတော့မှယူ၍စားသည်။ စားပြီးအကြွင်းအကျန်များကို ပုရွက်ဆိတ်ကလေးများအားချကျွေးမိလိုက်သေးသည်။ ဖျူရွှအဖို့ သတ္တဝါငယ်ကလေးတွေအပေါ်မှာ ပထမဦးဆုံးကြင်နာသနားပြလိုက်ခြင်းပင်။

ထို့နောက် _ အပင်ကြီးအောက်မှာပင် အိပ်ပျော်သွားခဲ့လေသည်။ မည်မျှကြာအောင်အိပ်ပျော်သွားခဲ့သလဲမသိ၊ သူ ဖျတ်ခနဲ နိုးလာခဲ့သည်။ သူ့ခေါင်းထဲကို သတိပေးချက်တစ်ခုကအလိုလို ပင်ဝင်လာခဲ့သည်။

"သားကောင်၊ သားကောင်"

ဟုတ်သည်။ သားကောင်ရနံ့ကို သူ ရနေသည်။ လေးမြားတို့ချထားရာဆီကို လက်က အမှတ်မထင်ရောက်သွားခဲ့သည်။ မျက်လုံးတွေကလည်း ချုံတစ်ခုစီကို အလိုလိုပင်ရောက်သွားရာ–

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတွင် ထိတ်ခနဲဆိုဖြစ်သွားခဲ့ရသည်။ ချုံအကွယ်တစ်ဘက်မှာ ကျားကြီးတစ်ကောင်ကို မြင်လိုက်ရသောကြောင့်ပင်တည်း။ ချုံက ပါးလွှာသည်။ ထို့ကြောင့် တိုးလျှိုပေါက်ထွင်းပြီးတော့မြင်လိုက်ရခြင်းပင်။ ကျားစေဦးလဲသည်သူ့ကိုချောင်းမြောင်းပြီးတော့ကြည့်နေလျှက်၊ သည်ကနေ့တော့ သူ ပထမဦးဆုံးတွေ့လိုက်ရသည့်သားကောင်၊ အလွှတ်ပေးလို့မဖြစ်တော့။ ထို့ကြောင့် မြားစူးကိုလေးညို့မှာတင်ကာ ကျားစေဦးလဲ၏နဖူးပြင်တည့်တည့်ဆီကို သေချာစွာပင်ချိန်ရွယ်ပြီးတော့ ပစ်ထည့်လိုက်လေ၏။

"ဝှစ်"

"ဒုတ်"

"အား"

"ဝေါင်း"

မြားစူးသည် ချုံကိုဖောက်ထွင်းပြီး ကျား၏နဖူးပြင်တည့်တည့်ကြီးထိမှန်သွားခဲ့လေ၏။ နာကျင်စွာအော်ဟစ်လိုက်သောအသံသည် _ တစ်တောလုံးကိုဆူညံသွားခဲ့သည်။ ကျားကြီးသည်မြောက်ခနဲဆိုတက်သွားသည်။ ပြီတော့မှ အောက်ကိုဘုန်းခနဲဆိုပြန်ကျလာခဲ့သည်။ သူ့မြားဆိပ်ကိုယုံကြည်သည်။ သည်ကောင်ကျားကြီးအသက်မရှင်နိုင်တော့။ ဒေါသတကြီးဖြင့်အော်ဟစ်ကာအပင်ကြီးတစ်ပင်၏အမြစ်များကို ကိုက်ခဲရင်း _ တစ်ခဏအကြာ





တွင် ငြိမ်သက်သွားခဲ့လေ၏။

ဗျူဟသည် ... သေဆုံးနေပြီဖြစ်သော ကျားကြီးဆီကိုလျှောက်သွားခဲ့သည်။ သို့သော် အနားကိုရောက်သော် ...

"အူး"

"ဝေါင်း"

မထင်မှတ်သော အခြေအနေတစ်ခု၊ သေဆုံးနေပြီဟုထင်ရသော _ ကျားကြီးသည် ရုတ်တရက်ဒေါသတကြီးဖြင့် ခုန်ထွက်သွားသည်။ မြေပေါ်ကိုပြန်အကျမှာ ခေါင်းကိုတစ်ချက်ခါရမ်းလိုက်သည်။ နဖူးမှာစိုက်နေသောမြားစူးသည် ကျွတ်ပြီးလွင့်စဉ်ကာထွက်သွားသည်။ သည့်နောက် ဗျူဟဆီကို ပြေးဝင်လာခဲ့လေသည်။ ရုတ်တရက်ခုန်ဝင်လာသောကျားကြီးက သူ့ကိုမအုပ်မိစေရန် လူးလှိမ့်ပြီးတော့ ရှောင်လိုက်ရသည်။ ကျားက တစ်နေရာကိုထွက်ပြေးသွားလေ၏။ သူအံ့အားသင့်သွားမိသည်။

"သေလောက်တဲ့ ငါ့အဆိပ်လည်းမဖြုံဘူး၊ ဘယ်လိုဖြစ်တာလဲ၊ သည်ကောင်ကြီးအပများမှီသွားသလား"

ကျားကြီး၏နဖူးမှကျွတ်ထွက်လာသော မြားတံသည် ယစ်ပင်ကြီးတစ်ပင်၏ပင်စည်မှာ လာစိုက်နေလျှက်။



www.burmeseclassic.com

www.burmeseclassic.com

ဗျူဟသည် အခဲမကြေ။ ကျားကြီး၏နောက်ကို ခြေရာခံပြီး တောလိုက်သွားသည်။ သို့သော် ... တစ်နေရာကိုအရောက်တွင် ကျားခြေရာပျောက်သွားသည်။ လူခြေရာကိုတွေ့လိုက်ရသည်။ အံ့အားသင့်သွားခဲ့သည်။ ကျားသည်လူတစ်ယောက်၏နောက်မှာ ရောက်နေသည်ဟုယူဆရသည်။ သို့ဆိုလျှင် _ ကျားက လူတစ်ယောက်၏နောက်ကိုအကယ်ပင်လိုက်သွားသည့်သဘော။ မဖြစ်နိုင် မြားဆိပ်ကပြင်းသည်။ ကျားသည် တစ်နေရာရာမှာ သေနေလောက်ပြီ။ အကယ်၍သာ ကျားသည် မသေဘဲ လူကိုဆွဲသွားခဲ့လျှင် ထိုသူကကော ဘယ်ကိုပါသွားခဲ့ပြီလဲ။

ဗျူဟ သတိနှင့်လိုက်သွားခဲ့စဉ်မှာ ... ရှေ့တွင်သစ်ပင်ကြီးတစ်ပင်အောက်မှာ ရသေ့အိုကြီးတစ်ပါးကိုမြင်တွေ့လိုက်ရသည်။ တရားကျင့်ကြံအားထုတ်လျက်ရှိသည်။ အံ့အားသင့်သွားခဲ့ရပြန်သည်။ ရှေ့မှာသွားနေခဲ့သောခြေရာရှင်သည် ရသေ့ကြီးများလား။





ထိုစဉ် ... ရသေ့ကြီးသည် တရားအလုပ်ပြီးသွားပြီထင်၏ နေရာမှ ရုတ်တရက်ထကာ တစ်နေရာကိုထွက်သွားခဲ့လေသည်။ ဗျူဟသည်၊ နောက်မှဆက်လိုက်သွားသည်။

''ဟင်''

ရသေ့ကို မတွေ့ရတော့ပါ။ ချက်ချင်းပင် ဘယ်ကိုရောက်သွားသည်လဲမသိ။ ကျားပင်ဆွဲသွားခဲ့လေပြီလားဟု စိုးထိတ်သွားခဲ့ရပြန်သည်။ ရင်ထဲမှာ အတော်ပင်ပူလောင်သွားခဲ့ရလေ၏။

''သည်ကျားတော့ကွာ''

နောက်မှဆက်ပြီးတော့ လိုက်သွားသည်။ ရှေ့မှာသင်္ချာန်တစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရသည်။ ထိတ်ခနဲဝမ်းသာသွားခဲ့သည်။ သူပြေးထွက်သွားသည်။ အနားကိုချက်ချင်းလိုလိုပင်ရောက်သွားခဲ့သည်။ ထိုအခါစိတ်ပျက်လက်ပျက်ဖြစ်သွားခဲ့ရသည်။ ရသေ့ကြီးမဟုတ်၊ မီးကျွမ်းထားသည့် သစ်ငုပ်တိုကြီးတစ်ခုဖြစ်နေ၍ပင်၊ သစ်ငုပ်တိုကြီး၏ဘေးနားမှ ဆက်ပြီးတော့လျှောက်သွားသည်။

''ဟင်''

အတော်ခပ်လှမ်းလှမ်းမှာ အမှတ်မထင်တွေ့လိုက်ရသော သင်္ချာန်နှစ်ခုကြောင့် အံ့ဩထိတ်လန့်သွားခဲ့ရသည်။ ရှေ့မှာက ရသေ့ကြီး၊ သူ့နောက်မှာကျားကြီး၊ ရသေ့ကြီးနောက်မှကျားကြီးက တစ်လှမ်းချင်းပင်လိုက်နေသည်။ ရသေ့ကြီးကသိဟန်မတူ။



www.burmeseclassic.com

www.burmeseclassic.com



ဗျူဟာရှုးချင်မတတ်ဖြစ်သွားခဲ့ရသည်။ အော်ပြီးတော့ပြောရန်ကလည်းမဖြစ် ...

"ဒါလောက်တောင်အသက်ပြင်းတဲ့ကောင်၊ သည်တစ်ခါတော့ မင်းတင်းခံထားနိုင်မလား စောင့်ကြည့်ရမယ်"

လေးညှို့မှာမြားတင်လိုက်သည်။ ညှို့ကိုတင်းတင်းဆွဲကာ ကျားကြီးကိုချိန်လိုက်သည်။ လက်ပြင်နောက်တည့်တည့်ကိုတန်းနေသည်။ ထို့နောက် အသက်ကိုအောင့်ကာ မြားစူးကိုလွှတ်လိုက်လေ၏။

"ဝှစ်"

"ဒုတ်"

"အူး ...ဝူး"



## အခန်း (၁၅)
## မဟာဒီပါ

ဗျူဟာက လေးညှို့မှ မြားစူးကိုပစ်အလွှတ်၊ ကျားကြီးကသည်း ခြေသံကြားပြီး နောက်ကိုလှည့်အကြည့်၊ တစ်ပြိုင်တည်းလိုလို ဖြစ်သွားခဲ့ရသည်။ ထိုအခါ ကျားကြီး၏မျက်လုံးနှစ်လုံးကို ချာစွာပင်မြင်လိုက်ရသည်။ မျက်လုံးများသည် ဆွတ်ဆွတ်နေကြလျှက်၊ တိမ်စွဲနေသောမျက်လုံးများပင်တည်း။

"ဟာ၊ ငါ ...ငါ မျက်လုံးကန်းနေတဲ့ကျားကြီးကိုမှ ပစ်တာပါလား"

ယူကျုံးမရဖြစ်သွားမိသည်။ သို့သော် ကျားကြီးကား သူ့ပေါ်ခုန်အုပ်ခဲ့လေပြီတည်း။

"အူး ...ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ဒေါသဖြင့် ဟိန်းဟောက်လိုက်ပြီး လေထဲမှာခုန်ဝင်လာရာ ... ဗျူဟအံ့အားသင့်နေဆဲမှာပင် သူ့အပေါ်ကိုအုပ်မိသွားခဲ့လေတော့သည်။

"အား"

ထိုအခါကျမှ ဗျူဟသည်သတိရမိသွားခဲ့သော်လည်း နောက်ကျသွားခဲ့လေပြီ။ မြေပြင်ထက်မှာ ကျားကြီးနှင့်အတူပစ်လဲပြီး တော့ကျသွားခဲ့ကြသည်။ အသက်ပြင်းသောကျားကြီးက ဗျူဟကို မပြင်မကာန်းနှင့်ကိုက်ခဲရန်ကြိုးစားသည်။ ဗျူဟသည် ချက်ချင်းပင် သွေးများကဆူပွက်လာသည်။ ခွန်အားများက တိုးလာခဲ့သည်။ လက်တစ်ဖက်က ကျားကြီး၏လည်မြို့ကိုဆုပ်ကိုင်ကာ ညှစ်ထားလိုက်သည်။ ကျန်လက်တစ်ဖက်က ကျားကြီး၏ရှေ့လက် ရှေ့ခြေနှစ်ချောင်းကို တစ်ပြိုင်တည်းဆုပ်ကိုင်ကာ ချုပ်ထားလိုက်သည်။

ကျားကြီးကအလန့်တကြားဖြင့် ရုန်းကန်လိုက်သည်။

မိမိကို အမိအရချုပ်ကိုင်ထားလိုက်နိုင်သည့် လူသတ္တဝါမျိုးကို သူတစ်ကြိမ်တစ်ခါမှမကြုံဖူးပါ။ ထို့အပြင် အားကလည်းသိမ် စွမ်းလွန်းလှသည်။ ဗျူဟ အားအင်ကို ကျားကြီးကခန့်မှန်းမိလိုက် လေပြီ။ ရုန်းကန်သည်မရ။ ဗျူဟအပေါ်ကိုရောက်နေသောကျားကြီးက အောက်ကိုတစ်ပြန်တစ်လဲရောက်သွားခဲ့သည်။ သည်လိုနှင့်ရုန်းရင်း ကန်ရင်းနှင့် မြေပြင်ထက်မှာတလိမ့်လိမ့်နှင့်ရှိနေကြသည်။





ကျားကြီးသည် ဗျူဟကိုရန်ရှာဖို့ မကြိုးစားနိုင်တော့။ လည်မြို့ကိုညှစ်ထားခြင်းခံရသောကြောင့် သေလုမျောပါးခံစားနေရသည်။ ထို့ကြောင့် ခံစစ်အသွင်ကူးပြောင်းသွားသည်။ ဗျူဟ၏လက်မှလွတ်မြောက်ရန်ကြိုးစားရပေတော့မည်။ သည်လိုနှင့်ရုန်းရင်း ကန်ရင်းအနိမ့်ပိုင်းဆီကို လိမ့်ပြီးတော့ဆင်းသွားခဲ့ကြသည်။ ထိုစဉ် သူတို့မမြင်နိုင်သောအန္တရာယ်တစ်ခု ဆီးပြီးတော့ကြိုနေသည်။

အောက်ကိုအရှိန်ဖြင့်လိမ့်ဆင်းသွားကြရင်း ရုတ်တရက်ဆိုသလို လေဟာပြင်ထဲကိုရောက်သွားကြသည်။ ခန္ဓာကိုယ်က မြေပြင်နှင့်လွတ်ကွာသွားခဲ့သည်။ ဗျူဟသည် လန့်ကာကျားကြီးကို လွှတ်မိလိုက်သည်။ သူ၏ခြေလက်များသည် လေကိုသာထိတွေ့သွားခဲ့ကြသည်။ ဘယ်လိုဖြစ်သွားပါလိမ့်မှာ အံ့သြခြင်းကုန်နိုင်ဖွယ်ဖြစ်သွားခဲ့ရသည်။

နောက်တော့မှသိရသည်မှာ ... သူသည်နက်ရှိုင်းလှသောချောက်ကြီးထဲကို အရှိန်ဖြင့်ထိုးကျသွားသောကြောင့်ပင်တည်း။

"အား"

ကျားကြီးသည်လည်း ကိုယ်ပေါ်မှ လွတ်ကွာသွားကာ အောက်ကိုထိုးပြီးတော့ကျသွားခဲ့သည်။ ဗျူဟသည်လည်း ပက်လက်မှမှောက်ခုံဖြစ်သွားခဲ့သည်။ အထိတ်တလန့်ဖြင့် ကြည့်လိုက်မိစဉ်မှာ ... သူ့အောက်မှာအရှိန်ဖြင့်ကျဆင်းနေသော သစ်ကိုင်းတုတ်တုတ်ကြီးတစ်ခု၊ သို့ဆိုလျှင် သူနှင့်သတ်ပုတ်ခဲ့သော ကျား



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ဘယ်ရောက်သွားပြီလဲ၊ အောက်ကျသွားခဲ့ သည်ကိုလည်း မမြင်မိ။ ချောက်ကြီးအတိုင်းအတာသည် မည်မျှအထိ နက်ရှိုင်းနေမှန်းမသိ။ တကယ့်ကို အသူရာချောက်ကြီးတစ်ခုပင်တည်း။ ဤနေရာတွင် အသူရာချောက်ကြီးတစ်ခုရှိနေသည်ဟု သူ မကြားဘူးပါ။ သိလည်းမသိပါ။ မည်သူကမှလည်း မပြောဘူးကြ။ သို့သော် ယခုတော့ သူကိုယ်တိုင်နက်ရှိုင်းလှသော ချောက်ကြီး၏ အောက်ကို ထိုးပြီးတော့ဆင်းနေလေပြီတည်း။

အောက်တွင်ရေပြင်တစ်ခုက ဆီးပြီးတော့ကြိုနေလျက်ရှိသည်။

မျက်လုံးတွေကိုမှိတ်ထားမိလိုက်သည်။ မကြာမီ ...

''ဘွမ်း''

အေးစက်သော အတွေ့အထိက သူ့တစ်ကိုယ်လုံးစီကို ဆောင့်ပြီးတော့ဝင်လာခဲ့သည်။ ကျောက်တုံးကြီးတစ်တုံးပစ်ကျသွားခဲ့လိုပင်။ သူ ရေအောက်ကိုရောက်သွားခဲ့သည်။ ရင်ဘတ်နှင့်ဗိုက်သားတစ်ပြင်လုံးလည်း အောင့်သွားခဲ့ရသည်။ သတိလစ်မတတ်ခံစားသွားခဲ့ရသည်။ သို့သော် ... ခြေထောက်အစုံကိုတွန်းကန်ကာ ... ရေပြင်ထက်ဆီကို ချက်ချင်းပင် တက်လာနိုင်ခဲ့သည်။ မျက်လုံးတွေက ဘာကိုမှမမြင်ရ။ ရေစီးနေသောကြောင့်ဝိုးတဝါးဖြစ်သွားခဲ့ရသည်။ သူရေစီးကြောင်းအတိုင်းမျောပါနေသည်ကိုသိသည်။ အလိုက်သင့်မျောပြီးတော့လိုက်သွားသည်။





ထိုစဉ် ... သစ်တုံးကြီးတစ်တုံးက သူ့ဘေးနားမှာဖြတ်ပြီးတော့မျောလာသည်။ ချက်ချင်းပင် ... ဖက်တွယ်ထားမိလိုက်သည်။ ရေစီးကြောင်းတစ်လျှောက်ပါသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆားနှံ့ပါပြီး အေးမြသောလေက တစ်ချက်တိုက်ခတ်လိုက်
သည်။ ဗျူဂွ၏ခေါင်းထဲမှာ ... သရိုးသရီနှင့် မကြည်မလင်ဖြစ်နေ
၏။ ခေါင်းထဲတွင်သိမှု၊ မှတ်မှုများက ကင်းမဲ့လျှက်ရှိနေသည်။
နေသာသလိုနေနေရသောအခြေအနေမျိုးတွင် စိတ်ရောကိုယ်ပါ
ငြိမ်သက်နေသည်။ ကမ်းခြေပေါ်မှာ မလှုပ်မယှက်၊ သစ်တုံးကြီး
တစ်တုံးကို ပစ်ချထားသလို။

သို့ရှိစဉ် ...

ခေါင်းထဲသို့ အလင်းတာတ်ကြီးတစ်ခုက ဝင်လာခဲ့သည်။
ငြိမ်သက်နေသောအသိအားရုံကို လှုပ်နှိုးလိုက်သလိုပင်။ သိသိ
ချင်းပင် မျက်လုံးတွေကပွင့်လာခဲ့သည်။ အရင်ဆုံးမြင်လိုက်ရ
သည်က သူ့မျက်စိအောက်မှာ သဲသောင်ပြင်ကြီး၊ မောက်ခုံ
အနေအထားနှင့်မို့ အနီးကပ်မြင်လိုက်ရခြင်းပင်။ သူ့အောက်ပိုင်း





ကိုလည်း ရေလှိုင်းများက ဖုံးလွှမ်းလာလိုက်၊ ပြန်ဆင်းသွားလိုက်
နှင့်ရှိနေသည်။

သူ ... လူးလဲပြီးတော့ထမိလိုက်သည်။ ကမ်းစပ်မှာလဲကျနေ
သောအဖြစ်ကိုသိရသည်။ ရေလှိုင်းများကတက်လာလျှင် သူ့ခြေ
ထောက်အောက်ပိုင်းအထိဖုံးလွှမ်းသွားသည်။ ပြီးတော့ ... ပြန်
ပြီးတော့ဆင်းသွားခဲ့သည်။ သူ မည်သည့်အကြောင်းကြောင့်
ကျနေရာကိုရောက်နေသလဲဆိုသည်ကို စဉ်းစား၍မရ။ ခေါင်းထဲ
မှာလည်းအဖြစ်အပျက်တွေကပေါ်မလာ။ ဘာဖြစ်လို့ဖြစ်မှန်းမသိ
ခဲ့။ သူ့အမည်ကိုပင် ...

သတိမရ၊ တဖြည်းဖြည်းစဉ်းစားယူရသည်။

"ငါ ... ဗျူဂွပဲ"

နာမည်ကိုအစပြုပြီး မိမိကြုံခဲ့ရသည့်မဖြစ်အပျက်များက
ခေါင်းထဲမှာ စီကာစဉ်ကာဖြင့် ပြန်ပြီးတော့ပေါ်လာခဲ့လေသည်။

"ငါ ... ငါ ... ကျားကြီးနဲ့သတ်ပုတ်ပြီး ချောက်ကြီးထဲ
ကိုကျခဲ့တာပါလား။ ငါ အခုဘယ်ကိုရောက်နေတာလဲ"

ကျွန်းကြီးတစ်ကျွန်းမှန်းသိလိုက်သည်နှင့် ချက်ချင်းပင်
ထရပ်မိလိုက်သည်။ မိမိကိုယ်အနံ့လိုက်ပြီးတော့စမ်းလိုက်မိသည်။
လေ။ မြား၊ ဓား၊ လက်နက်ဟူ၍ဘာမှမရှိတော့။ ကျွန်းကြီးပေါ်
တွင် ကြီးမားသောတောအုပ်ကြီးက ရှိနေသည်။ သားကောင်ရိုင်း
ကြီးများလည်းရှိနိုင်သည်။ မိမိကို အန္တရာယ်ပြုလာခဲ့လျှင် ခုခံ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ရန် အပ်တိုတစ်ချောင်းပင်မရှိ။ ကျွန်း၏အလျားတစ်လျှောက်လုံးသည် တောအုပ်ကြီး တစ်မျှော်တစ်ခေါ်ကြီး သည်ဘက်မှာကားရေပြင်။

သည်မှာနေလျှင်နေ၊ မနေလိုကသွား၍ရသည်မှာ တောအုပ်ကြီးဆီပဲရှိတော့သည်။

"ဟိုဘက်မှာ ရွာတွေဘာတွေရှိချင်ရှိနိုင်တယ်၊ ဒါမှ ငါဘယ်ကိုရောက်နေသလဲဆိုတာ ရွာသူရွာသားတွေနဲ့တွေ့မှသိရမယ်"

သေချာစွာကြည့်လျှင် ကျွန်းကြီး၏တည်နေပုံအနေအထားသည်လွန်စွာမှလှပနေသည်။ ဤကဲ့သို့ ကျွန်းမျိုးကိုသူ ဤတစ်ခါပဲ မြင်ဖူးသေးသည်။ တောထဲကိုဝင်ရန်ခြေလှမ်းပြင်လိုက်သည်နှင့် ဖြောင့်ဖြူးသောလမ်းကြီးတစ်ခုကို မြင်တွေ့လိုက်ရလေသည်။ တောအုပ်ကြီးကိုဖြတ်ပြီးတော့ ဖောက်ထားသောလမ်းကြီးက ပုံနေသည်။ သူ စဉ်းစား၍မရနိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။

ဗျူဟသည် တအံ့တဩနှင့် လမ်းပေါ်မှလျှောက်လာခဲ့သည်။ စိတ်ထဲမှာ လူတွေ ပြုပြင်ဖန်တီးထားသောလမ်းကြီးမဟုတ်၊ သဘာဝအလျောက်တင့်တယ်စွာဖြစ်ပေါ်နေသောလမ်းမကြီးဟု အလိုလိုပင်သိနေသည်။ တောအုပ်ကြီးသည် လမ်း၏တစ်ဖက်တစ်ချက်မှာရှိနေသည်။

"တောအုပ်ကြီးနဲ့မတူဘူး၊ ပန်းဥယျာဉ်ကြီးလိုပဲ"





တောကသစ်ပင်ကြီးငယ်တို့ထူးပြောသည်။ နက်ရှိုင်းသည်။ ...သို့သော် မှောင်သည့်နေရာကမှောင်နေသည်။ လင်းသည့်နေရာ ...ကလင်းနေသည်။ လိပ်ပြာလေးတွေကတစ်ကောင်ချင်း၊ အစု ...ိုက်တစ်တွဲ မခွဲမခွာပျံသန်းနေကြသည်။ ကျေးငှက်သံလေးတွေ ...ကလည်း စီစီညံနေကြသည်။ အရောင်မျိုးစုံ၊ အမျိုးအစားမျိုးစုံရှိ ...ကြသော ငှက်ကလေးများသည် သစ်ကိုင်းထက်မှာ ဟိုမှသည်မှ ...ပျံသန်းနေကြသည်။ ဗျူဟ၏စိတ်ထဲမှာ အလိုလိုပင်ကြည်နူးလာခဲ့ ...သည်။

ထိုစဉ် ...

တောထဲမှထွက်လာသော သတ္တဝါတစ်ကောင်ကြောင့် ဗျူဟ ...က်လုံးပြူးသွားခဲ့ရသည်။

ကျားကြီးတစ်ကောင်ပင်တည်း။

တလှုပ်လှုပ်နှင့်သူ့ဆီကိုတန်းပြီးတော့လာနေသည်။

"ဟာ ... ပြဿနာပဲ၊ ကျားကြီးက ငါ့ကိုရန်ရှာတော့မယ်၊ ...ကြားသေးမိကဲ့ပဲ ... ကျားတစ်ကောင်နဲ့ငါတိုက်ခိုက်ခဲ့တယ်၊ ...လည်း သည်ကျားကြီးနဲ့တိုက်ခိုက်ရဦးမှာလား၊ ငါသတ်ပုတ်တဲ့ ...လုပ်ကိုမလုပ်ချင်တော့ဘူး"

ဗျူဟသည် တကယ်ပင် ကျားကြီးနှင့်မတိုက်ခိုက်လိုတော့ ...ပင်ပန်းစိတ်ပင်ပန်းဖြစ်နေခဲ့သည်။ ထို့ကြောင့် ... သည်အတိုင်း ...ရာမှာပင်ရပ်နေမိလိုက်သည်။ သူ့သွေးများသည် ဆူပွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိ။ ခါတိုင်းဆိုလျှင်ဘာရမလဲ။ ဗျူဟသွေးတို့က ကိုယ်ထဲမှာ ပွက် _ ပွက် ... ပွက် _ ပွက်နှင့်မြည်အောင်လို့ဆူနေလိုက်ကြတာမှ အပြင်မှပင် ကြားနေရသည်။

အရိုင်းစိတ်က ချက်ချင်း ဝင်လာတတ်သည်။

သားကောင်အရိုင်းဆိုရင် ဘာကြီးပဲလာလာ ရင်ဆိုင်ရန် အသင့်။

အခုတော့ မယုံကြည်နိုင်လောက်အောင်ပင် သွေးက အေးစက်နေပါပကော။

ကျားရိုင်းကြီးသည် ... ကိုယ်ဟန်ကန့်နွဲ့နွဲ့၊ အမြီးကလည်း တလှုပ်လှုပ်၊ ခေါင်းကလေးညိတ်ကာ ညိတ်ကာနှင့် သူ့ဆီကို တကာယ်လာနေခြင်းပင်။ သူ့အတွက်အစာကိုတွေ့ပြီဆိုပြီး အပိုင်တွက်ထားသလားမသိ။ သည်လိုနှင့်သူ့အနားရောက်လာခဲ့သည်။ ဗျူဟအသက်ကိုအောင့်ပြီး ကျားကြီးကို ငုံ့ကြည့်လိုက်သည်။ ကျားကြီးကလည်း သူ့ကိုမော့ကြည့်နေသည်။ ထို့နောက် ဗျူဟ၏ ကိုယ်ကိုပွတ်တိုက်ကာ တစ်ပတ်ပတ်သည်။ ထို့နောက် လမ်းအတိုင်းရှေ့မှနေ၍ထွက်သွားခဲ့လေသည်။

ဗျူဟ အံ့အားသင့်သွားမိသည်။ ဘယ်လိုကျားကြီးပါလိမ့်။ သူ့ကိုရန်မရှာဘဲ ကြောင်လေးတစ်ကောင်၏အပြုအမူလို လုပ်သွားခဲ့တာပါလား။ သူပဲ မျက်စိမှားသလား။ မယုံကြည်နိုင်စရာပါ။





ဗျူဟသည် ရှေ့ဆက်ပြီးတော့လျှောက်သွားသည်။ ကျားကြီးသည် သူ့ရှေ့က ဖြည်းဖြည်းနှင့်မှန်မှန်လျှောက်သွားနေသော်လည်း ဝေးရှာဝေးရှာသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တောဧ။်တစ်ဘက်တစ်ချက်သည် ... သစ်ပင်ပန်းမန်များဖြင့်လည်းတန်ဆာဆင်ထားသည်။ ယုန်ဖြူလေးများ၊ ယုန်ပျောက်ကျားလေးများက ဟိုမှ သည်မှ ပြေးလွှားနေကြသည်။ စိတ်ဝင်စားစရာတစ်ခုကိုထပ်ပြီးတော့တွေ့လိုက်ရပြန်သည်။ ရွှေသမင်ကြီးတစ်ကောင်သည် ခက်ဖြာလှပသောဦးချိုများနှင့် အတင့်အတယ်ရှိနေသည်။ သို့သော် ... ယင်းဦးချိုများက ချုံနွယ်များနှင့်ငြိနေသည်။ ရုန်းမရထွက်မရ ဖြစ်နေသည်။ ထိုအခါ ... ဗျူဟသွားရောက်၍ကူညီပေးမည်ပြုသည်။ ခါတိုင်းဆိုလျှင်တော့ သူ့အတွက် ဝမ်းသာစရာပေ့ါ။ မက်စရာ သားကောင်တစ်ကောင်အဖြစ် တစ်ခဏအတွင်းမှာ လေးညို့ကိုတင်မိလိုက်မှာပင်။

ခုတော့ ... သတ္တဝါတစ်ကောင်၏အသက်ကိုနှုတ်မယူလိုစိတ်မပါ၊ လက်ထဲတွင် လေးမြားမရှိ၍မဟုတ်။ သူကိုယ်တိုင်ကဆန္ဒမရှိ။ ဗျူဟလည်း သမင်အိုကြီးကို အကူအညီပေးရန်ပြေးသွား





မည်ပြုစဉ် ... သူ့ထက်ဦးသူကရှိသွားခဲ့သည်။ တစ်နေရာမှပြေးလာနေသူတစ်ဦး၊ မြေထိုင်ဝက်ဝံညိုကြီးတစ်ကောင်ပင်။

"ဟာ သည်ကောင်ကြီး သမင်ကို ဒုက္ခပေးတော့မယ်ထင်တယ်"

သမင်အိုကြီးအတွက် စိတ်ပူသွားမိသည်။ သည်လိုနှင့်ဝက်ဝံကြီးသည် သမင်အိုကြီးဆီကိုရောက်သွားခဲ့သည်။ ဗျူဟဘယ်လိုမှ မျှော်လင့်မထားသောအပြုအမူတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရလေသည်။ ယင်းမှာ ... ဝက်ဝံညိုကြီးသည် ချုံမှငြိနေသာ သမင်အိုကြီး၏ချိုကိုကိုင်၍ အနှောင်အဖွဲ့မှ ဖယ်ရှားပေးလိုက်ခြင်းပင်။ ထိုအခါ ... သမင်အိုကြီးလည်း ဝက်ဝံကြီးကိုတစ်ချက်ကြည့်ကာ တစ်နေရာကိုထွက်သွားခဲ့လေသည်။

"ဘယ်လိုပါလိမ့် ... သည်တောထဲကသတ္တဝါတွေဟာ၊ အချင်းချင်းကြင်နာနေကြပါလား၊ အားကောင်းသူကအားငယ်သူကိုမညှင်းဆဲဘူး၊ အနိုင်မကျင့်ဘူး၊ အခက်မခဲဒုက္ခတွေ့ရင် အကူအညီတောင်ပေးလိုက်ကြသေးတယ်"

ဗျူဟသည် သတ္တဝါများ၏အပြုအမူများကိုကြည့်ပြီး ... မျက်လုံးကိုပင် မယုံကြည်နိုင်တော့။ တစ်ခဏအတွင်းမှာပင် ကြည်နူးမှု၊ စိတ်ကျေနပ်မှုများ ဖြစ်ပေါ်ခံစားမိခဲ့ရလေသည်။

"ဒါ ဘာကျွန်းကြီးပါလိမ့်၊ သည်ကျွန်းကြီးပေါ်ကို ငါခြေချမိတာနဲ့ ရင်ထဲမှာအေးချမ်းသွားသလိုပဲ၊ ပြီးတော့ ကျွန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သာယာလိုက်တာ''

ဗျူဟသည် စိတ်ကျေနပ်မှုအပြည့်နှင့်လမ်းမကြီးပေါ်မှာ အေးဆေးစွာပင် ဆက်လက်၍လျှောက်သွားနေခဲ့သည်။

ထိုစဉ်_လူတစ်ယောက်သည် သူ့ရှေ့တည့်တည့်မှလျှောက်လာနေသည်။ ထိုသူသည် သျှောင်ကိုကြော့နေအောင် ထုံးထားသည်။ ဆံပင်များသည် နက်မှောင်ပြီးပြောင်လက်နေသည်။ ကော်လံမပါ ရှပ်အင်္ကျီလက်တိုနှင့် မြောက်ပြင်လုံချည်ဖက်ဖူးရောင်ကို ဝတ်ဆင်ထားသည်။ ကတ္တီပါဖိနပ်ကိုစီးထားသည်။ လျှောက်လာနေပုံကလည်း ခပ်ကြော့ကြော့၊ ခြေလှမ်းတွေက ညှင်ညှင်သာသာ။

မကြာမီ ... ဗျူဟနှင့်မျက်နှာချင်းဆိုင်မိသည်။ ထိုသူ၏ မျက်နှာမူအရာသည် ချိုသာယဉ်ကျေးဟန်ကိုပြနေသည်။

''နောင်ကြီးက ဘယ်သွားမလို့လဲ''

''ဩော် ... ကျွန်တော် သည်ကိုဘယ်လိုရောက်လာမှန်းတောင်ပြောမပြတတ်တော့ဘူး။ ဒါ့_ ဒီနေရာက ဘာခေါ်သလဲခင်ဗျာ''

''မဟာဒီပါတဲ့''

''မဟာဒီပါဟုတ်လား။ တော်တော်ကိုဆန်းကြယ်တာပဲ၊ ကျွန်တော်လမ်းမှာတွေ့ကြုံခဲ့ရတဲ့ ကျွဲ၊ ဝံ၊ သမင်တွေဟာ ထူးခြားတဲ့အပြုမူတွေရှိကြတယ်၊ တစ်ယောက်ကိုတစ်ယောက်





ရန်မရှာကြဘူး၊ အနိုင်မကျင့်ကြဘူး၊ အရေးကြုံရင် ကူညီရိုင်းပင်းကြတာကိုတွေ့ခဲ့ရတယ်''

ဗျူဟသည် မအောင့်အည်းနိုင်ဘဲ ပြောလိုက်သည်။ ထိုသူက အပြုံးတစ်ဝက်ဖြင့် ခေါင်းတညိတ်ညိတ်ရှိနေသည်။

''မဟာဒီပါမှာ နေနေကြတဲ့သူတွေအားလုံးဟာ ဒီလိုပါပဲလေ၊ နောင်ကြီးရှေ့ဆက်သွားပေ့ါ ဒီလိုသဘောမျိုးတွေ တွေ့ရဦးမှာပါ ... ကဲ၊ ကဲ၊ ခွင့်ပြုပါဦး''

ထိုသူသည် အေးဆေးစွာပင် ထွက်သွားလေသည်။ ဗျူဟသည်း ထိုသူကိုတစ်ချက်လှည့်ကြည့်လိုက်ပြီးမှ ... ရှေ့ကိုဆက်၍လျှောက်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

## ရှာလယ်ကဆာမင်းစားရုံကြီး

တောအုပ်ကြီးသည် ... ပိုပြီးတော့ကျယ်ပြန့်လာသည်။ ဘေးတစ်ဘက်တစ်ချက်ကိုကားသွားသည်။ တောအုပ်ကြီးက မဆုံးမီမှာပင် ရှေ့တွင်မြင့်မားသောတောင်ကြီးများက ဘွားခနဲဆို ပေါ်လာခဲ့ကြသည်။ ထို့အတူ ... အနိမ့်ပိုင်းတစ်နေရာတွင် မြို့ရာ အကွက်အကွင်းကြီးတစ်ခုကလည်း သူ့ကို ဆီးပြီးတော့ကြိုနေလေသည်။ ဗျူဟ အံ့အားသင့်သွားခဲ့ရသည်။ လမ်းဘေးတွင် _

မဟာဒီပါ

ပုရပိုဒ်သဏ္ဍာန်အပြားချပ်ကြီးပေါ်တွင် မဟာဒီပါဟူသော စာလုံးကိုထောင့်တစ်နေရာ၌ အကျအနတွေ့လိုက်ရသောကြောင့်ပင်။ ထို့ကြောင့် ... လူသူများအခြေစိုက်ပြီးနေထိုင်သော မြို့ကြီးတစ်မြို့ဆိုသည်ကို သဘောပေါက်သွားခဲ့သည်။ ဝမ်းလည်း





ဝမ်းသာသွားခဲ့သည်။

"ငါ့ကို ...အကူအညီပေးတန်ကောင်းပါရဲ့"

ခြေလှမ်းသွက်သွက်နှင့် ဆက်ပြီးတော့လျှောက်သွားခဲ့လေတော့သည်။ ထိုဆိုင်းဘုတ်ကြီးကိုကျော်လွန်သွားခဲ့ပြီး ... တော်တော်လေးကြာသွားမှ မဟာဒီပါကိုရောက်သွားသည်။ အိမ်ကြီးအိမ်ကောင်းများ၊ သာမန်အိမ်ကလေးများကလည်းပေါများလှသည်။ သူ့ခြံသူ့စည်းရိုးနှင့်သပ်သပ်ခက်ခက်စနစ်တကျရှိလှလေသည်။ ခြံကျယ်ကြီးများထဲတွင် _ သစ်ပင်ပန်းမန်တို့ဝေဝေဆာဆာဖြင့် အရိပ်အာဝါသကလည်းကောင်းမွန်လှသည်။

မိန်းကလေးများ၊ ယောကျ်ားလေးများသည် နုပျိုငယ်ရွယ်ကြပြီး _ ဗျူဟကို ဖော်ရွေသောအပြုံးများဖြင့်ကြည့်နေကြသည်။ ကလေးများက လမ်းပေါ်မှာ ပြေးလွှားဆော့ကစားနေကြသည်။ သို့သော် ကလေးများသည် ဖုံအလူးလူးဖြင့်မဟုတ်ကြဘဲ ... သနပ်ခါးအဖွေးသားနှင့်သန့်ပြန့်နေကြလေသည်။

သို့သော် ယမ်းသွား၊ လမ်းလာ ယောကျ်ားမိန်းမများသည် အသက်(၁၆) နှစ်ဝန်းကျင်၊ (၂၀) ဝန်းကျင်များသာလျှင်ဖြစ်နေကြသည်ကို သတိထားမိသည်။ မိန်းကလေးများသည်(၁၆)နှစ်ဝန်းကျင်၊ ယောကျ်ားလေးများသည်(၂၀)ဝန်းကျင်ခန့်ဖြစ်ကြသည်။ လူလတ်ပိုင်း၊ သက်ကြီးရွယ်အိုပိုင်းများကိုမတွေ့ရ၍ အံ့အားသင့်နေမိသည်။ စိတ်ထဲမှာလည်း ထူးဆန်းနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗျူဟ၏ ကိုယ်ပေါ်ကအဝတ်အစားများကခြောက်သွေ့သွားခဲ့ပြီဖြစ်သော်လည်း ရေကငတ်လာသည်။ တစ်အိမ်အိမ်တွင် ရေတောင်းသောက်မည်ဟု စိတ်ကူးမိလိုက်သည်။ သို့သော် လမ်းဆုံလမ်းခွကြားတစ်နေရာတွင် ညောင်ဗုဒ္ဓဟေပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ အပင်ကြီးအောက်မှာ အုတ်စင်လေးဖြင့် အကျအနလုပ်ထားသော ရေအိုးစင်လေးတစ်ခု။

အပင်ကြီး၏အောက်ခြေသည် ‗ သစ်ရွက်၊ အမှိုက်သရိုက်များကမရှိဘဲ ပြောင်ရှင်းနေသည်။ ရေအိုးသုံးလုံးကိုတွေ့လိုက်ရသည်။ ရေအိုးအောက်ခြေတွင် မြက်စိမ်းနုနုလေးများကပေါက်နေကြသည်။ လက်တံရှည် အိုးမှုတ်ခွက်ကို ရေအိုးအဖုံးပေါ်မှာတင်ထားသည်။ ရေတစ်ခွက်ယူသောက်လိုက်မိသည်။

"အား"

ပါးစပ်ထဲမှာ ချိုအေးသွားကာ လည်ချောင်းတစ်လျှောက်အောက်ကိုစီးဆင်းသွားခဲ့သည်။ ရင်ခေါင်းထဲမှာလည်း အေးမြသောအထိအတွေ့ကိုခံစားလိုက်ရလေသည်။ ရေတစ်ခွက်သောက်လိုက်ရရုံနှင့် တစ်ကိုယ်လုံးလန်းဆန်းပေ့ါပါးသွားခဲ့ရလေသည်။ သူ့ဘဝတစ်လျှောက်လုံးတွင် ဤမျှအရသာရှိသောရေမျိုးကို တစ်ကြိမ်တစ်ခါမျှပင် မသောက်ဘူးခဲ့ချေ။ ဆာလောင်မွတ်သိပ်မှုများပင် ပျောက်ကွယ်သွားခဲ့ရသည်။

ထို့နောက် အပင်ကြီးအောက်ရှိ ခုံတန်းမှာ ခေတ္တအမော





ဖြေရင်းထိုင်လိုက်သည်။ လေလေးကလည်းတဖြူးဖြူးနှင့်မို့ ခွေးသိပ်စေကာ အမောအပန်းလည်း ပြေသွားခဲ့ရလေသည်။

ထိုစဉ် ...

မိန်းကလေးတစ်သိုက်သည် သူ့ဆီကိုလျှောက်လာနေကြသည်။ လက်ထဲမှာလည်း မောင်းထောင်ခွက်တစ်ခုကိုကိုင်ထား၏။ မကြာမီ အနားသို့ရောက်လာကြပြီး ...

"မောင်ကြီးက ... ညွှဲသည်မှတ်တယ်၊ အမောပြေနားနေတာလား။ ဟောဒီမှာ ကြသကာ၊ မြေပဲနဲ့ပေါက်ပေါက်ဆုပ်စားလိုပါဦး"

ဆံတောက်လေးဖါးဖါး။ အုပ်လုံးသိမ်းထားသောအရွယ်။ ဆံရစ်ကညာလေးတွေက ကြည်ရွှင်သောအပြုံး၊ ဖော်ရွေသောမျက်နှာလေးတွေဖြင့် ‗ သူ့ကိုမောင်းထောင်ခွက်လှမ်း၍ပေးသည်။

"ကျေး ကျေးဇူးတင်ပါတယ် ညီမတို့ရယ်"

ဗျူဟ လှမ်းပြီးတော့ယူလိုက်သည်။ မိန်းကလေးတွေက ကျွန်ရရလေးတွေ ...

"ဩော်၊ မောင်ကြီး ... သုံးဆောင်ပြီးရင် ဒီခုံပေါ်မှာပဲ မောင်းထောင်ခွက်ကိုထားခဲ့နော်၊ ညီမတို့အပြန်ကျမှပဲယူသွားမယ်"

ဟုပြောကာထွက်သွားခဲ့ကြလေသည်။

"ဒီရွာမှာ ဒီအရွယ်လေးတွေပဲတွေ့ရတယ်၊ လူကြီးသူမ



www.burmeseclassic.com

www.burmeseclassic.com



တွေဘယ်ကိုရောက်ကုန်ကြပြီလဲ''

ဗျူဟ၏ခေါင်းထဲကို ထိုအတွေးမျိုးက မကြာခဏဝင်လာခဲ့သည်။ သူလည်းဆာဆာရှိသည်နှင့် မောင်းေ…ခွက်ထဲမှ ပေါက်ပေါက်ဆုပ်များ၊ ကြံသကာမြေပဲ၊ ထန်းလျှက်များကို တစ်ဝကြီးစားပစ်လိုက်လေသည်။ ထို့နောက် ရေအိုးစင်မှ ရေကိုထပ်ပြီးတော့သောက်သည်။ မောင်းထောင်ခွက်ကို ခုံတန်းလေးပေါ်တင်ထားလိုက်ပြီး ထိုနေရာမှထွက်လာခဲ့လေသည်။ ရှေ့မှာ မည်သည့်ထူးခြားချက်လေးတွေ ရှိနေဦးမည်လဲဟုသိချင်နေမိသည်။



လမ်း၌သူနှင့်တွေ့ဆုံခဲ့ရသူများသည် ကြည်လင်ရွှင်ပျသောမျက်နှာများဖြင့် …သူ့ကိုအသံတိတ်နှုတ်ဆက်ပြီးတော့သွားကုန်ကြ၏။ အားလုံးသည် ခြောက်ပစ်ကင်းသောလုံးရပ်သဏ္ဍာန် ကြန်အင်လက္ခဏာတို့နှင့် ပြည့်စုံကြလေသည်။

အိမ်တိုင်းအိမ်တိုင်းမှာလည်း …မီးခိုးထွက်သည်ကိုမတွေ့ရ။ ထမင်းဟင်းချက်ချိန်မဟုတ်သည့်တိုင် အကြောင်းတစ်ခုမဟုတ်တစ်ခု မီးဖိုအလုပ်ကတော့ရှိတတ်ကြမည်ပင်။ ယခုတော့မီးခိုးတိတ်နေကြသည်။ ဗျူဟသည် တစ်နေရာကိုရောက်သွားသည်။ ထိုအခါထူးခြားမှုတစ်ခုကိုတွေ့လိုက်ရပြန်သည်။ ထိုနေရာတွင် သစ်ပင်ကြီးများက ဘေးမှပတ်ပတ်လည်ဝိုင်းပြီးတော့ ပေါက်နေကြသည်။

အလယ်တွင်ကွက်လပ်ကြီးဖြစ်နေသည်။ မဏ္ဍပ်ကြီးတစ်ခုကို ထိုးထားသည်။ မဏ္ဍပ်ကြီးထဲတွင် ဖျာချောများကိုခင်းထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထမင်းစားပွဲဝိုင်းကြီးများကိုလည်းချထားသည်။ လူတော်တော်များများသည် ခုံဝိုင်းများတွင်ထိုင်ကာ ထမင်းစားနေကြသည်။

ဟင်းလိုက်ပွဲ၊ ထမင်းလိုက်ပွဲများ လိုက်လံထည့်ပေးနေကြသူများကလည်း တစ်ဝိုင်းပြီးတစ်ဝိုင်းကူးနေကြသည်။ ယောကျ်ား မိန်းကလေးအားလုံးသည် လူငယ်များသာ ...

"ဩော်၊ လာပါ၊ လာပါ၊ နောင်ကြီး ထမင်းဝင်ပြီးသုံးဆောင်ပါဦး ခင်ဗျာ"

အမျိုးသားတစ်ယောက်က ဗျူဟာဆီကိုအပြေးတစ်ပိုင်းနှင့်ရောက်လာသည်။ မဏ္ဍပ်ထဲကို လက်ဆွဲကာခေါ်သွားသည်။ ဗျူဟာလည်းမငြင်းဆန်မိဘဲလိုက်သွားမိသည်။ ထမင်းဟင်းရနံ့များသည် မိမိရှူရှိုက်ဖူးသည့် ဟင်းရနံ့များနှင့်မတူဘဲ ထူးခြားစွာပင်မွှေးကြိုင်လွန်းလှသည်။ ယင်းရနံ့များကြောင့် ဆာလောင်မွတ်သိပ်ခြင်းများ ထပ်မံ၍ဖြစ်ပေါ်လာခဲ့ရလေသည်။

တစ်ယောက်ကလက်ဆေးခွက်ယူလာပေးသည်။ မိမိထိုင်လိုက်သောစားပွဲဝိုင်းတွင် ယောကျ်ားလေးများသာရှိသည်။ မိန်းကလေးဝိုင်းက မဏ္ဍပ်၏ဟိုမှာဘက်၊ တစ်ဝက်စီ ခြမ်းထားလေသည်။ စားသည့်ဟင်းအမယ်များက သီးစုံသက်သက်လွတ်ဟင်းများသာဖြစ်ကြသည်။ ပါးစပ်ထဲကိုရောက်သွားသည့် ထမင်းအရသာ၊ ဟင်းအရသာ ချက်ချင်းပင် လျှာကြောထဲအထိစိမ့်တက်





သွားသည်။ ကြက်သီးမွေးညင်းများထသွားခဲ့ရသည်အထိ တစ်ကိုယ်လုံးတဖျင်းဖျင်းနှင့်ဖြစ်လာခဲ့ရသည်အထိ ခံစားသွားခဲ့ရသည်။

"ကောင်းလှချည်လား၊ နတ်သုဒ္ဓါကိုမစားဖူးပေမယ့် ဒီထမင်း၊ ဟင်းတွေလောက်နီးနီးကောင်းလိမ့်မယ်နဲ့တူတယ်"

ဤနေရာအထိလမ်းလျှောက်လာခဲ့ရ၍ ဆာလောင်သွားခဲ့ဟန်တူသည်။ ထို့ကြောင့် _ တစ်ထိုင်တည်းနဲ့ _ သုံးလေးပန်းကန်လောက်စားပစ်လိုက်လေသည်။ မိမိနှင့်အတူစားကြသည့် တစ်ဝိုင်းတည်းကလူများ၊ အခြားဝိုင်းမှလူများသည် အစားအစာကိုကူနွေ့ရရစားနေကြသည်။ မိမိတစ်ယောက်တည်းသာ အငမ်းမရစားနေခဲ့သည်။ ထို့ကြောင့် _ အစားကျူးသည့်ပုံမျိုးဖြစ်သွားခဲ့ရ၍ ရှက်သွားမိလေသည်။

ရှည်လျားသောမဏ္ဍပ်ကြီး၏ ဟိုဘက်ထိပ်တွင် ကလေးသူငယ်များက သပ်သပ်စားနေကြသည်။ စတုဒိသာကျွေးမွေးနေသောနေရာကို မိမိရောက်လာခဲ့၍ ကံကောင်းသွားမိသည်ဟုယူဆမိလိုက်သည်။

"ဒါ စတုဒိသာကျွေးမွေးနေတာမဟုတ်လား ခင်ဗျာ"

"စတုဒိသာမဟုတ်ဘူးနောင်ကြီး ကျွန်တော်တို့တစ်ရွာလုံးက ... အစားအစာကိုဒီလိုပဲစုပြီးတော့စားကြရတယ်၊ အကျွေးအမွေးကိုလည်းအလှည့်ကျတာဝန်ယူကြရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား၊ အိမ်မှာချက်ပြုတ်ပြီးတော့ မစားကြဘူးလား"

ထိုသူသည် ဗျူဟ၏အမေးကို အံ့အားသင့်ဟန်ဖြင့်ကြည့်လိုက်သည်။

"ဟင့်အင်း၊ ဒီမှာ ... အိမ်တိုင်း တစ်အိမ်ဆီချက်ပြုတ်ပြီးစားသောက်ကြတာ ထုံးစံမရှိပါဘူး၊ ခုလိုပဲ _ စုပေါင်းပြီးတော့ စားကြတာပါပဲ"

"ဟုတ်ကဲ့ ခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်၊ ခွင့်ပြုပါဦးခင်ဗျာ"

"နောင်ကြုံလည်း ဝင်ပြီးတော့အားပေးနိုင်ပါတယ်နောင်ကြီး"

ဗျူဟသည် မဏ္ဍပ်မှထွက်လာခဲ့သည်။ သူ့စိတ်ထဲမှာ အံ့အားသင့်ပြီးရင်းအံ့အားသင့်နေမိသည်။

"တော်တော်ထူးဆန်းတာပဲ၊ သူတို့နေရာက မြို့တစ်မြို့လို့တောင်ခေါ်လို့ရတာ၊ ရွာလို့ပဲသုံးတယ်၊ တစ်ရွာလုံးစုပေါင်းပြီးချက်ပြုတ်စားသောက်ကြတာ တခြားဘယ်နေရာမှာမှ ငါမတွေ့ဖူးဘူး၊ ဒီတစ်နေရာတည်းပဲကျင့်သုံးကြတယ်၊ 'ဘုံ'စံနစ်ဆိုတာ ဒါမျိုးကိုခေါ်တာထင်ပါရဲ့၊ သူတို့အားလုံးရဲ့မျက်နှာတွေကကြည်လင်နေလိုက်ကြတာ၊ အပြစ်ကင်းစင်တဲ့အမူအရာမျိုးတွေစည်းလုံးညီညွတ်ကြတယ်၊ အားလုံးတက်ညီလက်ညီရှိကြတယ်၊





အားကျလိုက်တာ၊ ကမ္ဘာကြီးတစ်ခုလုံးဒီအတိုင်းပဲဖြစ်နေရင် သိပ်ကောင်းမှာပဲ"

ဗျူဟသည် ထိုရွာအကြောင်းကိုတွေးမိလိုက်ရင်းက အားကျလာခဲ့သည်။ ပေါ့ပါးရွှင်လန်းလာသောစိတ်ဖြင့် _ ဆက်ပြီးတော့လျှောက်လာခဲ့လေသည်။ မဏ္ဍပ်ကြီးထဲက စားသောက်ပြီး ပြန်ထွက်လာကြသောသူများသည် ကိုယ့်အိမ်ကိုကျွန်ရေရုပင်ပြန်သွားခဲ့ကြသည်။ အိမ်တစ်အိမ်ရှေ့ကို ဗျူဟရောက်သွားသည်။

"အူဝဲ ...အူဝဲ ...အူဝဲ"

ကလေးငိုသံကို အမှတ်မထင်ကြားလိုက်ရသည်။ လသားအရွယ်ကလေးငယ်လေးတစ်ဦးသည်အိမ်ပေါ်မှာပက်လက်ကလေးဖြူဆွတ်ဆွတ်အနှီးပိတ်ဖြင့်ရစ်ပတ်ထားသည်။ ကလေးငိုနေသော်လည်း အနားကိုမည်သူကမှရောက်မလာကြ။

"ကလေးအမေ ဘယ်ကိုရောက်နေပါလိမ့်"

ထိုသို့ တွေးမိနေဆဲမှာပင် ... မိန်းကလေးငယ်တစ်ဦးကတစ်နေရာမှရောက်လာသည်။ သူမသည်ကလေးကိုချီကာ ရင်ခွင်ထဲမှာထွေးပိုက်ထားလိုက်သည်။ ထို့နောက် သူမ၏လက်ညှိုးကိုကလေး၏ပါးစပ်ထဲသို့ထည့်ပေးလိုက်၏။ ကလေးသည် လက်ညှိုးကိုတပြွတ်ပြွတ်နှင့်စုပ်ယူနေသည်။ တစ်ခဏအကြာတွင် နှစ်မြိုက်စွာအိပ်ပျော်သွားခဲ့လေသည်။ ထို့နောက် ကလေးကိုမူလနေရာတွင်ပြန်သိပ်ထားလိုက်ပြီး ခြံအပြင်ကိုထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ ဒီမှာခင်ဗျ၊ ခင်ဗျားကဒီကလေးရဲ့အမေလား"

"ရှင်၊ ကလေးရဲ့အမေ ဟုတ်လား၊ ဟင့်အင်းမဟုတ်ပါဘူး ရှင်"

"ကလေးမိခင်က ဘယ်ကိုသွားနေသလဲ မသိဘူးနော်၊ ဒီလသားကလေးလေး တစ်ယောက်တည်းကိုထားထားပြီး ထွက်သွားတယ်"

"ဪ ဒါကဒီလိုပါ၊ ဒီကလေးအတွက် သူ့မိခင်ဖခင်နှစ်ဦးတည်းမှာသာတာဝန်ရှိကြတာမဟုတ်ဘူး၊ တစ်ရွာလုံးမှာ တာဝန်ရှိပါတယ်"

"ဗျာ ဘယ်လို ဘယ်လိုပြောလိုက်တယ်၊ တစ်ရွာလုံးတာဝန်ရှိတယ်ဟုတ်လား၊ ဘာကိုဆိုလိုတာပါလဲ"

လမ်းလျှောက်ရင်းစကားပြောလာကြသည်။

"ရှင် နားမရှင်းဘူးထင်တယ်၊ ဘယ်မိခင် ဘယ်မိသားစုက မွေးတဲ့ကလေးကိုမဆို တစ်ရွာလုံးက ပြုစုစောင့်ရှောက်ကြရတယ်၊ သူ့သွေးကိုယ့်သား၊ ကိုယ့်သွေးသူ့သားမခွဲခြားဘူး၊ ဒီကလေးရဲ့ကျန်းမာရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ ပညာရေး၊ လိမ္မာရေးခြားရှိဖို့ အားလုံးကအစတာဝန်ယူကြရတယ်၊ မိခင်၊ ဖခင်က ကိုယ့်သားသမီးအတွက်တာဝန်မကြီးကြတော့ဘူးပေါ့"

"ဪ၊ တယ်ဟုတ်ပါလား"

ဖျူလွှားကျသွားခဲ့သည်။ စိတ်လည်းဝင်စားသွားခဲ့သည်။





"ဒါကြောင့်မို့ – ကိုယ့်ရဲ့အကြောင်းကိစ္စကို တစ်ရွာလုံးက ဖြေရှင်းပေးသလို၊ တစ်ရွာလုံးရဲ့ကိစ္စလည်း အားလုံးနဲ့သက်ဆိုင်တယ်၊ စုပေါင်းပြီးတော့လုပ်ကိုင်ဖြေရှင်းပေးကြတာပဲ၊ ဒါကြောင့် အခက်အခဲဆိုတာမရှိသလောက်ပဲ"

သူမသည် ဖျူလွှားကိုဖြေရှင်းပြပြီး လိုရာခရီးကိုဆက်၍ထွက်ခွာသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဗျူဟသတိပြုမိသည်။ သူနှင့်စကားပြောခဲ့ကြသောသူများသည် ခံတွင်းနံ့သင်းပျံ့ခြင်း၊ ကိုယ်သင်းနံ့ကောင်းမွှန်ခြင်း၊ ချွေးနံ့ချဉ်စော်နံ့များကင်းရှင်းနေကြခြင်းပင်ဖြစ်၏။ တစ်ရွာလုံးသည် စိတ်ရော၊ ကိုယ်ပါ သန့်ရှင်းနေကြသည်။ သို့ရာတွင် သက်ကြီးဝါကြီးများကိုမတွေ့ရခြင်းသည် မည်သည့်အကြောင်းကြောင့်ပါလဲ။ ထူးဆန်းနေမိသည်။ ဒီလိုနှင့်လမ်းမှာအခြေအနေတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရပြန်သည်။

လူတစ်ယောက်သည် ဖလုံကြီးတစ်လုံးကို မြက်တောအစပ်မှာချထားသည်။ ဖလုံထဲတွင် နွားနို့များကအပြည့်ရှိနေသည်။

''ဒီလူဘာလုပ်နေတာပါလိမ့်''

စဉ်းစားနေရင်းကပင် မကြာမီ အဖြေတစ်ခုပေါ်လာခဲ့သည်။ မြွေအချို့သည် မြက်တောထဲမှ ထွက်လာခဲ့ကြသည်။





ဖလုံအနီးကို ချဉ်းကပ်လာခဲ့ကြပြီး နွားနို့လာသောက်ကြသည်။ တစ်ကောင်လျှင် နည်းနည်းစီသောက်ပြီးထွက်သွားခဲ့ကြသည်။ နောက်ထပ် ရောက်လာကြသည်။ သောက်ကြသည်။ ပြန်ထွက်သွားခဲ့ကြသည်။ မြွေဟောက်၊ မြွေပွေး၊ ငန်းစောင်း အစရှိသည့်မြွေများကအစပါကြသည်။ ဖလုံထဲတွင် နို့များကုန်သွားသောအခါ နောက်ထပ်ရောက်မလာကြတော့ပေ။

''မြွေတွေကို နို့တိုက်တာ ဒီတစ်ခါပဲမြင်ဖူးသေးတယ်၊ ဒီအထဲမှာ မြွေဆိုး၊ မြွေဟောက်တွေလည်းရောက်လာကြတာကို တွေ့ရတယ်၊ သူတို့က ခင်ဗျားကိုရန်မမူကြဘူးလား''

ဗျူဟက ‿ မေးလိုက်သည်။ ထိုသူသည် ဗျူဟကိုလှည့်ကြည့်ကာ နေရာမှထလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

## ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာ

ထိုသူသည် ဗျူဟာနှင့်မျက်နှာချင်းဆိုင်လိုက်ပြီး ...

"ဒီမှာ မြေခိုးဆိုတာမရှိကြပါဘူး။ အားလုံးဟာ ယဉ်ကျေးသိမ်မွေ့ကြပါတယ်၊ လူကိုလည်းအန္တရာယ်မပေးကြပါဘူး။ မြွေပွေး၊ မြွေဟောက်တွေလည်း အဆိပ်ရှိတဲ့သတ္တဝါတွေ မဟုတ်ကြပါဘူး၊ အဆိပ်ကိုလည်းသုံးဖို့မလိုကြပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရန်သတ္တုပြုတာ၊ တိုက်ခိုက်တာမျိုးတွေ မရှိကြလို့ပဲ"

"သူတို့တင်မှ မဟုတ်ပါဘူး။ တခြား ဘယ်သတ္တဝါတွေမှ အချင်းချင်းကြီးနိုင်ငယ်ညှဉ်းဆဲမလုပ်ကြပါဘူး၊ သူတို့ဟာ ... အားလုံးအပေါ်မှာ အပြန်အလှန်ကြင်နာကြသလို လူတွေကြားထဲမှာလည်း သွားလာတတ်ကြပါတယ်၊ ဘယ်သူကမှလည်း ရိုက်နှက်တာမျိုး မရှိကြပါဘူး၊ မသတ်ဖြတ်ကြပါဘူး"





ထိုသူကရှင်းပြပြီးတော့ အနားမှအေးဆေးစွာပင်ထွက်သွားခဲ့လေသည်။

ဗျူဟာသည် သူသိချင်သည့်တစ်ခုကို မေးမည်ပြုလိုက် သော်လည်း ထိုသူကား အနားမှာမရှိတော့။ ထို့ကြောင့် သာယာလှပသောကျွန်းကြီးပေါ်၌ ဦးတည်ရာကို လျှောက်လာခဲ့သည်။

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင်"

တစ်နေရာကိုအရောက်တွင် ... နားထဲ၌ ခေါင်းလောင်းထိုးသံကိုကြားလိုက်ရသည်။ အဝေးမှနေ၍လွင့်ပျံ့ပြီးတော့ ရောက်လာခဲ့ခြင်းပင်။ ဘုရား၊ စေတီ၊ ကျောင်း၊ ကန်များဆီက ထွက်ပေါ်လာသော ဓမ္မတေးသံပင်မဟုတ်ပါလား။ ထိုအသံများကို ကြားလိုက်ရသည်နှင့် ရင်ထဲမှာ တစ်မျိုးပင် ခံစားသွားခဲ့ရလေသည်။

စိတ်နှလုံးပျော့ပျောင်းသွားခဲ့ရသလို၊ ဝမ်းနည်းစိတ်၊ ငိုချင်စိတ်များကလည်း အလိုလိုပင် ဖြစ်ပေါ်လာခဲ့ရလေ၏။

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင်"

ဗျူဟာသည် ခေါင်းလောင်းသံထွက်ပေါ်လာရာဆီကို မှန်းဆပြီးတော့လျှောက်လာမိခဲ့သည်။ သဘာဝဥယျာဉ်ကြီးနှင့်တူသော တောအုပ်ကြီးကို လှမ်းပြီးတော့မြင်နေရသည်။ အဝေးမှ လှမ်းပြီးတော့မြင်နေရသော တောအုပ်ကြီး၏ ပသာဒမြင်ကွင်းသည် ဗျူဟာ၏ရင်ထဲ၌ မိမိအမဲလိုက်ခဲ့သောတောကြီးနှင့်ခြားနားလျက်ရှိနေသည်။ မိမိ လေးနှင့်ပစ်လိုက်သောသားကောင်၏ မြားတန်း



www.burmeseclassic.com

www.burmeseclassic.com



လန်းနှင့်ဝေဒနာခံစားရသော မြင်းကွင်းက ထင်းခနဲဆို ပေါ်လာခဲ့လေသည်။

သွေးအိုင်ထဲတွင်လဲနေသော သားကောင်ကို မိမိက ကျေနပ်အားရစွာပင်ကြည့်နေခဲ့သည်။ သေဆုံးလေပြီးသော သားကောင်ကိုထမ်း၍ အိမ်ကို ဝင့်ကြွားသောဟန်ဖြင့် ပြန်လာခဲ့သော မိမိရုပ်သွင်ကို ... မျက်စိထဲမှာ ပြန်ပြီးတော့ မြင်ယောင်လာမိခဲ့ရသည်။ ထိုအခါ ... ခက်ထန်ကြမ်းတမ်း၍ သားသတ်သမားအသွင်ပေါက်နေသော ဗုဒ္ဓဆိုသည့် သူ၏ဟန်အမူအရာသည် ရွံ့ရှာဖွယ်လိလိပါတကား။

ကြီးမားသောတောင်ကြီးနှစ်လုံးသည် သူ့မျက်စိအောက်မှာ ဘွားခနဲဆိုပေါ်လာခဲ့သည်။ ယင်းတောင်ကြီးဆီကိုသွားသော လမ်းသည်လည်း ညီညာဖြောင့်ဖြူးလျှက်ရှိနေလေသည်။ သူ့နားထဲတွင် ခေါင်းလောင်းထိုးသံက _ ပို့ပြီးတော့နီကပ်လာခဲ့သည်။ ပီတိသောမနဿစိတ်ကြောင့် ကြက်သီးမွေးညင်းများပင်ထလာခဲ့ရသည်။

မကြာမီ ... တောင်မြင့်ကြီးနှစ်လုံး၏ကြားဆီကိုရောက်လာခဲ့သည်။ တောင်ကြားလမ်းအတိုင်း လမ်းကြီးကဖြူးနေလျှက် တောင်မြင့်ကြီးများသည် သစ်ပင်ပန်းမာန်များဖြင့် စိမ်းစိမ်းစိုစို ရှိနေကြသည်။ တောင်များ၏အရိပ်သည် သူ၏အပေါ်ကိုမိုးပြီးတော့ကျနေကြလေ၏။





တောင်ကြားဒေသကို လွန်မြောက်လာသောအခါ မြင်ကွင်းတစ်ခုကို သူကြုံတွေ့လိုက်ရသည်။ ကြီးမားကျယ်ပြန့်သော မြက်ခင်းပြင်ကြီးတစ်ခုက မျက်စိအောက်မှာ ဘွားခနဲဆိုပေါ်လာခဲ့သည်။ မြက်ခင်းနုစိမ်းစိမ်းကြီးဖြစ်သည်။ တစ်မျှော်တစ်ခေါ်ကြီးကျယ်ပြန့်နေပြီး _ တောင်ခြေနှင့်မနီးမဝေးတွင် ရွှေစေတီတော်ကြီးတစ်ဆူကို အဝေးမှ ဖူးမြင်လိုက်ရလေသည်။ ခေါင်းလောင်းထိုးသံသည် ယင်းနေရာမှထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

ဗုဒ္ဓသည် လက်အုပ်ချီကာ ... စေတီတော်ကို ဦးတည်ပြီးတော့လျှောက်သွားသည်။ မြက်ခင်းနုနုလေးများပေါ်ကနင်းပြီးလျှောက်သွားရသည်။ ဖိနပ်မပါသောခြေဖဝါးနှင့် မြက်ပင်လေးများ၏ အတွေ့အထိသည် နူးညံ့လှသည်။ ပိုး၊ ဖဲ၊ ကတ္တီပါကော်ဇောပေါ်မှာနင်းပြီးတော့လျှောက်သွားရသော ခံစားချက်သည် ဒါမျိုးကိုပဲပြောသည်ဟုထင်သည်။

စေတီတော်၏ပရဝုဏ်ဆီကို ရောက်သွားခဲ့သည်။ ခေါင်းလောင်းထိုးသံက၊ ဟစ်ချက်ချင်း မှန်မှန်ထွက်ပေါ်နေဆဲ။ လှေကားထစ်ကလေးအတိုင်း တက်သွားရသည်။ ရင်ပြင်တော်သည် ပြန့်ပြူးညီညာပြီး ... ကျယ်ပြန့်လှသည်။ ရွှေစေတီတော်ကြီးသည် ရွှေရောင်ဝင်းဝင်းလက်လက်နှင့် လွန်စွာမှကြည်ညိုစရာကောင်းလှသည်။ သောက်တော်ရေချမ်း၊ ဆီမီးပန်း၊ အမွှေးနံ့သာတို့ကို ဆက်ကပ်ထားလေသည်။ ဤအချိန်မျိုးမှာ ဆက်ကပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ရှင်က မည်သူများပါလဲ။

ဗျူဟသည် … စေတီတော်ရှေ့တွင် ရှိသေပျဉ်ဝပ်စွာဖြင့် ထိုင်ချလိုက်ကာ ထိခြင်းငါးပါးဖြင့် သေချာစွာ ကန်တော့လိုက်လေသည်။ သူသည် … ယခင်က ဘုရားကန်တော့ခဲ့သည်က ပုဆိန်ပေါက်သာ ကန်တော့သည်မည်ကာမတတ်သာ။ ယခုတော့ စိတ်ရော၊ ကိုယ်ပါနှစ်ပြီးတော့ ကန်တော့မိလိုက်သည်။ အတန်ကြာပင်ဆုတောင်းနေမိသည်။

"ဘုရားတပည့်တော်မှကိုယ်ထဲမှ … မကောင်းသောစိတ် အညစ်အကြေးများကို … ဖယ်ရှားပေးတော်မူပါဘုရား"

သူ အမိကထားပြီးတော့ ဆုတောင်းသည်က ဒါပဲဖြစ်သည်။ သူ့ကိုယ်ပေါ်မှာ ကာလရှည်ကြာစွာ စွန်းထင်ခဲ့သော တိရစ္ဆာန်တို့၏သွေးများကို ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းဖြင့်၊ တရားဘာဝနာစီးဖြန်းခြင်းဖြင့် ဆေးကြောပစ်လိုက်ချင်လေပြီ။



ဘုရားကန်တော့ပြီးသောအခါ သူ၏ရှေ့ရှိ ဂဝံအုတ်ကျောက်လုံးလုံးလေးပေါ်မှာစွပ်ထားသော ပုတီးတစ်ကုံးကို ဂရုပြုမိသွားခဲ့သည်။ ကောက်ယူမိလိုက်သည်။ နှံ့သာပုတီးလေးဖြစ်နေသည်။ မွှေးကြိုင်သောအနံ့များကထွက်ပေါ်နေသည်။ သူသည် ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဟူသော သရဏဂုံသုံးပါးမှလွဲ၍ ဘာမှမသိ။ ထို့ကြောင့် သရဏဂုံသုံးပါးကိုသာ တွင်တွင်စိပ်နေလေတော့သည်။

မည်မျှကြာသွားခဲ့သလဲဆိုသည်ကို မသိတော့။ နားထဲမှာလည်းခေါင်းလောင်းထိုးသံကိုလည်း မကြားရတော့။ ဂုဏ်တော်များထဲတွင်သာ စိမ့်ဝင်ပြီးတော့ နစ်မျောနေမိလေသည်။ ပုတီးပတ်ရေ မည်မျှအထိစိပ်နေခဲ့သလဲမသိ၊ သတိပြန်ရလာသောအခါ သူနှင့်မလှမ်းမကမ်းတွင် ရပ်နေသောလူကြီးတစ်ဦးကို သတိပြုမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးသည် အသက် (၅၀)ခန့်ရှိမည်ဖြစ်သည်။ သျှောင်ကိုကြော့နေအောင်ထုံးထားသည်။ ယောဂီရောင်ပဝါကိုလည်း နဖူးမှာရစ်ပြီးပေါင်းထားလေသည်။ အသက်(၅၀)ဟုသာခန့်မှန်းရသော်လည်း မျက်နှာပြင်သည်ရှင်းသန့်နေကာ ဇရာ၏အရေးအကြောင်းများကိုမတွေ့ရ။ ထို့အပြင် နှုတ်ခမ်းမွေး၊ ပါးပြင်းမွေးများလည်းမရှိ။ ဆံပင်သည်အဖြူတစ်ပင်မရှိဘဲ မှင်နက်ရောင်တောက်ပလျှက်ရှိသည်။ သူ မျှော်လင့်နေသောသက်ကြီးရွယ်အိုတစ်ယောက်ကို ယခုမှတွေ့မြင်ဖူးလိုက်ခြင်းပင် ဖြစ်သည်။

ဗျူဟသည် ထိုလူကြီးဆီကိုလျှောက်သွားသည်။

"ဦးရီးက ... ဒီရွာကလားခင်ဗျာ"

"အေး၊ ဟုတ်တယ်ကွယ့်"

"ကျွန်တော် ဒီကိုရောက်နေတာ နည်းနည်းကြာသွားခဲ့ပါပြီ၊ လူငယ်တွေကိုပဲတွေ့ရတယ်၊ အသက်ကြီးတဲ့လူဆိုလို့ အခုမှ ဦးရီးတစ်ယောက်တည်း စပြီးတွေ့မြင်ဖူးလိုက်တာပါ ခင်ဗျား"

"ဩော်၊ ဟုတ်လား"

လူကြီးသည် တိုတောင်းသောစကားကိုပဲပြောကာ ခေါင်းညိတ်လိုက်သည်။

"ကဲ ... ငါနဲ့လိုက်ခဲ့"

ဗျူဟကိုခေါ်သွားသည်။ စေတီတော်ပေါ်မှ ဆင်းကြသည်။ တစ်နေရာကိုလျှောက်သွားခဲ့ကြသည်။ ဒီဘက်မှာလည်း မြက်ခင်း





ပြင်ကြီးကရှိနေသည်။

"ဦးရီး၊ မဟာဒီပါဟာ မြို့ကြီးတစ်မြို့လောက်ရှိနေပါလျှက်နဲ့ ဘာဖြစ်လို့ရွာကြီးလို့ခေါ်ရတာပါလဲခင်ဗျာ"

ဗျူဟသည် ထိုလူကြီးကို ရှိန်နေပေမင့် ... အရဲစွန့်ပြီးတော့မေးလိုက်သည်။

"ဒါက ဒီလိုကွယ့်၊ ကမ္ဘာလောကကြီးတစ်ခုလုံးမှာရှိနေတဲ့ ပုပုရွရွလူသားတွေ၊ တိရစ္ဆာန်တွေ၊ သတ္တဝါတွေအားလုံးမှန်သမျှ တစ်ယောက်အပေါ်တစ်ယောက် ကြင်ကြင်နာနာရှိကြမယ်၊ ဗြဟ္မစိုရ်တရားတွေထားကြမယ်၊ နာယကဂုဏ် ခြောက်ပါးနဲ့ပြည့်စုံကြမယ်၊ ငါးပါးသီလာမြဲကြမယ်၊ ဒါန၊ သီလ၊ ဘာဝနာတွေများများဆောက်တည်ကြမယ်ဆိုရင် အေးချမ်းသာယာတဲ့ရွာကြီးတစ်ရွာထဲမှာနေနေကြတဲ့ ဆွေမျိုးညီအစ်ကိုမောင်နှမတွေနဲ့ မတူကြပေဘူးလား"

"ဟုတ်ကဲ့"

"မိုးကောင်းကင်ကြီးရဲ့အောက်မှာနေနေကြတဲ့ သူတွေအချင်းချင်း အားလုံးဟာ တစ်စိတ်တစ်ဝမ်းတည်းရှိနေကြရင် ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို့ပြောလို့ရတယ်၊ ဒီလို _ အေးအတူပူအမျှခံစား၊ စံစားပြီးတော့နေနေကြရင် စစ်မက်အင်္ဂါလည်း မဖြစ်ပွားဘူး၊ မေတ္တာဓာတ်တွေ တစ်ဦးအပေါ်တစ်ဦး ဖြန့်ကြက်ထားကြတဲ့အတွက်လည်း ရောဂါဆိုးနှိပ်စက်တဲ့ ရောဂအန္တရာယ်၊



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကြီးငယ်တို့နှိပ်စက်တဲ့ သတ္တန္တရကပ်၊ ငတ်မွတ်ခေါင်ပါး စေတဲ့ ဒုဗ္ဘိက္ခန္တရကပ် အစရှိတဲ့ကပ်ကြီးသုံးပါးလည်း မကပ်ငြိနိုင် ဘူးပေါ့ကွယ်''

''အားလုံးဟာ _ တစ်မိုးတည်းအောက်က လူတွေချည်း ပဲလေ၊ တစ်စိတ်တည်းတစ်ဝမ်းတည်းထားကြရင်၊ သာတူညီမျှ စိတ်ရှိနေကြရင် _ ဘယ်သူမှသောကစိတ်ဆိုတာ မရှိနိုင်ကြတော့ ဘူး။ စိတ်ရောကိုယ်ပါကျန်းမာကြမယ်၊ အဲ့သည့်တော့ အသက် ရှည်ရှည်နေနိုင်ကြတာပေါ့ကွယ်''

ဗျူဟသည် ထိုလူကြီးပြောသည့် ''တစ်မိုးတည်းအောက်က လူတွေ''ဆိုသည့်စကားကို သဘောကျသွားခဲ့သည်။

''ဟုတ်တယ်၊ အားလုံးဟာ တစ်မိုးတည်းအောက်ကလူ တွေချည်းပဲ၊ နေတတ်လို့ကတော့ကျေနပ်စရာ၊ ပျော်စရာကြီးပါ''

''မဟာဒီပါမှာ အားလုံးဟာ အဲ့သည့်စနစ်ကိုပဲ ကျင့်သုံးကြ တယ်၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းကြ တယ်၊ သူတစ်ပါးရဲ့အသွေးအသားကိုမမှီဝဲကြဘူး၊ အားလုံးသက် သက်လွတ်ဟင်းလျာများကိုပဲစားသုံးကြတယ်၊ လယ်ယာလုပ်ငန်း တွေမှာ ... ကျွဲ၊ နွားတွေကို မခိုင်းဘူး၊ မျိုးတစ်ခါလောက်ကြ ထားရင်ပေါက်လာကြတဲ့ စပါးနှံတွေက တစ်သက်ဆွတ်ခူးလို့ မကုန်ဘူး၊ သီးပင်၊ စားပင်တွေဆိုတာကလည်း တစ်သက်တာ ပတ်လုံးသီးနေကြတာပဲ၊





ပိုးကျတယ်၊ အခြားပရောဂကြောင့်အပင်သေတယ်ဆိုတာ မျိုးကလည်းမရှိဘူး၊ အဝတ်အထည်ဆိုတာကလည်း ငါ့ဟာ၊ သူ့ဟာ သီးခြားမထားဘူး။ ဒီလိုပဲယူဝတ်ကြတာပဲ ...''

ဗျူဟသည် ထိုလူကြီးရှင်းပြသည့်စကားများကိုနားထောင် ၍မငြီးငွေ့နိုင်အောင်ပင်ရှိနေရသည်။ အားကျတက်ကြွသော စိတ် များဖြစ်ပေါ်လာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာကိုရောက်သောအခါ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကိုတွေ့လိုက်ရသည်။ ကျောင်းကြီးကနှစ်ထပ်ကျောင်းကြီးဖြစ်သည်။ တိုင်လုံးကြီးများက ယောက်ျားတစ်ဖက်စာခန့်ရှိသည်။ ရွှေပိန်းချထားသည်။ ပြသာဒ်အဆင့်ဆင့်နှင့် အတင့်အတယ်ရှိသည်။ ပိတ်ဖြူအဝတ်အစားများ၊ ယောဂီအဝတ်အစားများကိုဝတ်ဆင်ထားကြသူများသည် ကျောင်းပေါ်သို့၊ ကျောင်းအောက်သို့ လှေကားမှတစ်ဆင့် အတက်အဆင်းရှိနေကြသည်။ သက်ကြီးအရွယ်များဟု သတ်မှတ်ရသော်လည်း အိုမင်းရင့်ရော်သောအသွင်မျိုးမရှိကြပေ။

ခါးမကိုင်း၊ နားမထိုင်းကြ၊ ဆံပင်မဖြူကြ။ ပါးရည်နားရည်များမတွန့်ကြ။ ဝင်းဝါစိုပြည်သောအသွေးအရည်များရှိကြသည်။





ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော မျက်နှာများပိုင်ရှင်။

"ဆရာတော်ကို ဖူးမြော်လိုက်ပါဦး"

လူကြီးက တိုက်တွန်းသည်။ သို့သော် ဗုဒ္ဓကကျောင်းပေါ်ကိုအလိုလိုတက်ချင်ပြီဖြစ်သည်။ လူကြီးနှင့်အတူ ကျောင်းပေါ်ကိုတက်သွားကြသည်။ ကျောင်းအပေါ်ထပ်သည် ပိုပြီးတော့ကျယ်ဝန်းလှသည်။ ဖျာချောများကို ခန်းလုံးပြည့် ခင်းထားသည်။

ကျောင်းပေါ်မှာ လူကြီးအချို့ကို တွေ့ကြရသည်။ သူတို့သည် ဆင်းတုတော်များကို အဝတ်စများနှင့်သုတ်ကာ ဖုံသန့်နေကြခြင်း၊ ရေသပ္ပါယ်နေကြခြင်း၊ သပိတ်များကိုဆေးကြောနေကြသူတွေကတစ်နေရာ၊ တိတ်ဆိတ်စွာဖြင့် ကုသိုလ်ယူနေကြသည်။ အမျိုးသမီးယောဂီများသည် အမျိုးသားများနှင့်အတူရှိမနေကြ။ တစ်နေရာဆီ သီးခြားနေ,နေကြသည်။

ရဟန်း၊ သံဃာတော်များအတွက် အခင်းဖုံးများကိုချုပ်နေကြသည်။ သံဃာတော်အချို့သည် မိမိတို့၏အခန်းအသီးသီး ပရပိုဒ်အချပ်များကိုကိုင်ကာ ကျမ်းစာများကိုလေ့လာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)
## တစ်မိုးတည်းအောက်ကလူတွေ

သံဃာတော်များသည် ကြည်ညိုဖွယ်ရာကောင်းလောက်အောင် တင့်တယ်သောအဆင်းရှိကြသည်။ တစ်ကျောင်းလုံးကား အပ်ကျသံပင်မကြားရအောင်တိတ်ဆိတ်နေလေသည်။ ဆိုလူကြီးက ဦးဆောင်ပြီးတော့ အခန်းတစ်ခန်းဆီသို့ခေါ်သွားသည်။ ဆရာတော်သည် အေးဆေးတည်ငြိမ်စွာထိုင်လျှက်ရှိနေသည်။ သီလ၊ သမာဓိ၊ ပညာအပေါင်းနှင့်ပြည့်စုံကာ ... ပရိယတ္တိ ပဋိပတ္တိများကိုကြိုးစားအားထုတ်နေကြသောပုဂ္ဂိုလ်ဆိုသည်ကို မျက်နှာတော်အား ကြည့်ခြင်းဖြင့် သိနိုင်သည်။ ဗျူသည် တစ်ခဏအတွင်းမှာပင် ကြည်ညိုစိတ်များ ထက်သန်လာကာ ဦးချမိလိုက်သည်။

"တောင်အရပ်ကလာတဲ့ဒကာ၊ သီလတစ်ပါးပျက်နေတယ်၊ ဒီအတိုင်းဆက်သွားမယ်ဆိုရင် အပါယ်ကျနိုင်တယ်၊ သူ





တစ်ပါးရဲ့အသက်ကိုသတ်ဖြတ်ခြင်းမှရှောင်ကျဉ်နိုင်မလား။ စိတ်နိုင်မှအဖြေပေးပါ"

ဆရာတော် မဆိုင်းမတွမိန့်တော်မူလိုက်လေရာ ဗျူအံ့အားသင့်သွားခဲ့ရသည်။ တုန်လှုပ်ချောက်ချားမှုဖြစ်သွားခဲ့ရသည်မှာလည်းအမှန်။

"တပည့်တော် မဟာဒီပါကိုရောက်ကတည်းက အလုံးစုံသောစိတ်သည်လည်းပြောင်းလဲခဲ့ရပါပြီဘုရား။ တပည့်တော် သားသတ်မုဆိုးတစ်ပိုင်းဖြစ်ခဲ့ပါတယ်၊ ပါဏာတိပါတာကံကြီးကိုနောက်ထပ်မကျူးလွန်မိအောင် ရှာသက်ပန်စောင့်ထိန်းပါတော့မယ်ဘုရား"

"အေး၊ သာဓု၊ သာဓု၊ သာဓု"

ဆရာတော်က သာဓုခေါ်သည်။ ငါးပါးသီလကိုခံယူစေသည်။ သစ္စာပြုစေကာ၊ သစ္စာရေတိုက်သည်။ တစ်ခဏအတွင်းမှာပင် _ စိတ်ထဲ၊ နှလုံးသားထဲမှာ _ စွဲမြဲပြီး ဆေးကြောမရဖြစ်နေခဲ့သော အညစ်အကြေးများသည်လည်း မိန်းကြာဖက်ပေါ်မှာတင်သောရေ ကြာကြာမခံသကဲ့သို့ _ လျှောကျသွားခဲ့လေသတည်း။

ထို့နောက် ဆရာတော်ကိုဦးချကာ လူကြီးနှင့်အတူ ကျောင်းအောက်ကိုပြန်ပြီးတော့ဆင်းလာခဲ့သည်။

"မင်း ... သိချင်တာ ရွာထဲမှာ သက်ကြီးရွယ်အိုတွေဘာကြောင့်မရှိကြသလဲဆိုတဲ့အကြောင်းပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ"

လူကြီးက ‒ ဗျူဟာစောစောကစကားပလ္လင်ခံခဲ့သည်ကိုမမေ့။ ထပ်ပြီးတော့ပြောလိုက်သဖြင့် အံ့အားသင့်သွားခဲ့ရလေသည်။

"မဟာဒီပါမှာ သက်တမ်းဆိုတာကို လူတွေက သိပ်ပြီးတော့ သတိမထားကြဘူးကွယ့်၊ အချိန်ကုန်ဆုံးတယ်၊ အချိန်မီတယ်၊ မမီဘူးဆိုတာလည်း မရှိဘူး၊ စောတယ်၊ နောက်ကျတယ်ဆိုတာလည်းမသိကြဘူး"

"ခင်ဗျာ၊ သက်တမ်းဆိုတာကို သတိမထားမိကြဘူးဟုတ်လား၊ အချိန်ဆိုတာလည်းသတ်မှတ်ချိန်မထားကြဘူး၊ အဲ … ပြီးတော့ …"

လူကြီးက ဗျူဟာကိုလက်ကာပြလိုက်ပြီး …

"ဟုတ်တယ်၊ အဲ့ဒီအသုံးအနှုန်းတွေဟာ ‒ မဟာဒီပါမှာ မရှိကြဘူး၊ ဒီမှာကလွဲရင် တခြားနေရာတွေမှာတော့ရှိကြတယ်လို့သိရတယ်၊ လူတွေက ကိုယ်လုပ်မြဲအလုပ်ကိုပဲလုပ်နေကြတာ၊ လုပ်သင့်လုပ်ထိုက်တာတွေကိုပဲ လုပ်ကြတယ်၊ မလုပ်သင့်မလုပ်ထိုက်တာကိုမလုပ်ကြဘူး၊ မကောင်းမှုကို မကောင်းမှုမှန်းသိကြတယ်၊ ကောင်းတဲ့အလုပ်မှန်းလည်း စိတ်ထဲကအလိုလိုနားလည်ကြတယ်"

"ဒါပေမဲ့ ဗုဒ္ဓမြတ်စွာရဲ့တရားဒေသနာတော်ကို စိတ်ထဲမှာနှစ်ပြီးတော့နားလည်ထားကြတယ်၊ ဘုရား၊ တရား၊ သံဃာကို





နေ့စဉ်မမေ့မလျော့ ဆည်းကပ်ကိုးကွယ်ကြတယ်၊ တရားရဲ့အနှစ်သာရကိုသိကြတယ်၊ မလိုအပ်တဲ့မာန်မာန၊ အင်အား၊ စည်းစိမ်ဥစ္စာကိုမကိုးစားဘူး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့လက္ခဏာရေးသုံးပါးကို နားလည်ကြပြီးသားဖြစ်ကြတဲ့အတွက် မမြဲတဲ့တရားကိုလည်းသိနားလည်ထားကြတယ်၊ အိုနာသေဘေးက ဘယ်သူမှမလွတ်နိုင်ဘူးဆိုတာလည်း စွဲမြဲမှတ်ယူထားကြတယ်"

လူကြီးက အေးဆေးစွာပင်ရှင်းပြသည်။

"အို၊ နာ၊ သေဘေးက ဘယ်သူမှမလွတ်နိုင်ကြဘူးလို့သိထားကြတယ်၊ မမြဲတဲ့တရားကိုလည်းသိထားကြတယ်၊ သူတို့ကိုကြည့်ရတာ အိုလို့အိုမှန်းမသိနိုင်ဘူး၊ ရောဂါဘယနှိပ်စက်တဲ့ဒဏ်ကိုလည်းခံစားကြရပုံမပေါ်ဘူး၊

အသက်ကြီးကြတယ်ဆိုတာကလည်း၊ လူငယ်တွေနဲ့အရွယ်လေးနည်းနည်းခြားနားရုံလောက်ပဲ၊ လောကကြီးထဲမှာဘယ်လောက်ကြာကြာနေသွားကြသလဲ"

ဗျူဟာ၏ခေါင်းထဲမှာ မေးခွန်းပေါင်းများစွာ၊ နှစ်၊ ရာ၊ ထောင်ချီမက နေကြသလား၊ သူတို့၏သက်တမ်းသည် ကာလရှည်လျားစွာဖြတ်သန်းပြီးမှ ‒ သေဆုံးကြသည်ပဲလား၊ ကမ္ဘာလောကတစ်ခုလုံးရှိ ‒ လူ၊ တိရစ္ဆာန်၊ သတ္တဝါမှန်သမျှ အားလုံးသည် မမြဲသောတရားနှင့်နေ့စဉ်ရင်ဆိုင်နေကြရသည်ပဲမဟုတ်လား။


www.burmeseclassic.com

www.burmeseclassic.com



ငါးပါးသီလကိုလုံခြုံအောင် ထိန်းထားကြသော၊ ဓမ္မကို ရင်မှာသိမ်းဆည်းကာစောင့်ရှောက်ကြသော မဟာဒီပါမှ လူများသည် ရတနာသုံးပါးကို မပြတ်ကိုးကွယ် ဆည်းကပ်ကြသည့် အကျိုးကြောင့်အသက်ပိုရှည်ကြသည်မှာအမှန်၊ အနာရောဂါဘယတို့နှင့် ကင်းဝေးကြမည်မှာမလွဲ။

"နတ်၊ ဗြဟ္မာတွေတောင် နတ်သက်ကြွေ၊ စုတေကြရတာ၊ ကုသိုလ်ကံအလျောက် အသက်ပိုရှည်ကြတာမျိုးတော့ ရှိကြတာပေါ့၊ ဒါပေမဲ့ ...နောက်ဆုံးမှာတော့ ဒီလမ်းကိုပဲလိုက်ကြရတာပဲမဟုတ်လား၊ လူလေး"

ဖျူရွသည် မဟာဒီပါတွင်နေထိုင်ကြသောသူများ၏ အကျင့်စရိုက်၊ သဘာဝကို ... ပိုပြီးတော့ နှစ်သက်လာမိခဲ့လေသည်။ ဒီလိုနှင့် တစ်နေရာကိုရောက်သွားခဲ့ကြပြန်သည်။



ကြီးမားသောဖရပ်ကြီးများကို တွေ့လိုက်ရသည်။ တောင်ခြေနှင့်ကပ်နေသောကြောင့် ... သစ်ရိပ်၊ ဝါးရိပ်များက ဖရပ်ကြီးပေါ်ကိုလွှမ်းခြုံထားကြသည်။ ကျယ်ပြန့်သော ကျောင်းဝင်းကြီး၏ ပရဝုဏ်အတွင်းမှာပဲရှိကြသည်။ သစ်ရိပ်၊ ဝါးရိပ်များ၏အောက်တွင် တရားထိုင်နေကြသူ၊ ပုတီးစိပ်နေကြသူများကို ... ဟိုတစ်နေရာ၊ ဒီတစ်နေရာတွေ့နေရသည်။

အချို့သည် တည်ထားသောအုတ်စေတီများ၏ပရဝုဏ်တစ်ဝိုက်တွင် အမှိုက်လှဲသူကလှဲ၊ သစ်ရွက်ခြောက်များကို မီးရှို့သူကရှို့နှင့်၊ ထိုသူများအားလုံးသည် အသက်အရွယ်ကြီးရင့်သူများဟု ယူဆရသည်။ ဤသို့ ...ပြောရသည်မှာ ဖျူရွ၏စိတ်ထဲတွင် ထိုသူတို့ကို အသက်ကြီးသူများဟု သတ်မှတ်ရန်ခက်ခဲသောကြောင့်ဖြစ်သည်။

အမျိုးသမီးများနေထိုင်သော ဖရပ်များက သတ်သတ်၊



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားများနေထိုင်ကြသောဇရပ်များကသတ်သတ်၊ တစ်သီးတခြား ခွဲထားသည်။ အားလုံးသည် အညိုရောင်အဝတ်များကို ဝတ်ဆင်ထားကြသည်။

"မင်းတွေ့ချင်တဲ့ သက်ကြီးဝါကြီးတွေဟာ ... ဒီမှာပဲရှိနေကြတယ်ကွယ့်၊ ငါ ...အပါအဝင်သူတို့အသက်ကြီးလာကြပြီဆိုရင် ဘုရား၊ ကျောင်း၊ ကန်ဆီကို အလှိုလိုရောက်လာခဲ့ကြရတယ်၊ သားသမီး၊ မြေး၊ မြစ် သံယောဇဉ်ကိုဖြတ်တောက်ပြီး တရားအလုပ်ကိုပဲလုပ်ကြတော့တယ်"

"သားသမီး၊ ဆွေမျိုးတွေက ...မပြုစုကြတော့လို့လား၊ မထောက်ပံ့ကြလို့လား ... .ဦးရီး"

ထိုလူကြီးက ဗျူ့ကို ဖျတ်ခနဲဆိုကြည့်လိုက်သည်။

"မင်းက အဲ့လိုအတွေးမျိုးဝင်နိုင်သေးလား"

ဗျူ့သည် မမေးသင့်သော မေးခွန်းမျိုးကိုမေးလိုက်မိသည်ဟု သဘောပေါက်သွားခဲ့ရသည်။ ဘာပြန်ပြောရမှန်းမသိ။ သို့သော် လူကြီးက သူ့ဘာသာဆက်ပြီးတော့ပြောသည်။

"သားသမီး၊ မြေး၊ မြစ်ဆွေမျိုးတွေက ဂရုမစိုက်ချင်လို့ ကျောင်းကိုပို့ကြတာမဟုတ်ဘူး၊ မဟာဒီပါမှာက ...ဒါဟာထုံးစံလိုဖြစ်နေပြီ၊ ဘဝရဲ့တစ်ဝက်ကို လူမှုရေးကဏ္ဍမှာအသုံးချပြီးခဲ့ပြီ၊ ကျန်ကာလတွေကို တရားဓမ္မနဲ့မွေ့လျော်ပြီးအဆုံးသတ်ဖို့ ပိုင်းခြားထားတာ၊





ဒါပေမဲ့ သားသမီး မိဘသံယောဇဉ်ကိုလုံးဝဖြတ်တောက်လိုက်ကြတာတော့မဟုတ်ဘူး၊ အကြောင်းရှိရင်လာကြပါတယ်၊ ဒါပေမဲ့ ဒီမှာကသောကဖြစ်စရာ၊ ဒေါသဖြစ်စရာ၊ ပူဆွေးစရာဆိုတာတွေ ဘာမှမရှိကြတော့ ... မိဘကိုနားပူနားဆာ လုပ်ဖို့လာတွေ့ကြတာမျိုးတော့မဟုတ်ဘူး၊ သားသမီးနဲ့မိဘဆိုတာ ထာဝရခွဲခွာပြီးတော့ နေနိုင်ကြတာမှ မဟုတ်တာ၊ သတိရရင်ဆုံးတွေ့ကြတာပဲ၊

မြေး၊ မြစ် တာဝန်တွေကိုပေးပြီးထိန်းခိုင်းကြတာမျိုးတော့မရှိဘူး၊ အသေကောင်းဖို့၊ ဘဝကူးကောင်းဖို့ကိုပဲ ဦးစားပေးကြရတယ်၊ သူ့အရွယ်နဲ့သူရောက်နေတဲ့ကာလမှာ ကြိုးပမ်းအားထုတ်ကြရတာ၊ နောက်ဆုံးအချိန်ဆိုတာ ဘာမှမရှိတော့ဘူးလေ"

သူတို့၏နောက်ဆုံးအချိန်ဆိုသည်မှာ ... နှစ်ငါးဆယ်လား၊ နှစ်တစ်ရာလား၊ နှစ်ရာလားဆိုတာ ... မသိနိုင်။ လူကြီးကရှင်းပြ၍အလုံးစုံကိုနားလည်သဘောပေါက်သွားခဲ့ရလေပြီ။

"ဦးရီးရဲ့အမည်က ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ"

"ဦးအာယုတဲ့ ... "

"ဦးအာယု"

ဗျူ့က ထိုနာမည်ကိုခပ်တိုးတိုးပင်လိုက်ပြီးတော့ ဆိုနေမိသည်။ အသက်ရှည်ခြင်း၊ အသက်ရှည်သောဦးအာယု၊ သူတစ်ဦးတည်းသာမဟုတ်ပါ မဟာဒီပါတစ်ရွာလုံးသည် အသက်ရှည်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာကြသောသူများပါတည်း။ ယောက်ျား မိန်းမအားလုံး ကိုယ်စီသည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြကာ တင့်တယ်လှပချောမောကြသူများပင်တည်း။ သီလတန်ခိုးသည် ယခုဘဝမှာပင်လျှင် အကျိုးပေးကာ သေလွန်သော် … မြင့်မြတ်သောဘုံဘဝကိုရောက်ကြရမှာမလွဲ။

နတ်သမီး၊ နတ်သားဖြစ်ကလည်း မိမိ၏ကုသိုလ်ကံအလျှောက် ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပလျက်၊ ရွှေဗိမာန်၊ ငွေဗိမာန်၊ ပတ္တမြားဗိမာန်ကြီးများနှင့် နေထိုင်စံမြန်းကြရသည်ဟု ရှာဦးဆရာတော်ဟောကြားတော်မူခဲ့သည်၊၊ တရားထဲမှာပါဖူးခဲ့သည်ကို ပြန်ပြီးတော့ကြားယောင်မိလာသည်။

⚜

ကျောင်းပရဝုဏ်၏အဆုံး … အခြားသောတစ်ဖက်၌ကြီးမားသောရေအိုင်ကြီးတစ်အိုင်ကိုတွေ့လိုက်ရသည်။ ဦးအာယုသည် ဗျူဟကို ရေအိုင်ကြီးဆီခေါ်သွားသည်။ ရေအိုင်ကြီးသည် အမှန်တကယ်တော့ … ရေကန်ကြီးတစ်ခုသာဖြစ်သည်။ ကြာမျိုးငါးပါးနှင့်ပြည့်စုံသောရေကန်ကြီးတွင် … ဟသ်ာ၊ ကြိုးကြာ၊ စက္ကဝှာက်၊ ရေဘဲ၊ ဗျိုင်း အစရှိသော ငှက်အပေါင်းတို့က လူးလား တုံပြန်ကာသွားလာနေကြသည်။

ကန်ရေပြင်သည် တည်ငြိမ်လျက်ရှိသည်။ ရေပြင်ကိုဖြတ်ကာ တိုက်ခတ်လာသောလေသည် လတ်ဆတ်သန့်ရှင်း၍ အေးမြလှသည်။

ဗျူဟသည် ကန်စပ်မှာထိုင်လိုက်သည်။ စိတ်နှလုံးအေးချမ်းကာတည်ငြိမ်လျက်ရှိနေစဉ်မှာ …

"ဝုန်း"





www.burmeseclassic.com

www.burmeseclassic.com



လှေလှိုင်းဂယက်များက ... ဝုန်းခနဲဆို ထကြွလာကာ မိကျောင်းကြီးတစ်ကောင်သည် ရေထဲမှထိုးတက်လာသည်။ ကမ်းစပ်မှမေးတင်လျှက်ရှိနေလေသည်။ ဗျူ့သည် _ [illegible]ာ်တရက်မို့ ထိတ်ခနဲဖြစ်သွားခဲ့ရသည်။ လန့်သွားခဲ့ရသည်။ မိကျောင်းကြီးက ရေတစ်ဝက်ကုန်းတစ်ဝက်အနေအထားဖြင့် _ မလှုပ်မယှက်နှင့်ရှိနေသည်။ သူ၏ခေါင်းထိပ်မှာ အဖြူကွက်ကြီးတစ်ခုက ရှိနေသည်။

ဗျူ့အံ့အားသင့်သွားခဲ့ရလေသည်။ ကျောက်ဆင့်ရွာတွင် ရေကြီးစဉ်က ဥတ္တရာ၏အိမ်တွင်ဆုံဖူးခဲ့သော မိကျောင်းမကြီးနှင့် တူနေသောကြောင့်ပင်တည်း။

သို့သော် ...

ဤမိကျောင်းသည် ဗျူ့ကိုရန်မရှာဘဲ ယဉ်ပါးသော အကြည့်ဖြင့် ကြည့်နေသည်။

"ဥတ္တရာရဲ့အိမ်မှာတွေ့ခဲ့တဲ့မိကျောင်းမကြီးနဲ့တူလိုက်တာ"

ထိုသို့ရှိနေဆဲမှာပင် _ မိကျောင်းမကြီးသည် ရေထဲကိုပြန်ရှုဆင်းကာ ... တစ်နေရာကိုကူးသွားခဲ့သည်။

"မင်းကို မိကျောင်းမကြီးက တစ်ခုခုပြချင်လို့ခေါ်သွားတာ လာ လိုက်သွားကြရအောင်"

ဦးအာယုကပြောသည်။ သူသည် တိရစ္ဆာန်တို့၏အထာကို သိနေသလိုပင်။ ထို့ကြောင့် မိကျောင်းမကြီးထွက်သွားရာဆီကို





ကမ်းစပ်တစ်လျှောက်အတူလိုက်သွားခဲ့လေသည်။ မိကျောင်းမကြီးကလည်း ရေပေါ်တွင် ဖြည်းညင်းစွာကူးသွားခဲ့သည်။ ထို့နောက် တစ်နေရာကိုအရောက်တွင် ကမ်းပေါ်ကိုတက်သွားခဲ့လေသည်။ ဦးအာယုနှင့်ဗျူ့တို့လည်း နောက်မှနေ၍လိုက်သွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)
## ဗျူဟာပြောင်းလဲသွားခြင်း

မိကျောင်းမကြီးသည် ရေစပ်စပ်နှင့်ရှိနေသောကုန်းမြေပေါ်မှာလျှောက်လှမ်းသွားသည်။ အတော်ခပ်လှမ်းလှမ်းသို့ရောက်သော် ချုံကြီးတစ်ချုံဘေး၌ သစ်ရွက်၊ သစ်ခက်များနှင့် တည်ဆောက်ထားသောမိကျောင်းသိုက်ကြီးတစ်ခုကိုတွေ့လိုက်ရသည်။ အသိုက်ထဲတွင် ဥခွံမှထွက်စ မိကျောင်းသားပေါက်လေးများကဖိုဒီသွားလာလျှက်ရှိနေကြသည်။

ဦးအာယုနှင့်ဗျူဟတို့ အနီးကပ်ပြီး ကြည့်ရှုနေကြသော်လည်းမိကျောင်းမကြီးက ရန်မမူချေ။ အေးဆေးငြိမ်သက်လျှက်ရှိနေသည်။ ဗျူဟသည် အတွေးတစ်ခုဝင်လာခဲ့သည်။

"အင်း၊ ဒီမိကျောင်းမကြီးဟာ ... ရွာမှာငါနဲ့တွေ့ခဲ့တဲ့မိကျောင်းမကြီးဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာကို မသိ





တော့ဘူး။ အကယ်၍ဟုတ်ခဲ့ရင် ငါ့သူ့ကိုမသတ်မိခဲ့တာ၊ မျက်လုံးဖောက်ပစ်ဖို့အကြံအစည်ပျက်ပြယ်ခဲ့တာ ကံကောင်းသွားတယ်၊

ငါသာ ... လက်ရောက်မှုကျူးလွန်ခဲ့ရင် ခုအချိန်မှာမိကျောင်းမကြီးဟာ သေရင်လည်းသေခဲ့ပြီးပြီ၊ မသေရင်လည်းမျက်လုံးကန်းပြီးဒုက္ခိတတစ်ပိုင်းဖြစ်နေလောက်ပြီ၊ ဒီကလေးတွေမွေးဖွားလာတဲ့အချိန်မှာ ... ဒုက္ခိတ မိခင်ကြီးဖြစ်နေရှာမှာပဲ"

ဟုတွေးပြီး စိတ်သက်သာရာရသွားခဲ့သည်။ ဗျူဟသည်စိတ်ဆန္ဒဇောကြောင့် မိကျောင်းမကြီး၏အနားကိုတိုးကပ်သွားခဲ့သည်။ ထို့နောက် ထိုင်လိုက်ကာ ခေါင်းနှင့်ကျောပြင်ကိုပွတ်သပ်နေမိလေသည်။

"ကဲ၊ သွားကြရအောင် လူလေး"

ဦးအာယုက မည်သည့်ဝေဖန်ချက်ကိုမှမပေး။

"အင်း ... ဦးရိုးဟာ ... မိကျောင်းမကြီးနဲ့ပတ်သက်ပြီးတစ်ခုခုကိုသိထားနေသလိုလိုပဲ"

သို့သော် ဦးအာယုကတော့ ခြေလှမ်းမှန်မှန်နှင့် တစ်နေရာကိုဆက်ပြီးတော့သွားနေသည်။ တဖြည်းဖြည်းနှင့်တောအုပ်ကြီးထဲကိုပြန်ရောက်သွားသည်။ ဘယ်ဆီကိုသွားဦးမလဲမသိ။ သို့သော်တောအုပ်ကြီးက သာယာလှပနေသည်။ သဘာဝဥယျာဉ်ကြီးထဲကို ရောက်နေသလိုပင်။ အတန်ကြာလျှောက်လှမ်းလာခဲ့မိသောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



"လူလေး ဒီလမ်းအတိုင်းဆက်လျှောက်သွား၊ လမ်းပြတစ်ဦးနဲ့တွေ့မယ်၊ လမ်းမပျောက်စေရဘူး"

"ခင်ဗျာ၊ ကျွန်တော် ... ဒီလမ်းကနေဆက်သွားရင် ဘယ်ကိုရောက်နိုင်မလဲ ခင်ဗျာ"

"လူလေးတို့နေတဲ့တောအုပ်ကိုရောက်သွားလိမ့်မယ်"

"ဟင်၊ ဒါဆို _ ကျွန်တော်အိမ်ကိုပြန်ရတော့မှာပေါ့နော်"

"အေးဟုတ်တယ်၊ ဘယ်သူမဆို ဘယ်အရပ်ကိုပဲရောက်ရောက် အချိန်တန်ရင် အိမ်ကိုပြန်ကြရတာပဲ၊ လူလေးက ဆရာတော်ဆီမှာ ငါးပါးသီလခံယူထားခဲ့တဲ့အတိုင်း တစ်သက်လုံး ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲအောင်ထိန်းသိမ်းပါ၊ လောကီကောင်းကျိုးချမ်းသာသုခအဖြာဖြာကို ခံစားရပါလိမ့်မယ်"

ဖူယွသည် ဦးအာယုသတိပေးသလိုဖြစ်သွားခဲ့၍ အိမ်ကိုပြန်ချင်သွားသည်။ ရပ်ရွာနှင့်မိဘနှစ်ပါးကိုသတိရသွားသည်။

ထို့ကြောင့် ...

ဦးအာယုကို ရိုသေစွာကန်တော့လိုက်လေသည်။

"အချိန်တန်ရင် လူလေးလည်း အိမ်ရာအသစ်ထူထောင်ရဦးမယ်၊ သားသမီးတွေနဲ့စည်ပင်ပွားများပြီး အိမ်ထောင့်တာဝန်ကိုထမ်းဆောင်ရဦးမယ်၊ ဘယ်လိုအခြေအနေမျိုးကိုပဲရောက်ရောက်၊ မေတ္တာ၊ စေတနာ၊ ဘာဝနာပွားများပါ၊ သတ္တဝါတွေအပေါ်မှာကြင်နာသနားပါ၊ ထောက်ထားညှာတာပါ ..."





"ဟုတ်ကဲ့ ... ကျွန်တော်အားလုံးမှတ်သားထားပါ့မယ် ခင်ဗျာ"

"ကဲ ... ကဲ၊ သွားပေဦးတော့ကွယ်"

ဖူယွသည် _ ဦးအာယုညွှန်ပြသည့် လမ်းအတိုင်းလျှောက်လာခဲ့သည်။ တောလမ်းကြီးဖြူးနေသည်။ ဖူယွ၏စိတ်ထဲမှာလည်း မကောင်းသော စိတ်အညစ်အကြေးများကို ခဝါချထားကာ ထူးခြားမှုကို ခံစားနေရသည်။

တစ်နေရာကိုအရောက်၊ နောက်ကိုလှမ်းကြည့်မိလိုက်ရာ–
"ဟင်"

ဦးအာယုကို မတွေ့ရတော့ပေ။ ထို့ကြောင့် ရင်ထဲမှာဟာသွားခဲ့ရသည်။

လွမ်းဆွတ်တမ်းတမိသည်။ မဟာဒီပါကိုပြန်သွားချင်စိတ်များဖြစ်ပေါ်လာခဲ့ရသည်။ သို့သော် စိတ်ကိုထိန်းကာ ရှေ့ကိုသာ ဆက်လက်ပြီးတော့ လျှောက်လာသည်။

တော၏အနေအထားသည် တဖြည်းဖြည်းနှင့်ပြောင်းလဲလာသည်ဟုသိလာခဲ့ရသည်။ ထိုအခါ မဟာဒီပါရွာကြီးနှင့်လည်း ဝေးခဲ့ပြီဟုအလိုလိုခံစားလာခဲ့ရသည်။ တောသည် မဟာဒီပါကျွန်းကြီး၏ ဥယျာဉ်ကြီးနှင့်မတူတော့။ တောရိုင်းကြီးထဲကိုပြန်ရောက်လာသည်။ ရှေ့တွင်သဏ္ဍာန်တစ်ခု ဘွားခနဲဆိုပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ချုံကြီးတစ်ချုံ၏အကွယ်မှထွက်လာသော ကျားကြီးတစ်ကောင်။

"ဟင်"

ဗျူရှင်ထဲမှာ ထိတ်ခနဲဖြစ်သွားခဲ့ရသည်။

"ကျားကြီး ငါ့ကိုမြင်သွားပြီ၊ ရန်များမူလေမလား"

သို့သော် …ကျားကြီးသည် ဗျူရှကိုတစ်ချက်လှည့်ကြည့်လိုက်ပြီး ရှေ့ကိုဆက်လျှောက်သွားသည်။

"လူလေး၊ ဒီလမ်းအတိုင်းဆက်လျှောက်သွား၊ လမ်းပြတစ်ဦးနဲ့တွေ့မယ်၊ လမ်းမပျောက်စေရဘူး"

ဦးအာယုမှာလိုက်သောစကားကို ပြန်ပြီးတော့ကြားယောင်မိလာသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ ဒီကျားကြီးကလမ်းပြပဲဖြစ်နေမလားဟု၊ မိမိကိုအန္တရာယ်မပြုနိုင်ဟုလည်း အလိုလိုပင်ယုံကြည်လာမိသည်။ ထို့နောက် _ကျားကြီး၏နောက်က ဆက်ပြီးတော့လိုက်သွားလေတော့၏။

"ဒီကျားကြီးဟာ၊ ငါ _လေးနဲ့ပစ်ခတ်လိုက်တဲ့ ကျားကြီးနဲ့တူလိုက်တာ"

ကျားကြီးကိုကြည့်နေရင်းက မိမိက လေးနှင့်သုံးကြိမ်ပစ်မိခဲ့သောကျားကြီးပဲလားဟု ထင်နေမိသည်။ ကျားကြီးကရှေ့မှနေ၍ တလှုပ်လှုပ်နှင့်သွားနေဆဲ။

စိတ်ထဲမှာ ရသေ့ကြီး၏မျက်နှာကို ကွက်ခနဲမြင်ယောင်





သွားခဲ့ရသည်။ ကျားကြီးနှင့်ရသေ့ရောယှက်သွားခဲ့စဉ်ကာလကိုပြန်ပြီးတော့မှတ်မိလာသည်။ ကျားကြီးနှင့်လုံးထွေးကာသတ်ပုတ်ရင်း မိမိချောက်ကြီးထဲတို့ကျသွားခဲ့သည်ပဲ။ ရသေ့ကြီး၏မျက်နှာသည် ဦးအာယုနှင့်တူနေသလိုလို၊ ဦးအာယုသာ ထို့ထက်ပိုပြီးတော့အိုမင်းရင့်ရော်လာခဲ့လျှင် ရသေ့ကြီး၏မျက်နှာလိုပဲ ပြောင်းလဲသွားမှာမလွဲ။

သူ _အတွေးလွန်သွားခဲ့သည်။ ကျားကြီးကိုသတိမေ့သွားသည်။ ပြန်လည်အမှတ်ရသွားမိစဉ်မှာ … ကျားကြီးမရှိတော့။

"ဟင်၊ ဘယ်ရောက်သွားသလဲ"

အံ့ဩတွေဝေနေမိသည်။ သို့သော် …သူသည်ရွာဘက်ဆီကို ဦးတည်ပြီးတော့သွားသောလမ်းပေါ်ကို ရောက်နေမှန်းသိလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဇျူလို ...ကျောက်ဆင့်ရွာကိုပြန်ရောက်လာခဲ့ခြင်းအတွက် မိဘနှစ်ပါးမှာ အံ့အားသင့်သွားခြင်းမဖြစ်မိကြပေ။ အကြောင်းမှာ ဇျူလိုသည် ယခင်ကလည်းစိတ်ဖောက်လာလျှင် မုဆိုးဘဝကိုသတိရသွားကာ တောထဲသို့ဝင်တတ်သည်။ တစ်ခါတစ်ရံညအိပ်ပင် ရှိတတ်သည်မဟုတ်ပါလား။ ယခုလည်း ဇျူလိုသည် အမဲလိုက်ထွက်သွားရာက နောက်တစ်နေ့လောက်မှ ရောက်လာခဲ့သည် မဟုတ်ပါလား။ ကိုထွန်းအေးနှင့် မသေးသွယ်တို့သည် ဇျူလိုအပေါ်မှာ _ အခြားသတိထားစရာများက ရှိလာခဲ့သည်။ လေးမြားများ ပြန်ပါမလားခြင်း၊ မျက်နှာသည် သန့်ရှင်းကြည်လင်နေကာ ရက်စက်သောမျက်လုံးအရောင်များမဟုတ်တော့။ နူးညံ့သိမ်မွေ့နေခြင်းပင်ဖြစ်သည်။

"သားတောထဲမှာဒုက္ခတွေ့လာခဲ့တယ်ထင်တယ်၊သားကောင် အန္တရာယ်ကြောင့် ခြေလွတ်လက်လွတ်ပြေခဲ့ရလို့လား"





"မဟုတ်ပါဘူး အမေရယ်၊ သားတောထဲမှာဒုက္ခမရောက်ခဲ့ပါဘူးအမေရဲ့ သုခ"

"ဟင် ဘာရယ် သုခရခဲ့တာဟုတ်လား၊ ဘာကိုဆိုလိုတာလဲသားရဲ့၊ အမေတို့နားရှင်းအောင်ပြောပြစမ်းပါဦး"

"ဒီလို အဖေနဲ့အမေတို့ရဲ့ _ သားကလမ်းမှာကတည်းက ပြောပြချင်နေတာက ... ဒီလို ဒီလို"

ဇျူလိုသည် အမဲလိုက်ရာတွင် ကျားတစ်ကောင်ကိုပစ်ခတ်ခဲ့သည်ကအစ၊ ရသေ့ကြီးတစ်ဦးနှင့်တွေ့ဆုံခဲ့ရပုံ၊ ကျားကြီးနှင့်လုံးထွေးသတ်ပုတ်ရာက ချောက်ကြီးထဲကိုရောက်သွားခဲ့ပုံ၊ ရေစီးထဲ မျောပါသွားခဲ့ပြီး မဟာဒီပါကျွန်းကိုရောက်သွားခဲ့ပုံ၊ မဟာဒီပါရွာကြီးမှာ တွေ့ကြုံခဲ့ရသည့်အကြောင်းများကို စီကာစဉ်ကားဖြင့် ပြောပြလိုက်လေ၏။

"ဟင် သားကချောက်ကြီးထဲကိုကျသွားတယ်၊ သားရောက်သွားခဲ့တဲ့နေရာက မဟာဒီပါကျွန်း၊ မဟာဒီပါရွာ ဟုတ်လား"

လင်းမယားနှစ်ယောက်စလုံး _ အံ့အားတသင့်ဖြင့်မေးမိလိုက်ကြလေသည်။

"ဟုတ်တယ် အမေရဲ့၊ မဟာဒီပါကျွန်း၊ မဟာဒီပါရွာတဲ့၊ တကယ့်ကိုစည်းလုံးညီညွတ်ပြီး ဘာသာရေးကိုင်းရှိုင်းတဲ့ရွာကြီးတစ်ရွာပါပဲ၊ သူတို့ကိုကြည့်ပြီးတော့ သားအားကျလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဗျူဟ အားတတ်သရောပင်ပြောလိုက်သည်။ မိခင်နှင့်ဖခင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလိုက်ကြသည်။ မဟာဒီပါကျွန်း။ မဟာဒီပါရွာတဲ့ သူတို့တစ်သက်မှာ တစ်ခါမှတို မကြားဘူးခဲ့ကြ၊ ဗျူဟကို ထပ်ခါတလဲလဲမေးကြလည်း ဒီအဖြေ၊ ဒီဇာတ်လမ်းပဲထွက်လာသည်။



မည်သို့ပင်ဆိုစေ၊ ဗျူဟသည် ထိုအချိန်ကစပြီး လူရော၊ စိတ်ပါ၊ လုံးဝပြောင်းလဲသွားခဲ့သည်။ အမဲလိုက်၊ သားသတ်ခြင်းအလုပ်ကို လုံးဝစွန့်လွှတ်လိုက်ခြင်းပင်။ ထိုအခါ ပြောင်းလဲသွားသောအမူအကျင့်များလိုပင် မျက်နှာသည်လည်း ပျော့ပျောင်းနူးညံ့လာသည်။

[နောင် အသက်အရွယ်ကြီးရင့်လာခဲ့သော်လည်း ဗျူဟ၏ရုပ်ရည်သည် အနည်းသာပြောင်းလဲရုံမှအပ ... တင့်တယ်မှုရှိနေလေသည်။]

ဗျူဟက ... မိမိတွေ့ကြုံခဲ့သည်များကို ရွာမှလူများအားအခါအခွင့်ကြုံတိုင်းမှာ တစ်ဆင့်ပြန်လည်၍ပြောပြခဲ့သည်။ အချို့ကား အံ့အားသင့်မိကြသည်။

အချို့ကား မယုံကြည်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် တောထဲမှာအိပ်ပျော်သွားပြီး အိပ်မက်,မက်ခဲ့တယ်နဲ့တူတယ်"

ဟုထင်ကြေးပေးကြသည်။ လုပ်ကြံပြီးတော့ပြောသည်ဟုပြောကြသည်။ မည်သို့ပင်ဆိုစေ ဗျူဂွ ထိုကဲ့သို့ ကောင်းသောဘက်ကိုပြောင်းလဲသွားခဲ့သည့်အတွက် အားလုံးကဝမ်းသာနေကြသည်။

ဗျူဂွသည် တစ်ရွာလုံး၏အချစ်တော်မဟုတ်ပါလား။ ထိုအကြောင်းကြောင့်ပင်လျှင် ဥတ္တရာ၏ မိဘနှစ်ပါးက သမီးနှင့်ဗျူဂွတို့၏ဆက်ဆံရေးကို လက်ခံခဲ့သည်။ သမီးရည်းစားဖြစ်နေသည်ကို သိလျက်နှင့်ပင် ဟန့်တားခြင်းမပြုခဲ့ကြ။

ဗျူဂွသည် ကျောက်ဆင့်ရွာကို နောက်တစ်နေ့ကျမှ ပြန်ရောက်လာသည်။ အငြင်းအခုန်ဖြစ်ကြရာတွင် ဗျူဂွသည် မဟာဒီပါရွာတွင် ညမအိပ်ဘဲ တစ်နေ့တည်းနှင့် ရွာကိုပြန်ရောက်လာခဲ့ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။ အချို့ကလည်းအိပ်မက်ကြောင့်လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့် ခေါင်းတွင်ဒဏ်ရာရ၍ သတိလစ်ကာ မေ့မျောနေခဲ့ရာမှ အမှတ္တအတွင်းအာရုံတွင် ထင်ချင်ရာကိုထင်၊ မြင်ချင်ရာကိုမြင်လာခဲ့သည်ဟူ၍လည်းကောင်း ထင်နေကြဆဲ။

ဗျူဂွသည် ထိုအချိန်ကစပြီး မုဆိုးအလုပ်ကိုလည်းမလုပ်တော့၊ ငါးပါးသီလကိုမြဲမြဲစွာစောင့်ထိန်းသည်။ အသွေးလွှတ်၊





အသားလွှတ်၊ သက်သတ်လွှတ်စားသည်။ ဥပုသ်သီတင်းအမြဲဆောက်တည်သည်။ မကြာမီ ‒ ဥတ္တရာနှင့်အိမ်ထောင်ကျသည်။

သူတို့နှစ်ဦးသည်စိတ်တူကိုယ်တူနတ်ဖက်သောလင်မယားဖြစ်လာခဲ့ကြသည်။

ကျမ်းဂံလာတွင် ...

ပြုဗ္ဗဝိဒေဟကျွန်းကို အနောက်ကျွန်း၊

အပရဂေါယာကျွန်းကို အရှေ့ကျွန်း၊

ဥတ္တရာကုရုကျွန်းကို မြောက်ကျွန်း၊

ဇမ္ဗူဒီပကျွန်းကို ကျွန်ုပ်တို့နေထိုင်သောတောင်ကျွန်းဟုခေါ်သည်။

ကျမ်းဂံလာအရ မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားတို့သည် သီလ၊ သမာဓိလွန်ကဲသောကြောင့် ထူးခြားသောရုပ်ရည်များရှိကာ ချောမောလှပကြကုန်၏ဟုဆို၏။

ဗျူဂွ၏ အဖြစ်အပျက်သည် ဥတ္တရာကုရုခေါ်မြောက်ကျွန်းအနေအထားနှင့် ခပ်ဆင်ဆင်တူသည်။ သို့သော် အိပ်မက်ဖြစ်နေသည့်အတိုင်း မဟာဒီပါကျွန်းသည် သူ့ကိုကောင်းသောလမ်းကိုရောက်စေရန်ညွှန်ပြပေးခဲ့သည်။

အကယ်ပင် ‒ အကျွတ်တရားရခဲ့သည့်အတွက် ထိုက်တန်ခဲ့သည် ကျေနပ်နိုင်စရာပင်။



www.burmeseclassic.com

www.burmeseclassic.com



သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက အပါယ်လားမည့် လူတစ်ယောက်ကို အချိန်မီကယ်တင်ဆယ်မလိုက် ခြင်းပင်ဟု ယူဆရပေလိမ့်မည်။



BURMESE CLASSIC .com

တစ်ရက်တွင် ...

ဖူးရှုကို အမြဲတမ်းအကဲခတ်နေတော့သော ဥတ္တရာက ...

"ဖူးရှု နင်ကလေ တစ်ခါတလေမှာ တစ်မျိုးပဲ၊ အဝေးကြီးကို ငေးနေတတ်တယ်၊ အဲဒါဘာဖြစ်တာလဲ"

"အင်း။ ငါလည်းစိတ်ထဲမှာဖျောက်ဖျက်လို့မရတဲ့ မဟာဒီပါကျွန်းကြီးကို သတိရနေတတ်တယ် ဥတ္တရာ၊ အဲဒီကျွန်းကြီးပေါ်က မဟာဒီပါရွာကြီးက ငါ့ဘဝကိုပြောင်းလဲပစ်လိုက်တာလေ၊ ငါ့ရဲ့ကျေးဇူးရှင်အစစ်ပဲ"

"အဲဒီ မဟာဒီပါဆိုတဲ့ရွာကြီးကကော တကယ်ရှိလို့လား ဟယ်၊ အင်း ... ဒါပေမဲ့ နင့်စိတ်ကူးထဲမှာ ပုံဖော်ခဲ့တာမျိုးပဲ ထား။ နင်ပြောင်းလဲသွားခဲ့တာ မဟာဒီပါကြောင့်ပဲဆိုတော့ နင်ပြောသလိုနင့်ရဲ့ကျေးဇူးရှင်အစစ်ပေါ့နော်"

"ငါ စိတ်ကူးပုံဖော်ခဲ့တာ ဟုတ်လား။ နင်ကလည်းငါ့ကို



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပြောရသလား ဥတ္တရာ၊ ဩော် အေးလေ ဒီလိုပဲထင်ကြမှာပေါ့၊ ငါ့အဖြစ်အပျက်ကလည်း ယုံဖို့မလွယ်တာကိုး''

''ဘာပဲဖြစ်ဖြစ်လေ နင့်ဘဝတစ်ခုလုံး သားသတ်ဘဝက ခဝါချခဲ့ရတာ၊ မဟာဒီပါကျေးဇူးပဲလေ၊ ငါလည်း နင်နဲ့ညားမှ သူတော်ကောင်းတရားတွေ ပိုပြီးတော့များများရလာခဲ့ရတယ်၊ ငါးပါးသီလကိုမြဲမြဲအောင် စောင့်ထိန်းပြီးလာခဲ့ရတာ အမှန်မြတ်ဆုံးပဲလေ၊

ဒါနဲ့ နင့်ရဲ့ပြောလို့ မငြီးငွေ့နိုင်တဲ့ _ မဟာဒီပါအကြောင်းကိုထပ်ပြီးတော့ပြောပြပါဦး ဗျူဟ''

''အေး၊ နင်ထပ်ပြီးတော့ နားထောင်ချင်သေးရင် ငါလည်း ပြောပြမှာပေါ့ ဥတ္တရာ၊ ဒီလိုလေ ...''

ဗျူဟသည် ဘယ်နှစ်ခါ၊ ဘယ်နှစ်ကြိမ်ပြောပြော သူကိုယ်တိုင်က မရိုးအီနိုင်သော မဟာဒီပါကျွန်းကြီး၏အကြောင်းကို ဥတ္တရာအား ထပ်မံ၍ပြောပြနေပြန်ပါလေသတည်း။

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ
**မင်းစိုးဖြ**

BURMESE CLASSIC .com



www.burmeseclassic.com